# မဲ့ရှစ်လုံးရှင် အပိုင်း (၆)

အခန်း (၄၃)

မြင်ကွင်းကား အဘိုးကြီးနှစ်ယောက်အဖို့ အခြားတွေးစရာ အကြောင်းမရှိတော့။

မြင်ရုံနှင့်သိသာသည့် အနေအထား။ စေ့စုံမေးမြန်း နေစရာပင်မလို။

ယန်စိန်တိတ် အကြီးအကျယ် ဒေါသထွက်သွား၏။

ပါးစပ်မှ ဆဲဆိုကြိမ်းမောင်းရင်း ယန်လောက်ဆန်အနီးသို့ ပြေးသွားကာ ပါးကိုဘယ်ပြန်ညာပြန် ရိုက်လေတော့သည်။

ခရိုက်ပါဖေဖေ … ရိုက်ပါ၊ ကျွန်တော့်ကို သတ်ချင်ရင်လဲ သတ်ပစ်ပါခ

ယန်လောက်ဆန်သည် သူ့ဖခင် ရိုက်နှက်သမျှကိုခံရင်း ပြန်ပြောသည်။ မိမိကချင်းချင်းကို သွေးဆောင်ခေါ်ယူထားသလို ဖြစ်နေသည်မဟုတ်ပါလား။ မိမိ၏ဖခင်က မိမိအပေါ် စိတ်ဆိုးနေသည်မှာ သဘာဝကျသည်ဟု ယန်လောက်ဆန် စိတ်ထဲတွင် ထင်မိသည်။ မိမိတို့အပေါ် ယုံစားပြီး ခေတာလာရောက်နေရသည့် ဧည့်သည်မိန်းမသားတစ်ယောက် ရှိရာဆိတ်ကွယ်ရာသို့ မိမိရောက်ရှိလာရသည်မှာလည်း အပြစ်မကင်းဟု ယူဆထားသည်။

ခကဲ … ကဲ … တော်ပါတော့ဗျာ၊ ဒီလောက်လဲ ဒေါသထွက်မနေပါနဲ့တော့ခ

လိပြောင်က ယန်စိန်တိတ်၏ဒေါသကို ဖျောင်းဖျသည်။

ခဒီကောင်လုပ်ပုံက ဟုတ်မှမဟုတ်တာ၊ ကျုပ်ဟာ မုဆိုးတစ်ယောက်ဖြစ်ပေမယ့် သူတပါးအပေါ် အနိုင်ကျင့်တာမျိုး တသက်နဲ့တကိုယ် တစ်ခါမှ မလုပ်ဖူးခဲ့ပါဘူး၊ ဒီကောင်ကျမှ ဒါမျိုးလာဖြစ်နေရတယ်လို့၊ ကျုပ်ဖြင့် သိပ်ကို အသည်းနာမိတယ်ဗျာခ

ယန်စိန်တိတ်အံကြိတ်ကာ ပြောသည်။

သူ့အသံက ငိုသံပါနေသည်။ ကြမ်းကြမ်းတမ်းတမ်း မုဆိုးကြီးတစ်ယောက်ဖြစ်သည့်တိုင် စိတ်ထိခိုက်မှုဒဏ်ကြောင့် မျက်လုံးအိမ်များတွင်လည်း မျက်ရည်များ ရစ်ဝဲနေသည်။ ယခုကိစ♣⮘အတွက် ယန်စိန်တိတ်မှာ စိတ်လည်းဆိုးသည်။ ရှက်လည်းရှက်သည်။ ဝမ်းလည်းနည်းရသည်။

ယန်လောက်ဆန်၏ အပြုအမူသည် ခရေနစ်သူကို ဝါးကူထိုးသလိုခ ဖြစ်နေသည်ဟုလည်း ထင်မိသည်။

နောက်ဆုံးတွင် လိပြောင်က အစစအရာရာ ပြေပြစ်အောင်ပြောဆိုကာ သူတို့အားလုံးကို မိမိ၏တဲအိမ်သို့ ခေါ်သွားလေတော့သည်။

ခအခုလို ဖြစ်ရတဲ့အတွက် ဘယ်လိုမှ အားမငယ်ပါနဲ့ သမီးရယ်၊ အားလုံး အဆင်ပြေသွားအောင် စီစဉ်ပေးပါ့မယ်၊ စိတ်မကောင်းလဲ သိပ်ဖြစ်မနေပါနဲ့ခ

လိပြောင်၏နေအိမ်သို့အပြန် လမ်းတလျှောက်တွင် ယန်စိန်တိတ်သည် ချင်းချင်းကို အမျိုးမျိုးပင် အားပေးချော့မော့လာခဲ့သည်။

=== === ===

နောက်တလခန့်အကြာတွင် ယန်လောက်ဆန်နှင့် ချင်းချင်းတို့၏ လက်ထပ်မင်္ဂလာပွဲ ကျင်းပပြုလုပ်သည်။

ချင်းချင်းသည် ယန်လောက်ဆန်အပေါ် သဘောကျ မေတ♣ဋ္ဌာမျှခြင်း မရှိပေ။ မိမိကို ကျူးလွန်စော်ကားခဲ့သူသည်

ယန်လောက်ဆန်ပင် ဖြစ်မည်ဟူသော တွေးထင်ချက်ဖြင့် ယန်လောက်ဆန်အပေါ် မုန်းပင်မုန်းတီးနေလေသေးသည်။ သို့ရာတွင် အဖြစ်အပျက်က ပြန်လည်ပြုပြင်♣ မရတော့သလို လိပြောင်နှင့် ယန်စိန်တိတ်တို့ကလည်း အကြိမ်ကြိမ် တောင်းပန်ပြောဆို တိုက်တွန်းကြသဖြင့် နောက်ဆုံးတွင် မတတ်သာတော့ဘဲ ယန်လောက်ဆန်နှင့် လက်ထပ်ရန် သဘောတူ လက်ခံလိုက်ရလေတော့သည်။

ယန်လောက်ဆန်မှာမူ သူအလွန်ချစ်မြတ်နိုးရသော ချင်းချင်းနှင့် လက်ထပ်ရသည့်အတွက် အထူးပင် ပျော်မဆုံးအောင် ဖြစ်နေသည်။ လိုဏ်ဂူထဲတွင် မည်ကဲ့သို့ ဖြစ်ပျက်ခဲ့သည်ကို ဂဃနဏ မသိသော်လည်း ချင်းချင်းနှင့် မိမိဖခင်တို့က မိမိအပေါ် အထင်လွဲခံရသည်ကိုပင် ကျေးဇူးတင်နေမိသည်။

လက်ထပ်ပြီးသည်နှင့် ချင်းချင်းက မိမိ၏ပျောက်ဆုံးနေသော တူလေးကို တွေ့အောင်ရှာပေးရန် ယန်လောက်ဆန်အား ခိုင်းစေသည်။ ချင်းချင်းအတွက်ဆိုလျှင် ဘာမဆိုလုပ်ပေးရန် အသင့်ရှိသော ယန်လောက်ဆန်သည် နေရာအနှံ့သို့ လျှောက်သွားကာ သူမ၏ပျောက်ဆုံးနေသော တူလေးကို လိုက်လံရှာဖွေသည်။

အချိန်များ တဖြည်းဖြည်းကုန်သွားသည်။

ချင်းချင်းသည် ယန်လောက်ဆန်နှင့် လက်ထပ်ပြီး ကိုးလအကြာတွင် သမီးမိန်းကလေးတစ်ယောက် ဖွားမြင်သည်။ ထိုသမီးလေးကို ယန်ဖိန်ဖိန်ဟု အမည်ပေးသည်။

ယန်ဖိန်ဖိန်သည် မအေတူသမီးဖြစ်ကာ ရုပ်ရည်ချောမောသည်။ ယန်လောက်ဆန်သည် ယန်ဖိန်ဖိန်ကို အလွန်ပင်ချစ်သည်။ အလွန်လည်း အလိုလိုက်သည်။

ယန်ဖိန်ဖိန်မွေးဖွားပြီး တစ်လခန့်အကြာတွင် ယန်လန်ကိန်က ယန်လောက်ဆန်ကို ယွန်းဘူးနက်ကလေး တစ်ဘူးကို သိမ်းဆည်းထားပေးရန် ပြောဆိုအပ်နှံသည်။

ထိုယွန်းဘူးနက်ကလေးထဲတွင် မည်သည့်ပစ♣⮜ည်းပါရှိမှန်းကို ယန်လောက်ဆန် မသိ။ ယန်လန်ကိန်ကလည်း ပြောမပြ။ ဘာပစ♣⮜ည်းမှန်း မသိသော်လည်း ယန်လန်ကိန်က အပ်နှံသည့်အတွက် လက်ခံကာ သိမ်းဆည်းထားပေးလိုက်သည်။

ချင်းချင်းသည် ယန်လောက်ဆန်အပေါ်တွင် အထင်လွဲကာ နာကြည်းမုန်းတီးမှု အခြေခံရှိနေပေရာ အိမ်ထောင်ရေးက မသာယာခဲ့။ ယန်လောက်ဆန်နှင့် မျက်နှာချင်းမဆိုင်လိုသည့်အတွက် ပျောက်ဆုံးနေသော မိမိ၏တူလေးကို ရှာဖွေပေးရန်သာ အမြဲပင် နားပူနားဆာလုပ်သည်။ ပျောက်ဆုံးနေသော တူလေးအကြောင်း သတင်းမရသည့်အတွက်လည်း ဆူပူကြိမ်းမောင်းသည်။

ယန်လောက်ဆန်ကလည်း ချင်းချင်း၏ ပျောက်ဆုံးနေသော တူလေးကို ကြိုးစားစုံစမ်း ရှာဖွေသည်။ သို့ရာတွင် မည်သည့်သတင်း အစအနမျှပင် မရခဲ့။

ထိုသို့ လိုက်လံစုံစမ်းရှာဖွေရင်း ယန်လောက်ဆန်သည် သိုင်းလောကတွင် တစတစ လှုပ်ရှားကျင်လည်လာတော့သည်။ ထိပ်သီးစာရင်းတစ်ယောက်လည်း ဖြစ်လာသည်။ အရိုးပျော့ ယန်လောက်ဆန်ဟူ♣ပင် အမည်တစ်လုံး ရလာခဲ့သည်။ သူသည် အစပိုင်းတွင် တလတခေါက်လောက်တော့ အိမ်သို့ပြန်သေးသည်။ နောက်ပိုင်းတွင်မူ ခြောက်လကြာမှ တခေါက်လောက်သာ အိမ်သို့ပြန်ရောက်နိုင်သည်။ သိုင်းလောကတွင် လှည့်လည်သွားလာကာ ပစ♣⮜ည်း၃စ♣⮜ာရှာဖွေရင်း ချင်းချင်း၏ ပျောက်ဆုံးနေသော တူလေးအကြောင်း သတင်းကိုသာ လိုက်စုံစမ်းနေရလေတော့သည်။

ထိုသို့ လိုက်လံစုံစမ်းနေရာတွင် ချင်းချင်းတူလေးအကြောင်း ဘာသတင်းမျှ မကြားမသိရသော်လည်း မိမိ၏ညီဖြစ်သူ ယန်လန်ကိန်တစ်ယောက် သိုင်းသမားများလိုက်လံရှာဖွေ ရန်ပြုတိုက်ခိုက်ခြင်းခံရသည့် သတင်းများကိုမူ နားမဆံ့အောင်ပင် ကြားနေရသည်။

မည်သည့်အတွက်ကြောင့် သိုင်းသမားများက ယန်လန်ကိန်ကို လိုက်လံရန်ပြု တိုက်ခိုက်ကြသည် ဆိုခြင်းကိုမူ ယန်လောက်ဆန် သေသေချာချာ မသိရ။ အဖိုးတန် ပစ♣⮜ည်းတစ်ခုခုနှင့် ပတ်သက်သည်ဆိုခြင်းလောက်ကိုသာ ခန့်မှန်းမိသည်။

ယန်လန်ကိန်သည် ယန်လောက်ဆန်ထံသို့ ယွန်းဘူးနက်ကလေးကို အပ်နှံပေးပြီးသည့် အချိန်မှစ♣ အိမ်သို့လည်း ပြန်မလာတော့ပေ။ ယန်လောက်ဆန်မှာ ညီဖြစ်သူအတွက် စိတ်ပူပန်ရသည်။

သူတို့နှစ်ယောက်သည် အမြွှာပူးမဟုတ်သော်လည်း ရုပ်ရည်ချင်းမူ အတော်ဆင်သည်။ အချို့သိုင်းသမားများသည် ယန်လောက်ဆန်ကို ယန်လန်ကိန်ဟုထင်ကာ ရန်ပြုတိုက်ခိုက်တတ်ကြသည်။

ယန်လောက်ဆန်သည် သူတို့၏အထင်လွဲမှုကို အထွေအထူးရှင်းပြခြင်း ပြုမနေပေ။ မိမိနည်း မိမိဟန်ဖြင့်သာ ရင်ဆိုင်ရသည့် အန♣ၠရာယ်မှလွတ်အောင် ရုန်းထွက်ခဲ့ပေသည်။

သည်လိုနှင့် တနေ့တွင် ယန်လောက်ဆန်သည် ညီဖြစ်သူယန်လန်ကိန်နှင့် ပြန်လည်ဆုံတွေ့ ရလေတော့သည်။

ထိုသို့ ဆုံတွေ့ရသောအခါ …။

=== ===

တနေ့။

ယန်လောက်ဆန်သည် ချင်းချင်း၏တူကလေးကို စုံစမ်းရင်း တောစပ်တနေရာသို့ ရောက်ရှိလာသည်။ နှစ်ကြာမြင့်စွာ ရှာဖွေပါသော်လည်း သတင်းအစအနပင် မရသေးသည့်အတွက် စိတ်ပျက်လက်ပျက်ပင် လျှောက်လှမ်းနေမိသည်။

ထိုသို့ လျှောက်လှမ်းသွားနေရင်း ဆူဆူညံညံအသံများ ကြားရသည့်အတွက် လှမ်းကြည့်လိုက်ရာ လူတစ်ယောက်ကို သိုင်းသမားတစုက ဝိုင်းဝန်းတိုက်ခိုက်နေကြသည်ကို တွေ့ရလေသည်။

သိုင်းသမားတစု၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်း ခံနေရသူမှာ သူတွေ့လိုနေသော သူ့ညီယန်လန်ကိန် ဖြစ်နေသည်။

ယန်လောက်ဆန် ဘာမျှ စဉ်းစားမနေတော့။

ညီဘက်မှ ဝင်ရောက် ကူညီပေးလိုက်သည်။ တဖက်လူစုသည် လူအင်အားများပြားပြီး သိုင်းပညာစွမ်းရည်လည်း သူတို့ထက် ပိုမိုမြင့်မားသည်။

သို့ရာတွင် သူတို့ညီနောင်သည် အရိုးပျော့ ကိုယ်ကျုံ့ပညာကို တတ်မြောက်ကြသည့်အပြင် ကိုယ်ဖော့ပညာကောင်းပြီး အရှောင်အတိမ်း အပုန်းအကပ် အလွန်တော်သူများ ဖြစ်သည့်အတိုင်း ဝိုင်းဝန်းတိုက်ခိုက် နေကြသည့် တဖက်လူစုကို ထိုးဖောက်ကာ ကိုယ်လွတ်ရုန်း ထွက်ပြေးလာနိုင်ကြသည်။

ထိုသိုင်းသမားများ၏လက်မှ လွတ်မြောက်ခဲ့သော်လည်း လမ်းခရီးတွင် အခြားသော သိုင်းသမားများ၏ လိုက်လံတိုက်ခိုက်မှုများကို ရင်ဆိုင်ကြရပြန်သည်။

သူတို့ညီနောင်သည် ရင်ဆိုင်မိသမျှ တိုက်ခိုက်မှုများကို အရှောင်အတိမ်းမျိုးစုံဖြင့် လွတ်အောင် ကျော်လွှားနိုင်ခဲ့ကြသည်။

မိမိ၏ညီ ယန်လန်ကိန်တွင် ရန်သူများလှခြင်းကို ယန်လောက်ဆန် ကိုယ်တွေ့ကြုံရလေပြီ။ မည်သည့်အတွက် ♣ၵမျှလောက် ရန်သူများကာ အမဲလိုက်သလို လိုက်လံတိုက်ခိုက်ခြင်း ခံနေရကြောင်းကိုမူ မသိခဲ့။

ယန်လန်ကိန်ကို စူးစမ်းမေးမြန်း ကြည့်သေးသည်။ သို့သော် ယန်လန်ကိန်သည် တိတိကျကျ အဖြေမပေးဘဲ ဝေ့လည်ကြောင်ပတ်သာ လုပ်နေသည်။

ရင်ဆိုင်တိုက်ခိုက်မိလိုက် ကြိုးစားကာ ရှောင်တိမ်းကျော်လွှားလိုက်နှင့် လာခဲ့ကြရာ ညအတော်မိုးချုပ်သည့် အချိန်တွင် ရွာလေးတရွာသို့ ရောက်လာကြသည်။

ခအစ်ကို ... ကျွန်တော်တို့ ဒီအိမ်ထဲမှာပဲ တညဝင်တည်းခိုရအောင်ခ

ယန်လန်ကိန်က ရွာထိပ်ရှိ အိမ်တလုံးရှေ့တွင် ရပ်တန့်ပြီးပြောသည်။

ထိုအိမ်သည် ခပ်ငယ်ငယ်မျှသာ ဖြစ်သည်။ သို့သော် အုတ်များဖြင့် သေသပ်စွာ ဆောက်လုပ်ထားသည့် အိမ်ကောင်းတလုံး ဖြစ်သည်။ ဝင်းခြံလည်း သေသေသပ်သပ် ရှိသည်။

ခဖြစ်ပါ့မလားကွာခ

ည အတော်မိုးချုပ်နေပြီ ဖြစ်သောကြောင့် သူတပါး၏နေအိမ်တွင် ဝင်ရောက်တည်းခိုရန် ယန်လောက်ဆန် အားနာဝန်လေးနေသည်။

ခဖြစ်ပါတယ် အစ်ကိုရာ၊ ကျွန်တော် ကြည့်လုပ်ပါ့မယ်၊ တညတည်းခိုရမယ့်အပြင် ညစာပါ စားရပါစေ့မယ်ခ

ယန်လန်ကိန်က ထိုသို့ပြောပြီး ပိတ်ထားသော အိမ်တံခါးကို သွားခေါက်သည်။

တိုက်ရခိုက်ရ၊ ပြေးလွှားရနှင့်မို့ ယန်လောက်ဆန်မှာ မောပန်းကာ ဆာလောင်နေသည်။ ယန်လန်ကိန်ပြောသလို အဆင်ပြေပါစေဟု ♣သာ ကျိတ်ဆုတောင်း ရတော့သည်။

မကြာမီမှာပင် အိမ်ရှင်က မီးခွက်တစ်ခုကိုကိုင်ပြီး တံခါးလာဖွင့်ပေးသည်။

တံခါးဖွင့်ပေးသူ အိမ်ရှင်မှာ အသက်ခြောက်ဆယ်ခန့်ရှိ အဘိုးအိုတစ်ယောက်ဖြစ်ပြီး ဥပတိရုပ်ကောင်းကာ မွန်မွန်ရည်ရည် ရှိသည်။

ခဟော ... ဘကြီး ချောင်ရှမ်း နေကောင်းတယ်နော်၊ ကျွန်တော်က နန်ကြူမြို့မှာ အလုပ်လုပ်နေတဲ့ ဘကြီးရဲ့သား ချောင်တာ့ကူးရဲ့ မိတ်ဆွေပါ၊ ချောင်တာ့ကူးက ဒီရွာဘက်ရောက်ရင် သူ့အဖေဆီဝင်သွားပါဆိုလို့ခ

ယန်လန်ကိန်က နှုတ်သွက်အာသွက်နှင့် စကားစလိုက်သည်။

ခသြော် ... ဟုတ်လား၊ လာ လာ၊ အိမ်ထဲကို ဝင်ကြလေကွယ်ခ

အဘိုးကြီးချောင်ရှမ်းက ပျူငှာစွာပင် ဖိတ်ခေါ်သည်။

ယန်လန်ကိန်က ရှေ့ဆောင်ကာ အိမ်ထဲသို့ဝင်သွားရာ ယန်လောက်ဆန်လည်း နောက်မှအသာပင် ဝင်လိုက်သွားရလေ၏။

ခမိုးလဲ အတော်ချုပ်နေပြီ၊ မင်းတို့ကသားရဲ့ မိတ်ဆွေတွေဆိုတော့ ဒီမှာပဲတည်းကြပေါ့ခ

အိမ်ရှေ့ဧည့်ခန်းတွင် ထိုင်မိကြသောအခါ အဘိုးကြီးချောင်ရှမ်းက ပြော၏။

ခဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်ခ

ယန်လန်ကိန်က နှုတ်သွက်သွက်ပင် ပြောသည်။

ယန်လောက်ဆန်ကမူ ဘာမျှမပြော။ ငြိမ် ♣သာ ထိုင်နေသည်။

ခမင်းတို့ကြည့်ရတာ ဆာနေကြတယ်မှတ်တယ်၊ ခဏတော့ စောင့်လိုက်ကြဦးနော်ခ

အဘိုးကြီးချောင်ရှမ်း အိမ်နောက်ဘက်ခန်းထဲသို့ ဝင်သွားသည်။

ယန်လန်ကိန်၏မျက်နှာသည် ပြုံးရယ်နေရာမှ တည်သွားသည်။ သံသယမျက်လုံးများဖြင့် ဟိုဟိုသည်သည်

လိုက်ကြည့်နေသည်။

ခဏအကြာတွင် အရက်အိုးကြီးတစ်လုံးကိုကိုင်ကာ ဧည့်ခန်းထဲသို့ အဘိုးကြီးပြန်ထွက်လာသည်။

ဓဒီနေ့မှ အရက်ကလဲ ကုန်နေတယ်ကွယ်၊ မင်းတို့ ဒီမှာစောင့်နေကြပါ၊ ကျုပ် အရက်သွားဝယ်လိုက်ဦးမယ်၊ ဘာမှ အားမနာနဲ့၊ လွတ်လွတ်လပ်လပ်သာ နေကြပါခ

အဘိုးကြီးသည် ထိုသို့ပြောပြီး အိမ်ပြင်သို့ ထွက်သွားသည်။

ဓမင်းက ဒီအဘိုးကြီးရဲ့သားနဲ့ သိနေတာကိုးခ

အဘိုးကြီးချောင်ရှမ်း ထွက်သွားသောအခါ ယန်လောက်ဆန်က ပြောသည်။

ယန်လန်ကိန်က နှုတ်ခမ်းဖျားတွင် လက်♣ူးကိုတေ့ကပ်ကာ တိုးတိုးလုပ်ရန် သင်္ကေတပြပြီးနောက် လေသံဖြင့် ...

ဓသူ့သားနဲ့ တကယ်သိကျွမ်းခင်မင်တာ မဟုတ်ပါဘူး၊ ကျွန်တော်က ဒီလိုပဲ ခရီးလမ်းကျတဲ့ မြို့တွေရွာတွေက လူတွေနဲ့ သူတို့မိသားစုတွေအကြောင်း စုံစမ်းမှတ်သားထားတယ်၊ အခုလိုအကြောင်းဆိုက်တော့ သူတို့မိသားစုထဲက တစ်ယောက်ယောက်နဲ့ သိကျွမ်းသလိုလို ဘာလိုလိုလုပ်ပြီး ခပ်တည်တည်နဲ့ စားသောက်တည်းခိုရတာပေါ့ခ

♣ူအခါတွင်မှ ယန်လောက်ဆန်မှာ ယန်လန်ကိန်၏ ♣ ဏ်များပုံကို ရိပ်မိလေတော့သည်။

သူတို့နှစ်ယောက်သည် စကားဆက်မပြောကြတော့ဘဲ ဧည့်ခန်းထဲတွင် ငြိမ်♣ထိုင်နေကြသည်။

ငြိမ်♣ထိုင်နေကြသည်ဆိုသော်လည်း ယန်လောက်ဆန်ကသာ စိတ်လက်ဖြေလျော့ကာ အနားယူနေသည်။ ယန်လန်ကိန်မှာမူ သံသယမျက်လုံးများဖြင့် ဟိုကြည့်လိုက် သည်ကြည့်လိုက် လုပ်နေသည်။

ထိုအချိန်မှာပင် အိမ်အတွင်းဘက်ဆီမှ ခြေသွေးသံကိုကြားကြရသည်။

ယန်လန်ကိန် မျက်နှာအကြီးအကျယ် ပျက်သွားသည်။

စိတ်ထားယုတ်မာကောက်ကျစ်သူများက မိမိ၏မကောင်းသောစိတ်ထားက မိမိကိုပြန်ခြောက်ကာ အရာရာကို သံသယဝင်နေတတ်ပေသည်။ အမြဲပင် ကြီးလန့်စာစား ရှိနေတတ်သည်။ မည်သူ့ကိုမျှ မယုံကြည်။ ဘယ်လိုအခြေအနေတွင်မျှ စိတ်မချ။

ယခုလည်း အဘိုးကြီးချောင်ရှမ်း တော်တော်နှင့် ပြန်မလာသောအခါ ယန်လန်ကိန်မှာ သံသယစိတ်ပိုများလာသည်။ စိုးရိမ်ထိတ်လန့်လာသည်။ ချောင်ရှမ်းက ဧည့်ဝတ်ပြုရန် အရက်ဝယ်ခြင်းဖြစ်ကြောင်း သေသေချာချာ ပြောသွားသော်လည်း စိတ်ထားကောက်ကျစ်သူ ယန်လန်ကိန်သည် တမျိုးမြင်ကာ တွေးလန့်နေမိသည်။

သည်လိုအခြေအနေတွင် ခြေသွေးသံကို ကြားရသောအခါတွင်ကား သံသယစိတ်က အထွတ်အထိပ်သို့ ရောက်လာလေတော့သည်။

ယန်လန်ကိန်သည် ယန်လောက်ဆန်ကို အသာမျက်ရိပ်ပြကာ အိမ်နောက်ခန်းဘက်သို့ ဝင်သွားသည်။

ယန်လောက်ဆန်မှာလည်း ဘာမသိညာမသိနှင့်ပင် ယန်လန်ကိန်နောက်မှ လိုက်လာခဲ့ရသည်။

ထိုအခိုက်မှာပင် ...

ဓဒီကောင်တွေကို ကြိုးနဲ့တုပ်ဖမ်းပြီး သတ်မှဖြစ်မယ်ခ

အိမ်နောက်ဖေးခန်းထဲမှ စကားသံတစ်ခု ပေါ်လာသည်။

အရင်းမရှိ အဖျားမရှိပြောလိုက်သော စကားသံက ယန်လန်ကိန်ကို အကြီးအကျယ် တုန်လှုပ်ကာ သံသယပိုမို ခိုင်မာသွားစေတော့၏။ ဘာဘာညာညာ ပြောမနေတော့ဘဲ အသံပေါ်လာရာ အခန်းထဲသို့ လုစ်ခနဲပြေးဝင်သွားသည်။

ယန်လောက်ဆန်မှာမူ ရုတ်တရက် ဘာလုပ်ရမည် မသိဘဲ ကြောင်အမ်းအမ်းဖြစ်လျက် ကျန်နေခဲ့သည်။

ဓအား …ဓ

ဓအမယ်လေး …ဓ

အခန်းထဲမှ အော်ဟစ်သံများ ပေါ်လာသည်။

နောက်တော့ အသံတွေ ရုတ်ခြည်းပျောက်ကာ တိတ်ဆိတ်သွားသည်။ ♣ဂ္အခါတွင်မှ ယန်လောက်ဆန်မှာလည်း

ထိုအခန်းထဲသို့ ပြေးဝင်လိုက်ပါ သွားမိသည်။

ထိုအခန်းထဲသို့ ရောက်သွား♣ ယန်လောက်ဆန်မြင်လိုက်ရသော မြင်ကွင်းကား … ။

=== ===

အခန်းထောင့်တနေရာတွင် ကြက်သုံးကောင်ကို ကြိုးဖြင့်တုပ်ထားသည်။ လူနှစ်ယောက်မှာ သွေးအိုင်ထဲတွင်

လဲကျနေကြသည်။ ကြက်သတ် ဓားတစ်ချောင်းနှင့် ဓားသွေးကျောက်ကိုလည်း တွေ့ရသည်။

ယန်လန်ကိန်ကတော့ အခန်းအလယ်တွင် ခပ်အေးအေးပင် ရပ်နေသည်။

ဓဟင် … မင်းဘယ်လို လုပ်လိုက်တာလဲ လန်ကိန်၊ မင်းရမ်းကားလှချည်လား၊ ဒါ ငါတို့ကို ရန်မူမယ့်လူ မဟုတ်ဘူး၊ ငါတို့ကို

ကျွေးမွေးဖို့ ပြင်ဆင်နေကြတဲ့ လူတွေကွဓ

ယန်လန်ကိန်က ကြိမ်းမောင်း အပြစ်တင်သည်။

ဓမတတ်နိုင်ဘူး အစ်ကိုရာ၊ သူတို့ ပြောနေကြတာက ဘာလိုလိုညာလိုလိုဆိုတော့ ကျွန်တော်လဲ တမျိုးထင်ပြီး

လက်လွန်သွားတာပဲ၊ အခုမှတော့ မထူးပါဘူး၊ လစ်ကြစို့ဓ

ယန်လန်ကိန်က ဘာမျှအမှုမထားသလို အေးတိအေးစက်ပင်ပြောပြီး အိမ်ပြင်သို့ ပြေးထွက်သွားသည်။

ယန်လောက်ဆန်မှာလည်း ဘာမျှမတတ်သာဘဲ နောက်မှ ပြေးလိုက်သွားရပြန်သည်။

ညသည် တိတ်ဆိတ်နေသည်။ အိမ်တိုင်းလိုလိုပင် တံခါးပိတ်ကာ အိပ်နေကြလေပြီ။ ပြေးထွက်လာကြသော

ယန်လောက်ဆန်တို့ ညီနောင်ကို မည်သူကမျှ မမြင်မိကြပေ။

အိမ်နှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ အရက်အိုးကြီး ဆွဲလာသော ချောင်ရှမ်းနှင့် ဆုံမိကြသည်။

ဓဟေး … မင်းတို့က ငါ့ကိုစိတ်မချလို့ လိုက်လာကြတာလား၊ မင်းတို့အတွက် အကောင်းစား ဝါးစိမ်းအရက် လိုက်ရှာနေရလို့

အချိန်ကြာသွား …ဓ

ယန်လောက်ဆန်တို့ကို တွေ့သောအခါ ချောင်ရှမ်းက ဝမ်းသာအားရ လှမ်းပြောသည်။

ချောင်ရှမ်းခမျာ စကားကို ဆုံးအောင်မပြောနိုင်ရှာ။

ယန်လန်ကိန်က ဓားမြ✔ှာင်တစ်လက်ကို လျင်မြန်စွာဆွဲထုတ်ကာ ချောင်ရှမ်းထံသို့ လှမ်းပစ်လိုက်သည်။

ဓားရောင်လက်သွားသည်။ အဘိုးကြီးချောင်ရှမ်းမှာလည်း စကားတဝက်တပျက်နှင့် ရပ်ကာ မြေကြီးပေါ် လဲကျသွားသည်။

ယန်လန်ကိန်၏ ရက်စက်လှသော အပြုအမူကြောင့် ယန်လောက်ဆန်မှာ စိတ်ထိခိုက်ကာ ခေါင်းထဲတွင် မူးနောက်နောက်ပင်

ဖြစ်သွားရသည်။

ဓဟော့ကောင် လန်ကိန် … မင်း မိုက်ရိုင်း ရမ်းကားလှချည်လား၊ ဒီလောက်အထိ လုပ်တာကတော့ တရားလွန်လွန်းပြီ

ထင်တယ်ဓ

ဓအစ်ကိုကလဲဗျာ၊ ဒီအဘိုးကြီး သူ့အိမ်ရောက်သွားရင် ဟိုကိစ♣⮘ကျွန်တော်တို့ လက်ချက်မှန်း သိသွားမှာပေါ့၊ ဒါကြောင့်

နောက်ပိုင်းအားလုံးအေးအောင် အပြတ်ရှင်းပစ်လိုက်တာပါ၊ ဘာလုပ်လုပ် ပြတ်ပြတ်လုပ်ရတယ်ဗျ၊

ယန်လန်ကိန်သည် ထိုသို့ပြောပြီး အဘိုးကြီးလက်မှ လွတ်ကျသွားသော အရက်အိုးကိုကောက်ယူကာ ခပ်အေးအေးပင် ဆက်လက်လျှောက်လှမ်းသွားသည်။

ယန်လောက်ဆန်မှာမူ အလွန်ပင် စိတ်ထိခိုက်သွားရသည်။ မိမိ၏ညီ သည်လောက်ရမ်းကား ရက်စက်လှပါကလားဟုလည်း ပထမဆုံးအကြိမ်အဖြစ် မုန်းတီးရွံရှာမိသည်။

မိုက်ရိုင်းဆိုးရွားလှသူကို သုတ်သင်ဖယ်ရှားပစ်မှဖြစ်မည်ဟု တွေးကာ ခါးတွင်ချိတ်ထားသော ဓားရှည်၏အရိုးကို စမ်းမိသေးသည်။

သို့သော် ဖခင်ကြီး၏မျက်နှာကို ကွက်ခနဲမြင်ယောင်မိသော အခါတွင်မူ ဓားရိုးကိုဆုပ်ကိုင်ထားသော ယန်လောက်ဆန်၏လက်များ ပြေလျော့သွားရသည်။

သူတို့၏မိခင်မှာ ကွယ်လွန်သွားခဲ့ပြီ ဖြစ်သည်။ ဖခင်သည် နောက်အိမ်ထောင်မပြုဘဲ သူတို့ညီနောင်ကို ပြုစုကျွေးမွေးခဲ့သည်။ သားနှစ်ယောက်အပေါ် ချစ်လည်းအလွန်ချစ်သည်။

ယန်လန်ကိန်ကို သုတ်သင်ပစ်လိုက်ပါက မိမိ၏ဖခင်အနေဖြင့် အလွန်ချစ်သော သားတစ်ယောက် ဆုံးရှုံးရတော့မည်ဟု စဉ်းစားမိသောကြောင့် ယန်လောက်ဆန်၏စိတ်များ ပျော့ကျသွားရလေတော့သည်။

ရွာလေးနှင့် အတော်လှမ်းသောနေရာသို့ ရောက်သောအခါ ခရီးတထောက် နားကြသည်။

၊တောက် ... ကောင်းလိုက်တဲ့ အရက်ဗျာ၊ ရော့ ... အစ်ကို၊ သောက်လိုက်ပါဦး၊

ယန်လန်ကိန်က အရက်အိုးကို ယန်လောက်ဆန်ထံ ကမ်းပေးသည်။

=== ===

၊မသောက်ချင်ပါဘူးကွာ၊

ယန်လောက်ဆန်က လှမ်းမယူဘဲ ခေါင်းခါပြပြီး ပြောသည်။ အပြစ်မရှိသော လူသုံးယောက်စတေးပြီးမှ သောက်ရမည့်အရက်ကို သူမျိုမကျနိုင်။

၊အစ်ကို တကယ်ပျော့တာကိုး၊ ဒီမယ် အစ်ကို ... လုပ်စရာရှိရင် လက်မနှေးဘဲ ပြတ်ပြတ်သားသား လုပ်ရတယ်ဗျ၊ ကိုယ်လိုချင်တာကိုလဲ ဖြစ်တဲ့နည်းနဲ့ ရအောင်ယူရတယ်၊ အစ်ကို့မှာတော့ ဟိုဟာထောက်ထား ဒီဟာထောက်ထားနဲ့ လက်နှေးနေလိုက်တာ၊ ဒီလိုသာ နှေးနေရင် ဘာကိုမှရနိုင်မှာ မဟုတ်ဘူး၊

ယန်လန်ကိန်က ထိုသို့ပြောပြီးနောက် အရက်အတော်များများ သောက်ချလိုက်ပြန်သည်။

၊ငါချစ်တဲ့ ချင်းချင်းကို ရနေပြီပဲကွာ၊ တခြား ဘာကိုမှ ငါမလိုချင်တော့ပါဘူး၊

ယန်လန်ကိန်သည် ပြက်လုံးကောင်းတစ်ခု ကြားရသည့်နှယ် လှောင်ရယ်ရယ်လိုက်ပြီး ...

၊ဟား ... ဟား ... ဟား ကိုယ့်ကိုယ်ကိုတော့ ဟုတ်လှပြီထင်နေတာကိုး၊ ဒီမယ် အစ်ကို ကိုယ့်ကိုယ်ကို သိပ်လဲအထင်ကြီးမနေနဲ့၊ ဖိန်ဖိန်ဟာ အစ်ကို့သမီးများ ထင်နေသလား၊

၊ဟေ့ကောင် ... မင်း ဘာစကားပြောတာလဲ၊

ယန်လန်ကိန်မှာ အရက်အတော်များများ သောက်ထားပြီမို့ ခပ်ထွေထွေဖြစ်ကာ နှုတ်ကလည်း အလွန်သွက်နေသည်။

၊နေပါဦးလေ၊ ကျွန်တော် ပြောတာကို နားထောင်ပါဦး၊

ယန်လောက်ဆန်မှာ စိတ်ကလည်းပျက် ဒေါသလည်းထွက်နှင့် မခံချိမခံသာဖြစ်ကာ ငြိမ်နားထောင်နေလိုက်သည်။

ယန်လန်ကိန်က အဖြစ်မှန်များကို ထုတ်ဖော်ပြောပြသည်။

ယန်လန်ကိန်၏ စကားတခွန်းတိုင်းသည် ယန်လောက်ဆန်၏ နှလုံးသားထဲသို့ စိုက်ဝင်သွားကာ ဆူးတချောင်းလိုပင် ဖြစ်နေသည်။

ယန်လန်ကိန် ပြောပြသည်များကို နားထောင်ပြီးနောက် ယန်လောက်ဆန်မှာ အလွန်ပင်စိတ်ထိခိုက်ရသည်။ ယူကျုံးမရ ဖြစ်ရသည်။ ကြေကွဲဝမ်းနည်းရသည်။

ဒါပေမယ့် ...

မည်သူ့ကိုမျှ ယန်လောက်ဆန် မမုန်းနိုင်ပါ။

ချင်းချင်းကိုလည်း မမုန်းနိုင်။

ဖိန်ဖိန်အပေါ်တွင်လည်း မစိမ်းကားရက်။

ယန်လန်ကိန်ကိုလည်း ရက်ရက်စက်စက် မသုတ်သင်လို။

သက်ပြင်းရှည်ကြီး တချက်သာချကာ လေးတွဲ့သောခြေလှမ်းများဖြင့် ယန်လန်ကိန်ကို ကျောခိုင်းလျှောက်လှမ်း ထွက်သွားတော့သည်။

ယန်လန်ကိန်မှာမူ အစ်ကိုဖြစ်သူ မည်မျှစိတ်ထိခိုက်သွားသည်ကို သိပုံပင်မရ။

အရက်အိုးထဲမှ အကောင်းစားဝါးစိမ်းအရက်များကို တကျိုက်ပြီးတကျိုက် သောက်ရင်း သီချင်းတွေပင် ဟစ်အော်ဆိုနေလိုက်သေးသည်။

ခဏအကြာတွင် ယန်လန်ကိန်၏ သီချင်းသံပျောက်ပြီး တိုက်ခိုက်သံများ ပေါ်လာသည်။

ယန်လန်ကိန်ရှိနေရာသို့ ရန်သူများရောက်လာပြီး တိုက်ခိုက်ကြခြင်းဖြစ်ကြောင်း ယန်လောက်ဆန်သိလိုက်သည်။

သို့သော် ...

ယန်လောက်ဆန် နောက်ပြန်လှည့်မကြည့်တော့။ ယန်လန်ကိန်ကိုလည်း သွားမကူညီတော့။ သူ့ထိုက်သူ့ကံ သဘောထားလိုက်တော့သည်။

သူ့ဘာသာ သူသာ ဆက်လက်လျှောက်လှမ်း သွားနေသည်။

ယန်လန်ကိန်မှာ သူကျူးလွန်ခဲ့သော မကောင်းမှုများအတွက် မကောင်းကျိုးကို ခံရရှာလေပြီတကား။

=== ===

ယန်လောက်ဆန်သည် စိတ်ပျက်လက်ပျက်နှင့်ပင် နေအိမ်သို့ပြန်လာခဲ့သည်။

အိမ်ပြန်ရောက်သောအခါ စိတ်ပျက်စရာသတင်းကို ကြားရပြန်သည်။ ထိုသတင်းမှာ ယန်ဖိန်ဖိန်က ယွန်းဘူးနက်ကလေးကို ယူဆောင်ကာ အိမ်မှထွက်သွားသည်ဆိုသော သတင်းပင်ဖြစ်သည်။

မိမိ၏သမီးမဟုတ်ကြောင်း သိရပြီဖြစ်သော်လည်း ယန်လောက်ဆန်မှာ ယန်ဖိန်ဖိန်အပေါ်တွင် အချစ်မပျက်။ အမုန်းလည်း မပွား။

သိုင်းလောကအလယ်သို့ တယောက်တည်း ထွက်သွားလေသော ယန်ဖိန်ဖိန်အတွက် စိုးရိမ်ကာ ချက်ချင်းပင် နေအိမ်မှထွက်လာပြီး လိုက်လံရှာဖွေပြန်သည်။

ထိုသို့ စုံစမ်းရှာဖွေသောအခါတွင်မှ ယန်လန်ကိန်က မိမိထံတွင်အပ်နှံထားပြီး ယန်ဖိန်ဖိန် ယူဆောင်သွားခဲ့သော

ယွန်းဘူးနက်ကလေးသည် ရှောင်လင်ကျောင်းတော်မှ ပျောက်ဆုံးသွားသော ရှောင်လင်လျှို့ဝှက်ပစ♣⮜ည်းဖြစ်နေကြောင်းကို ယန်လောက်ဆန်သိရလေတော့သည်။

ထို့ပြင် ယန်လန်ကိန်ကို ရန်သူများ ဝိုင်းဝိုင်းလည်အောင် လိုက်လံတိုက်ခိုက် ရန်ပြုနေခြင်းမှာလည်း ထိုယွန်းဘူးနက်ကလေးကြောင့် ဖြစ်ကြောင်းကိုလည်း သိလာရပြန်သည်။

♣ဂ္ဂတွင် ယန်လောက်ဆန်မှာ ယန်ဖိန်ဖိန်အတွက် ပို♣ စိုးရိမ်စိတ်များလာရသည်။

=== ===

ချင်းချင်းသည် မုဆိုးတောင်ကုန်းမှနေ♣ အခြားမည်သည့်နေရာသို့မျှ မသွားတော့။ ငါးနှစ်သားရေတံခွန် ရေခန်းခြောက်ပြီး လိုဏ်ဂူပေါ်ပေါက်လာသည့် အခါများတွင်မူ ထိုလိုဏ်ဂူထဲတွင် သွားနေလေ့ရှိသည်။

ဖိန်ဖိန်မှာမူ ငယ်ရွယ်သူလေး တစ်ယောက်ဖြစ်သည့်အတိုင်း လူသူကင်းဝေးရာ မုဆိုးတောင်ကုန်းတွင် နေထိုင်ရသည်ကို မပျော်ပိုက်။ လောကကြီးအလယ်တွင် လှည့်လည်သွားလာ ကြည့်လို၏။

ချင်းချင်းက ယန်လောက်ဆန်အပေါ်တွင် နာကြည်းမုန်းတီးနေသော်လည်း ယန်ဖိန်ဖိန်ကမူ ယန်လောက်ဆန်ကို မုန်းတီးမှုကားမရှိပေ။ ထို့ပြင် ယန်လောက်ဆန်က အလွန်အလိုလိုက်မှုကြောင့် ဖိန်ဖိန်သည် ယန်လောက်ဆန်ကို အနိုင်ကျင့်တတ်သည်။ လိုချင်တာတွေ မှန်သမျှ အရတောင်းတတ်သည်။

ယန်လန်ကိန် အပ်နှံထားသော ယွန်းဘူးနက်ကလေးကို လိုချင်♣ တောင်းသည့်အခါတွင်မူ ယန်လောက်ဆန်ကမပေး။ ချော့မော့ထားခဲ့သည်။

ဘာမဆို လိုချင်တိုင်းတောင်း♣ ရနေခဲ့သော ယန်ဖိန်ဖိန်မှာ ထိုယွန်းဘူးနက်ကလေးကို တောင်း♣မရနိုင်သောအခါတွင် မိန်းကလေးတို့၏ ဗီဇစိတ်အတိုင်း အတော်ပင် မခံချိမခံသာ ဖြစ်နေရသည်။

ထို့ကြောင့် ယန်ဖိန်ဖိန်သည် ယွန်းဘူးနက်ကလေးကို ယူကာ လောကကြီးအလယ် လှည့်လှည်ကြည့်ရှုရန် မုဆိုးတောင်ကုန်းမှ ထွက်ခွာလာခဲ့သည်။

သိုင်းလောကအလယ်သို့ ရောက်သောအခါတွင်မူ ယန်ဖိန်ဖိန်မှာ ဒုက✔အမျိုးစုံ၊ အန♣ှုရာယ်အသွယ်သွယ်တို့ကို ကြုံရလေတော့သည်။ ယွန်းဘူးနက်ကလေးကို လိုချင်နေကြသော သိုင်းသမားများက သူ့နောက်သို့ တကောက်ကောက်လိုက်လံကာ တိုက်ခိုက်ရန်ပြုကြသည်။

ဘေးဒုက✔အန♣ှုရာယ် အသွယ်သွယ်တို့ကို ရင်ဆိုင်ခဲ့ရသလို ပျော်ရွှင်ကြည်နူးစရာများလည်း ကြုံတွေ့ရပေသေးသည်။ ပျော်ရွှင်ကြည်နူးစရာမှာ ရှီးထင်ချိတ်ဆိုသူ လုလင်ပျိုနှင့် ဆုံတွေ့ခဲ့ရခြင်း ဖြစ်ပေသည်။

ရှီးထင်ချိတ်သည် သူ့ကို အကူအညီများ ပေးခဲ့သည်။ သူရင်ဆိုင်နေရသော ဘေးအန♣ှုရာယ်များကိုလည်း ကာကွယ်ပေးခဲ့သည်။

နောက်ဆုံးတွင် ဆူးကြုမြို့၊ လွေကွမ်းဘုန်းတော်ကြီးကျောင်းတွင် ဝင်ရောက်တည်းခိုနေခိုက် ရုပ်ပြောင်းဝိဇ♣ှာမြောက်ခုန်ခုန်၏ တိုက်ခိုက်ခြင်းကို ခံခဲ့ရသည်။

မြောက်ခုန်ခုန်၏လက်ချက်ကြောင့် ရှီးထင်ချိတ် မြေကြီးပေါ်လဲကျသွားချိန်တွင် ယန်ဖိန်ဖိန်မှာ ရှီးထင်ချိတ်အတွက် စိုးရိမ်စိတ်ဖြင့် မြောက်ခုန်ခုန်ကို ကြောက်ရမှန်းပင်မသိဘဲ အတင်းဝင်တိုက်မည်ပြုသည်။

ထိုသို့ ပြုလိုက်ချိန်မှာပင် မြောက်ခုန်ခုန်က ယန်ဖိန်ဖိန်ကို အကြောပိတ်ပစ်ခဲ့သည်။

(♣အကြောင်းခြင်းရာများကို စာရေးသူ ဘာသာပြန်ဆိုထုတ်ဝေပြီးဖြစ်သော ဓမ္မရှစ်လုံးရှင် သိုင်းဥကင် (တတိယပိုင်း) တွင် အသေးစိတ်ဖတ်ရှုနိုင်ပါသည်။ စကားချပ်)

အကြောပိတ်ခံရပြီးနောက် ယန်ဖိန်ဖိန် သတိလစ်သွားခဲ့သည်။

ပြန်လည်သတိရလာသောအခါ တောစပ်တနေရာရှိ သစ်ပင်ကြီးတစ်ပင်အောက်တွင် ရောက်နေကြောင်း တွေ့ရသည်။

သူ့စိတ်ထဲတွင် မိမိရော ရှီးထင်ချိတ်ပါ မြောက်ခုန်ခုန်၏ ဖမ်းဆီးခြင်း ခံလိုက်ရလေပြီလားဟု ထင်မိသည်။

သို့သော် သူမ၏အနားတွင် ရှီးထင်ချိတ်လည်းမရှိ၊ မြောက်ခုန်ခုန်ကိုလည်း မတွေ့ရ။

မိမိကိုယ်မိမိ ပြန်လည်စစ်ဆေးကြည့်ရာတွင်လည်း ထူးခြားပြောင်းလဲမှု မရှိသည့်အတွက် ယန်ဖိန်ဖိန်သည် အတော်လေးပင် စိတ်အေးသွားသည်။

အကျ♣ အိတ်ထဲတွင်တော့ စာအိတ်လေး တစ်အိတ်ကိုတွေ့ရသည်။ ယန်ဖိန်ဖိန်သည် ထိုစာအိတ်ကိုဖွင့်ကာ အထဲတွင်ပါသည့်စာကို ဖတ်ကြည့်လိုက်သည်။

ဓအမည်မသိရတဲ့ သမီးငယ်

သိုင်းလောကမှာ အန♣ှ္ရာယ်တွေ များပြားလှပါတယ်။ စိတ်ထင်တိုင်း သွားလာလှုပ်ရှားနေလို့ မဖြစ်ပါဘူး။ သမီးရဲ့ နေအိမ်ကိုပဲ ပြန်ပါကွယ်။

အမြင်မတော်လို့ စွက်ဖက်ကယ်တင်ပေးခဲ့ရတဲ့ –

ဒေါ်ကြီးဓ

♣စာရေးသွားသူသည် မိမိကို မြောက်ခုန်ခုန်၏အန♣ှ္ရာယ်မှ ကာကွယ်ကယ်တင်ပေးသွားသူ သိုင်းပညာရှင်ကြီး တစ်ယောက်ယောက်ဖြစ်မည်ဟု ♣သာ ယန်ဖိန်ဖိန်သိရတော့သည်။ မည်သူမည်ဝါဆိုသည်ကိုကား တိတိကျကျ မခန့်မှန်းနိုင်ပေ။

ထိုစာကိုဖတ်ပြီးနောက် မုဆိုးတောင်ကုန်းတွင် ကျန်နေခဲ့သည် မိခင်ဖြစ်သူချင်းချင်းကို ယန်ဖိန်ဖိန် သတိရလာသည်။ သူသည် မိခင်ကိုပို♣ ခင်တွယ်သူဖြစ်သည်။ မိခင်နှင့်လည်းအကြာကြီး ခွဲခွာမနေဘူးပေ။ မိမိတစ်ယောက်တည်း စိတ်ထင်ရာလုပ်♣ ထွက်လာခဲ့သည်မှာ မသင့်လျော်ဟုလည်း စဉ်းစားမိသည်။

ထို့ကြောင့် သိုင်းလောကတွင် ဆက်လက်လှည့်လည် သွားလာခြင်းမပြုတော့ဘဲ မုဆိုးတောင်ကုန်းသို့ ပြန်လာခဲ့သည်။

မုဆိုးတောင်ကုန်းသို့ ပြန်ရောက်လာသော ယန်ဖိန်ဖိန်ကို ချင်းချင်းက အားရဝမ်းသာပင် ဆီးကြိုသည်။

ယန်ဖိန်ဖိန်က မိမိတွေ့ကြုံဖြစ်ပျက်ခဲ့ပုံ အကြောင်းများကို ပြန်ပြောသည်။ မိမိစိတ်ထင်ရာ လုပ်ခဲ့သည်ကိုလည်း တောင်းပန်သည်။ မိမိကို ဝင်ရောက်ကူညီ ကယ်တင်ပေးခဲ့သည့် အမည်မသိ သိုင်းပညာရှင်ကြီး ရေးပေးထားခဲ့သော စာကိုလည်းထုတ်ပြသည်။

ထိုစာကို ထုတ်ဖတ်လိုက်သောအခါ ချင်းချင်းရင်ထဲတွင် တဒိန်းဒိန်း လှုပ်ရှားသွားရသည်။ ထိုလက်ရေးကို ချင်းချင်းကောင်းစွာ မှတ်မိသည်။ တသက်လုံးမမေ့နိုင်။ ထိုလက်ရေးမှာ ပိုင်စုကျင်၏ လက်ရေးဖြစ်နေသောကြောင့် ပေတည်း။

ပိုင်စုကျင်၏လက်ရေးကို မြင်လိုက်ရသောအခါ ချင်းချင်းသည်အတိတ်က ဖြစ်ရပ်များကို ပြန်လည်မြင်ယောင်လာသည်။

ဓအောင်း … မမလေးရဲ့ ကျေးဇူးတွေဟာ ငါ့အပေါ်မှာတင်ပြီးရင်း တင်ရင်းဖြစ်နေပါလား။ ငါငယ်ငယ်တုန်းက မမလေး ကျွေးမွေးစောင့်ရှောက်ထားလို့ မတောင့်မတဘဲ စားသောက်နေထိုင်နိုင်ခဲ့တယ်။ သိုင်းပညာလဲ သင်ကြားနိုင်ခဲ့တယ်။ ဟော … အခုလဲ ငါ့သမီးဖိန်ဖိန်ကို အန♣ှ္ရာယ်ဆိုးကနေ ကယ်တင်ပေးခဲ့ရုံမက အိမ်ကိုပြန်လာအောင်လဲ ဆုံးမပေးနိုင်ခဲ့တယ်။

ငါကတော့ မမလေးရဲ့ သားလေးကိုတောင် အန♣ႏၲရာယ်ကင်းအောင် မစောင့်ရှောက်နိုင်ခဲ့ဘူး။ မမလေးအပေါ် ငါဟာ တာဝန်မကျေသလို ဖြစ်နေရပြီ"

ချင်းချင်းသည် ထိုသို့တွေးတောရင်း စိတ်မကောင်းဖြစ်မိလေတော့သည်။

=== ===

ယန်ဖိန်ဖိန် နေအိမ်သို့ ပြန်ရောက်လာပြီး မကြာမီမှာပင် ငါးနှစ်သားရေတံခွန်တွင် ရေခန်းခြောက်သွားသည်။

ငါးနှစ်သားရေတံခွန် ရေခန်းခြောက်ပြီး လိုဏ်ဂူဝပေါ်ပေါက်လာသည့် အချိန်များတွင် ချင်းချင်းသည် ထိုလိုဏ်ဂူထဲသို့ သွားရောက်ကာ နေထိုင်လေ့ရှိသည်။ သူ့စိတ်ထဲတွင် ထိုနေရာသည် မိမိ၏ဘဝကို တမျိုးတဖုံ ပြောင်းလဲသွားစေခဲ့သော နေရာဟု မှတ်ယူထားခဲ့သည်။

ယန်လောက်ဆန်က သူမကို လိုဏ်ဂူထဲသို့ အိပ်ဆေးခတ် ခိုးယူသွားခဲ့ပြီးသည့် အချိန်မှစကာ ချင်းချင်းသည် အစစအရာရာ အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့ရသည်။ တကိုယ်တည်း လွတ်လပ်စွာ နေထိုင်ခဲ့ရာမှ အိမ်ထောင်သည်ဖြစ်လာပြီး သံယောဇဉ်တွယ်စရာ သမီးတစ်ယောက် ရလာခဲ့သည်။

ထို့ပြင် ချင်းချင်းသည် လူအများနှင့် ရောနှောနေထိုင်ခြင်း မလုပ်လိုဘဲ မိမိဘာသာ သီးသီးသန့်သန့် နေလိုလာသည်။ စိတ်နေစိတ်ထားလည်း အေးစက်မာကျောလာသည်။

ထိုလိုဏ်ဂူထဲသို့ ချင်းချင်း သွားရောက်နေထိုင်သောအခါ ယန်ဖိန်ဖိန်လည်း အတူလိုက်ပါသွားခဲ့သည်။

အခြားအချိန်များတွင် သူတို့သားအမိသည် လိုဏ်ဂူအဝင်ဝပိုင်းတွင်သာ အေးအေးချမ်းချမ်း နေထိုင်ကြသည်။

လိုဏ်ဂူအတွင်းဘက်ပိုင်းသို့ ဝင်ရောက်ခြင်း မပြုကြပေ။

ယခုတခေါက်တွင်မူ ဖိန်ဖိန်သည် သိုင်းလောကတွင် လှည့်လည်သွားလာခဲ့ရဖူးပြီးနောက် အရာရာကို စူးစမ်းကြည့်လိုစိတ် တိုးပွားလာသည့်အတိုင်း လိုဏ်ဂူအတွင်းဘက်ပိုင်းသို့ စူးစမ်းလေ့လာကြည့်သည်။

လိုဏ်ဂူသည် ရှည်လျားလှသည်။ မည်သည့်နေရာက စတင်ဖြစ်ပေါ်လာသည်ကိုလည်း မှန်းဆရန်ခက်သည်။ ထို့ပြင် အတွင်းဘက်ပိုင်းကျလေလေ အလင်းရောင်အားနည်းပြီး စိုစွတ်လာလေလေ ဖြစ်သည်။ အချို့နေရာများတွင် လေကောင်းလေသန့်များ ရသော်လည်း အချို့နေရာများတွင်မူ စူး♣မွှန်သောရနံ့များ ရှိနေသောကြောင့် အသက်ရှူရကျပ်စေသည်။

မုဆိုးကြီးလိပြောင်သည် တောလည်သွားရင်း အလင်းရောင်ထွက်သော မီးစုန်းကျောက်လို ထူးဆန်းသည့် ကျောက်တုံးလေးများကို တွေ့သောကြောင့် အိမ်သို့ယူလာခဲ့ရာ ဖိန်ဖိန်က ထိုကျောက်များကို ပုလင်းတစ်ခုထဲတွင်ထည့်♣ မီးအိမ်သဘော အသုံးချကာ လိုဏ်ဂူအတွင်းဘက်ပိုင်းသို့ ဝင်ရောက်စူးစမ်းကြည့်သည်။

အစတွင်တော့ ကျောက်တုံးများ၊ ကျောက်ချွန်များမှလွဲ♣ အခြားစိတ်ဝင်စားဖွယ် ဘာမျှမတွေ့။

တနေ့တွင်မူ လိုဏ်ဂူအတွင်းဘက်ပိုင်းကျကျ တနေရာတွင် အရိုးတစ်ချောင်းကို တွေ့ရသည်။ ဖိန်ဖိန်က ထိုအရိုးကိုယူလာပြီး မိခင်ကိုပြသည်။ ချင်းချင်းက စစ်ဆေးကြည့်ရာ ထိုအရိုးသည် လူရိုးဖြစ်နေကြောင်း တွေ့ရသည်။

ချင်းချင်းတို့အဖို့ စဉ်းစားဖွယ်ရာ ဖြစ်ရလေပြီ။

ထိုလိုဏ်ဂူအတွင်းဘက်ပိုင်းသို့ မည်သူမျှ မသွားဖူးသေးဟု သူသိထားရသည်။ ယခုမူ လိုဏ်ဂူအတွင်းဘက်တွင် လူရိုးတစ်ချောင်းကို တွေ့ရနေလေပြီ။

လူရိုးတစ်ချောင်းကို တွေ့ရသည့်အတွက် ထိုလိုဏ်ဂူအတွင်းဘက်ပိုင်းတွင် လူတစ်ယောက်ဝင်ရောက်ခဲ့ပြီး

အသက်လည်းသေဆုံးခဲ့ရပုံအကြောင်း ဆက်စပ်တွေးတောနိုင်သည်။

ထိုသူသည် မည်သည့်အကြောင်းကြောင့် ဘယ်နေတွင်စမှန်း မသိရအောင် ရှည်လျားလှသည့် လိုဏ်ဂူအတွင်းဘက်သို့ ဝင်ရောက်သွားရသနည်း။

ချင်းချင်းသည် စိတ်ဝင်စားမှု ရှိလာသောကြောင့် ဖိန်ဖိန်နှင့်အတူ လိုဏ်ဂူအတွင်းဘက်ပိုင်းသို့ ဝင်ရောက်စူးစမ်းကြည့်ရှုမိလေတော့သည်။

ထိုသို့ လိုဏ်ဂူအတွင်းဘက်ပိုင်းသို့ ဝင်ရောက်စူးစမ်း ကြည့်မိသောကြောင့် ချင်းချင်းနှင့် ဖိန်ဖိန်တို့၏ ဘဝကိုသာမက သိုင်းလောကတစ်ခုလုံး၏ အခြေအနေကိုပါ လှုပ်ရှားပြောင်းလဲစေသော အဖြစ်များ ပေါ်ပေါက်ခဲ့ရပေသည်။

♣÷♣÷♣÷

ချင်းချင်းနှင့် ဖိန်ဖိန်တို့သည် လိုဏ်ဂူအတွင်းဘက်ပိုင်းသို့ ဝင်ရောက်လာခဲ့သည်။

အတွင်းဘက်ပိုင်းသို့ရောက်လေ အလင်းရောင်က အားနည်းသွားလေဖြစ်သည်။ သို့သော် ဖိန်ဖိန်က အလင်းရောင်ထွက်သော ကျောက်ခဲများကို ပုလင်းထဲတွင်ထည့်ကာ မီးခွက်သဘောမျိုး အသုံးချယူဆောင်လာခဲ့သည့်အတွက် အလင်းရောင် အားနည်းလျော့ပါးသွားခြင်းက ချင်းချင်းတို့အတွက် မည်သို့မျှ အနှောင့်အယှက် မဖြစ်စေခဲ့ပေ။

ပုလင်းထဲတွင် ထည့်ထားသော ကျောက်ခဲများ၏ အလင်းရောင်ကြောင့် ကောင်းမွန်စွာပင် တွေ့နိုင်မြင်နိုင်ခဲ့သည်။

လိုဏ်ဂူသည် အတော်ပင်ကျယ်ဝန်းသည်။ အကျဉ်းဆုံးနေရာများတွင်ပင် လူဆယ်ယောက်ခန့် ပခုံးချင်းယှဉ်ကာ ကောင်းစွာလျှောက်သွားနိုင်လောက်သည်။

နှစ်ပေါင်းများစွာ ရေတိုက်စားထားမှုကြောင့် ထင်သည်။ လိုဏ်ခေါင်း၏ မျက်နှာပြင်များက ပြောင်ချော♣နေသည်။

အချို့နေရာများတွင် သဘာဝအတိုင်း ရှိနေသော ကျောက်မျက်များက လိုဏ်ခေါင်း၏နံရံများတွင် မြ✔ပ်နှံအလှခြယ်ပေးထားသည့်နှယ် ပြိုးပြိုးပြက်ပြက် အရောင်လက်နေကြသည်။

ဖိန်ဖိန် အရိုးတစ်ချောင်း တွေ့ခဲ့ရသည့်နေရာမှ ပေတစ်ရာခန့်လွန်အောင် သွားမိသောအခါ အရိုးစုတစ်စုကို တွေ့ရသည်။

အရိုးစုကို စူးစမ်းကြည့်သည်တွင် ချင်းချင်းမှာ အံ့သြရပြန်သည်။ အရိုးစုတွင်ရှိသော အရိုးအချို့ ကွဲအက်နေပြီး အချို့မှာ ညိုမည်းနေသည်။ အဆိပ်သင့်ပြီး ပြင်းထန်သောရိုက်ချက်တခုခု ဒဏ်ခံရ♣ သေဆုံးရဟန်တူသည်။ ထိုသို့မဟုတ်လျှင်လည်း ပြင်းထန်သော ရိုက်ချက်တခုခု အထိခံရပြီးနောက် အဆိပ်လည်းသင့်ကာ သေဆုံးခဲ့ရပုံမျိုးဖြစ်သည်။

အရိုးစု၏အခြေအနေကို ကြည့်♣သေဆုံးခဲ့သည်မှာ နှစ်ပေါင်းတစ်ရာထက် မနည်းတော့ကြောင်းလည်း ခန့်မှန်းရသည်။

ချင်းချင်းနှင့် ဖိန်ဖိန်တို့သည် လိုဏ်ဂူအတွင်းဘက်သို့ ဆက်လက်ဝင်ရောက်လာခဲ့ကြပြန်သည်။

ပေနှစ်ရာခန့်သွားမိသောအခါ အရိုးစုများကို တွေ့ရပြန်သည်။ အားလုံး အရိုးစုငါးခုရှိသည်။ အချို့အရိုးစုများ၏ အရိုးများ ကြေအက်နေသည်။ အချို့အရိုးစုများ၏ အရိုးများမည်းညိုနေကာ အချို့အရိုးစုများတွင်မူ ဓားသွားလှံသွားများ စိုက်လျက်သားရှိနေသည်။

အပြင်းအထန် တိုက်ခိုက်ကြပြီးနောက် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း သိသာနိုင်သည်။

သည်လို နက်ရှိုင်းလှသော လိုဏ်ဂူအတွင်းဘက်ပိုင်းတွင် ဘာကြောင့် လာရောက်တိုက်ခိုက်ရသည် ဆိုခြင်းကိုမူ တွေးလို့မရနိုင်ခဲ့ပေ။

=== ===

သူတို့နှစ်ယောက်သည် မိမိတို့တွေးမရနိုင်အောင် ဖြစ်နေရသည့်ကိစ♣⮜များအတွက် အဖြေပေးနိုင်မည့် အထောက်အထား တစုံတရာတွေ့လိုတွေ့ငြား ဟူသော မျှော်လင့်ချက်ဖြင့် ရှေ့ဆက်လျှောက်လာခဲ့ကြသည်။

အတန်ငယ် ဆက်သွားမိသောအခါ ရှေ့တည့်တည့်တွင် ကြီးမားသော ကျောက်တုံးကြီးတစ်တုံးက လိုဏ်ခေါင်းလမ်းအား ပိတ်ဆို့ထားသလို ဖြစ်နေသည်ကို တွေ့ရသည်။

ထိုကျောက်တုံးကြီး၏ ဘေးဘက်လိုဏ်ခေါင်း နံရံတွင်မူ ကလိုင်ပေါက်ကြီးတစ်ခု ဖြစ်နေသည်။ ထိုကလိုင်ပေါက်ကြီးထဲတွင် အရွယ်အစားအမျိုးမျိုးသော ခွေးသွားစိတ်ပိုင်းများ၊ ကွဲအက်နေသော အိုးကြီးအိုးငယ်များ၊ ဓားသွားလှံသွားများ ဖြန့်ကျဲလျက် ရှိနေသည်။

ထိုနေရာ အနီးဝန်းကျင်ရှိ ကျောက်စိုင်ကျောက်သားများသည်လည်း မည်းညစ်ညစ်အရောင် သမ်းနေသည်။ မွှန်သလိုလို ခပ်စူးစူးအနံ့ တစ်မျိုးကိုလည်း ရသည်။

ဒီနေရာဟာ အဆိပ်လက်နက်တွေ၊ ဓားသွားလှံသွား လက်နက်တွေ အလိုအလျောက် ပစ်ခတ်နိုင်အောင် စက်ယန♣⍼ရားတွေ ဆင်ထားခဲ့တဲ့ လျှို့ဝှက်အခန်းတစ်ခု ဖြစ်လိမ့်မယ်၊ ရေစီးလမ်းကြောင်း ပြောင်းတာကြောင့် ရေတိုက်စားပြီး အခန်းနံရံ ကျောက်တုံးကြီး ပြိုကျသွားလိမ့်မယ်၊ အဲဒီ ကျောက်တုံးကြီးက ရေစီးလမ်းကို ဖြတ်ဆို့လိုက်သလိုဖြစ်လို့ ရေစီးကြောင်းကလဲ လျှို့ဝှက်ခန်းထဲကွေ့ပြီး စီးဆင်းသွားတာကြောင့် အထဲမှာရှိနေတဲ့ စက်ယန♣⍼ရားတွေ၊ အဆိပ်ရည်တွေ၊ လျှို့ဝှက်လက်နက်တွေအားလုံး ပျက်စီးကုန်တာ ဖြစ်မယ်ထင်တယ်ဓ

ချင်းချင်းက တွေ့ရသည့် မြင်ကွင်းပေါ်ကြည့်ကာ မိမိ၏ထင်မြင်ချက်ကို ပြောသည်။

ဓဒါဆိုရင် ဟိုအရိုးစုတွေဟာလဲ ထောင်ချောက်ထဲ တိုးဝင်မိလို့ အဆိပ်လက်နက်တွေ၊ လျှို့ဝှက်လက်နက်တွေထိပြီး သေကုန်ကြတဲ့လူတွေရဲ့ အရိုးတွေ ဖြစ်မှာပေါ့နော် မေမေဓ

ဖိန်ဖိန်ကလည်း သူမတွေးမိသည်ကို ထုတ်ပြောသည်။

ဓအင်း … သမီးတွေးတာ ဖြစ်နိုင်ပါတယ်၊ ဒီလို လျှို့ဝှက်တဲ့နေရာမှာ စက်ယန♣⍼ရားထောင်ချောက်တွေ သေသေချာချာဆင်ပြီးထားပုံထောက်ရင် သိပ်ကိုအဖိုးတန်တဲ့ ပစ♣⮜ည်းရှိမယ့်ပုံပဲဓ

ဓဟုတ်တယ်မေမေ၊ ဟုတ်မယ်၊ ကျွန်မတို့ ရှေ့ဆက်သွားကြည့်ကြမလားဓ

ဓသွားရမှာပေါ့၊ သတိတော့ အများကြီးထားနော်၊ ရှေ့မှာလျှို့ဝှက်ထောင်ချောက်တွေ ဘာတွေရှိချင် ရှိနိုင်တယ်ဓ

သူတို့နှစ်ယောက် သတိရှိရှိဖြင့် ရှေ့သို့ဆက်လက် လာခဲ့ကြသည်။

လိုဏ်ခေါင်းကို ပိတ်ဆို့ထားသလိုဖြစ်နေသော ကျောက်တုံးကြီး၏ဘေးမှ ကွေ့ပတ်ကျော်ဖြတ် လာကြပြီးနောက် အတော်ကျယ်ဝန်းသော နေရာတစ်ခုသို့ ရောက်လာကြသည်။

ထိုနေရာသည် သဘာဝအတိုင်း တည်ရှိနေသော နေရာတော့ မဟုတ်ပေ။ သဘာဝအလျောက် ဖြစ်တည်နေသော မြေအောက်ဥမင်လိုဏ်ခေါင်း လမ်းကြောင်းကို လူတို့က ချဲ့ထွင်ပြုပြင်ကာ အခန်းကျယ်ကြီး တစ်ခုအဖြစ် ပြုလုပ်ထားသည့် နေရာဖြစ်သည်။

ကျောက်တုံးကြီးကို ကွေ့ပတ်ကျော်ဖြတ်ကာ အခန်းကျယ်ကြီးထဲသို့ ဝင်မိသည်နှင့် ချင်းချင်းတို့သားအမိသည် သူတို့ကို ပြူးကျယ်သော မျက်လုံးကြီးများနှင့် စူးစိုက်ကြည့်နေသော မိစ♣ာကြီးတစ်ကောင်နှင့် ရင်ဆိုင်တိုးမိကြ၏။

ချင်းချင်းရော ဖိန်ဖိန်ပါ ကြက်သီးဖြန်းခနဲထအောင် ထိတ်လန့်သွားကြသည်။

ဓအောင်မယ်လေးဓ

ဖိန်ဖိန်သည် ပါးစပ်မှ ကြောက်လန့်စွာ အော်ဟစ်ပြီး ချင်းချင်း၏လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ ဖိန်ဖိန်၏ တစ်ကိုယ်လုံးကြောက်စိတ်ဖြင့် တဆတ်ဆတ် တုန်နေ၏။

ချင်းချင်းသည် ကျောချမ်းကာ ကြက်သီးထလျက်က မိမိတို့ ရင်ဆိုင်မိသည့် မိစ ♣ာကြီးကို စူးစိုက်ကြည့်သည်။ ♣ အခါတွင်မှ မိမိတို့တွေ့ရသည်မှာ လက်ရာမြောက်စွာ ထုလုပ်ထားသည့်အတွက် အသက်ဝင်နေသလို ထင်ရသော ရုပ်တုတစ်ခုသာ ဖြစ်ကြောင်းသိရလေတော့သည်။

ဓအေရုပ်ကြီးပါ သမီးရဲ့၊ ကြောက်မနေပါနဲ့ဓ

ချင်းချင်းက ဖိန်ဖိန်ကို အားပေးစကားပြောသည်။

မိစ ♣ာရုပ်တုကြီးသည် အလွန်ပင် လက်ရာမြောက်လှသည်။ ရုပ်တုဖြစ်မှန်း သိပြီးသည့်တိုင် ဖိန်ဖိန်မှာ မိစ ♣ာရုပ်ကြီးကို ရဲရဲမကြည့်ဝံ့သေးပေ။

ချင်းချင်းကမူ မိစ ♣ာရုပ်တုကြီးကို သေသေချာချာ အကဲခတ်ကြည့်သည်။ ရုပ်တုကြီးတွင် လက်လေးဘက်ရှိသည်။ ထိုလက်များတွင် ဖန်လုံးကြီးတစ်လုံးစီ ကိုင်ထားသည်။

ညာအပေါ်ဘက်လက်ရှိ ဖန်လုံးကြီးထဲတွင် ဓားတိုတစ်လက်ရှိ၏။ ဘယ်အပေါ်ဘက်လက်မှ၊ ဖန်တုံးထဲတွင်မူ ကျောက်နီပြားတစ်ချပ်ရှိကာ အောက်ဘယ်ဘက်လက်ထဲမှ ဖန်လုံးထဲတွင်မူ စာအုပ်တစ်အုပ်ရှိသည်။ ဖန်သားများသည် အလွန်ကောင်းမွန်ပြီး ကြည်လင်လှသည်။ ဖန်လုံးများ၏ အတွင်းဘက်သို့ ထွင်းဖောက်မြင်နိုင်သည်။

ထို့ပြင် ဖန်သားများတွင် ရောင်ပြန်ဟပ်နိုင်သည့် အစွမ်းသတ ♣ ္မလည်း ရှိသည်။ ဖိန်ဖိန်ကိုင်ထားသော ပုလင်းထဲရှိ အရောင်တောက်သော ကျောက်တုံးများ၏ အရောင်သည် ဖန်လုံးများတွင် ပြန်ဟပ်မိသည်။ ♣ တွင် ဖန်လုံးလေးလုံးတို့သည် မီးပုံကြီးလေးလုံးလို အရောင်များတောက်ပ ဖြာထွက်လာသည်။ ဖန်လုံးများထဲရှိ အရာများကို ထင်ရှားစွာ မြင်နိုင်လာသည်။

မိစ ♣ာရုပ်တု၏အောက် ဘယ်ဘက်လက်ထဲတွင် ကိုင်ထားသောဖန်လုံးကြီး၏ အတွင်းရှိ စာအုပ်မျက်နှာဖုံးတွင် ရေးထားသည့် စာလုံးကိုဖတ်ရသောအခါ ချင်းချင်းမှာ ရင်ထဲရှိ နှလုံးသားပါးစပ်မှ အပြင်သို့ ခုန်ထွက်လုမတတ်ပင် စိတ်အလှုပ်ရှားကြီး လှုပ်ရှားသွားရတော့သည်။

ဓဟင် ... မိစ ♣ာမနောသိုင်းကျမ်း ပါလားဓ

ချင်းချင်း၏ နှုတ်ဖျားမှ တအံ့တသြ ထုတ်ဖော်ရေရွတ်လိုက်မိသည်။

သိုင်းလောကတွင် ဟိုနေရာတွင်ရှိသည်၊ သည်နေရာတွင် တွေ့ရသည်ဟူ ♣ သတင်းအမျိုးမျိုး ပေါ်ထွက်ကာ သိုင်းသမားအများ လိုချင်တပ်မက်စွာ လိုက်ရှာနေကြသည့် မိစ ♣ာမနော သိုင်းကျမ်းကို ချင်းချင်းတစ်ယောက် မမျှော်လင့်ဘဲ တွေ့ရှိရလေပြီ။

မိစ ♣ာမနောသိုင်းကျမ်းသာမက နဂါးမိစ ♣ာအမိန့်တော် ကျောက်နီပြား၊ အဆိပ်မိစ ♣ာဓားနှင့် မိစ ♣ာအဆိပ်ဖြေဆေးတို့ကိုပါ ကံကောင်းစွာ တွေ့ရှိရလေပြီတကား။

=== ===

အခန်း (၄၄)

ရှီးထင်ချိတ်သည် ကဝိမနောဂိုဏ်းကို ထူထောင်ပြီးနောက် ကဝိမနောနန်းတွင် နေထိုင်ကာ ကဝိမနောသိုင်းကျမ်းတွင် ပါရှိသော သိုင်းပညာများကို လေ့ကျင့်သည်။

ကဝိမနောဂိုဏ်း၏ ဂိုဏ်းခွဲအသီးသီးမှ ဂိုဏ်းခွဲမ ✔ူးများနှင့် အဆင့်မြင့် သိုင်းသမားများကိုလည်း သူတို့နှင့် သင့်လျော်သော

ကဝိမနောသိုင်းကျမ်းမှ သိုင်းပညာများကို ဖြန့်ဝေသင်ပေးသည်။
ရှီးထင်ချိတ်က ကဝိမနောဂိုဏ်း၏ ဖွဲ့စည်းမှု ကျစ်လျစ်ရေးနှင့် သိုင်းပညာစွမ်းရည် တိုးတက်မြင့်မားရေးတို့အတွက် လုပ်ကိုင်ဆောင်ရွက်ပေးနေသည်မှာ သုံးနှစ်မျှပင် အချိန်ကြာမြင့်သွားခဲ့ပေပြီ။
ကဝိမနောဂိုဏ်းအဖြစ် စုစည်းမိသော ကဝိမနောသိုင်းအနွယ်ဝင်တို့မှာလည်း အချင်းချင်း ချစ်ခင်စည်းလုံးလာကြသည်။
ကဝိမနောသိုင်းပညာများကို ယခင်ကကဲ့သို့ ဂိုဏ်းတစ်ခုလျှင် ကျင့်စဉ်တစ်မျိုးစီ မဟုတ်တော့ဘဲ ကျင့်စဉ်အမျိုးမျိုးနှင့် လေ့ကျင့်နိုင်သောကြောင့် သိုင်းပညာစွမ်းရည်လည်း ဆတက်ထမ်းပိုး တိုးတက်မြင့်မားလာကြသည်။
ထိုသုံးနှစ်တာမျှသော အချိန်အတွင်း ရှီးထင်ချိတ်တို့၏ ကဝိမနောဂိုဏ်းမှာ သိုင်းလောကနှင့် အဆက်ပြတ်သလို ဖြစ်နေခဲ့သည်။
ထိုသို့ သိုင်းလောကနှင့် အဆက်ပြတ်သလို ဖြစ်နေသော အချိန်ကာလတွင် သိုင်းလောက♣– ထူးခြားသော အဖြစ်များ ပေါ်ပေါက်လျက်ရှိနေသည်။
ထိုအဖြစ်အပျက်များသည် ဧယက✔စာပေသမားဧ ဆိုသူနှင့် ပတ်သက်နေသည်။
ယက✔စာပေသမား၏ မျိုးရိုးဇာစ်မြစ်ကို မည်သူမျှမသိကြ။
ယက✔စာပေသမားသည် အထက်တန်းစား စာပေသမားတစ်ယောက် ဝတ်စားသည့် အဝတ်အစားများကို ကျကျနန ဝတ်ဆင်လေ့ရှိသည်။ ရုပ်ရည်သွင်ပြင်မှာလည်း စာတတ်ပေတတ် တစ်ယောက်၏အသွင်မျိုး ဖြစ်သည်။
သို့သော် သူ၏လုပ်ဆောင်ချက်များက ရမ်းကားရက်စက်လှသည်။ သူဌေးသူကြွယ် လူချမ်းသာများ၏ နေအိမ်များတွင် ပြုလုပ်သော မွေးနေ့မင်္ဂလာပွဲများသို့ မဖိတ်ခေါ်ဘဲ ရောက်ရှိလာတတ်သည်။ ထိုသို့ ရောက်လာသည်မှာလည်း ကောင်းသောရောက်လာခြင်း မဟုတ်။ မွေးနေ့မင်္ဂလာပွဲသို့ တက်ရောက်လာကြသော သူဌေးသူကြွယ်များကို ရက်စက်ကြမ်းကြုတ်စွာ တိုက်ခိုက်သတ်ဖြတ်ရန် ရောက်လာခြင်းသာဖြစ်သည်။
ယက✔စာပေသမား၏ သောင်းကျန်းရမ်းကားမှုများကြောင့် သူဌေးသူကြွယ် လူချမ်းသာများမှာ မွေးနေ့မင်္ဂလာပွဲပင် မကျင်းပရဲတော့အောင် ထိတ်လန့်နေကြရသည်။
သိုင်းအကျော်အမော်များသည် ယက✔စာပေသမားကို တိုက်ခိုက်နှိမ်နင်းရန် ကြိုးပမ်းကြသော်လည်း မည်သူမျှ မအောင်မြင်ခဲ့။
နောက်ဆုံးတွင် ယက✔စာပေသမား၏ အန♣ ရာယ်ရန်စွယ်ကို နှိမ်နင်းပေးပါရန် ကဝိမနောဂိုဏ်းသို့ အကူအညီတောင်းခံကြရလေတော့သည်။
ကဝိမနောဂိုဏ်းဝင်များသည် သိုင်းလောကတွင် ပါဝင်လှုပ်ရှားခြင်း မပြုလိုသေးဘဲ သိုင်းပညာ ပိုမိုတိုးတက်မြင့်မားအောင် လေ့ကျင့်လိုကြသည်။ သို့ရာတွင် လူအများကို ဒုက✔ပေးနေသည့် အန♣ ရာယ်ကို သည်အတိုင်း ကြည့်မနေသင့်သည့်အတွက် ယက✔စာပေသမားကို ချေမှုန်းနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်ရန် လှုပ်ရှားစီစဉ်ရလေတော့သည်။
ယက✔စာပေသမား၏ လှုပ်ရှားမှုများကို စုံစမ်းရန်အတွက် မော်ယောက်ကျိုခေါင်းဆောင်သော နဂါးနီဂိုဏ်းခွဲကို တာဝန်ပေးအပ်လိုက်သည်။ မကြာမီမှာပင် ယက✔စာပေသမားသည် နန်ကင်းမြို့နှင့် အနီးဝန်းကျင် နယ်ပယ်ဒေသများသို့ ရောက်ရှိနေနိုင်ကြောင်း နဂါးနီဂိုဏ်းခွဲမှ သတင်းပေးပို့လာသည်။
♣တွင် ရှီးထင်ချိတ် ကိုယ်တိုင်ခေါင်းဆောင်သည့် ယန်လောက်ဆန်၊ လူအင်းဝါးနှင့် စွန်ကို့ဖြောင်းတို့ ပါဝင်သောအဖွဲ့သည် ယက✔စာပေသမားကို ရင်ဆိုင်နှိမ်နင်းရန် နန်ကင်းမြို့ဘက်သို့ ထွက်လာခဲ့ကြလေတော့သည်။

=== ===

နန်ကင်းမြို့တွင် ဝမ်းဆန်ရင်အမည်ရှိ မြေပိုင်ရှင် သူဌေးကြီးတစ်ယောက်ရှိသည်။ ဝမ်းဆန်ရင်သည်

ပစ♣⩻ည်းဥစ♣⩻ါကြွယ်ဝ ချမ်းသာသလောက် စိတ်သဘောထားဖြူစင်သည်။

မရှိဆင်းရဲသားများကို အမြဲပင် ပေးကမ်းလှူဒါန်းသည်။ ဒုက✔္ခရောက်နေသူကို ကူညီမစသည်။ ရေတွင်းရေကန်များ

တူးဖော်သည်။ တံတားများလမ်းများ ဆောက်လုပ်ပေးသည်။

နန်ကင်းမြို့နှင့် အနီးဝန်းကျင်ရှိ ဒေသနယ်ပယ်များမှ လူအများသည် သူဌေးကြီးဝမ်းဆန်ရင်ကို အလွန်ပင်လေးစား

ကြည်ညိုကြသည်။

သူဌေးကြီးဝမ်းဆန်ရင်၏ အနှစ်ငါးဆယ်ပြည့် မွေးနေ့မင်္ဂလာသည် မကြာမီပင် ကျရောက်တော့မည်ဖြစ်သည်။

ဝမ်းဆန်ရင်သည် သူ၏မွေးနေ့မင်္ဂလာပွဲကို တခမ်းတနားကျင်းပကာ အကြီးအကျယ်ပေးကမ်း လှူဒါန်းလေ့ရှိသည်။

♣္ဂအတောအတွင်း ထိုဒေသနယ်ပယ်ကို ယက✔္ခစာပေသမား ရောက်ရှိလာနေပြီဆိုသော သတင်းများ ပေါ်ထွက်လာသည်။

လူအများက သူဌေးကြီးဝမ်းဆန်ရင်၏ မွေးနေ့မင်္ဂလာပွဲကို ယက✔္ခစာပေသမားက ဝင်ရောက်တိုက်ခိုက်

ဖျက်ဆီးတော့မည်လောဟု တွေးတောပူပန်နေကြသည်။ ဝမ်းဆန်ရင်နှင့် မိသားစု ဘေးရန်ကင်းကွာ စေကြောင်းလည်း

ဆုတောင်းမေတ♣္တာ ပို့နေကြရသည်။

ဝမ်းဆန်ရင်၏ သမီးဖြစ်သူ ဝမ်းလိလန်သည် ယက✔္ခစာပေသမား လာရောက်ရန်ပြု တိုက်ခိုက်လျှင်

ခုခံကာကွယ်နိုင်ရန်အတွက် သိုင်းသမားများ စုဆောင်းငှားရမ်း ထားခဲ့သည်။

ဝမ်းလိယန် ငှားရမ်းထားသော သိုင်းသမားများသည် ငါးဆယ်ခန့်ရှိပြီး အိမ်ဂေဟာဝင်းထဲတွင် နေ့ညမပြတ်

စောင့်ကြပ်နေကြသည်။

သိုင်းသမားငါးဆယ်သည် အင်အားအတော်ပင် များပြားသော်လည်း ယက✔္ခစာပေသမားလို ထိပ်သီး သိုင်းသမားဆိုးကြီးကို

ရင်ဆိုင်ရန်အတွက်မူ ဘာမျှ ထိရောက်မည် မဟုတ်ပေ။

နန်ကင်းမြို့သို့ ရောက်ရှိလာသော ရှီးထင်ချိတ်တို့လူစုသည် ထိုသတင်းများကို ကြားသိရသည်။

သူတို့သည် သက်တော်စောင့်အလုပ် လိုက်လံရှာဖွေနေသော သိုင်းသမားများအသွင် ရုပ်ဖျက်အယောင်ဆောင်ကာ

ဝမ်းလိလန်၏ ငှားရမ်းခြင်းခံရအောင် ပရိယာယ်ဆင်လိုက်ကြသည်။

သူတို့၏ အစီအစဉ်အောင်မြင်ကာ သူဌေးကြီး ဝမ်းဆန်ရင်၏အိမ်ဂေဟာတွင် သက်တော်စောင့် အလုပ်ရသွားကြသည်။

ထိုအိမ်ဂေဟာသို့ ရှီးထင်ချိတ်တို့ ရောက်ရှိသွားပြီး သုံးရက်အကြာတွင် သူဌေးကြီး ဝမ်းဆန်ရင်၏ အနှစ်ငါးဆယ်ပြည့်

မွေးနေ့မင်္ဂလာပွဲကို ကျင်းပသည်။

ဝမ်းယိယန်က ယခုနှစ်တွင် မွေးနေ့မင်္ဂလာပွဲ မပြုလုပ်ဘဲနေရန် ဖခင်ဖြစ်သူကို ဖျောင်းဖျပြောကြားသေးသည်။

သို့သော် ဝမ်းဆန်ရင်က နှစ်စဉ်နှစ်တိုင်း ပြုလုပ်နေကျ အစဉ်အလာကို အပျက်မခံဘဲ မွေးနေ့မင်္ဂလာကို ဖြစ်အောင်

ကျင်းပပြုလုပ်သည်။

မွေးနေ့မင်္ဂလာပွဲကို ဖိတ်ကြားခြင်း ခံရသူများသည် မတတ်သာသည့်အတွက် လာရောက်ကြရသော်လည်း ရင်ထဲတွင်မူ

တထိတ်ထိတ် ဖြစ်နေကြသည်။ သူတို့သည် သက်တော်စောင့် သိုင်းသမားတစ်ယောက် နှစ်ယောက်လောက်တော့

အတူခေါ်လာကြရာ ပျော်ရွှင်ချမ်းမြေ့ရမည့် မွေးနေ့မင်္ဂလာပွဲမှာ လက်နက်ကိုင် သိုင်းသမားများနှင့်ပြည့်လျက် တိုက်ပွဲနေရာ

တစ်ခုကဲ့သို့ပင် ဖြစ်နေပေတော့သည်။

မွေးနေ့မင်္ဂလာပွဲတွင် ဧည့်သည်များစုံညီ♣ စားသောက်ဖွယ်ရာများ စတင်တည်ခင်းသောအချိန်တွင် အိမ်ဂေဟာခြံဝင်းဝသို့ ရုပ်ရည်ကြမ်းကြမ်းနှင့် လူကြီးလေးယောက် ရောက်ရှိလာသည်။

ဓဘာကိစ♣≺ရှိလို့လဲဓ

အိမ်ဂေဟာဝင်း အဝင်ဝတွင် အစောင့်တာဝန်ကျနေသည့် သိုင်းသမားတစ်ယောက်က လေသံမာမာဖြင့် မေးလိုက်သည်။

ဓမင်းက ငါတို့အကြောင်း မသိလို့ ဒီမေးခွန်းမျိုး မေးတာနဲ့တူတယ်ဓ

လူကြမ်းကြီးတစ်ယောက်က ထိုသို့ပြောပြီးနောက် ပိတ်ထားသောခြံဝင်းတံခါးကို လက်သီးနှင့် တစ်ချက်ထိုးလိုက်သည်။

ဓဝုန်းဓ

လက်သီးထိုးချက်ကြောင့် ခြံဝင်းတံခါးတွင် အပေါက်ကြီးတစ်ခု ဖြစ်သွားသည်။

ဓယက✔စာပေသမားရဲ့ တပည့်ကြီးလေးယောက် ရောက်လာတယ်လို့ မင်းတို့ရဲ့သူဌေးကို သွားပြောလိုက်စမ်းဓ

တံခါးကို လက်သီးနှင့်ထိုးခွဲလိုက်သော လူကြမ်းကြီးက လေသံမာမာနှင့် ပြောသည်။

အစောင့်သိုင်းသမားများ အလန့်တကြားပင် ဧည့်ခန်းဆောင်ထဲသို့ သွားကာ သူဌေးကြီး ဝမ်းဆန်ရင်ကို အကြောင်းကြားရလေတော့သည်။ ယက✔စာပေသမား၏ တပည့်ကြီးလေးယောက် ရောက်ရှိလာကြောင်း ကြားသည်နှင့် ဧည့်ခန်းဆောင်တစ်ခုလုံးမှာ မီးကို ရေနှင့်သတ်လိုက်သလို ငြိမ်ကျသွားသည်။

ဓသူတို့ကို ဝင်လာခဲ့ဖို့ ခေါ်လိုက်ပါဓ

သူဌေးကြီး ဝမ်းဆန်ရင်က ခွင့်ပြုလိုက်သည်။

ဓဖေဖေဓ

ဝမ်းလိလန်က တစုံတရာ ဝင်ပြောမည်ပြုရာ ဝမ်းဆန်ရင်ကလက်ကာပြလိုက်ပြီး ...

ဓဘာမှ စိုးရိမ်ကြောက်လန့်မနေပါနဲ့ သမီး၊ လူဆိုတာ သေတနေ့မွေးတနေ့ပါ၊ ဖေဖေက အများကောင်းကျိုးအတွက် လုပ်နေလျက်နဲ့ လူယုတ်မာရဲ့ လက်ချက်နဲ့ သေရမယ့်အကြောင်းဖန်လာရင် ဖေဖေသေရဲပါတယ်ကွယ်ဓ

သူဌေးကြီး ဝမ်းဆန်ရင်၏စိတ်ဓာတ်နှင့် သတ♣ိမှာ ချီးကျူးစရာပင်။

=== ===

မကြာမီမှာပင် မျက်နှာထားဆိုးဆိုးနှင့် လူကြမ်းကြီးလေးယောက် ခြေသံပြင်းပြင်းနင်းကာ ဧည့်ခန်းဆောင်ထဲသို့ ဝင်လာကြသည်။

သူတို့၏အမူအရာများက မည်သူ့ကိုမျှ လူမထင်သည့်သဘောမျိုး ရှိသည်။

ဓဘယ်အကြောင်းကိစ♣≺ ရှိလို့ပါလဲခင်ဗျာဓ

ဝမ်းဆန်ရင်က ဖော်ဖော်ရွေရွေပင် စကားစလိုက်သည်။

ဓရွှေဒင်္ဂါးတစ်ထောင် လိုချင်တယ်လို့ ကျုပ်တို့ဆရာ ယက✔စာပေသမားကြီးက ပြောလိုက်တယ်ဓ

လူကြမ်းကြီးတစ်ယောက်က ခပ်ပြတ်ပြတ် လေသံမာမာပြောသည်။

ထိုသို့ ပြောပြီးသည်နှင့် အနီးရှိစားပွဲတစ်ခုကို လက်ဝါးဖြင့် ခပ်ကြမ်းကြမ်း ရိုက်လိုက်သည်။

ဓဝုန်း ...ဓ

စားပွဲမှာ ပြင်းထန်သော လက်ဝါးရိုက်ချက်ဒဏ်ကြောင့် ကွဲအက်ပျက်စီးသွားသည်။ လူကြမ်းကြီးက သူ့အစွမ်းကို ပြလိုက်သည့်သဘောပင်တည်း။

ခအခက်အခဲ အကျပ်အတည်းကြုံလို့ ငွေလိုနေတယ်ဆိုရင် ကျုပ်အနေနဲ့ ကူညီဖို့ အသင့်ပဲ၊ ဒါပေမယ့် အခုလို ခြိမ်းခြောက်ပြီး တောင်းလာတာကိုတော့ မလိုက်လျောနိုင်ဘူးခ

ခဖေဖေရယ် ... ပေးလိုက်ပါ၊ ကျွန်မတို့မှာ ဒီလောက်ပေးကမ်းလိုက်လို့လဲ မွဲမသွားနိုင်ပါဘူးခ

ဝမ်းလိုလန်က ပြ♣န္နာမဖြစ်လို ♣ ဖခင်ကိုဝင်ရောက်ဖျောင်းဖျသည်။

ခသမီး မသိပါဘူး၊ ဖေဖေ့အနေနဲ့ ဒီငွေလောက်ကို အသာလေးပေးနိုင်ပေမယ့် ဒီလူစားမျိုး လက်ထဲကိုတော့ မပေးချင်ဘူး၊ ငွေကြေးလိုအပ်တဲ့ ဆင်းရဲသားတွေကို ဖြန့်ဝေလှူဒါန်းလိုက်ရင် အိမ်ထောင်စု အများကြီး ချမ်းသာသုခ ရသွားနိုင်တယ်ခ

ဝမ်းဆန်ရင်က ရှင်းပြသည်။

ထိုအချိန်တွင် ရှီးထင်ချိတ်သည် အရက်အိုးတစ်ခုကို အသာကိုင်ကာ သူဌေးကြီး အနားတွင် ရှိနေခဲ့သည်။

သူဌေးကြီးပြောသော စကားများကို သူကောင်းစွာ ကြားရသည်။

ရှီးထင်ချိတ်သည် မိုက်မဲရမ်းကားလာသော ယက✔စာပေသမား၏ တပည့်ကြီးလေးယောက်ကို ဆုံးမရန် ဟန်ပြင်လိုက်လေသည်။

သို့သော် သူ့ထက်လက်ဦးသူ တစ်ယောက်ရှိသွားသည်။

ဧည့်ခန်းဆောင်ထဲရှိ ဧည့်ပရိသတ်များအကြားမှ အဖြူရောင်စာပေသမား ဝတ်စုံကိုဝတ်ထားသည့် လူတစ်ယောက်ပင်တည်း။

ခင်ဗျားတို့လေးယောက် လာလမ်းကိုပြန်ကြရင် ကောင်းလိမ့်မယ်ခ

ထိုသူက လူကြမ်းကြီးလေးယောက်ကို စိန်းစိန်းကြည့်ပြီး လေသံအေးအေးနှင့် ပြောသည်။

ခမင်းက ဘယ်သူလဲခ

လူကြမ်းကြီးတစ်ယောက်က ထိုသူကို မျက်ထောင့်နီကြီးနှင့် ကြည့်ပြီး ခက်ထန်စွာပြောသည်။

ခသိချင်တယ်ဆိုရင် သိရမှာပေါ့လေခ

ထိုသူက ပြောပြောဆိုဆို ညာလက်ကိုဆတ်ခနဲ ဆန့်တန်းထုတ်လိုက်သည်။

ထိုသူ၏လက်ချောင်းများသည် ပျော့ပျောင်းကာ ခပ်သွယ်သွယ်လေးများဖြစ်သည်။ သို့ရာတွင် ညာလက်ကို ဆန့်ထုတ်လိုက်သည့်အခါတွင် ထိုပျော့ပျောင်းသော လက်ချောင်းလေးများသည် စွန်လက်သည်းများပမာ ကုတ်ဆွဲတော့မည့်ဟန်မျိုး ဖြစ်လာသည်။

ပြင်းထန်သော အားအဟုန်တစ်ခု ရိုက်ခတ်လာသည်ကိုလည်း ထိုသူနှင့် ရင်ဆိုင်လျက်ရှိသည့် လူကြမ်းကြီး ခံစားလိုက်ရသည်။

လူကြမ်းကြီး၏ မျက်နှာကွက်ခနဲ ပျက်သွားသည်။ နောက်သို့လည်း ခြေနှစ်လှမ်းဆုတ်လိုက်သည်။

ကျန်လူကြီးသုံးယောက်အနက်မှ တစ်ယောက်က မေး၏။

ခအဲဒါ ... အဲဒါ ယက✔စာပေသမား၊ ပြေးကြ ... ပြေးကြခ

နောက်ဆုတ်လာသော လူကြမ်းကြီးသည် အလန့်တကြားအော်ဟစ်ကာ အတင်းထွက်ပြေးသည်။

ကျန်သုံးယောက်လည်း တုံ့ဆိုင်းမနေရဲကြဘဲ တအားကုန်ပြေးသွားကြလေတော့သည်။

ခဟား ... ဟား ... ဟား ... လိမ်တုန်းကတော့ လိမ်ရဲပြီး အခုမှ ဒီလိုပြေးလို့ ဘယ်ရမလဲခ

ယက✔စာပေသမားက ခြောက်ကပ်သောအသံဖြင့် ရယ်မောရင်း လှစ်ခနဲ ကိုယ်ဟန် လှုပ်ရှားလိုက်ရာ ပြေးသွားသည့် လူကြမ်းကြီးများ အနားသို့ ရောက်သွားသည်။

လက်နှစ်ဖက် လှုပ်ရှားလိုက်သည်နှင့် လူကြမ်းကြီးနှစ်ယောက်မှာ လက်သည်းများ၏ ကုတ်ဆွဲချက်အထိခံရကာ ငယ်သံပါအောင် အော်ဟစ်ရင်းလဲကျကုန်ကြသည်။

ရှီးထင်ချိတ်တို့ လူစုလည်း ချက်ချင်းပင် အသင့်ပြင်ဆင်လိုက်ကြသည်။ သူတို့ ရင်ဆိုင်နိုမ်နင်းလိုသော ယက ✔္ခစာပေသမားကို တွေ့ရပြီ မဟုတ်ပါလား။

=== ===

ယက ✔္ခစာပေသမားသည် ရုပ်ရည်သွင်ပြင် မွန်ရည်သလောက် လှုပ်ရှားတိုက်ခိုက်မှုမှာ အလွန်ပင် ရက်စက်ကြမ်းကြုတ်လှသည်။

ဓအား ...ဓ

ဓအား ...ဓ

ကျန်နေသေးသည့် လူကြမ်းကြီးနှစ်ယောက်မှာလည်း ယက ✔္ခစာပေသမား၏ လက်ချက်မိကာ လဲကျသွားကြပြန်သည်။ ယက ✔္ခစာပေသမား၏အမည်ကို ခုတုံးလုပ်ကာ အပွကြသူတို့မှာ ကိုယ့်သေတွင်း ကိုယ်တူးသလို အဖြစ်မျိုး ကြုံသွားကြရလေပြီ။

ဓဟား ဟား ဟား ... ဟား ဟားဓ

ယက ✔္ခစာပေသမား၏ ရယ်သံမဟုတ်သော ရယ်သံကချောက်ချားဖွယ်ရာ ဖြစ်သလို အပြုံးမဟုတ်သော အပြုံးကလည်း ကြောက်စရာကောင်းလှသည်။

ယက ✔္ခစာပေသမားသည် စိတ်ချောက်ချားဖွယ်ရာ ကောင်းသောအသံကြီးဖြင့် ရယ်မောရင်း သူဌေးကြီးဝမ်းဆန်ရင်ထံသို့ ခုန်လွှားဝင်ရောက်သွားကာ လက်သည်းများဖြင့် ကုတ်ဆွဲလိုက်သည်။

ဓအမယ်လေး ...ဓ

ဓဖုန်း ...ဓ

ဓအား ...ဓ

အသံများဆက်တိုက် ပေါ်လာပြီးနောက် ယက ✔္ခစာပေသမား၏ ကိုယ်ခန ✔္ဓာသည် နောက်သို့လွင့်ထွက်ကာ ကြမ်းပြင်ပေါ် ဖင်ထိုင်လျက် လဲကျသွားသည်။

ယက ✔္ခစာပေသမားက ဝမ်းဆန်ရင်ထံ ခုန်လွှားဝင်ရောက် ကုတ်ဆွဲလိုက်သည်ကို မြင်ရသည်တွင် ဝမ်းလိလန်မှာ အလန့်တကြား ဓအမယ်လေးဓ ဟု အော်လိုက်မိသည်။

ထိုအချိန်မှာပင် ဝမ်းဆန်ရင် အနားတွင်ရှိနေသော ရှီးထင်ချိတ်သည် ချက်ချင်းပင် ဝမ်းဆန်ရင်၏ရှေ့တွင် ဝင်ရပ်ကာ ယက ✔္ခစာပေသမားကို လက်ဝါးဖြင့် တွန်းထုတ်လိုက်သည်။

ယက ✔္ခစာပေသမားမှာ ဝမ်းဆန်ရင်ကို လက်သည်းများဖြင့် ကုတ်ဆွဲသတ်ဖြတ်ခြင်း မပြုနိုင်တော့။ ရှီးထင်ချိတ်၏ တွန်းထုတ်လိုက်မှုကြောင့် နောက်သို့လွင့်စဉ်ကာ ဖင်ထိုင်လျက် လဲကျသွားခြင်း ဖြစ်ပေသည်။

ယက ✔္ခစာပေသမားဟူသော အမည်ကို ကြားရလျှင်ပင် လူအပေါင်းသည် ဖိမ့်ဖိမ့်တုန်အောင် ကြောက်လန့်ကာ ပြေးပေါက်ရှာကြမြဲ ဖြစ်သည်။ ယခုတော့ မိမိနှင့်ကိုယ်တိုင် ရင်ဆိုင်ရပါလျက် ကြောက်လန့်ထွက်ပြေးခြင်း မရှိဘဲ မိမိကိုပင် ပြန်လည်တိုက်ခိုက်လာသည်မို့ ယက ✔္ခစာပေသမားသည် ဒေါသအမျက် ခြောင်းခြောင်းထွက်သွားရသည်။ ဒေါသထွက်လွန်းအားကြီးသောကြောင့် နားထင်မှသွေးကြောများ ဖုထစ်ကာ တဆတ်ဆတ်တုန်လာခဲ့သည်။

ယက✔္ခစာပေသမားသည် ဖင်ထိုင်လျက် လဲကျနေရာမှ ခုန်ထလိုက်ပြီး ...

ခခင်ဗျား ... ဘယ်သူလဲခ

ခအပိုတွေ ပြောမနေပါနဲ့၊ အေးအေးဆေးဆေး အဖမ်းခံမလား၊ ရင်ဆိုင် တိုက်ခိုက်မလား၊ ကြိုက်ရာရွေးပါခ

ရှီးထင်ချိတ်က လေသံအေးအေးဖြင့် ပြောသည်။

ယက✔္ခစာပေသမားက နှုတ်ဖြင့်စကားမပြန်၊ ညာလက်ကို ဆန့်ထုတ်ကာ လက်သည်းများဖြင့် ကုတ်ဆွဲတိုက်ခိုက်ပြီး အဖြေပေးသည်။

ရှီးထင်ချိတ်သည် နေရာမှပင်မရွေ့၊ ရှောင်တိမ်းခြင်းလည်း မပြု၊ တိုက်ခိုက်လာသော ယက✔္ခစာပေသမား၏လက်ကို အသာပင် ပက်ထုတ်ပစ်လိုက်သည်။

ရှီးထင်ချိတ်၏ လှုပ်ရှားဟန်က ခပ်အေးအေးပင်။ မိမိထံသို့ လွင့်လာသည့် အမှိုက်တစ်ခုကို အသာပုတ်ထုတ် ဖယ်ရှားပစ်သည့် အသွင်မျိုးဖြစ်သည်။

တကယ်တော့ သူသည် ကဝိမနောသိုင်း၏ နဂါးတိမ်ဖောက်သိုင်းကွက်ကို အဆင့်မြင့်မြင့်သုံးကာ ယက✔္ခစာပေသမား၏ တိုက်ချက်ကို ခုခံချေဖျက် ပစ်လိုက်ခြင်းဖြစ်ပေသည်။

ပုတ်ထုတ်လိုက်မှုသည် သွေးကြောကွက်နေရာသို့ ကျကျနန ထိမိသောကြောင့် ယက✔္ခစာပေသမားမှာ လက်ကို မီးစကြီးဖြင့် အထိုးခံရသလို ပူခနဲခံစားလိုက်ရသည်။

အလွန်အံ့အား သင့်သွားသည်။ အသက်ငယ်ရွယ်သော လူတစ်ယောက်ထံမှ ♣မျှအဆင့်မြင့်သော သိုင်းကွက် ပေါ်ထွက်လာလိမ့်မည်ဟု ထင်မထားခဲ့။

ယက✔္ခစာပေသမား ကိုယ်ဟန်ပျက်သွားချိန်မှာပင် ရှီးထင်ချိတ်က နဂါးမြစ်ဆင်းသိုင်းကွက်ကိုသုံးကာ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သည်။

ခဖုန်း ...ခ

ယက✔္ခစာပေသမားမှာ ရင်ဘတ်တွင် လက်ဝါးရိုက်ချက်အထိခံရကာ နောက်သို့ ခြေလှမ်းသုံးလှမ်းမျှ ဆုတ်ပေးလိုက်ရပြန်သည်။

ဧည့်ခန်းဆောင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ရက်စက်ကြမ်းကြုတ်သလောက် မိုက်ရိုင်းဆိုးရွားလှသော ယက✔္ခစာပေသမား၏ ဘဝနိဂုံးချုပ်မှု မည်သို့ရှိမည်နည်းဟု လူအားလုံးက စိတ်ဝင်စားစွာ ကြည့်နေကြသည်။

ယက✔္ခစာပေသမားသည် ရှီးထင်ချိတ်ကို မုန်းတီးစွာ စူးစိုက်ကြည့်ရင်း အောက်နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်လိုက်သည်။ နှုတ်ခမ်းပေါက်သွားကာ သွေးများယိုစီး ကျလာသည်။

ယက✔္ခစာပေသမား၏ မျက်လုံးများမှ မိစ♣ာတစ်ကောင်၏ မျက်လုံးများလို စိမ်းဖန့်ဖန့်အရောင်များ တောက်လာသည်။ မွန်ရည်သော မျက်နှာမှာလည်း တင်းမာခက်ထန်လာသည်။

ခထင်ချိတ် ... သတိထားခ

ယန်လောက်ဆန်က ရှီးထင်ချိတ်ကို သတိပေးလိုက်သည်။

ယက✔္ခစာပေသမား မည်သို့သော သိုင်းပညာမျိုးကိုသုံးကာ တိုက်ခိုက်ရန် ပြင်ဆင်နေသည်ကို ယန်လောက်ဆန်မသိ၊ သို့ရာတွင် အတွင်းအားကို အစွမ်းကုန်စုစည်းကာ အသေအကြေ တိုက်ခိုက်ရန်ပြန်နေမှန်းတော့ ရိပ်မိသည်။ ထို့ကြောင့် ရှီးထင်ချိတ်ကို သတိပေးလိုက်ခြင်း ဖြစ်ပေသည်။

ရှီးထင်ချိတ်ကလည်း အတွင်းအားပညာများတွင် အဆင့်မြင့်ဆုံးသော ရှောင်လင်စကြာအတွင်းအားကို အပြည့်အဝစုစည်းကာ အသင့်ပြင်ထားလိုက်သည်။

ထိုအခိုက်မှာပင် ယက✔စာပေသမားက ရှီးထင်ချိတ်ထံသို့ လွှားခနဲခုန်ဝင်လာကာ ဘယ်ညာလက်ဝါးအစုံဖြင့် တအားကုန်ရိုက်ချသည်။

ခုခံကာကွယ်မှုပင် လုံးဝမလုပ်ဘဲ အားကုန်အင်ကုန် တိုက်ခိုက်လာခြင်းဖြစ်သောကြောင့် ယက✔စာပေသမား၏ လက်ဝါးရိုက်ချက်မှာ ပြင်းထန်ကြမ်းတမ်းလှပေသည်။

ကြည့်နေသူအပေါင်း အသက်ရှူရန်ပင် မေ့သွားကြသည်။

သည်တစ်ကွက်သည် အဆုံးအဖြတ်ပေးမည့် အကွက်ဖြစ်ကြောင်း သူတို့အားလုံးသိသည်။ သိုင်းလောကတွင် ကြုံတောင့်ကြုံခဲလှသည့် သူသေကိုယ်သေ အသက်စွန့်ကာ အငြိုးကြီးစွာ တိုက်ခိုက်မှုဖြစ်ကြောင်းလည်း အကဲခတ်မိကြသည်။

ယက✔စာပေသမား၏ ကြမ်းရမ်းလှသော အသက်စွန့်တိုက်ခိုက်မှုကို တဖက်လူရှယ် ခံနိုင်ရည်ရှိပါမည်လားဟုလည်း စိုးရိမ်မိကြသည်။

=== ===

ရှီးထင်ချိတ်သည် ရှောင်လင်စကြာ အတွင်းအားကို အပြည့်အဝ စုစည်းထားရာမှ ဘယ်ညာလက်ဝါးနှစ်ဖက်ကို ဆန့်ထုတ်ကာ လက်ဝါးစုံရိုက်ချက် တန်ပြန်ရိုက်ထုတ်♣ ယက✔စာပေသမား၏ လက်ဝါးရိုက်ချက်များကို ခံဆောင်လိုက်သည်။

ဖေုန်း ...ဖ

လက်ဝါးရိုက်ချက်များ အချင်းချင်းဆိုင်ကာ ရိုက်မိကြသည်။

လက်ဝါးစုံရိုက်ချက်ချင်း ပြိုင်တူပင် ရင်ဆိုင်မိသောကြောင့် အသံတစ်ချက်တည်းသာ ပေါ်ထွက်လာသည်။

နှစ်ယောက်စလုံး၏ ကိုယ်ခန✔ာများ သိမ့်ခနဲ တုန်သွားကြသည်။

လက်ဝါးချင်းပူးကပ်ကာ ခေတ♣ငြမ်မျှ ငြိမ်နေပြီးနောက် ယက✔စာပေသမား၏ ကိုယ်ခန✔ာသည် ပျော့ခွေကာ ဖွဲ့အိတ်ကြီးတစ်ခုလို ပုံလျက်သားလဲကျသွားလေတော့သည်။

ယက✔စာပေသမား၏ တိုက်ခိုက်မှုသည် တကယ့်ကိုကြမ်းကြုတ်ရက်စက်လှသော သူသေကိုယ်သေ တိုက်ခိုက်မှုဖြစ်သည်။

အကယ်♣ ရှီးထင်ချိတ်သာ ရှောင်လင်စကြာအတွင်းအားကို ရရှိထားခြင်း မရှိပါက ယက✔စာပေသမားကြီး နည်းတူပင် ကြွေလွင့်သွားသော ပန်းတစ်ပွင့် မြေခသလို လဲကျသွားရပေမည်။

ရှီးထင်ချိတ်က ယက✔စာပေသမားကို အနိုင်ယူလိုက်နိုင်သည့်အတွက် ဧည့်ခန်းဆောင်ထဲတွင် ကောင်းချီးပေးသံများ၊ သြဘာသံများ ဆူညံသွားသည်။ လူအားလုံးပင် ပျော်ရွှင်ကုန်ကြသည်။

ရှီးထင်ချိတ်မှာမူ မပျော်နိုင်။ ယက✔စာပေသမားက မိစ♣ာမြေမျိုအတွင်းအား နှိုးဆွနည်းဖြင့် သူ၏အတွင်းအားများ နှစ်ဆတိုးအောင်ပြုလုပ်ကာ ကြမ်းကြမ်းရမ်းရမ်း တိုက်ခိုက်သွားမှုအပေါ်တွင် တွေးတောကာ စိုးရိမ်စိတ်များ ပေါ်ပေါက်♣ နေရသည်။

သူရရှိထားသော ကဝိမနောသိုင်းကျမ်း၏ နောက်ဆုံးစာမျက်နှာများတွင် မိစ♣ာမနောသိုင်းကျမ်း အကြောင်းရေးသား ဖော်ပြထားရာ မိစ♣ာမြေမျိုအတွင်းအား နှိုးဆွနည်း အကြောင်းလည်း ပါရှိသည်။

မိစ♣ာမနောသိုင်းကျမ်းတွင်ပါသော သိုင်းပညာများသည် ကဝိမနောသိုင်းကျမ်းတွင်ပါသော သိုင်းပညာများနှင့် အဓိကပြိုင်ဘက်ဖြစ်ကြောင်း ဖော်ပြထားသည့်အပြင် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က ကဝိမနောသိုင်းကျမ်းရှင်နှင့်

မိစ♣ာမနောသိုင်းကျမ်းရှင်တို့ ရင်ဆိုင်တိုက်ခိုက်ခဲ့ပုံများ အကြောင်းကိုလည်း ရေးသားထားသည်။

ထိုသို့ ရင်ဆိုင်တိုက်ခိုက်ရာတွင် မိစ♣ာမနောသိုင်းကျမ်းရှင်က မိစ♣ာမြေမျိုအတွင်းအား နှိုးဆွနည်းဖြင့် မိမိကိုယ်ကိုအနာခံကာ အတွင်းအား တစ်ဆတိုးအောင်ပြုလုပ်လျက် အသေအကြေ တိုက်ခိုက်ခဲ့ရာ ကဝိမနောသိုင်းကျမ်းရှင်အနေဖြင့် မိစ♣ာမနောသိုင်းကျမ်းရှင်ကို အနိုင်ရရှိခဲ့သော်လည်း အတွင်းဒဏ်ရာရရှိပြီး နောက်တစ်နှစ်အကြာတွင် သေဆုံးသွားရကြောင်း ရေးသားထားသည်ကို သူဖတ်ရှုခဲ့ရသည်။

ရှိုးထင်ချိတ်သည် ကဝိမနောသိုင်းကျမ်းပါ သိုင်းပညာများကို လေ့ကျင့်ပြီးနောက် ပထမဆုံးတိုက်ပွဲဝင်ခဲ့ရာတွင် မိစ♣ာမြေမျိုအတွင်းအား နှိုးဆွနည်းဖြင့် အတွင်းအား တစ်ဆတိုးအောင် ပြုလုပ်တိုက်ခိုက်မှုနှင့် ကြုံရသည်။

ရှိုးထင်ချိတ်၏ ရောင်လင်စကြာအတွင်းအားက အခြေခိုင်လှသည့်အတွက် ယက✔စာပေသေမားကြီး၏ တိုက်ခိုက်မှု ခုခံအနိုင်ယူခဲ့သော်လည်း မိစ♣ာမနောသိုင်းကျမ်း ပြန်လည်ပေါ်ပေါက် လာလေပြီလားဟု တွေးမိသောအခါ ရှိုးထင်ချိတ်မှာ စိုးရိမ်စိတ်များ ဖြစ်လာရသည်။

မိစ♣ာမနောသိုင်းကျမ်း ပေါ်ပေါက်ပြီး မိစ♣ာမနောသိုင်းပညာများသာ ပြန့်ပွားသွားပါက သိုင်းလောကအတွက် ကြီးမားသော အန♣ရာယ်ဖြစ်လာနိုင်သည် မဟုတ်ပါလား။

ခထင်ချိတ် ... ဘယ်လိုဖြစ်နေသေးလဲခ

ယန်လောက်ဆန်က ရှိုးထင်ချိတ်၏အနားသို့ ချဉ်းကပ်လာပြီး မေးသည်။

ခဘာမှ မဖြစ်ပါဘူး၊ ကျွန်တော် စဉ်းစားနေမိတာပါခ

ရှိုးထင်ချိတ်က ပြန်ပြောသည်။

ထိုအချိန်မှာပင် သူဌေးကြီးဝမ်းဆန်ရင်နှင့် သမီးချော ဝမ်းယိလန်တို့နှစ်ယောက် ရှိုးထင်ချိတ်အနီးသို့ ရောက်လာကြသည်။

ခမောင်ရင်လေးတို့ကို အဆင့်မြင့် သိုင်းသမားတွေ ဖြစ်ကြမှန်းမသိလို့ အထူးအထွေ ဧည့်ဝတ်မပြုနိုင်ခဲ့တာ တောင်းပန်ပါတယ်ခ

သူဌေးကြီးဝမ်းဆန်ရင်က ရှိုးထင်ချိတ်၏ လက်နှစ်ဖက်ကို ကျေးဇူးတင်ဆုပ်ကိုင်ကာ ပြောသည်။

ခကိစ♣✔မရှိပါဘူး၊ ဦးလို သူတော်ကောင်းကြီး တစ်ယောက်ကို ကူညီကာကွယ် ပေးနိုင်ခဲ့တာပဲ ကျွန်တော်တို့က ဝမ်းသာလှပါပြီခ

ရှိုးထင်ချိတ်ကလည်း ဖော်ရွေလှိုက်လှဲစွာပင် ပြန်ပြောသည်။

ခကဲ ... ကျုပ်ရဲ့ မွေးနေ့မင်္ဂလာပွဲမှာဝင်ပြီး သုံးဆောင်လိုက်ကြပါဦးခ

ဝမ်းဆန်ရင်က အထူးစားပွဲဝိုင်းတစ်ခု ချက်ချင်း ခင်းကျင်းစေပြီး ရှိုးထင်ချိတ်တို့လူစုကို နေရာချထားပေးသည်။

ထိုစားပွဲဝိုင်းတွင် သူဌေးကြီးဝမ်းဆန်ရင်တို့ သားအဖ ကိုယ်တိုင်ထိုင်ကာ ဧည့်ဝတ်ပြုသည်။

လူအများအပေါ်သို့ အရိပ်မည်းကြီး အုပ်မိုးသလို ဖြစ်နေသော ယက✔စာပေသေမား၏ အန♣ရာယ်ရန်စွယ် ချုပ်ငြိမ်းသွားပြီမို့ သူဌေးကြီးဝမ်းဆန်ရင်၏ မွေးနေ့မင်္ဂလာပွဲမှာ ယခုမှပင် ပျော်ပျော်ရွှင်ရွှင် ရှိသွားသည်။

ရှိုးထင်ချိတ်မှာမူ မိစ♣ာမနောသိုင်းကျမ်းနှင့် ပတ်သက် ♣ စိုးရိမ်ပူပန်မှု ရှိနေသောကြောင့် ပျော်ရွှင်စားသောက်နေကြသည့် နေရာတွင် အကြာကြီးထိုင်မနေလိုပေ။

ထို့ကြောင့် အရက်မူးလွန်သွားသည့် အသွင်မျိုး အယောင်ဆောင်လိုက်ရာ ဝမ်းလိလန်ကိုယ်တိုင် ကြီးကြပ် ♣ ရုံရွှေဖော် အမျိုးသမီးများက ရှိုးထင်ချိတ်ကို တွဲခေါ်ပြီး အိမ်ခန်းတစ်ခုထဲသို့ ပို့ပေးကြသည်။

ဝမ်းလိလန်သည် ရံရွှေဖော် မိန်းကလေးနှစ်ယောက်ကို အဖော်ပြု♣ ရှီးထင်ချိတ်၏ ခုတင်ဘေးနားတွင်ထိုင်ကာ စောင့်ကြည့်ပေးနေသည်။

ဝမ်းလိလန်သည် အသက်နှစ်ဆယ်ဝန်းကျင် အရွယ်ရှိပြီး မိန်းမချောတစ်ယောက်ဖြစ်သည်။ သူဌေးကြီး ဝမ်းဆန်ရင်၏ တစ်ဦးတည်းသော သမီးဖြစ်သည့်အတွက် မာနလည်းရှိသည်။ သူမကို ချစ်ကြိုက်နေသော ကြေးရတတ် လုလင်ပျို အများအပြားရှိသော်လည်း မည်သူ့ကိုမျှ အချစ်ပန်းကုံး မစွပ်သေးပေ။

အမည်ကြားရုံနှင့် ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရသည့် ယက✔စာပေသမားကို ရှီးထင်ချိတ်က အနိုင်ယူချေမှုန်းလိုက်သည်ကို တွေ့ရသောအခါ ဝမ်းလိလန်သည် ရှီးထင်ချိတ်အား အလွန်ပင် အထင်ကြီးအားကိုးသွားတော့သည်။

ရှီးထင်ချိတ်သည် အရက်မူးလွန်ကာ အိပ်ပျော်နေသည့် အသွင်မျိုးဖြင့် ခုတင်ပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေရာ ဝမ်းလိလန်၏ စိတ်ထဲတွင် တကယ်ပင် အိပ်ပျော်နေသည်ထင်♣ ရှီးထင်ချိတ်၏ ရုပ်သွင်ကို စူးစိုက်အကဲခတ် ကြည့်နေမိသည်။

ရှီးထင်ချိတ်၏ရုပ်ရည်မှာ မိခင်ပိုင်စုကျင်နှင့်တူကာ အတော်ပင် ရည်မွန်ချောမောသည်။ ဝမ်းလိလန်၏စိတ်ထဲတွင် ရှီးထင်ချိတ်လောက် ယောက်ျားပီသကာ ရည်မွန်ခန့်ညားပြီး အားကိုးလောက်သောသူ မရှိဟု ထင်မိသည်။

မိန်းမပျိုတစ်ယောက်အနေဖြင့် မိမိစိတ်ဝင်စားသော ယောက်ျားပျိုတစ်ယောက် အပေါ် သည်လိုထင်မြင်ချက်မျိုး ပေါ်ပေါက်လာသည်မှာ မဆန်းပါချေ။

ဝမ်းလိလန်သည် ရှီးထင်ချိတ်၏ အနားတွင် ယခုလိုထိုင်နေသည်ကို အလွန်ပင် ကြည်နူးသဘောကျ နေမိသည်။ သည်အချိန်မျိုးကို မကုန်ဆုံး မကျော်လွန်သွား စေလိုပါ။

သို့ရာတွင် အချိန်ကို တားဆီး♣ မရကောင်းပေ။

အချိန်သည် မည်သူ့ကိုမျှ မစောင့်။ မည်သူ့၏ စိတ်ကြိုက်ကိုမျှမလိုက်။ သူ့ဘာသာသူ ကုန်လွန်မြဲ ကုန်လွန်သွားကာ နောက်ဆုံးတွင် မိုးလင်းလာခဲ့လေတော့သည်။

==== ===

မိုးလင်းလာပြီ။

ရှီးထင်ချိတ်အနေဖြင့်လည်း အရက်မူးကာ အိပ်ပျော်နေသည့်အသွင် ဆက်လက်ဟန်ဆောင်နေ♣ မသင့်တော့။ အိပ်ပျော်နေရာမှ နိုးလာသည့်အသွင်မျိုးပြကာ မှိန်းထားသောမျက်လုံးများကို ဖွင့်လိုက်သည်။

ဓအို ... လိလန်က ထိုင်စောင့်ပေးနေတာကိုး၊ အားနာလိုက်တာဗျာဓ

ရှီးထင်ချိတ်က ဝမ်းလိလန်ကို ယခုမှ တွေ့ရသည့်အသွင်မျိုးပြကာ အားနာစကားဆိုသည်။

ဓကိစ♣⋖မရှိပါဘူးရှင်၊ အစ်ကိုလေးက ကျွန်မတို့ကို ကူညီကာကွယ်ပေးခဲ့တဲ့ ကျေးဇူးရှင်ပဲဓ

ဝမ်းလိလန်က ပြုံးရယ်ကာပြောသည်။ ထို့နောက် ရံရွှေဖော် မိန်းကလေးနှစ်ယောက်ဘက်လှည့်ကာ ...

ဓအာရှန်နှင့် အာချွန်တို့ရေ မင်းတို့ အစ်ကိုလေး အဝတ်အစားလဲဖို့ ပြင်ပေးလိုက်ပါကွယ်ဓ

♣သို့ ပြောပြီးနောက် ဝမ်းလိလန်သည် ရှီးထင်ချိတ်ကို ပြုံးရယ်နှုတ်ဆက်ကာ အခန်းထဲမှ ခပ်ကြော့ကြော့လေး ထွက်သွားသည်။

ရှီးထင်ချိတ်လည်း အိပ်ရာမှထကာ မျက်နှာသစ်ကိုယ်လက်သန့်စင်ပြီးနောက် ရံရွှေဖော်မိန်းကလေးတို့ ယူပေးသော အဝတ်အစားများကို လဲလှယ်ဝတ်ဆင်သည်။

ထိုအဝတ်အစားများသည် သာမန်အဝတ်အစားများ မဟုတ်ပေ။ ဝမ်းလိလန်ကိုယ်တိုင် အထူးစီမံ ချုပ်လုပ်ထားသော ဝတ်စုံဖြစ်သည်။

ထိုခေတ်ကာလက ချမ်းသာကြွယ်ဝသူများ၏ သမီးပျိုများသည် မိမိတို့လက်ထက် ထိမ်းမြားသည့်အခါတွင် သတို့သားဖြစ်သူကို လက်ဆောင်အဖြစ် ပေးရမည့်ဝတ်စုံကို အထူးစီမံ ချုပ်လုပ်ထားရသည့် ဓလေ့ထုံးစံရှိသည်။

ရှီးထင်ချိတ်မှာ သူဌေးကြီးဝမ်းဆန်ရင်၏ အထူးဧည့်သည်တော် ဖြစ်နေသော်လည်း သူဝတ်စားထားသည်မှာ သာမန်ဆင်းရဲသား သိုင်းသမားများဝတ်ဆင်သည့် ဝတ်စုံများသာလျှင် ဖြစ်သောကြောင့် ဝမ်းလိလန်က လဲလှယ်ဝတ်ဆင်ရန် သင့်လျော်မည့်ဝတ်စုံကို လိုက်ရှာခဲ့သည်။

သူဌေးကြီးဝမ်းဆန်ရင် ဝတ်သည့်အဝတ်အစားများမှာလည်း အဘိုးကြီးများဝတ်သော ဝတ်စုံပုံစံတွေချည်းဖြစ်ရာ နောက်ဆုံးတွင် ဝမ်းလိလန်က သတို့သားကို လက်ဆောင်ပေးရန် မိမိကိုယ်တိုင်ချုပ်ထားသည့် အထူးဝတ်စုံကို ထုတ်ပေးထားလိုက်သည်။

ထိုဝတ်စုံသည် တကယ့်ပထမတန်းစား ဝတ်စုံဖြစ်သည်။ အဖြူရောင် ပိုးသားအောက်ခံတွင် အနီရောင်ပိုးချည်၊ အဝါရောင်ပိုးချည်တို့ဖြင့် နဂါးရုပ်ကြီးနှစ်ရုပ် ပန်းထိုးကာ ပုံဖော်ထားသည်။ ချုပ်ထားသည့် လက်ရာကလည်း အလွန်ပင် သေသပ်ကောင်းမွန်လှသည်။

လူမှာအဝတ် တောင်းမှာအကွပ်ဟူသော စကားရှိသည့်အတိုင်း မူလကပင် ရုပ်ရည်ချောမော ခန့်ညားသော ရှီးထင်ချိတ်မှာ လက်ရာကောင်းလှသည့် ပထမတန်းစားဝတ်စုံကို ဝတ်လိုက်သောအခါ အထူးပင် သားနားခန့်ထည် သွားတော့သည်။ သာမန်သိုင်းသမား ဝတ်စုံဝတ်ထားခဲ့သည်နှင့် ဘာမျှမဆိုင်တော့။

♣ဂဝတ်စုံသည် မည်သို့သော ဝတ်စုံအမျိုးအစား ဖြစ်သည်ကို ရှီးထင်ချိတ်ကလည်း မှန်းဆသိရှိသွားကာ အလိုလိုပင် ရင်ဖိုစိတ်လှုပ်ရှားလာမိသည်။ မိမိ၏စိတ်လှုပ်ရှားမှုကို ရုံရွှေဖော် မိန်းကလေးနှစ်ယောက် သိမသွားအောင် အတော်ပင် ✔ဣန္ဒြေ✔ဒ္ဓဆည်ကာ ထိန်းသိမ်းနေရသည်။

အဝတ်အစား လဲလှယ်ဝတ်ဆင်ပြီးနောက် ရှီးထင်ချိတ်သည် ဧည့်ခန်းထဲသို့လာခဲ့သည်။

ဧည့်ခန်းဆောင်ထဲတွင် သူဌေးကြီးဝမ်းဆန်ရင်၊ ယန်လောက်ဆန်၊ လူအင်းဝါးနှင့် စွန်ကို့ဖြောင်းတို့ ရောက်နေကြပြီ ဖြစ်သည်။ သူတို့သည် စားပွဲဝိုင်းတစ်ခုတွင် ဝိုင်းထိုင်နေကြသည်။

ဓဟော ... မောင်ရင်လေး နိုးလာပြီကိုး၊ နေလို့ထိုင်လို့ကောင်းရဲ့လားဓ

သူဌေးကြီး ဝမ်းဆန်ရင်က ဆီး♣နှုတ်ဆက်သည်။

ဓဟုတ်ကဲ့ ကောင်းပါတယ်ခင်ဗျာဓ

ရှီးထင်ချိတ်က ပြုံးရယ်ကာ တုံ့ပြန်ပြောဆိုပြီး ထိုင်ခုံအလွတ်တစ်ခုတွင် ဝင်ထိုင်သည်။

စားပွဲဝိုင်းပေါ်တွင် နံနက်စာစားသောက်ရန် စားသောက်ဖွယ်ရာများ ခင်းကျင်းထားပြီးဖြစ်သည်။ စားသောက်ဖွယ်ရာများသည် အမျိုးအမည် စုံလင်လှသည်။

ထိုအချိန်မှာပင် ဝမ်းလိလန်သည် ရုံရွှေဖော်မိန်းကလေးနှစ်ယောက် ခြံရံကာ ဧည့်ခန်းထဲသို့ ဝင်ရောက်လာသည်။ အဝါရောင်ပိုးသားဝတ်စုံကို ဝတ်ဆင်လျက် ဆံပင်ကို နန်းတွင်းသူတစ်ယောက်လို ပြုပြင်ထုံးဖွဲ့ထားသည်။ လက်ဝတ်ရတနာများကိုလည်း ဝတ်ဆင်ထားသည်။ ပင်ကိုကပင် ချောမောသော ဝမ်းလိလန်မှာ ယခုလို မွမ်းမံခြယ်သထားသောအခါ မိုးနတ်မယ်လေးတစ်ယောက် လူ့ပြည်ကို ဆင်းသက်လာသည့်အသွင်မျိုးဖြစ်ကာ အလှကြီးလှ♣

အချောကြီးချောနေသည်။

ရှီးထင်ချိတ်သည် ဝမ်းလိလန်ကို စူးစိုက်ကာ ကြည့်နေမိသည်။ သူ့အနေဖြင့် ဝမ်းလိလန်ကို ယခုမှ ပထမဆုံးမြင်ဖူးသည်တော့ မဟုတ်ပေ။ သို့သော် ယခုလို သေသေချာချာ စူးစူးစိုက်စိုက်တော့ ယခင်က မကြည့်ဖူးခဲ့ပေ။ ဝမ်းလိလန်သည် ဤမျှလောက် လှပချောမောလိမ့်မည်ဟုလည်း မထင်ခဲ့ပေ။

ဝမ်းလိလန်သည် ရှီးထင်ချိတ်၏ စူးစူးစိုက်စိုက် အကြည့်ဒဏ်ကို မခံနိုင်ဘဲ အသာခေါင်းကိုငုံ့သွားသည်။ ခေါင်းမငုံ့ခင် ရှက်ပြုံးလေးပြုံးကာ ရှီးထင်ချိတ်ကို မျက်လုံးဝင့်လျက် တစ်ချက်ကြည့်လိုက်သေးသည်။

ဓအေဟမ်း ...ဓ

ယန်လောက်ဆန်က ချောင်းတစ်ချက် ဟန့်လိုက်မှ ရှီးထင်ချိတ်မှာ မိမိ၏အကြည့်ရိုင်းသွားသည်ကို သတိရကာ အနေရအထိုင်ရ ခက်သွားသည်။

ထိုအချိန်မှာပင် သူဌေးကြီးဝမ်းဆန်ရင်၏ အိမ်ဂေဟာမှ ဂေဟာမှူးကြီး ဧည့်ခန်းဆောင်ထဲသို့ ဝင်ရောက်လာသည်။

ဓဘာကိစ္စရှိလို့လဲ ဂေဟာမှူးကြီးဓ

ဝမ်းဆန်ရင်က လှမ်းမေးသည်။

ဓဟောဒီက မောင်ရင်လေးကို တွေ့ချင်တဲ့ ဧည့်သည်တစ်ယောက် အပြင်မှာ ရောက်နေပါတယ်ဓ

ဂေဟာမှူးကြီးက ပြန်အဖြေပေးသည်။

=== ===

ဂေဟာမှူးကြီး ရောက်ရှိလာခြင်းသည် ရှီးထင်ချိတ်အဖို့ အနေရအထိုင်ရ ခက်နေမှုကို သက်သာသွားအောင် လုပ်ပေးလိုက်သလို ဖြစ်သွားသည်။

ဓဘယ်လိုလဲ မောင်ရင်လေး၊ ဧည့်သည်ကို အတွေ့ခံမလားဓ

ဝမ်းဆန်ရင်က ရှီးထင်ချိတ်၏ သဘောထားကို မေးသည်။

ဓခင်ဗျာ ... ဟုတ်ကဲ့ ဟုတ်ကဲ့ဓ

ရှီးထင်ချိတ်က ခေါင်းညိတ်ကာပြောလိုက်သည်။

ဂေဟာမှူးကြီး ဦးညွှတ်ကာ အပြင်သို့ထွက်သွားသည်။

ခဏအကြာတွင် ဂေဟာမှူးကြီးသည် မြင်းလှည်းမောင်းသမား အသွင်ရှိသည့် လူငယ်တစ်ယောက်ကိုခေါ်ကာ ဧည့်ခန်းဆောင်ထဲသို့ ပြန်ဝင်လာသည်။

ထိုလူငယ်သည် ရှီးထင်ချိတ်ကို မြင်သည်နှင့် ကဝိမနောဂိုဏ်းဝင်တို့ အချင်းချင်းဆက်သွယ်ရာတွင်သုံးသော လျှို့ဝှက်အချက်ပြမှုကို ပြုလိုက်သည်။

ဓဘာကိစ္စ အကြောင်းထူးရှိလဲဓ

ရှီးထင်ချိတ်က မေးသည်။

ဓကျေမ်းရှင်ကြီးအတွက် စာတစ်စောင် ပါလာပါတယ်ဓ

ထိုလူငယ်က စာတစ်စောင်ထုတ်ကာ ရှီးထင်ချိတ် လက်သို့ပေးအပ်သည်။

စာပေးပြီးနောက် ထိုလူငယ်သည် ငြိမ်သက်စွာ ရပ်နေသည်။

ရှီးထင်ချိတ်က စာအိတ်ကိုဖွင့်ကာ အထဲရှိစာကို ထုတ်ဖတ်သည်။ စာကိုဖတ်ရင်း မျက်နှာကွက်ခနဲ ပျက်သွားသည်။

ဓဘာတွေရေးထားလို့လဲဓ

ယန်လောက်ဆန်က မျက်မှောင်ကြုတ်ကာ မေးသည်။

ရှီးထင်ချိတ်သည် နှုတ်မှမဖြေဘဲ မိမိဖတ်ပြီးဖြစ်သော စာကိုသာ ယန်လောက်ဆန်လက်ထဲ ထည့်ပေးလိုက်သည်။

ဓယက✔ွစာပေသမားတစ်ယောက် ကွမ်တုန်းနယ်ဘက်မှာ ရောက်နေပြန်ပြီဆိုပါလား၊ ဘယ်လိုဖြစ်တာလဲ၊

တယ်ထူးဆန်းပါလားဓ

စာကိုဖတ်ကြည့်ပြီးနောက် ယန်လောက်ဆန်က ခပ်တိုးတိုး ရေရွတ်လိုက်သည်။

ထိုစကားကို ကြားရသောအခါ သူဌေးကြီးဝမ်းဆန်ရင်နှင့် သမီးချော ဝမ်းလိလန်တို့ မျက်လုံးပြူးကုန်ကြသည်။

ဓအဘနဲ့ လူအင်းဝါးတို့က အခုပဲ ကွမ်တုန်းပြည်နယ်ကို လိုက်သွားကြပါ၊ စွန်ကို့ဖြောင်းကတော့ ကဝိမနောနန်းကိုပြပြီး

အကျိုးအကြောင်း ပြန်ပြောပြပါ၊ ပြီးတော့ အင်အားစုပြီး ကွမ်တုန်းပြည်နယ်ကို လိုက်ခဲ့ပေတော့ဓ

ရှီးထင်ချိတ်က ပြောဆိုညွှန်ကြား အမိန့်ပေးသည်။

ဓမင်းကကော ဘယ်ကိုသွားမလို့လဲဓ

ရှီးထင်ချိတ်အတွက် စိုးရိမ်စိတ်ပိုနေသော ယန်လောက်ဆန်က မေးသည်။

ဓကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့၊ ကျွန်တော် ကွမ်တုန်းပြည်နယ် ကို အမြန်ဆုံးလိုက်လာခဲ့ပါ့မယ်ဓ

ရှီးထင်ချိတ်က ယန်လောက်ဆန်ကို ပြောပြီးနောက် သူဌေးကြီးဝမ်းဆန်ရင်ဘက် လှည့်ကြည့်ကာ ဆက်လက်♣ ...

ဓကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ ကျွန်တော်တို့ ခရီးဆက်ထွက် ရပါတော့မယ်ဓအောင်း ... မောင်ရင်လေးတို့ ဆောင်ရွက်ရမယ့်

အလုပ်ကိစ♣✓တွေကို ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် မနေ့ကပဲ ယက✔ွစာပေသမားတစ်ယောက်ကို

နှိမ်နင်းချေမှုန်းပစ်လိုက်ပြီး ဟေအခု နောက်ယက✔ွစာပေသမားတစ်ယောက် ထပ်ပေါ်လာပြန်တယ်ဆိုတာကတော့

အတော်လေး စဉ်းစားစရာဖြစ်နေပြီ၊ ဒီအတိုင်းဆိုရင် ယက✔ွစာပေသမားက တစ်ယောက်တည်း မဟုတ်နိုင်ဘူးပေါ့ဓ

ဓယက✔ွစာပေသမားဟာ ကိုယ်ပွားတွေထားပြီး လှုပ်ရှားနေတာ ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် သူတို့ဟာ ဂိုဏ်းအဖွဲ့တစ်ခုခု

ဖြစ်ပါလိမ့်မယ်ဓ

ယက✔ွစာပေသမားသည် တစ်ယောက်တည်းမဟုတ်ဘဲ လူအများအပြား ပါဝင်သော အဖွဲ့တစ်ခု ဖြစ်နိုင်ကြောင်း

သိရသောအခါ သူဌေးကြီးဝမ်းဆန်ရင်တို့ သားအဖမှာ စိုးရိမ်ပူပန် သွားကြရသည်။

မိန်းမချောလေး ဝမ်းလိလန်သည် ✔ဣန္ဒြေ✔ဒပင် မဆောင်နိုင်ဘဲ ရှီးထင်ချိတ်၏အနီးသို့ တိုးကပ်သွားကာ ...

ဓအစ်ကိုတို့ ထွက်သွားလို့ အဲဒီ ယက✔ွစာပေသမားလာပြီး အန♣ှ္ရာယ်ပြုရင် ကျွန်မတို့ ဘယ်လိုလုပ် ကာကွယ်မှာလဲဟင်ဓ

ဓဒီအတွက် မပူပါနဲ့၊ ကျွန်တော်တို့ ကဝိမနောဂိုဏ်းက ဒီလိုဆိုးဝါးမိုက်မဲနေတဲ့ သိုင်းသမားဆိုးတွေကို

နှိမ်နင်းသုတ်သင်သွားမှာပါ၊ လိလန်တို့ကို အန♣ှ္ရာယ်ပြုမယ့်လူ ပေါ်လာတယ်ဆိုရင်လဲ ကျွန်တော်တို့ ရောက်လာပြီး

ကာကွယ်ပေးပါ့မယ်ဓ

ရှီးထင်ချိတ်၏စကားများသည် သိုင်းသမားကောင်းတစ်ယောက်၏ တာဝန်ကို ဖော်ထုတ်လိုက်သော စကားများသာ

ဖြစ်ပါသည်။

သိုင်းသမားကောင်းတို့ မည်သည် မိမိတို့တတ်မြောက်ထားသည့် သိုင်းပညာဖြင့် အများကောင်းကျိုး၊ တိုင်းပြည်ကောင်းကျိုးကို

သယ်ပိုးဆောင်ရွက်ကာ ဒုစရိုက်မှုနှင့် မကောင်းမှုများ ပပျောက်ရေးအတွက် မိမိတို့ တတ်နိုင်သည့်ဘက်မှ တတပ်တအား

ပါဝင်လုပ်ဆောင်ရမည် မဟုတ်ပါလား။

♣ဂစကားများကို ကြားရမှ ဝမ်းလိလန်မှာ အားငယ်နေသော စိတ်များ ပပျောက်သွားသည်။ အားလည်း အတော်ပင်တက်လာသည်။

ခအစ်ကိုလေးတို့ ဘေးကင်းရန်ကင်းပြီး အန♣၃ရာယ်ရန်စွယ်တွေကို ဖြိုဖျက်နိုင်ပါစေရှင်ခ

ဝမ်းလိလန်က ခပ်တိုးတိုးပင် ဆုတောင်းလိုက်ရှာသည်။

ရှီးထင်ချိတ်တို့သည် နံနက်စာကို အမြန်စားသောက်ကာ ဝမ်းဆန်ရင်တို့သားအဖကို နှုတ်ဆက်လျက် ထိုအိမ်ဂေဟာမှ ထွက်ခွာလာခဲ့ကြသည်။

အိမ်ဂေဟာအတွင်းမှ အတူတူ ထွက်လာကြသော်လည်း အပြင်သို့ရောက်သည်နှင့် အသီးသီး လမ်းခွဲသွားကြသည်။

ယက✔စာပေသမားဟု အမည်ခံထားသူတို့သည် မည်သို့သောလူစားမျိုးဖြစ်ပြီး မည်သည့်အတွက်ကြောင့် အေးချမ်းစွာနေထိုင်သူတို့ကို ဒုက✔✔ပေးနေသည်ကို ရှီးထင်ချိတ် အလွန်သိလိုနေသည်။

သို့ကြောင့်လည်း ♣ဂကိစ♣⮜ကို လျှို့ဝှက်စုံစမ်းနိုင်ရန်အတွက် မိမိ၏အဖွဲ့သားများနှင့် လမ်းခွဲပြီး ကွမ်တုန်းပြည်နယ်သို့ တစ်ယောက်တည်းထွက်လာခဲ့ခြင်း ဖြစ်လေတော့သည်။

=== ===

အခန်း (၄၅)

ကွမ်တုန်းပြည်နယ်သည် တရုတ်ပြည်၏ အနောက်တောင်ပိုင်းတွင် ရှိသည်။ မေရှမ်းမြို့သည် ကွမ်တုန်းပြည်နယ်၏ အရောင်းအဝယ် အချက်အချာ နေရာတစ်ခုဖြစ်ကာ အလွန်ပင်စည်ကားသည်။

မေရှမ်းမြို့ပြင် တစ်နေရာတွင် ခြံဝင်းကြီးတစ်ခုနှင့် အိမ်ဂေဟာတစ်ခုရှိသည်။ အချိန်မှာ ညနေပိုင်းဖြစ်သည်။

ခြံဝင်းထောင့် တစ်နေရာတွင် အသက်ဆယ့်ခြောက်နှစ်ခန့်ရှိ လူငယ်တစ်ယောက်နှင့် အသက်ဆယ့်ငါးနှစ်ခန့်ရှိ မိန်းကလေးတစ်ယောက် ရပ်လျက် စကားပြောနေကြ၏။

ခအစ်ကိုကျင်ဖူ မနက်တုန်းက ကစားခဲ့တဲ့ နဂါးတုန်လှုပ်သိုင်းကွက်မှာ လစ်ကွက်ဟာကွက်တွေ ရှိနေတယ်ဆိုတာ ဝန်မခံနိုင်သေးဘူးလားခ

မိန်းကလေးက မေးလိုက်သည်။

ခအင်း ... အဲဒါကတော့ ပြောရခက်တယ်၊ အေးလေ ... ညီမလေးက အစ်ကို့သိုင်းကွက်မှာ ဟာကွက်ရှိတယ်လို့ အတင်းဇွတ်ပြောနေမယ် ဆိုရင်တော့ လက်တွေ့ယှဉ်ပြီး ကစားကြည့်ကြတာပေါ့ခ

ကျင်ဖူဟု အခေါ်ခံရသော လူငယ်က ပြန်ပြောသည်။

ခအို ... သိပ်ရတာပေါ့ခ

မိန်းကလေးက အနီးရှိသစ်ပင်မှ သစ်ကိုင်းနှစ်ကိုင်းကို ချိုးယူလိုက်သည်။ ထိုသစ်ကိုင်းများသည် အရှည်နှစ်ပေခွဲသာသာခန့် ရှိသည်။ သစ်ကိုင်းရှိ အရွက်အခက်များကို ဖယ်ရှားပစ်လိုက်သောအခါ ဓားရှည်နှစ်လက် သဘောမျိုး ဖြစ်သွားသည်။

ခရော့ ... တစ်ခုယူ၊ ကဲ ... ယှဉ်ကြည့်ကြစို့၊ အစ်ကိုကျင်ဖူရဲ့ နဂါးတုန်လှုပ်သိုင်းကွက်မှာ ဟာကွက်ပေါ်တာနဲ့ အထိနာမှာပဲနော်၊ သတိထားခ

မိန်းကလေးက သစ်ကိုင်းတစ်ခုကို ကျင်ဖူထံ ပစ်ပေးပြီးနောက် ပြောသည်။ ကျင်ဖူက မိန်းကလေး ပစ်ပေးသော သစ်ကိုင်းကို အလိုက်သင့် ဖမ်းယူလိုက်ပြီး ...

ခကိုင်း စနိုင်ပြီခ

မိန်းကလေးသည် လက်ထဲရှိသစ်ကိုင်းကို ဓားရှည်သဘောမျိုး အသုံးချကာ သိုင်းကွက်လှုပ်ရှားပြီး ကျင်ဖူကို အတင်းဝင်တိုက်သည်။ မိန်းကလေး၏ တိုက်ချက်များသည် အကွက်စိပ်ပြီး ကျင်ဖူ၏ တကိုယ်လုံးကို လွှမ်းမိုးထားသည်။ ကျင်ဖူမှာ တန်ပြန်တိုက်ခိုက်ခြင်း မပြုနိုင်။ မိန်းကလေး၏တိုက်ချက်များကိုသာ ခုခံကာကွယ်နေရသည်။

သူတို့နှစ်ယောက် အကြိတ်အနယ် တိုက်ခိုက်နေကြချိန်မှာပင် ထိုနေရာသို့ အသက်ဆယ့်လေးနှစ်နှင့် ဆယ်နှစ်နှစ်ခန့်ရှိ လူငယ်လေးနှစ်ယောက် အပြေးရောက်လာကြသည်။

ကျင်ဖူနှင့် မိန်းကလေးတို့မှာမူ ထိုလူငယ်လေးနှစ်ယောက် လာနေကြသည်ကို အရေးမစိုက်ဘဲ အကြိတ်အနယ်ပင် သိုင်းကွက်လှုပ်ရှားကာ ဆက်လက်တိုက်ခိုက်နေကြသည်။

ခဖုန်း ... ဖုန်းခ

အသံနှစ်ချက်မြည်ကာ ကျင်ဖူးသည် မိန်းကလေး၏လက်မှ သစ်ကိုင်းဖြင့် နှစ်ချက်အရိုက်ခံလိုက်ရသည်။

ခမမရှောင်ချွန် ဘာဖြစ်လို့ အစ်ကိုကျင်ဖူကို ထိခိုက်အောင် ရိုက်နေရတာလဲ၊ ရပ်လိုက်ပါခ

လူငယ်လေးတစ်ယောက်က လှမ်းအော်ပြောသည်။

ထိုအချိန်တွင် ကျင်ဖူမှာ မြေကြီးပေါ်လဲကျကာ ရုတ်တရက် ပြန်မထနိုင်ဘဲ ဖြစ်နေသည်။

တကယ်တော့ မိန်းကလေးရှောင်ချွန်သည် ကျင်ဖူကို ထိခိုက်အနာတရဖြစ်စေလိုသော ဆန✔မရှိပေ။

နဂါးတုန်လှုပ်သိုင်းကွက်ကို စိတ်အားထက်သန်စွာ အသုံးပြုတိုက်ခိုက်ခဲ့ရာမှ လက်လွန်ကာ ရိုက်မိသွားခြင်းဖြစ်သည်။

ယခုမှပင် ရှောင်ချွန်သည် မိမိလက်လွန်ခြေလွန် ဖြစ်သွားကြောင်းသိကာ မြေကြီးပေါ်တွင် လဲကျနေသော ကျင်ဖူကို ပျာပျာသလဲပင် ဖေးမတွဲထူပေးလိုက်လေ၏။

ကျင်ဖူ၏ ဘယ်လက်မောင်းမှာ ရိုက်ချက်ကြောင့် ကွဲပြဲကုန်ကာ သွေးများယိုစီးကျနေသည်။ ဘယ်လက်မောင်းတစ်ခုလုံးလည်း မလှုပ်ရှားနိုင်တော့ပေ။

ခဟာ ... သွေးတွေလဲ ထွက်နေပါလား၊ ဘဘသိသွားရင်တော့ ဒုက✔ပါပဲခ

လူငယ်လေးတစ်ယောက်က အလန့်တကြားပြောသည်။

ရှောင်ချွန်၏မျက်နှာ ငိုမဲ့မဲ့လေး ဖြစ်သွားသည်။

မိန်းကလေးသည် ♣အိမ်ဂေဟာပိုင်ရှင် သိုင်းဆရာသမားတော်ကြီး ဟူမေစင်၏ တစ်ဦးတည်းသော သမီးလေး ဟူရှောင်ချွန်ဖြစ်သည်။

လူငယ်လေးများမှာမူ ဟူရှောင်ချွန်၏ တဝမ်းကွဲ အစ်ကိုနှင့် မောင်များဖြစ်ကြပြီး ယဲ့ကျင်ဖူ၊ ယဲ့ကျင်ရှုံနှင့် ယဲ့ကျင်ချန်ဟု ခေါ်သည်။

သူတို့မောင်နှမတစ်စုသည် သိုင်းဆရာသမားတော်ကြီး ဟူမေစင်ထံတွင် သိုင်းပညာများ သင်ယူနေကြသည်။

ဟူမေစင်သည် စည်းကမ်းအလွန်ကြီးသည်။ သိုင်းပညာလေ့ကျင့်သင်ကြားရာတွင် သွေးထွက်သံယိုဖြစ်အောင် ပြုလုပ်ခြင်းမရှိရဟု♣လည်း တင်းကျပ်စွာ တားမြစ်ထားသည်။

စည်းကမ်းဖောက်ဖျက်လျှင်လည်း အပြင်းအထန် အပြစ်ဒဏ်ပေးတတ်သည်။ ယခု ယဲ့ကျင်ဖူကို သွေးထွက်သံယိုဖြစ်အောင် လက်လွန်ခြေလွန် တိုက်ခိုက်မိသည့်ကိစ♣ ကို မိမိ၏ဖခင် သိသွားပါက ရိုက်နှက်အပြစ်ပေးမည်ကို ဟူရှောင်ချွန်မှာ တွေး♣လန့်နေရှာသည်။

ဓဒုက✔ပါပဲ မောင်လေးတို့ရယ်၊ မမတော့ ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး၊ ခက်တာပဲ ... ခက်တာပဲဓ

ဟူရှောင်ချွန်က တတွတ်တွတ် ရေရွတ်နေသည်။ ထိုစဉ်မှာပင် လူစိမ်းတစ်ယောက်၏ အော်ဟစ်ရယ်မောလိုက်သံက ရုတ်တရက်ထွက်ပေါ်လာတော့သည်။

ဓဟား ... ဟား ... ဟား ... ဒီလောက်လေးဖြစ်တာကိုများ စိုးရိမ်နေရသလား၊ ဒီဒဏ်ရာလေးက ဘာမှမဖြစ်လောက်ပါဘူး၊ အခုချက်ချင်းပျောက်သွားအောင် လွယ်လွယ်လေးနဲ့ ကုနိုင်ပါတယ်ဓ

စကားသံနှင့်အတူ သစ်ပင်ပေါ်မှ လူတစ်ယောက် လွှားခနဲခုန်ဆင်းလာသည်။

ထိုလူကိုမြင်လိုက်သည်နှင့် ဟူရှောင်ချွန်တို့လူစုမှာ ထိတ်လန့်သွားကြရတော့သည်။

သစ်ပင်ပေါ်မှ ဆင်းလာသူသည် ကြောက်စရာကောင်းလောက်အောင် အလွန်ပင် အရုပ်ဆိုးလှသည်။ ပါးမြိုင်းမွေးများထူကာ မျက်လုံးက ဝိုင်းဝိုင်းပြူးပြူးကြီး ဖြစ်သည်။ ပါးစပ်မှာ အခြားသူများထက် ပိုကြီးပြီး နှုတ်ခမ်းလန်♣သွားစွယ်များပေါ်နေသည်။ နှာယောင်ကလည်း ကောက်လိုက်သေးသည်။

ညအခါတွင် ရုတ်တရက်တွေ့မြင်လိုက်ရပါက သရဲတစေ♣ဂှဟုထင်မှတ်ကာ လိပ်ပြာလွင့်စဉ်သွားနိုင်လောက်သည့် ရုပ်မျိုးဖြစ်သည်။

ဟူရှောင်ချွန်တို့လူစုမှာ ထိုသူကို တွေ့လိုက်ရလျှင် ထိတ်လန့်ကုန်ကြလျက် မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်သွားကြသည်။

ဓဟေ့ ... မင်းတို့က ဆေးဆရာကြီး ဟူဆန်ကွေးနဲ့ ဘာတော်ကြသလဲဓ

တစေ♣ဂှသရဲလိုလူကြီးက ဟူရှောင်ချွန်တို့ကို အကဲခတ်ကြည့်ပြီး မေးသည်။

ဓမြေးအဘိုးတော်တယ်ဓ

ဟူရှောင်ချွန်က ခပ်သွက်သွက်ပင် ပြန်အဖြေပေးသည်။

ဓသြော် ... မင်းက ဟူဆန်ကွေးရဲ့ မြေးကိုး၊ ကောင်းပြီ၊ ငါ့ကို မင်းအဘိုးဆီ လိုက်ပို့ပေးစမ်းဓ

ဓဘိုးဘိုး မရှိတော့ဘူးရှင့်၊ လွန်ခဲ့တဲ့ သုံးနှစ်ကပဲ ကွယ်လွန်သွားပါပြီဓ

ဓဘာ ... ဟူဆန်ကွေး သေသွားပြီဟုတ်လား၊ ဒါဆိုရင် သူ့ကိုဘယ်မှာမြ✔ုပ်ထားသလဲ၊ လိုက်ပြစမ်းဓ

ဓဖြစ်ပါတယ်၊ ဒါနဲ့ ဟောဒီက အစ်ကိုကျင်ဖူရဲ့ ဒဏ်ရာကို အခုချက်ချင်း လွယ်လွယ်လေးနဲ့ ပျောက်အောင်ကုနိုင်တယ်လို့ ဦးဦးပြောခဲ့တယ်နော်ဓ

ဓအေး ...ဓ

ဓဒါဆိုရင် သူ့ဒဏ်ရာကို အခုပျောက်အောင် ကုသပေး၊ ဘိုးဘိုးရဲ့ သချ♣ င်းဂူကို လိုက်ပြပေးမယ်ဓ

ဓမင်းက တယ်လာပါလား၊ ကောင်းပြီ ကုပေးမယ်ဓ

အရုပ်ဆိုးဆိုးလူကြီးက ခေါင်းညိတ်ပြပြီး ပြောသည်။

ဓဦးဦး တကယ်ကုပေးနိုင်တယ်နော်ဓ

ဓဒီလောက်ဒဏ်ရာလေးကို ပျောက်အောင်မကုတတ်ရင် ငါ့နာမည် သံမဏိကျန်ရှန်လို့ မခေါ်တော့ဘူးဓ

ဟူရှောင်ချွန်သည် ယဲ့ကျင်ရှုံနှင့် ယဲ့ကျင်ချန်တို့ဘက် လှည့်ကြည့်လိုက်ပြီး ...

ဓမောင်လေးတို့နှစ်ယောက်က အိမ်ကိုပြန်နှင့်ကြ ဟုတ်လားဓ

ရှောင်ချွန်သည် တကယ်ပင်ပါးနပ်လှသည်။ သံမဏိကျန်ရှန်ဆိုသူသည် ကောင်းသောလာခြင်းနှင့် ရောက်ရှိလာသူမဟုတ်ကြောင်း ရိပ်မိနေသည်။ ထို့ကြောင့် မိမိ၏ဖခင်ကို အကျိုးအကြောင်း ပြောပြထားနှင့်နိုင်ရန် ယဲ့ကျင်ရှုံတို့ကို အိမ်သို့ပြန်လွှတ်လိုက်ခြင်း ဖြစ်ပေသည်။

♣အကြောင်းကို သံမဏိကျန်ရှန်ဆိုသော ရုပ်ဆိုးဆိုးနှင့်လူကြီးကလည်း ရိပ်မိသည်။

သို့ရာတွင် သူ့စိတ်ထဲ ♣– ဟူဆန်ကွေး၏သား ဟူမေစင်ကို အရေးလုပ်စရာဟု သဘောမထားသောကြောင့် တစုံတရာ ဝင်ရောက်ပြောဆိုခြင်းမပြုပေ။

ယဲ့ကျင်ရှုံနှင့် ယဲ့ကျင်ချန်တို့ ညီအစ်ကိုနှစ်ယောက်သည် သံမဏိကျန်ရှန်ကို တစ်ချက်ကြည့်ပြီးနောက် အိမ်ဂေဟာဘက်သို့ ထွက်သွားကြသည်။

ကျန်ရှန်သည် ယဲ့ကျင်ဖူ၏အနားသို့ တိုးကပ်သွားကာ သွေးကြောကွက်အချို့ကို နှိပ်နယ်ပေးလိုက်ရာ ဒဏ်ရာမှ သွေးထွက်ရပ်သွားသည့်အပြင် ဘယ်ဘက်လက်မောင်းလည်း ကောင်းစွာ လှုပ်ရှားသွားနိုင်လေတော့သည်။

ကျင်ဖူသည် သွေးကြောကွက်နေရာကို ရိုက်မိ♣ ဒဏ်ဖြစ်နေရာ သက်ဆိုင်ရာအကြောများကို အသာနှိပ်ပေးလိုက်ရုံနှင့် သက်သာပျောက်ကင်းသွားပေသည်။ ♣လိုကုသမှုမျိုးသည် ဘာမျှမခက်ပေ။ သိုင်းပညာနှင့် အကြောပိတ်ပညာ အနည်းအကျဉ်း တတ်မြောက်လျှင်ပင် ကုသပေးနိုင်သည်။

ဟူရှောင်ချွန်တို့မှာ သိုင်းပညာ သင်ကြားတတ်မြောက်ခါစဖြစ်ပြီး အတွေ့အကြုံကလည်း နုနယ်သေးသောကြောင့် ဘာလုပ်ရဘာကိုင်ရမည်မှန်း မသိဘဲ ရှိနေကြခြင်း ဖြစ်ပေသည်။

ခကျေးဇူးတင်ပါတယ် ဦးဦးခ

ဟူရှောင်ချွန်က ကျန်ရှန်ကို ကျေးဇူးတင်စကားဆိုသည်။

ခငါတို့က အပေးအယူလုပ်ထားခဲ့ကြတာပဲ၊ ကျေးဇူးတင်နေစရာ မလိုဘူး၊ မင်းအဘိုးရဲ့ အုတ်ဂူကိုသာ လိုက်ပြခ

ခဦးဦးက သိပ်တော်တာပဲနော်၊ ဟိုနားနည်းနည်း ဒီနားနည်းနည်း နှိပ်ပေးလိုက်တာနဲ့ တစ်ခါတည်း ဒဏ်ရာပျောက်ပြီး အကောင်းပြန်ဖြစ်လာတယ်၊ ဘာပဲဖြစ်ဖြစ် ကျွန်မတို့ ဒီနေ့ ဦးဦးနဲ့ တွေ့ရတာ ကံကောင်းတာပဲခ

ဟူရှောင်ချွန်က သင်္ချိုင်းဂူရှိရာသို့ လိုက်မပြသေးဘဲ စကားရှည်နေသည်။

တကယ်တော့ အချိန်ဆွဲနေခြင်းသာဖြစ်သည်။

ခမင်းက အတော်လာတဲ့ ကောင်မလေးပဲ၊ အခုလောက်ဆိုရင် ငါရောက်နေတဲ့အကြောင်း မင်းအဖေလဲ သိလောက်ရောပေါ့၊ အေး သူကသိပြီး ငါ့ဆီကိုပြေးလာရင် ပိုကောင်းတာပေါ့၊ ငါက သူ့ကိုသွားတွေ့ရတာ သက်သာသွားမယ်ခ

ခဦးဦးက ကျွန်မဖေဖေနဲ့ ရင်ဆိုင်ရဲလို့လားခ

ခဟား ... ဟား ... ဟား ... မင်းအဖေမပြောနဲ့ ဘယ်သိုင်းသမားကိုဖြစ်ဖြစ် သံမဏိကျန်ရှန်က ရင်ဆိုင်ရဲတယ်ခ

ခဦးဦး တကယ်ပြောတာနော်ခ

ခမင်းမယုံဘူးဆိုရင် ဟောဒီကောင်လေးကိုပါ အိမ်ပြန်လွှတ်ပြီး မင်းအဖေကို အကြောင်းကြားခိုင်းလိုက်ပါလားခကြားလား အစ်ကိုကျင်ဖူ၊ သံမဏိကျန်ရှန်က ဖေဖေ့ကို စိန်ခေါ်ရဲတယ်တဲ့၊ ကဲ ... မြန်မြန်လေး သွားပြောလိုက်လေခ

ယဲ့ကျင်ဖူလည်း ချက်ချင်းပင် ပြေးထွက်သွားသည်။

မိမိဖခင် ဟူမေစင်သည် ♣နယ်ပယ်ဒေသတွင် ပြိုင်စံရှားသော သိုင်းအကျော်အမော် တစ်ယောက်ဖြစ်ကြောင်း ဟူရှောင်ချွန်က ကောင်းကောင်းသိထားသည်။

ကျန်ရှန်က ယခုလို အရေးမလုပ်ဘဲ ခပ်အေးအေးနှင့် စိန်ခေါ်ဝံ့သည်မှာ ကျန်ရှန်ထံတွင် အပိုင်စီစဉ်ထားသည့်
အစီအစဉ်များရှိရမည်ဟူ♣ ရှောင်ချွန်က တွေးမိသည်။

ဓကဲ ... ကဲ ငါတို့ သွားကြစို့လားဓ

ကျန်ရှန်က လောဆော်သည်။

ဟူရှောင်ချွန်သည်လည်း မတတ်သာတော့ဘဲ ဟူဆန်ကွေး၏ အလောင်းမြ✔ပ်နှံထားရာ အုတ်ဂူရှိရာသို့ ကျန်ရှန်ကို
လမ်းပြခေါ်ဆောင် သွားရလေတော့သည်။

လမ်းတလျှောက်တွင် ရှောင်ချွန်နှင့် ကျန်ရှန်တို့နှစ်ယောက်သည် အတွေးကိုယ်စီ ရှိနေကြသောကြောင့်
စကားတခွန်းတလေမျှပင် မပြောကြပေ။

ဓဟောဟိုမှာ ဘိုးဘိုးရဲ့ အုတ်ဂူပဲ၊ ကျွန်မတို့ ဘိုးဘိုးအုတ်ဂူကို မဖျက်ဆီးပါနဲ့လို့တော့ တောင်းပန်ပါတယ်ဓ

ဟူရှောင်ချွန်က ထင်းရှူးတောလေး၏ အစပ်နားတွင်ရှိသော အုတ်ဂူတစ်ခုကို ညွှန်ပြပြီးပြောသည်။

ကျန်ရှန်သည် အုတ်ဂူရှိရာသို့ ပြေးသွားသည်။

အုတ်ဂူပေါ်တွင် ဓဆေးဆရာကြီး ဟူဆန်ကွေး၊ အသက်ခုနစ်ဆယ်ဓ ဟူသော စာလုံးများ ရေးထွင်းထားသည်။

ဓကောင်းတယ် ကောင်းတယ်၊ မင်းရဲ့ သိုင်းပညာစွမ်းမြင့်မားအောင် ကြိုးစားလေ့ကျင့်နိုင်ရင် မင်းရဲ့ဆန✔ဒကို
ဖြည့်ဆည်းပေးမယ်လို့ ခင်ဗျားကပြောခဲ့ပြီး အခုကျုပ်ရောက်လာတော့ ခင်ဗျားက သေနေပြီ၊ တယ်ကောင်းပါလား၊
တယ်ကောင်းပါလား၊ ဟား ... ဟား ... ဟား ... ဟား ... ဟား ... ဟား ...ဓ

ကျန်ရှန်သည် အရူးကြီးတစ်ယောက်လို ရယ်မောပြောဆိုနေသည်။

ကျန်ရှန်၏စကားသံများနှင့် ရယ်မောသံများသည် ထင်းရှူးတောတန်းလေးတွင် ပဲ့တင်ထပ်♣နေသည်။

ဓဦးဦးရယ် ... ပြီးခဲ့တာတွေလဲ ပြီးသွားပါပြီ၊ ဖြစ်ပြီးခဲ့တဲ့ ကိစ♣⮘တွေကို အစွဲအလမ်းမထားပါနဲ့တော့၊ ဒါတွေကို
စွဲလမ်းနေရင် ဘာမှအကျိုးမရနိုင်ပါဘူးဓ

ဟူရှောင်ချွန်က ဖျောင်းဖျစကားဆိုသည်။

ဓဘာ ... ပြီးခဲ့တာတွေကို အစွဲအလမ်းမထားရဘူး ဟုတ်လား၊ တယ်လွယ်တဲ့ စကားပါလားဓ

သံမဏိကျန်ရှန်က ထိုသို့ပြောရင်း ဟူရှောင်ချွန်ကို ဒေါသရောင်တောက်နေသော မျက်လုံးကြီးများနှင့်
လှမ်းကြည့်လိုက်တော့သည်။

ယဲ့ကျင်ရှုံနှင့် ယဲ့ကျင်ချန်တို့ ညီအစ်ကိုသည် အိမ်သို့ရောက်သည်နှင့် မိမိတို့တွေ့ကြုံခဲ့ရသည့် အကြောင်းစုံကို
ဘကြီးဖြစ်သူဟူမေစင်အား ပြန်ပြောပြသည်။

သူတို့နှစ်ယောက်သည် ငယ်ရွယ်သူများ ဖြစ်ကြသည့်အပြင် စိတ်လှုပ်ရှားကြောက်လန့်နေကြပြန်ရာ အကျိုးအကြောင်းကို
ရေရေလည်လည် မပြောပြနိုင်ဘဲ ဖြစ်နေသည်။

ထိုအချိန်မှာပင် ယဲ့ကျင်ဖူရောက်လာပြန်သည်။ ယဲ့ကျင်ဖူရောက်လာမှပင် အကျိုးအကြောင်း ရေလည်ပြည့်စုံစွာ
ပြောပြနိုင်လေတော့သည်။

အကြောင်းစုံသိရသည်နှင့် ဟူမေစင်သည် ဓားဆွဲကာ သံမဏိကျန်ရှန်ကို ရင်ဆိုင်နိုင်ရန်အတွက် အပြေးထွက်လာခဲ့သည်။

ဖခင်ဖြစ်သူ ဟူဆန်ကွေး၏အုတ်ဂူနားသို့ ရောက်သောအခါ ကျန်ရှန်ကို မတွေ့တော့ဘဲ ငေးငေးငိုင်ငိုင်နှင့် ရပ်နေသည့်

ဟူရောင်ချွန်ကိုသာ တွေ့ရလေ၏။

ေဟို လူကြီးရော ...ေ

ဟူမေစင်က မေးသည်။

ေသူထွက်သွားပြီ၊ ဒါပေမယ့် သုံးရက်ကြာရင် ပြန်လာခဲ့မယ်လို့ ပြောတယ်ေ

ဟူရောင်ချွန်က ခပ်တိုးတိုး ပြန်အဖြေပေးသည်။

ေသူက သမီးကို အန♣ှ့ရာယ်ပြုသေးလားေ

ေဟင့်အင်း ... မပြုဘူးေ

ေသမီးဘိုးဘိုးရဲ့ အုတ်ဂူကိုကော ဘာလုပ်သေးလဲေ

ေဘာမှ မလုပ်ဘူး၊ ဂူရှေ့မှာရပ်ပြီး ဘာဖြစ်လို့ အစောကြီးသေသွားရတာလဲ၊ ဘာဖြစ်လို့ အစောကြီးသေသွားရတာလဲလို့ပဲ တတွတ်တွတ် ပြောနေတယ်၊ ပြီးတော့ ... ဟောဟိုသစ်ပင်ေ

ဟူရောင်ချွန်က အုတ်ဂူဘေးနားတွင် ရှိနေသော သစ်ပင်တစ်ပင်ကို လက်ည✔ိုးဖြင့်ညွှန်ပြပြီး စကားကို တပိုင်းတစ ရပ်လိုက်သည်။

ဟူရောင်ချွန်ညွှန်ပြသော သစ်ပင်ကို ကြည့်လိုက်သည်နှင့် ဟူမေစင်မှာ မျက်မှောင်ကြုတ်သွားရသည်။

သစ်ပင်ပင်စည်တွင် မည်းနက်သော လက်ဝါးရာကြီးတစ်ခု အထင်းသား ပေါ်နေသည်။

ဟူမေစင်သည် ထိုသစ်ပင်နားသို့ ပြေးသွားပြီး လက်ဝါးရာကို အကဲခတ်ကြည့်သည်။ လက်ဝါးရာသည် ပင်စည်ထဲသို့ နက်နက်ရှိုင်းရှိုင်းတိုးဝင်ကာ ထင်နေခြင်းတော့မဟုတ်။

အပေါ်ယံပိုင်းလောက်တွင်သာ ထင်နေခြင်းဖြစ်သည်။

သို့သော် ထိုသို့ထင်နေသည့်နေရာတွင် မီးခဲနှင့် အကပ်ခံထားရသည့် အသွင်မျိုးဖြစ်လျက် ရှိနေသည်။

ဟူမေစင်၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

ေလာ ... သမီး အိမ်ပြန်ကြမယ်ေ

ဟူမေစင်သည် သမီးဖြစ်သူကိုခေါ်ကာ အိမ်ဘက်သို့ ခြေလှမ်းသုတ်သုတ်နှင့် ပြန်လာခဲ့သည်။

မိမိကို ဖခင်ဖြစ်သူက ဆူပူအပြစ်တင်မည်ဟု ထင်နေမိသော ဟူရောင်ချွန်မှာ အတော်လေးအံ့သြမိသည်။ သို့သော် နှုတ်မှမူဘာမျှမပြောဘဲ ဖခင်ဖြစ်သူ၏နောက်မှ ကုပ်ကုပ်ကလေး လိုက်ပါသွားသည်။

အိမ်သို့ပြန်ရောက်သည်နှင့် ဟူမေစင်သည် သူ၏သီးသန့်စာဖတ်ခန်းထဲသို့ တစ်ယောက်တည်း ဝင်ရောက်သွားသည်။

ထိုအခန်းထဲတွင် သိုင်းကျမ်းစာအုပ်များ၊ ဆေးကျမ်းစာအုပ်များကို စာအုပ်စင်များတွင် သပ်သပ်ရပ်ရပ် စီစီရီရီတင်ထားသည်။

စားပွဲငယ်တစ်ခုနှင့် ထိုင်ခုံတစ်လုံးလည်း ရှိသည်။ ထိုင်ခုံဘေးတွင် သံသေတ♣္တာကြီးတစ်လုံး ရှိသည်။ ထိုသံသေတ♣္တာမှာ ဟူမေစင်၏ အရေးကြီးသော ပစ♣ၥည်းများနှင့် စာရွက်စာတမ်းများ ထည့်သွင်းသိမ်းထားရာ နေရာဖြစ်သည်။

ဟူမေစင်သည် သံသေတ♣္တာကိုဖွင့်ကာ ဆီစိမ်စက♣ ူဖြင့် ပတ်ထားသော သစ်သားဘူးပြားလေးတစ်ခုကို ထုတ်ယူလိုက်သည်။

ထိုသစ်သားဘူးပြားလေးမှာ ဟူမေစင်၏ဖခင် ဟူဆန်ကွေး မကွယ်လွန်မီက ပေးအပ်ထားခဲ့သော ပစ♣ၥည်းဖြစ်သည်။

အလွန်ကြီးမားသည့် အန♣ှ့ရာယ်နှင့် ကြုံတွေ့ရသည့်အခါတွင်မှ ♣သစ်သားဘူးပြားလေးကို ဖွင့်ကြည့်ရန်လည်း ပြောဆိုမှာကြားထားခဲ့သည်။

ထို့ကြောင့် ဟူမေစင်သည် ထိုသစ်သားဘူးပြားလေးကို ဖွင့်မကြည့်ဘဲ သိမ်းရုံသာ သိမ်းထားခဲ့သည်။
ယခုအခါတွင် အန♣္တရာယ်ကြီးနှင့် ကြုံတွေ့ရင်ဆိုင်ရတော့မည် ဖြစ်သောကြောင့် သစ်သားဘူးပြားလေးကို ဖွင့်ကြည့်ရန် ထုတ်ယူလိုက်ခြင်းဖြစ်သည်။
ဟူမေစင်က ရစ်ပတ်ထားသော ဆီစိမ်စက♣ ူတို့ကို ဖြေသည်။
ထို့နောက် သစ်သားဘူးပြားလေးကို ဖွင့်ကြည့်သည်။
သစ်သားဘူးပြားလေးထဲတွင် အဖြူရောင်ပိုးထည်စလေးတစ်ခု လိပ်လျက်သားရှိနေသည်။ ထိုပိုးထည်စလေးကို ဖြန့်ကြည့်လိုက်ရာ ဆေးနီဖြင့် စာများရေးသားထားသည်ကို တွေ့ရသည်။
ခသားကြီး မေစင် ...
ဒီစာကို ဖတ်ရတဲ့အချိန်မှာ သားကြီးဟာ ဘေးအန♣္တရာယ်ကြီးတစ်ခုနဲ့ ရင်ဆိုင်ရပြီး သိပ်ကိုစိတ်ရှုပ်၊ စိတ်ညစ်နေတဲ့အချိန် ဖြစ်လိမ့်မယ်။ သားကြီးကို အန♣္တရာယ်ပြုမယ့်လူဟာလဲ ကျန်ရှုန်ဆိုတဲ့လူပဲ ဖြစ်လိမ့်မယ်။
ကျန်ရှုန်က ဖေဖေတို့မိသားစုကို ဘာကြောင့်အန♣္တရာယ်ပြုရမယ်ဆိုတာ သားကြီးသိစေချင်လို့ ဒီစာကိုရေးပေးထားခဲ့တာပဲ။
တကယ်တော့ ကျန်ရှုန်ဟာ ဖေဖေရဲ့ သူငယ်ချင်းမိတ်ဆွေ တစ်ယောက်ပါ၊ ရိုးလဲရိုးသားပါတယ်
ဒါပေမယ့် သားကြီး ဒီစာကိုဖတ်နေရတဲ့အချိန်မှာတော့ ကျန်ရှုန်ဟာ ကြမ်းကြုတ်ရက်စက်ပြီး ရန်လိုတဲ့လူတစ်ယောက် ဖြစ်နေပေလိမ့်မယ်။
ကျန်ရှုန်နဲ့ဖေဖေတို့ သူငယ်ချင်းဘဝကနေ ငြိုးသူရန်ဘက်ကြီးတွေအဖြစ် ရောက်ခဲ့ရပုံက ဒီလိုပါ။

လွန်ခဲ့တဲ့နှစ်ပေါင်း လေးဆယ်ကျော်လောက်က ဆိုပါတော့၊ တနေ့မှာ အတွင်းဒဏ်ရထားတဲ့ အမျိုးသမီးတစ်ယောက် ဖေဖေ့ဆီကို ဆေးကုခံယူဖို့ ရောက်လာခဲ့တယ်။ အဲဒီအမျိုးသမီးဟာ သားကြီးရဲ့မေမေပါပဲ။ သားကြီးရဲ့ မေမေကို ဖေဖေ ဆေးကုပေးခဲ့ရာက တစ်ယောက်နဲ့တစ်ယောက် ခင်မင်မေတ♣္တာမျှပြီး နောက်ဆုံးလက်ထပ်ဖြစ်ခဲ့ကြတယ်။
လက်ထပ်ပြီး သားကြီးကိုယ်ဝန် ခြောက်လလောက်ရှိတဲ့ အချိန်မှာ ကျန်ရှုန်ဟာ ဖေဖေ့ဆီကိုရောက်လာပြီး သားရဲ့မေမေဟာ သူနဲ့လက်ထပ်ဖို့ စေ့စပ်ထားတဲ့သူ ဖြစ်တယ်လို့ပြောတယ်၊ ဖေဖေ့ကိုလည်း သူက သစ♣္စာမစောင့်ဘူး၊ ယုတ်မာတယ်လို့ စွပ်စွဲပြီး ပြင်းထန်တဲ့စကားလုံးတွေနဲ့ တိုက်ခိုက်တယ်၊ စေ့စပ်ထားတာကို ဖေဖေမသိသလို မင်းရဲ့မေမေကလည်း မသိဘူး၊ လူကြီးချင်းပြောထားကြတာ ဖြစ်တယ်။
တကယ်လို့ သူတို့နှစ်ယောက် စေ့စပ်ထားတဲ့အကြောင်းကို သိထားမယ်ဆိုရင် သားရဲ့မေမေနဲ့ ဖေဖေတို့ဟာ ဘယ်လိုမှ လက်ထပ်ဖြစ်ကြမှာ မဟုတ်ဘူး။ အခုတော့ အစစအရာရာ လက်လွန်ကုန်ကြပြီလေ။ ဘယ်လိုမှ ပြင်လို့မရနိုင်တော့ဘူး။ ဘယ်သူ့အပြစ်ဆိုတာလဲ ပြောလို့မရနိုင်အောင် ဖြစ်နေရပြီ။
ကျန်ရှုန်ကတော့ ဖေဖေ့ကို သစ♣္စာမရှိဘူးလို့ချည်း စွပ်စွဲနေတယ်။ သားရဲ့မေမေကိုလဲ မျက်နှာများတယ်လို့ စွပ်စွဲတယ်။
တိုတိုပြောရရင် နောက်ဆုံးမှာ ကျန်ရှုန်နဲ့ ဖေဖေတို့နှစ်ယောက် လက်ရုံးရည်ချင်း ယှဉ်ပြိုင်တိုက်ခိုက်ကြတဲ့အထိ ဖြစ်ခဲ့ကြတယ်။
ဖေဖေဟာ ဆေးကုသမှုအတတ်မှာသာမက သိုင်းပညာမှာပါ ထူးချွန်တာကြောင့် ကျန်ရှုန်ကို အနိုင်ရခဲ့တယ်။
အဲဒီလို အနိုင်ရတဲ့အခါ ဖေဖေဟာ အနိုင်ရတဲ့ ပညာဂုဏ်မောက်ပြီး မပြောသင့်တဲ့ စကားတခွန်းကို ပြောလိုက်မိတယ်။
ခမင်းပညာလိုသေးပါတယ် ကျန်ရှုန်ရာ။ မင်းသိုင်းပညာထပ်သင်ပါဦး။ ငါ့ကို အနိုင်ရနိုင်မယ့် ပညာမျိုးတတ်မှ

တိုက်ကြည့်ပေါ့ဓ လို့ ကျန်ရှန်ကို ပြောလိုက်တယ်။

ဒီတခွန်းတည်းနဲ့ ကျန်ရှန်နဲ့ဖေဖေတို့နှစ်ယောက် သူငယ်ချင်းမိတ်ဆွေတွေ အဖြစ်ကနေ ရန်သူကြီးတွေ ဖြစ်သွားစေခဲ့တာပဲ။

ကျန်ရှန်က ဓတောက် … ကောင်းပြီ၊ စောင့်နေပါဓ လို့ တခွန်းတည်းပြောပြီး လှည့်ထွက်သွားတယ်။ အဲဒီနောက်တော့

ကျန်ရှန်နဲ့ ဖေဖေပြန်မဆုံရတော့ဘူး။ သူ့အကြောင်းကိုလဲ မကြားရတော့ဘူး။ ဒါပေမယ့် ကျန်ရှန်ဟာ ဖေဖေ့ကို

အနိုင်တိုက်နိုင်အောင် သိုင်းပညာကိုတော့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ကြိုးစားလေ့ကျင့်နေမယ်ဆိုတာ ဖေဖေသိတယ်။

လမ်းမှန်နည်းနဲ့မဖြစ်ရင် လမ်းလွဲနည်းနဲ့ ဖြစ်အောင်လုပ်မှာပဲ။

ကုန်ကုန်ပြောရရင် ဖေဖေအသက်ရှင်နေတဲ့အချိန်မှာ လာရင်မဆိုင်နိုင်သေးရင် ဖေဖေသေဆုံးသွားပြီးတဲ့နောက်မှာ

သားကြီးတို့ဆီကို ရောက်လာပြီး ရန်မူလိမ့်မယ်။

ဖေဖေ့ရဲ့ နှုတ်မစောင့်စည်းနိုင်လို့ ပြောမိခဲ့တဲ့ စကားတခွန်းကြောင့် ဖေဖေ့ရဲ့သားစဉ်မြေးဆက်အထိ

အန♣ၨ့ရာယ်အရိပ်မည်းကြီး လွှမ်းမိုးလာရတာကို ဖေဖေ စိတ်မကောင်းပါဘူး။

ဖေဖေ့အနေနဲ့တော့ သားကြီးဟာ ဒီစာကို ဘယ်တော့မှ မဖတ်ရပါစေနဲ့၊ သားကြီးတို့မိသားစုတွေ အပေါ်မှာ ကျန်ရှန်ရဲ့

အန♣ၨ့ရာယ် အရိပ်မည်းကြီး မကျရောက်လာပါစေနဲ့လို့ပဲ ဆုတောင်းပါတယ်။

ချစ်ဖေဖေ …

ဟူဆန်ကွေး …ဓ

စာကိုဖတ်♣ပြီးသွားသည့်တိုင် ဟူမေစင်သည် ပိုးထည်စလေးကိုကိုင်လျက် ငေးငိုင်နေမိသည်။

အငြိုးမပြေနိုင်ဘဲ ရန်ပြုလာသူ၏အန♣ၨ့ရာယ်မှာ အလွန်ပင်ကြီးမားတတ်ကြောင်းကို ဟူမေစင်သိသည်။ ထို့ပြင်

ဟူဆန်ကွေး၏ အုတ်ဂူဘေးရှိ သစ်ပင်တွင် ရိုက်သွားခဲ့သော ကျန်ရှန်၏ လက်ဝါးရိုက်ချက်ကလည်း

သူ့ကိုခြိမ်းခြောက်နေသည်။

ထိုသို့သော လက်ဝါးရိုက်ချက်မျိုးကို မမြင်ဖူးသော်လည်း သိဖူးကြားဖူးထားသည်။ သည်လို လက်ဝါးရိုက်ချက်မျိုးကို

မိစ♣ဉာမနောသိုင်းကျမ်းထဲတွင်ပါသည့် လောင်မီးမိစ♣ဉာသိုင်းကို တတ်မြောက်သူမှသာ ရိုက်ထုတ်နိုင်စွမ်းရှိသည်။

ထိုလက်ဝါးရိုက်ချက်မျိုး ရိုက်ပြသွားပုံကိုကြည့်လျှင် ကျန်ရှန်သည် မိစ♣ဉာမနောသိုင်းကို တနည်းနည်းဖြင့်

တတ်မြောက်ထားနိုင်ကြောင်း ယုံမှားဖွယ်ရာ မရှိပေ။

ဟူမေစင်သည် ဖခင်၏အမွေကို ဆက်ခံထားသူဖြစ်သည့်အတိုင်း ဆေးပညာရော သိုင်းပညာပါ အဆင့်မြင့်မြင့်

တတ်မြောက်သော်လည်း မိစ♣ဉာမနောသိုင်းကို ရင်ဆိုင်အန်တုနိုင်လောက်သည့် အဆင့်မှု မရှိသေးပေ။

ဓဟူး …ဓ

ဟူမေစင်သည် သက်ပြင်းမောကြီးတစ်ချက် လေးလေးပင်ပင် ချလိုက်မိသည်။

ပြီးလျှင် စာရွက်ကို သစ်သားဘူးပြားလေးထဲသို့ ပြန်ထည့် ♣ ဆီစိမ်စက ♣ ူနှင့် ပြန်ပတ်သိမ်းထားလိုက်သည်။

ထို့နောက် အခန်းပြင်သို့ ထွက်လာကာ စီမံဖွယ်ရာရှိသည်များကို စီမံလုပ်ဆောင်လေတော့သည်။

အိမ်ဂေဟာအမှုထမ်းများကို ထိုက်တန်သောဆုငွေများ ပေးအပ်ပြီး မိမိတို့ နေရပ်အသီးသီးသို့ ပြန်ခွင့်ပြုသည်။

တူတော်မောင်များဖြစ်ကြသည့် ယဲ့ကျင်ဖူ၊ ယဲ့ကျင်ရှုံနှင့် ယဲ့ကျင်ချန်တို့ကိုလည်း မိတ်ဆွေတစ်ယောက်၏နေအိမ်သို့

ပို့ဆောင်ထားလိုက်သည်။

ဟူမေစင်တို့ အိမ်ဂေဟာမှာ အမှောင်ထုကြီး လွှမ်းမိုးသလိုဖြစ်သွားသည်။ စည်စည်ကားကားရှိခဲ့သော အိမ်ဂေဟာကြီးမှာ

ငြိမ်သက်ခြောက်သွေ့သွားသည်။
ထိုအိမ်ဂေဟာတွင် ဟူမေစင်တို့မိသားစု သုံးယောက်သာလျှင် ကျန်ရှိနေပေတော့သည်။

ရှီးထင်ချိတ်သည် ကွမ်တုန်းပြည်နယ်သို့ ရောက်ရှိပြီးနောက် ယက✔စာပေသမားဟု အမည်ခံထားသည့် သိုင်းသမားဆိုးတို့၏ လှုပ်ရှားမှုကို တိတ်တဆိတ်စုံစမ်းကြည့်သည်။
ထိုသို့စုံစမ်းရင်း မော်ယောက်ကျိုနှင့် အဆက်အသွယ် ရရှိသည်။ မော်ယောက်ကျိုက ယက✔စာပေသမားတို့လူစု မေရှမ်းမြို့အနီးတွင် ရှိနေနိုင်ကြောင်း သတင်းပေးသည်။ ရှီးထင်ချိတ်လည်း မော်ယောက်ကျိုနှင့် သူ့လူများကို အတူခေါ်ကာ မေရှမ်းမြို့သို့ လာခဲ့သည်။
မေရှမ်းမြို့တွင် လူခွဲကာ ကိုယ်ရောင်ဖျောက်ထားပြီးနောက် သတင်းများစုံစမ်း စနည်းနာကြသည်။
ရှီးထင်ချိတ်သည် မေရှမ်းမြို့ပြင်သို့ ထွက်ခဲ့ရာတွင် သိုင်းဆရာသမားတော်ကြီး ဟူမေစင်၏ အိမ်ဂေဟာရှေ့သို့ ရောက်လာသည်။
ဟူမေစင်သည် သိုင်းပညာထူးချွန်သည်သာမက ဆေးကုသမှုတွင်လည်း ပြောင်မြောက်သော သမားတော်ကြီးတစ်ယောက်ဖြစ်ကြောင်းကို သူသတင်းစကား ကြားသိခဲ့ရပြီး ဖြစ်သည်။
ဟူမေစင်၏ အိမ်ဂေဟာမှာ လူသူကင်းမဲ့သည့်အလား တိတ်ဆိတ်နေသည်ကို တွေ့ရသည့်အတွက် ရှီးထင်ချိတ် အံ့သြမိသည်။ နာမည်ကျော် သမားတော်ကြီးလည်းဖြစ်သော ဟူမေစင်၏အိမ်ဂေဟာတွင် ဆေးကုသသူများ ဝင်ထွက်ကာ စည်စည်ကားကား ရှိနေရမည်မဟုတ်ပါလား။ ယခုတော့ လူရိပ်လူယောင်ပင် မမြင်ရဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။
ထူးခြားနေသော အဖြစ်ကြောင့် ရှီးထင်ချိတ် စိတ်ဝင်စားသွား၏။ အကျိုးအကြောင်း စူးစမ်းကြည့်ရန်အတွက် အိမ်ဂေဟာဝင်းထဲသို့ အသာလျှောက်လှမ်း ဝင်ရောက်သွားသည်။
အိမ်ဂေဟာဝင်းသည် ကျယ်ဝန်းလှသည်။ ကျောက်ပြားများခင်းထားသည့် လမ်းအတိုင်း လျှောက်လာခဲ့ရာ လူတစ်ယောက်မျှ မတွေ့ရ။ သို့သော် မကြာသေးသော အချိန်ကာလက လူသူစည်ကားခဲ့သည့် အရိပ်အယောင် အစအနများကိုမူ တွေ့ရသည်။ ကျယ်ဝန်းသော ခြံဝင်းကိုဖြတ်ပြီးနောက် အိမ်ဂေဟာတံခါးရှေ့သို့ ရှီးထင်ချိတ် ရောက်လာခဲ့သည်။ အိမ်တံခါးသည် စေ့စေ့ပိတ်ထားသည်။ အိမ်ထဲတွင်မူ လူရှိနေကြောင်းကို ရှီးထင်ချိတ် အကဲခတ်မိသည်။
ဓဒေါက် … ဒေါက်ဓ
ရှီးထင်ချိတ်က အိမ်တံခါးကို အသာအယာ ခေါက်လိုက်သည်။
တံခါးခေါက်လိုက်ပြီးသည်နှင့် အိမ်တံခါးက ပွင့်သွားသည်။ တံခါးဖွင့်ပေးသူသည် အသက်လေးဆယ်အရွယ်ခန့်ရှိ လူကြီးတစ်ယောက်ဖြစ်သည်။
လူကြီး၏ ရုပ်ရည်သည် မွန်ရည်ခန့်ညားသော်လည်း မျက်နှာအမူအရာကတော့ ရွှင်ပျခြင်း မရှိပေ။
ဓကျွန်တော် ခေါင်းထဲမှာမူးဝေပြီး ရင်ထဲမှာလဲ အောင့်နေပါတယ်၊ အဲဒါ သမားတော်ကြီးနဲ့တွေ့ပြီး အကုသခံချင်လို့ပါ ခင်ဗျာ၊ သမားတော်ကြီး ရှိပါသလားဓ
ရှီးထင်ချိတ်က ဝေဒနာခံစားနေရသည့် အသွင်ဖြင့် ပြောလိုက်သည်။
တကယ်တော့ သူ့တွင်မည်သည့် အနာရောဂါမျှမရှိ။ သမားတော်တစ်ယောက်၏ နေအိမ်ထဲသို့ ဝင်လာမိသောကြောင့် အကြောင်းပြချက်ကောင်းအောင် အလွယ်တကူစစ်ဆေး♣မရနိုင်သည့် ရောဂါများကို နှုတ်မှပြောလိုက်ခြင်း ဖြစ်ပေသည်။

ရှီးထင်ချိတ်ကို တံခါးဖွင့်ပေးသူသည် သိုင်းဆရာ သမားတော်ကြီး ဟူမေစင်ကိုယ်တိုင်ပင် ဖြစ်သည်။

ဟူမေစင်သည် သံမဏိကျုန်ရုန်၏ ဘေးအန ♣ ရာယ်ကို မရှောင်သာဘဲ ရင်ဆိုင်ရတော့မည် ဖြစ်သောကြောင့် ဆေးဝါးကုသမှုကိုလည်း ရပ်ဆိုင်းထားခဲ့သည်။

သို့သော် ဘိုးဘွားအစဉ်အဆက်ကပင် ဆေးဝါးကုသလာခဲ့သည့် သမားတော်မျိုးရိုးဖြစ်သော ဟူမေစင်သည် မိမိထံသို့ အားကိုးတကြီး ရောက်လာသော လူနာတစ်ယောက်ကို သည်အတိုင်းပြန်လွှတ်လိုက်ခြင်းလည်း မပြုလိုပေ။

ခသမားတော်ကြီး ဟူမေစင်ဆိုတာ ကျုပ်ပါပဲ၊ ကဲလာ ... အိမ်ထဲကိုဝင်ပါဦးခ

ဟူမေစင်က ရှီးထင်ချိတ်ကို လူနာစမ်းသပ်သည့် အခန်းထဲသို့ခေါ်သွားပြီး သွေးခုန်နှုန်း စမ်းကြည့်သည်။

ရှီးထင်ချိတ်သည် ရှောင်လင်စကြာအတွင်းအား သုံးကာ သွေးခုန်နှုန်းကို မြန်လိုက်နှေးလိုက်ဖြစ်အောင် ပြုလုပ်လိုက်သည်။

ဟူမေစင် မျက်မှောင်ကြုတ်သွားသည်။

ခေါင်းမူးခြင်းနှင့် ရင်ထဲမှအောင့်ခြင်းတို့သည် စမ်းသပ်ရန်ခက်သည်မှန်သော်လည်း လူနာမှာ လမ်းကောင်းစွာလျှောက်လာနိုင်သည့်အပြင် မျက်မြင်တွေ့ရှိချက်အရ လန်းလန်းဆန်းဆန်းပင် ရှိနေသောကြောင့် သွေးဆေးအနည်းငယ်နှင့် လေဆေးအနည်းငယ်ပေးလိုက်လျှင် ဖြစ်မည်ဟု သူထင်ခဲ့သည်။

သွေးခုန်နှုန်းကို စမ်းကြည့်သောအခါတွင်မူ သွေးခုန်နှုန်းက မူမမှန်ဘဲ မြန်လိုက်နှေးလိုက် ဖြစ်နေသည်ကို စမ်းမိသဖြင့် ဟူမေစင်မှာ အတော်ပင် အတွေးရခက်သွားသည်။

သွေးခုန်နှုန်းမြန်ခြင်းမျိုးကို သူတွေ့ဖူးသည်။ သွေးခုန်နှုန်းနှေးသည့် ဝေဒနာမျိုးကိုလည်း သူကုသဖူးသည်။

တချိန်တည်းတခါတည်းမှာပင် သွေးခုန်နှုန်းက မြန်လိုက်နှေးလိုက်နှင့် ဖြစ်နေပုံကိုကား ဟူမေစင် မကြုံဖူးသေးပေ။ ယခုမှသာ ပထမဆုံးအကြိမ်အဖြစ် ထူးထူးခြားခြား တွေ့ရခြင်းဖြစ်သည်။

ခရိုးရိုးသွေးအားနည်းတာကြောင့် ခေါင်းမူးပြီး လေထလို့ ရင်ထဲကအောင့်တာမျိုးတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး၊ ထူးခြားတဲ့ ရောဂါဝေဒနာ တစ်ခုခုကြောင့် ဖြစ်လိမ့်မယ်ခ

ဟူမေစင်၏ စိတ်ထဲတွင် တွေးလိုက်မိသည်။

သူသည် ဆေးဝါးကုသမှုတွင် ဝါသနာထုံကာ ဇွဲလည်းကြီးသည်။ မတွေ့ဖူးမကြုံဖူးသော ရောဂါအသစ်အဆန်းများဆိုလျှင် အလွန်စိတ်ဝင်စားသည်။ ထိုရောဂါအသစ်အဆန်းများအတွက် ကုထုံးကိုလည်း ဇွဲကောင်းကောင်းနှင့် ကြိုးစားရှာဖွေတတ်သည်။

ထို့ကြောင့် မိမိတို့မိသားစုအပေါ်တွင် အုပ်မိုးနေသော အန ♣ ရာယ်အရိပ်မည်းကြီးကိုပင် မေ့သလိုဖြစ်ကာ ရှီးထင်ချိတ်အား စိတ်ဝင်စားစွာ ဆက်လက် စမ်းသပ်စစ်ဆေးနေမိသည်။

လူနားစမ်းသပ်ခန်းထဲတွင် အချိန်ကြာမြင့်နေသည့်အတွက် ဟူမေစင်၏ ဇနီးနှင့်သမီးတို့ စိုးရိမ်ပူပန်ကာ အထဲသို့ဝင်လိုက်လာကြသည်။

လူနာကို စိတ်ဝင်စားစွာ စစ်ဆေးကြည့်နေသည်ကို တွေ့ရတော့မှ သူတို့စိတ်အေးသွားကြသည်။

ဟူမေစင်သည် စမ်းသပ်စစ်ဆေးမှုကို ရပ်နားလိုက်ပြီး ...

ခအောင်း ... ကျုပ်တော့ လက်မြ ✔ ာက်ရတော့မလို ဖြစ်နေပြီခ

ခေက်ပြီဗျာ၊ ဒါဆိုရင် ကျွန်တော့်အတွက် မျှော်လင့်ချက်မရှိတော့ဘူးပေါ့၊ ကယ်နိုင်ရင်ကယ်ပါ ဆရာရယ်ခ

ရှီးထင်ချိတ်က စိတ်ပျက်အားလျှော့သည့် အသွင်ဖြင့် ပြောသည်။

ခနောက်ဆုံးကုသိုလ်ပြုတဲ့အနေနဲ့ ဒီမောင်ရင်လေးကို ကုပေးလိုက်ပါရှင်၊ သူ့ခမျာ ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ရောဂါဝေဒနာဒဏ် ခံစားနေရတာ သနားပါတယ်ခ

ဟူမေစင်၏ဇနီးက ဝင်ပြောသည်။

ဟူမေစင်က ဘာမျှမပြော။ သက်ပြင်းတစ်ချက်သာ ချသည်။

ခကျွန်တော့်ရောဂါကို ကုလို့မရနိုင်ဘဲ ကျွန်တော်သေသွားရရင် ကျွန်တော့်အမေနဲ့ အသက်ရှင်လျက် ပြန်တွေ့နိုင်တော့မှာ မဟုတ်ပါဘူး ဆရာရယ်၊ ကျွန်တော့်အမေနဲ့ ကျွန်တော်မခွဲခွာချင်သေးဘူးခ

ရှီးထင်ချိတ်က စိတ်လက်မချမ်းသာသည့် လေသံဖြင့် ဆက်လက် ♣ ပြောဆိုနေပြန်သည်။

အစတွင် မိမိအပေါ် သနားလာအောင် ပရိယာယ်ဆင်ကာ ပြောနေသော်လည်း မိမိ၏မိခင်ကြီး ပိုင်စုကျင်ကို သတိရလာကာ တကယ်ပင် ခံစားချက်အပြည့်ဖြင့် ဆက်လက်ပြောဆိုမိသည်။

ရှီးထင်ချိတ်သည် ယခုအခါတွင် သိုင်းလောက၏ ထိပ်ပိုင်းအဆင့်သို့ ရောက်ရှိနေပြီဟု ဆိုနိုင်သည်။ သို့ရာတွင် မိဘ၏ နွေးထွေးသော မေတ ♣ ဍာနှင့်မှု ကင်းကွာနေခဲ့ရသည်။ မေတ ♣ ဍာငတ်သူ တစ်ယောက်လိုလည်း ဖြစ်နေရသည်။

ဟူမေစင်၏ဇနီးမှာ ပိုင်စုကျင်နှင့် သက်တူရွယ်တူလောက်ပင် ရှိသည်။ မိမိ၏မိခင်အရွယ် အမျိုးသမီးတစ်ယောက်က မိမိအပေါ် ကြင်ကြင်နာနာဖြင့် ပြောဆိုနေသည်ကို ကြားရသောအခါ မိခင်၏မေတ ♣ ♣ ဍာကို လိုလားတောင့်တနေသော ရှီးထင်ချိတ်မှာ စိတ်ထိခိုက်ပြီး မိခင်ဖြစ်သူကို လွမ်းဆွတ်သည့်စိတ်များ ဘယ်လိုမှ ချုပ်တည်းထားနိုင်ခြင်း မရှိတော့။ ပြောလိုက်သည့်စကားများ အလွန်ပင်ထိမိသွား၏။

ရှီးထင်ချိတ်၏ လှိုက်လှိုက်လှဲလှဲ ပြောဆိုနေမှုကြောင့် ဟူမေစင်တို့သားအဖ သုံးယောက်လုံးသည် သူ့အပေါ်တွင်ပို ♣ ကရုဏာသက်သွားကြရသည်။

ခဖေဖေရယ် ... ဒီက အစ်ကိုကြီး ရောဂါပျောက်အောင် ကုပေးလို့ရရင် ကုပေးလိုက်ပါလားခ

ဟူရှောင်ချွန်ကပါ ဝင်ရောက်တောင်းပန်စကားဆိုသည်။

ခကံတယ်သမီး၊ ခက်တယ်၊ သူ့ကို ကုသပေးဖို့ဆိုရင် အချိန်ယူဖို့လိုတယ်၊ ဒီတော့ သူ့ကို ကယ်တင်ရာမရောက်ဘဲ သေရွာကိုအတူခေါ်သွားသလို ဖြစ်နေလိမ့်မယ်ခ

ဟူမေစင်က ခပ်ညည်းညည်းလေး ပြန်ပြောသည်။

ယနေ့သည် ကျန်ရှန်က ကြိမ်းဝါးချိန်းဆိုထားခဲ့သည့် နေ့ဖြစ်သည်။ ညအချိန်သို့ ရောက်သည်နှင့် ကျန်ရှန်က ဟူမေစင်တို့၏ အိမ်ဂေဟာသို့ ရောက်လာပြီး ရှိသမျှလူသူများကို တိုက်ခိုက်သတ်ဖြတ်ပစ်ပေတော့မည်။

ရှီးထင်ချိတ်မှာ ထိုအကြောင်းကို မသိသေးသည့်အတွက် ဟူမေစင်ပြောသည့် စကားတို့ကို နားမလည်နိုင်ဘဲ ရှိနေသည်။

ခဒီနေ့ညက ကျွန်မတို့မိသားစုအတွက် သိပ်အရေးကြီးနေတယ်၊ ကျွန်မတို့ ဒီနေ့ညကို ကျော်လွန်နိုင်မယ်ဆိုရင် အစ်ကိုကြီးရဲ့ ရောဂါ သက်သာပျောက်ကင်းအောင် ဖေဖေက အချိန်ယူပြီး ကုသပေးပါလိမ့်မယ်၊ ဒီတော့ ဒီတစ်ညတော့ အစ်ကိုကြီးပြန်သွားပါဦး၊ မနက်ဖြန်ကျမှပဲ ဒီကို ပြန်လာခဲ့ပေါ့ခ

ဟူရှောင်ချွန်က ရှီးထင်ချိတ်ကို ပြောသည်။

ရှီးထင်ချိတ်မှာ ဟူရှောင်ချွန်၏ စကားများကို သဘောပေါက်သဖြင့် မျက်မှောင်ကြုတ်သွားမိသည်။

ခသမီး ...ခ

ဟူမေစင်၏ဇနီးသည်က သမီးဖြစ်သူကို ကြားဝင်ဟန့်တားလိုက်သည်။

ဟူရှောင်ချွန်က မိခင်ကိုလှမ်းကြည့်ကာ ...

ဓမထူးတော့ပါဘူး မေမေရယ်၊ အဖြစ်မှန်ကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောလိုက်တာ ကောင်းပါတယ်ဓ

ဓဒေါ်လေးတို့ကို ကြည့်ရတာ အခက်အခဲ အကျပ်အတည်း တစ်ခုခုကို ရင်ဆိုင်နေရပုံပဲ၊ ဘယ်လို အခက်အခဲလဲ ဆိုတာ ပြောပြနိုင်မယ်ဆိုရင် သိပါရစေဓ

ရှီးထင်ချိတ်က ဟူမေစင်၏ဇနီးကို မေးသည်။

ဓဒီနေ့ညကျရင် ရန်သူကြီးတစ်ယောက် ရောက်လာပြီး ဒေါ်လေးတို့ မိသားစုအားလုံးကို တိုက်ခိုက်ရန်ပြုလိမ့်မယ်၊ အဲဒီ ရန်သူကြီးက သိပ်ကိုအစွမ်းထက်မြက်တယ်၊ ဒါကြောင့် အခုလို ပြောနေရတာပါဓ

ဟူမေစင်၏ဇနီးက ရှင်းပြသည်။

ယက✔စာပေသမား၏ အန♣ရာယ်ရန်စွယ်များ ဖြစ်နေလေမည်လားဟု ရှီးထင်ချိတ်၏စိတ်ထဲတွင် တွေးမိလိုက်သည်။

ဓကျွန်တော်လဲ ထူးဆန်းတဲ့ ရောဂါဝေဒနာဆိုး ခံစားရပြီး ဒုက✔တွေ့နေရတဲ့လူပါ၊ ဒီတော့ မထူးပါဘူး၊ ဆရာကြီးတို့ မိသားစုနဲ့ အတူပဲ လာနေပါရစေ၊ ဆရာကြီးတို့ မိသားစု အသက်ဆက်ရှင်နိုင်ရင် ကျွန်တော့်အတွက် ရောဂါဝေဒနာ သက်သာပျောက်ကင်းမှာပဲ၊ မဟုတ်ရင် ဒီရောဂါဝေဒနာကြောင့် ကျွန်တော်လဲ သေဆုံးရမှာပဲဓ

ဟူမေစင်တို့ ဇနီးမောင်နှံ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်မိကြသည်။

ဓလက်ခံလိုက်ပါ ဖေဖေရယ်၊ ဒီအစ်ကိုကြီးပြောတာ ဟုတ်ပါတယ်၊ သူကော ကျွန်မတို့ကော ကိုယ့်ဒုက✔နဲ့ကိုယ် ရှိနေကြတာပါပဲဓ

ဟူရှောင်ချွန်က ဝင်ပြောသည်။

ဓကောင်းပြီလေ မောင်ရင်လေး သဘောပါပဲဓ

နောက်ဆုံးတွင် ဟူမေစင်က ခေါင်းညိတ်ကာ သဘောတူလိုက်လေတော့သည်။

ညနေပိုင်းတွင် ဟူရှောင်ချွန်က ရှီးထင်ချိတ်ကို ခြံဝင်းအတွင်း လှည့်လည်ပြသသည်။

ခြံဝင်းကို အုတ်တံတိုင်းပတ်လည် ကာရံထားပြီး အုတ်တံတိုင်းနှင့်ကပ်လျက် ဝါးပင်များကို စီစီညီညီနှင့် အတွင်းဘက်နံရံသဘောမျိုး စိုက်ထားသည်။

အိမ်ဂေဟာ၏ အရှေ့ဘက်တွင် ဆေးပင်နှင့်ပန်းပင်များ စိုက်ပျိုးထားပြီး အိမ်ဂေဟာ၏ အနောက်ဘက်ပိုင်းတွင်မူ သီးပင်စားပင် စိုက်ခင်းများရှိသည်။

အိမ်ဂေဟာဝင်း အနောက်ဘက်တွင် နံရံနားတွင် စိုက်ထားသည့် ဝါးပင်များသည် အခြားနေရာများရှိ ဝါးပင်များလို စိမ်းစိမ်းစိုစိုနှင့် လန်းဆန်းခြင်းမရှိဘဲ ညို✔ူးခြောက်သယောင်ရှိနေသည်ကို ရှီးထင်ချိတ် သတိပြုမိသည်။ ထို့ပြင် ထိုဝါးပင်များ၏ခြေရင်းတွင် ပိုးကောင်ငယ်လေးများ ပြန့်ကျဲအောင် သေဆုံးနေကြသည်ကိုလည်း တွေ့ရသည်။

ဓအစ်ကိုကြီးက ဒီဝါးပင်တွေကို အတော်စိတ်ဝင်စားနေတယ် မှတ်တယ်ဓ

ဟူရှောင်ချွန်က ရှီးထင်ချိတ်၏ မျက်လုံးများကို သတိပြုမိပြီး စူးစမ်းသလိုမေးသည်။

ဓအင်း ... ဒီနေရာက ဝါးပင်တွေဟာ တခြားနေရာက ဝါးပင်တွေလို စိမ်းစိမ်းလန်းလန်းမရှိဘဲ ခြောက်သွေ့သလိုလို ဖြစ်နေတယ်၊ ပြီးတော့ ဒီနားတဝိုက်မှာ ပိုးကောင်လေးတွေလဲ အများကြီးသေနေတယ်၊ ဟင်းသီးဟင်းရွက်ပင်တွေကလဲ

လန်းဆန်းပုံ မရဘူးခ

ရှီးထင်ချိတ်က စဉ်းစဉ်းစားစားဖြင့် ပြောသည်။

ဟူရှောင်ချွန်မှာ အသက်ငယ်ရွယ်ပြီး အတွေ့အကြုံကလည်း နုနယ်လှသေးသောကြောင့် ဘာကိုမျှ အလေးအနက်မထားပေ။

ခအစ်ကိုကြီးကလဲ ကြံကြံဖန်ဖန် လိုက်စဉ်းစားနေတယ်၊ ဒီနေရာမှာ နေရောင်ပိုကျလို့ ဝါးပင်တွေ ဟင်းသီးဟင်းရွက်ပင်တွေ မလန်းဆန်းဘဲ ရှိနေတာဖြစ်မှာပေ့ါ၊ ကဲ လာပါ၊ ဟိုဘက်နားကို လိုက်ပြဦးမယ်ခ

ဟူရှောင်ချွန်က ရှီးထင်ချိတ်ကို ခြံဝင်းတစ်ဘက်ပိုင်းသို့ ဆက်လက်ခေါ်ဆောင်သွားသည်။

သူမသည် ငယ်ရွယ်ပြီး ရိုးသားပွင့်လင်းသူတစ်ယောက် ဖြစ်သည်။ ရှီးထင်ချိတ်က စကားလမ်းကြောင်းပြီး မေးမြန်းကြည့်ရာ သူမတို့မိသားစုကို လာရောက်ရန်ပြုမည့်လူမှာ သံမဏိကျန်ရှုန်ဆိုသူဖြစ်ပြီး လောင်မီးမိစ♣ာသိုင်း တတ်မြောက်ထားကြောင်း ပြောပြသည်။

လောင်မီးမိစ♣ာသိုင်းမှာ မိစ♣ာမနောသိုင်းကျမ်းတွင် ပါရှိသည့် သိုင်းပညာတစ်မျိုးဖြစ်ကြောင်း ရှီးထင်ချိတ် သိထားသည်။ သံမဏိကျန်ရှုန်ဆိုသူအပေါ်တွင်လည်း အထူးပင်စိတ်ဝင်စားသွားသည်။

သံမဏိကျန်ရှုန်သည် ယက✔စာပေသမားအမည်ခံ သိုင်းသမားဆိုးများနှင့် တနည်းမဟုတ်တနည်း ပတ်သက်မှုရှိရမည်ဟု စိတ်ထဲတွင် တွက်လိုက်ပြီးဖြစ်သည်။

ထိုအချိန်မှာပင် ဟူမေစင်၏ဇနီးက ညစာအသင့်ပြင်ဆင်ပြီးကြောင်း လာရောက်ပြောဆိုသည့်အတွက် ရှီးထင်ချိတ်တို့လည်း အိမ်ဂေဟာထဲသို့ ဝင်ရောက်လာခဲ့ကြလေတော့သည်။

ရှီးထင်ချိတ်သည် ဟူမေစင်တို့ မိသားစုနှင့်အတူ တဝိုင်းတည်းထိုင်ကာ ညစာစားသောက်ရန်ပြင်ဆင်သည်။

ညစာမှာ ဟင်းလျာသုံးမျိုးပါကာ အတော်လေးပင် ဖွယ်ဖွယ်ရာရာရှိသည်။

ခဒေါ်လေးက တကယ့်အိမ်ရှင်မကောင်း တစ်ယောက်ပဲ၊ အန♣ရာယ်ဆိုးကြီးကို ရင်ဆိုင်ရတော့မယ့်ဆဲဆဲ စိတ်ညစ်ညူးနေတဲ့ အချိန်မှာတောင် ဖွယ်ဖွယ်ရာရာရှိအောင် ချက်ပြုတ်စီမံနိုင်သေးတယ်နော်ခ

ရှီးထင်ချိတ်က ဟူမေစင်၏ဇနီးကို ချီးမွမ်းလိုက်သည်။

ခအေးကွယ် ... ဒေါ်လေးလဲ ဈေးတွေဘာတွေတော့ မသွားနိုင်ပါဘူး၊ ခြံထွက်အသီးအရွက်တွေနဲ့ မွေးထားတဲ့ကြက်ကိုပဲ ဟင်းလျာအဖြစ် ...ခ

ဟူမေစင်၏ဇနီးမှာ စကားပြောရင်း ငိုသံပါလာကာ အသံတိမ်ဝင်ပြီး တပိုင်းတစနှင့် ရပ်သွားသည်။

သူမသည် ♣ညစာကို နောက်ဆုံးလက်ရာအဖြစ် ကြိုးစားချက်ပြုတ်တည်ခင်းရကြောင်းကို ပြောလိုသော်လည်း ဝမ်းနည်းကာရင်ထဲတွင် ဆို့နင့်လာသောကြောင့် စကားများ ဆက်မပြောနိုင်တော့ပေ။

ခခြံထွက်အသီးအရွက်နဲ့ မွေးထားတဲ့ကြက်ခ ဟူသော စကားကို ကြားလိုက်ရသည့်အခါတွင် ရှီးထင်ချိတ်၏ရင်ထဲမှာ ထင့်ခနဲဖြစ်သွားသည်။

ခစားသောက်တဲ့အချိန်မှာ ဝမ်းနည်းစရာတွေ တွေးမနေပါနဲ့ ရှင်မရယ်၊ ကံတရားအတိုင်းပဲပေ့ါခ

ဟူမေစင်က ဇနီးသည်ကို ဖြေသိမ့်စကားပြောပြီး အသီးအရွက်ကြော်ကို တူဖြင့်လှမ်းည✔ပ်ယူလိုက်သည်။

ခဏနေပါဦး၊ ဆရာကြီးခ

ရှီးထင်ချိတ်က ကမန်းကတန်းပင် ဟန့်တားလိုက်သည်။

ဟူမေစင်လည်း ည✔ပ်ထားသော အသီးအရွက်ကြော်များကို ပြန်ချထားလိုက်ပြီး ...

ဘာဖြစ်လို့လဲ မောင်ရင်လေး

ကျွန်တော့် စိတ်ထဲမှာ သံသယနည်းနည်း ဖြစ်မိလို့ပါ

ဘယ်လိုများ သံသယဖြစ်မိတာလဲ

ကျွန်တော် စောစောက ညီမလေးရောင်ချွန်နဲ့အတူ ခြံဝင်းထဲလျှောက်ကြည့်တော့ ခြံဝင်းနောက်ဘက် တနေရာက ဝင်းထရံနားမှာရှိတဲ့ ဝါးပင်တချို့ဟာ တခြားဝါးပင်တွေလို စိမ်းမနေဘဲ ခြောက်သွေ့သလိုလို ဖြစ်နေတာကိုတွေ့ရတယ်၊ ပြီးတော့ အဲဒီအနီးအနားမှာ ပိုးကောင်လေးတွေလဲ အများကြီးသေဆုံးနေကြတယ်၊ အဲဒီအနားက ဟင်းသီးဟင်းရွက်ပင်တွေလဲ မလန်းဆန်းသလို အရိပ်အယောင်ရှိနေတယ်၊ ဒါကြောင့် ကျွန်တော့် စိတ်ထဲမှာတမျိုးကြီးပဲ

ဟူမေစင်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

ချက်ချင်းပင် စားပွဲပေါ်ရှိ ဟင်းလျာများကို စစ်ဆေးကြည့်သည်။

ဟူမေစင် မျက်နှာအမူအရာ ပိုပျက်လာသည်။

အဲဒီ ခြံထောင့်နေရာမှာ မြစိမ်းရွှေပတ်မြွေ ရှိနေပြီ

ဟူမေစင်က ခပ်တိုးတိုးရေရွတ်ပြောဆိုသည်။

ရှီးထင်ချိတ်သည် မြစိမ်းရွှေပတ်မြွေအကြောင်းကို မကြားဖူးပေ။ သို့ရာတွင် တွေ့ရှိနေရသည့် အခြေအနေများအရ မြစိမ်းရွှေပတ်မြွေသည် အလွန်အဆိပ်ပြင်းကာ ကြောက်စရာကောင်းမည် ဖြစ်ကြောင်းကိုကား တွေးမိသည်။

မြစိမ်းရွှေပတ်မြွေဆိုတာ ဘယ်လိုမျိုးလဲ ဖေဖေ၊ သူက အဆိပ်သိပ်ပြင်းသလား

ဟူရောင်ချွန်က မေးသည်။

အဆိပ်ပြင်းသလား မမေးနဲ့၊ ဒီမြွေပေါက်တာ မဆိုထားနဲ့၊ ဒီမြွေရှိတဲ့နေရာရဲ့ တစ်မိုင်ပတ်လည်က သစ်ပင်နဲ့သက်ရှိ သတ♣ ္ဝါတွေဟာ နှစ်ရက်အတွင်း သူ့အဆိပ်ငွေ့ဒဏ်ကြောင့် သေဆုံးကုန်နိုင်တယ်၊ မောင်ရင်လေးတွေ့ခဲ့ရတဲ့ အခြေအနေကိုကြည့်ရင် ဒီမြွေရောက်နေတာ တစ်ရက်လောက်ပဲ ရှိလိမ့်ဦးမယ်

ဒီနယ်မှာ မြစိမ်းရွှေပတ်မြွေရှိတယ်လို့ မကြားမိဖူးပါဘူး၊ အခုမှ ဘယ်လိုလုပ် ရောက်လာရတာလဲ

ဟူမေစင်၏ ဇနီးက ဝင်မေးသည်။

ဒါများ အထူးစဉ်းစားနေစရာ မလိုပါဘူး၊ တစ်ယောက်ယောက်က လာထားခဲ့တာ ဖြစ်မှာပေါ့

ကျေန်ရှုန်လက်ချက်များလား

အင်း … သူပဲ ဖြစ်ရမှာပေါ့

ဆရာကြီးက မြစိမ်းရွှေပတ်မြွေအကြောင်းကို သိထားတယ်ဆိုတော့ သူ့ကို ဘယ်လိုနှိမ်နင်း ပစ်နိုင်မယ်ဆိုတာကိုလဲ သိမှာပေါ့

ရှီးထင်ချိတ်က ဟူမေစင်ကိုမေးသည်။ ဟူမေစင်က စိတ်ပျက်အားလျှော့သည့် အသွင်ဖြင့် …

နည်းနည်းတော့ သိပါတယ်၊ ဒါပေမယ့် ကျုပ်အနေနဲ့တော့ နှိမ်နင်းနိုင်မယ် မထင်ဘူး

ဘာဖြစ်လို့လဲ ဆရာကြီးရဲ့

ဒီမြွေကို ယမ်းမှုန့်နဲ့ပက်လိုက်ရင် မလှုပ်ရှားနိုင်ဘဲ ငြိမ်သွားမယ်၊ အဲဒီအခါကျတော့ ယမ်းမှုန့်ကို မီးရှို့လိုက်တာနဲ့ ကိစ♣⮘ပြတ်နိုင်ပါတယ်၊ ဒါပေမယ့် သူ့အနားကို တော်ရုံလူချဉ်းကပ်လို့ မရဘူး၊ အတွင်းအား အခြေခံကောင်းပြီး

လှုပ်ရှားမှုမြန်ဖို့လိုတယ်၊ ချက်ချင်းကပ်၊ ယမ်းမှုန့်နဲ့ ချက်ချင်းပက်၊ ပြီးတာနဲ့ မီးလှမ်းရှို့ပြီး ဘေးကင်းတဲ့နေရာကို အရောက်ပြန်ဆုတ်လာဖို့ သိပ်အရေးကြီးတယ်၊ အတွင်းအားအခြေခံ မမြင့်မားရင်၊ မြွေရဲ့ကိုယ်က ထွက်တဲ့အဆိပ်ငွေ့ဒဏ်ကို မခံနိုင်ဘဲ မြွေအနားကိုတောင် ကပ်နိုင်မှာမဟုတ်ဘူး၊ အတွင်းအားအခြေခံကောင်းလို့ မြွေနားကို ချဉ်းကပ်နိုင်တယ်ဆိုရင်လဲ မြွေက အဆိပ်ငွေ့နဲ့လှမ်းမမှုတ်ခင် ယမ်းမှုန့်နဲ့မိအောင် ပက်နိုင်ဖို့လိုတယ်၊ ကျုပ်က သိုင်းပညာအတော်လေး တတ်ထားပေမယ့် မြစိမ်းရွှေပတ်မြွေအနားကို ကပ်နိုင်လောက်အောင်တော့ အတွင်းအား မမြင့်မားဘူး၊ ပြီးတော့ မြွေက အဆိပ်ငွေ့နဲ့လှမ်းမမှုတ်ခင် အရင်ဦးအောင် ယမ်းမှုန့်နဲ့ လှမ်းပက်နိုင်တဲ့အထိလဲ မြန်မြန်မလှုပ်ရှားနိုင်ဘူး၊ ဒီတော့ မြစိမ်းရွှေပတ်မြွေကို ဘယ်လိုလုပ်ပြီး နှိမ်နင်းပစ်နိုင်မှာလဲ၏

၏ဒီအတွက် မပူပါနဲ့ဆရာကြီး၊ ကျွန်တော် တာဝန်ယူ နှိမ်နင်းပေးပါ့မယ်၊ မြွေရှိတဲ့နေရာကို ဘယ်လိုရှာရမလဲ ဆိုတာသာပြောပါ၏

ဟူမေစင်က ရှီးထင်ချိတ်ကို တအံ့တသြဖြစ်သွားဟန်နှင့် စူးစိုက်ကြည့်လိုက်သည်။

နောက်မှ တစုံတရာကို အတွေးပေါက်သွားသဖြင့် ခေါင်းတချက်ညိတ်ကာ မြစိမ်းရွှေပတ်မြွေရှိသည့်နေရာကို ရှာဖွေသိနိုင်မည့် နည်းလမ်းများကို ပြောပြလိုက်သည်။

♣☘♣☘♣☘

ညနေစောင်းနေပြီဖြစ်သော်လည်း နေရောင်ခြည်က မပျောက်သေး။

အလင်းရောင်ကောင်းကောင်း ရှိနေသေးသည်။

ရှီးထင်ချိတ်သည် ဟူမေစင်၏ အိမ်ဂေဟာခြံဝင်း အနောက်ဘက်ပိုင်းမှ ဝါးပင်များ ခြောက်သွေ့နေသည့်နေရာသို့ တစ်ယောက်တည်းလာခဲ့သည်။

ထိုနေရာရှိ ဝါးပင်များသည် စောစောကထက် ပို♣ခြောက်သွေ့နေသည်။ မလှမ်းမကမ်းရှိ ဟင်းသီးဟင်းရွက်ပင်များမှာလည်း စောစောကထက်ပို♣ ညို✔ုးနွမ်းနေသည်။

♣အပင်များမှရသော အသီးအရွက်များနှင့် ချက်ပြုတ်ထားသော ဟင်းလျာကိုစားမိပါက မိမိတို့အားလုံး ယခုလောက်ဆိုလျှင် အဆိပ်သင့်သေရမည့်အဖြစ်ကို ရှီးထင်ချိတ် စဉ်းစားမိကာ ပခုံးကို တစ်ချက်တွန့်လိုက်သည်။

ရှီးထင်ချိတ်သည် ခြောက်သွေ့နေသော ဝါးပင်များထဲမှ အခြောက်သွေ့ဆုံးဖြစ်သော ဝါးပင်ကို လိုက်ရှာသည်။

ရှာတွေ့သောအခါ ထိုဝါးပင်ခြေရင်းရှိ မြေကြီးကို တဖန်ကြည့်ပြန်သည်။

ဝါးပင်ခြေရင်းရှိ မြေကြီးတွင် ကြွက်တွင်းလိုတွင်းဝတစ်ခုကို မြင်ရသည်။ တွင်းဝရှိ မြေကြီးများသည် အပြာရောင်သမ်းနေသည်။

တကယ်တော့ အခြောက်သွေ့ဆုံးဝါးပင်ကို ခွဲခြားရှာဖွေရသည်မှာ မလွယ်ပေ။ ထို့ထက် ဝါးပင်ခြေရင်းမြေပြင်ရှိ ထူးဆန်းသောတွင်းဝကို ရှာရသည်က ပို♣ပင်ခက်ခဲလှသည်။

ရှီးထင်ချိတ်သည် အမြင်အာရုံ စူးရှကောင်းမွန်လွန်းသည့်အပြင် ဟူမေစင်ကလည်း မိမိဖတ်ဖူးသိဖူးထားသည့်အတိုင်း မှန်ကန်စွာလမ်းညွှန်ပြောပြထားမှုကြောင့်သာ စူးစမ်းရှာဖွေတွေ့နိုင်ခြင်း ဖြစ်သည်။

===

ရှီးထင်ချိတ်သည် လက်သည်းခွံလောက်ရှိသည့် ကျောက်စရစ်ခဲတစ်ခုကို ကောက်ယူလိုက်သည်။ ထို့နောက် နဂါးအစွယ်လက်နက်ပုန်း ပစ်ခတ်သည့်နည်းလမ်းအတိုင်း အတွင်းအားအပြည့်ထည့်ကာ တွင်းဝတည့်တည့်သို့ လှမ်းပစ်သည်။

ခဝိုး ...ခ

ကျောက်စရစ်ခဲလေးသည် အရှိန်အဟုန်ပြင်းစွာ လေကိုခွင်း♣ တွင်းဝတည့်တည့်သို့ တိုးဝင်သွားသည်။

ခဒုတ် ...ခ

တွင်းထဲတွင် တစုံတရာကို ကျောက်စရစ်ခဲက သွားရောက်ထိမှန်သည့်အသံ ခပ်သဲ့သဲ့ပေါ်ထွက်လာသည်။

ရှီးထင်ချိတ်သည် အမြန်ဆုံးလှုပ်ရှားရန် အတွင်းအားများကို လည်ပတ်စုစည်းလျက် အသင့်ပြင်လိုက်သည်။

ခဏအကြာတွင် ရွှေရောင်တစ်ချက် လက်ခနဲဖြစ်ကာ တွင်းထဲမှ မြစိမ်းရွှေပတ်မြွေ ခုန်ထွက်လာသည်။

မြွေမှာ သိပ်တော့မကြီးပေ။

အရှည်တစ်ပေခွဲသာသာခန့်ရှိပြီး လုံးပတ်က လက်ညှိ✔းလောက်တုတ်သည်။ ရွှန်းစိုသော အစိမ်းရောင်တွင် ရွှေရောင်အရစ်နှစ်ခု ပါရှိသည်။ ♣အဆင်းသဏ✔ာန်ကြောင့်ပင် မြစိမ်းရွှေပတ်မြွေဟု ခေါ်ခြင်းဖြစ်ပေသည်။

မြစိမ်းရွှေပတ်မြွေ ထွက်လာသည်နှင့် ရှီးထင်ချိတ်ကလည်း အလျင်မြန်ဆုံး အသွက်လက်ဆုံး လှုပ်ရှားလိုက်သည်။

လျှပ်စစ်၏လျင်မြန်ခြင်းမျိုးဖြင့် မြစိမ်းရွှေပတ်မြွေလေးနားသို့ ပြေးဝင်ချဉ်းကပ်သွားသည်။

မျက်စိတမှိတ် လျှပ်တပြက်ပင်မကြာသော အချိန်အတွင်း ရှီးထင်ချိတ်သည် မြစိမ်းရွှေပတ်မြွေလေးအနားသို့ ရောက်သွားသည်။

အနားရောက်သည်နှင့် မြွေကို ယမ်းမှုန့်နှင့်လှမ်းပက်ကာ မီးခတ်♣ရှို့လိုက်သည်။ ထို့နောက် တမုဟုတ်ချင်းမှာပင် နောက်သို့ပြန်လှည့် ပြေးလာသည်။

မြစိမ်းရွှေပတ်မြွေက ခေါင်းကိုထောင်ကာ အဆိပ်ငွေ့ဖြင့် မှုတ်ရန် ကြိုးစားသေးသည်။

သို့သော် သည်နေ့အဖို့ မြစိမ်းရွှေပတ်မြွေမှာ ကံဆိုးသည်ဟု ဆိုရပေမည်။ အခြားလူ တစုံတယောက်သာဆိုလျှင် မြစိမ်းရွှေပတ်မြွေသည် အဆိပ်ငွေ့ဖြင့်ထိအောင် မှုတ်ကောင်းမှုတ်နိုင်မည်ဖြစ်သည်။

ယခု သူရင်ဆိုင်နေရသူမှာ သာမန်အဆင့်မြင့်သိုင်းသမား မဟုတ်။

သိုင်းလောက၏ ထိပ်တန်းသိုင်းသမား ကဝိမနောသိုင်းကျမ်းရှင် ရှီးထင်ချိတ်ဖြစ်နေသည်။

ခရှဲ ...ခ

မြွေကလေးက အဆိပ်ငွေ့ဖြင့် မမှုတ်နိုင်မီမှာပင် ယမ်းမှုန့်များ မီးလောင်သံပေါ်လာသည်။

ထိုအချိန်တွင် ရှီးထင်ချိတ်မှာလည်း အန♣၃ရာယ်ကင်းရာ နေရာသို့အရောက် ပြန်ဆုတ်လာနိုင်ခဲ့လေပြီ။

အဆိပ်ပြင်းလှသော မြစိမ်းရွှေပတ်မြွေလေးသည် မီးလောင်ပေါက်ကွဲသွားသော ယမ်းမှုန့်များအကြားတွင် ဇီဝိန်ချုပ်ကာ တဇာတ်သိမ်းသွားခဲ့လေပြီ။

♣၃♣၃♣၃

ဟူမေစင်တို့ မိသားစုသုံးယောက်သည် အိမ်ဂေဟာရှေ့ခန်းတွင် ထိုင်စောင့်နေခဲ့ကြသည်။

မြစိမ်းရွှေပတ်မြွေကို အောင်မြင်စွာ သုတ်သင်ပစ်နိုင်ခဲ့ပြီး အိမ်ဂေဟာထဲသို့ ပြန်ဝင်လာသော ရှီးထင်ချိတ်ကို ဟူမေစင်တို့မိသားစုက ဝမ်းမြောက်ဝမ်းသာပင် ကြိုဆိုကြသည်။

မြစိမ်းရွှေပတ်မြွေကို ရင်ဆိုင်မည်ဟု ရှီးထင်ချိတ်က ပြောခဲ့ရာတွင် ဟူမေစင်သည် မယုံတဝက်ယုံတဝက် ဖြစ်နေခဲ့သည်။

စိတ်ထဲတွင်မူ ရှီးထင်ချိတ်သည် အဆင့်မြင့်သိုင်းသမား တစ်ယောက်ဖြစ်မည်ဆိုခြင်းကိုကား အကဲခတ်မိခဲ့ပေပြီ။
ယခု ရှီးထင်ချိတ်က မြစိမ်းရွှေပတ်မြွေကို အချိန်တိုတိုနှင့်ပင် ရှာတွေ့ကာ အပြီးတိုင်းသုတ်သင်ပြီး ဘေးမသီရန်မခ ပြန်ရောက်လာသောအခါ ရှီးထင်ချိတ်၏ သိုင်းပညာစွမ်းရည်နှင့် အဆင့်အတန်းမှာ မိမိထင်ထားသည်ထက်ပင် ပိုမိုမြင့်မားနေကြောင်းကို သူသိရလေတော့သည်။
မိမိက ရှီးထင်ချိတ်ကို ဆေးကုကယ်တင်ပေးရသူလား၊ ရှီးထင်ချိတ်ကပင် မိမိတို့မိသားစုကို ကယ်တင်ရန် ရောက်လာသူလားဆိုသည်ကို ဟူမေစင်ဝေခွဲမရနိုင်အောင် ဖြစ်နေရသည်။
ခမောင်ရင်လေးဟာ ကျုပ်ထင်ထားတာထက် အများကြီးပိုစွမ်းနေပါလား၊ ကျုပ်တို့ ရင်ဆိုင်နေတဲ့ အန♣ရာယ်ကို ကူညီကာကွယ်ပေးနိုင်ရင် ကာကွယ်ပေးဖို့ ကျုပ်တောင်းဆိုချင်ပါတယ်ခ
ဟူမေစင်က အားကိုးတကြီးပင် ပြောလိုက်သည်။
ခဒီအတွက်တော့ အထွေအထူး အကူအညီတောင်းနေစရာ မလိုပါဘူးဆရာကြီးရယ်၊ သိုင်းသမားဆိုး လူယုတ်မာတွေရဲ့ အန♣ရာယ်ကို တိုက်ဖျက်ပေးရမှာက ကျွန်တော်တို့အားလုံးရဲ့ ဝတ♣ရားပါခ
ရှီးထင်ချိတ်၏စကားများသည် ဟူမေစင်၏ရင်ထဲတွင် ပိနေသောအလုံးကြီးကို ဖယ်ရှားပေးလိုက်သလို ဖြစ်သွား၏။
ခအင်း ... ဟုတ်ပါတယ်လေ ... ဟုတ်ပါတယ်၊ မကောင်းမှု ဒုစရိုက်သမားတွေကို ဆန့်ကျင်ပြီး အမှန်တရားဘက်က ရပ်တည်ဖို့ဆိုတာ လမ်းမှန်သိုင်းသမားတွေရဲ့ အဓိကစိတ်ထားပါပဲခ
ဟူမေစင်က ခေါင်းတညိတ်ညိတ်နှင့် ပြောသည်။
ခဖေဖေ့အနေနဲ့ အနာရောဂါဖြစ်နေတဲ့ လူနာတွေကို လူတန်းစားမခွဲခြားပဲ စေတနာထား ကုသပေးခဲ့တာကို အခုမှပဲ ကျွန်မလဲ သေသေချာချာ နားလည်သဘောပေါက်တော့တယ်၊ ဒါဟာလဲ အများကောင်းကျိုးကို သယ်ပိုးလုပ်ဆောင်တဲ့ အလုပ်တစ်ခုပဲပေါ့နော်ခ
ဟူရှောင်ချွန်က ဖခင်ကိုလည်း အားကျမခံ ဝင်♣အမွှမ်းတင်လိုက်လေသည်။

နေဝင်မိုးချုပ်သွားပြီ။
ရှီးထင်ချိတ်၏ ဆက်သွယ်စီစဉ်မှုအရ မော်ယောက်ကျို ဦးစီးသော နဂါးနီဂိုဏ်းခွဲမှ သိုင်းသမားအချို့သည် ဟူမေစင်၏ အိမ်ဂေဟာပတ်ဝန်းကျင်တွင် ရုပ်အမျိုးမျိုးဖျက်ကာ ခွဲဖြန့်နေရာယူထားကြသည်။ ရှီးထင်ချိတ်သည် လူနာတစ်ယောက် အသွင်ဖြင့် လူနာခန်းထဲတွင် လဲလျောင်းနေ၏။
ဟူမေစင်၏ဇနီးက လူနာကိုစောင့်ကြည့်သည့် သဘောမျိုး ရှီးထင်ချိတ်၏ ဘေးနားတွင် ထိုင်နေသည်။ ဟူမေစင်မှာမူ စာဖတ်ခန်းထဲတွင် စာအုပ်တစ်အုပ်ကို ဖတ်ရှုနေသည်။ ဟူရှောင်ချွန်ကား လူနာအတွက် ဆေးကျိုပေးသည့်အသွင်မျိုး ပြုလုပ်နေသည်။
ခတောက် ... တောက် ... တောက်ခ
ခတောက် ... တောက် ... တောက်ခ
အိမ်ဂေဟာအပြင်ဘက် လမ်းပေါ်မှ ခေါက်ဆွဲပြုတ်ရောင်းသည့် အထမ်းသမားဈေးသည်တစ်ယောက်၏ ဝါးပြားကိုတူဖြင့် ခေါက်လိုက်သည့် အသံပေါ်လာသည်။
သာမန်အားဖြင့် ဘာမျှထူးခြားသည့် အသံမဟုတ်သော်လည်း အချိန်းအချက်ကို သိနေသော ရှီးထင်ချိတ်အဖို့မှာမူ

ရန်သူအင်အားဆယ်ဦးခန့် အိမ်ဂေဟာရှိရာသို့ ချဉ်းကပ်လာနေကြောင်း သတင်းပို့ချက်ကို နားလည်လိုက်သည်။

ဓဒေါ်လေး ... အပြင်ဘက်က ကျွန်တော့် မိတ်ဆွေတွေက ရန်သူတွေချဉ်းကပ်လာပြီလို့ သတင်းပို့နေတယ်၊ လူအင်အား ဆယ်ယောက်လောက်ရှိမယ်တဲ့ဓ

ရှီးထင်ချိတ်က ဟူမေစင်၏ဇနီးကို ပြောလိုက်သည်။

ဟူမေစင်၏ဇနီးက ခေါင်းကိုအသာညိတ်ပြပြီး ဟူမေစင်နှင့် ဟူရှောင်ချွန်တို့ကို အကျိုးအကြောင်း ပြောပြနိုင်ရန် အသာပင် လျှောက်လှမ်းထွက်သွားသည်။

ရှီးထင်ချိတ်သည် စောင်ပါးလေးတစ်ထည်ခြုံကာ လူနာတစ်ယောက်အသွင်ဖြင့် ခုတင်ပေါ်တွင် လဲလျောင်းနေသော်လည်း အတွင်းအားများကို စုစည်းထားပြီး အရေးပေါ်သည်နှင့် ချက်ချင်းလှုပ်ရှားတိုက်ခိုက်ရန် အသင့်ရှိနေသည်။

ဓဟူမေစင် အခွံထဲမှာ ဝင်နေတဲ့လိပ်လို အိမ်ထဲမှာ ကုပ်ပြီးပုန်းနေလို့ ငါ့လက်ကလွတ်မယ်များ ထင်နေသလား၊ ဟား ဟား ဟားဓ

အိမ်ဂေဟာအပြင်ဘက်မှ ရယ်မောပြောဆိုသံ ပေါ်လာသည်။

အသံမှာ ငှက်ဆိုးထိုးသံအလား ကြောက်စရာကောင်းလှသည်။

ဓဖေဖေ ... အဲဒါ သံမဏိကျန်ရှန်ဆိုတဲ့ လူကြီးရဲ့အသံပဲဓ

ဟူရှောင်ချွန်က ဖခင်ဖြစ်သူကို သတိပေးသည်။

သူမပြောမီကပင် ထိုအသံသည် ကျန်ရှန်၏အသံဖြစ်မည်ကို ဟူမေစင် တွက်မိထားပြီးဖြစ်သည်။

ကျန်ရှန်၏အသံသည် စူးရှအက်ကွဲကာ ကြောက်မက်ဖွယ်ကောင်းသည့်အပြင် အားအင်ကလည်း ပြည့်ဝသည်။

ကျန်ရှန်၏အတွင်းအားသည် တမျိုးဆန်းပြားပြီး အလွန်ပင်ကြီးမားကြောင်းကိုလည်း ဟူမေစင် အကဲခတ်မိသည်။

ရှီးထင်ချိတ်တို့ လူစု၏ အကူအညီရှိနေသည့်အတွက် အတော်ပင် အားတက်နေမိသည် မှန်သော်လည်း ကျန်ရှန်၏အတွင်းအားမှာ အလွန်မြင့်မားနေကြောင်း အကဲခတ်မိသောအခါ စိတ်ထဲတွင် စိုးရွံ့သလိုလို ဖြစ်လာရသည်။

ထိုအခိုက် ပြတင်းပေါက်မှ ခပ်ရှည်ရှည်အရာတစ်ခု ရုတ်တရက်တိုးဝင်လာသည်။

ဓဝုန်း ...ဓ

ပြတင်းပေါက်မှ တိုးဝင်လာသောအရာသည် အခန်းကြမ်းပြင်ပေါ်သို့ ကျသွားသည်။ ထိုအချိန်တွင် ဟူမေစင်တို့ မိသားစုသုံးယောက်လုံးသည် ထိုအခန်းထဲတွင် စုမိနေပြီဖြစ်သည်။

ရှီးထင်ချိတ်မှာမူ ထိုအခန်းနှင့် ကပ်လျက်ဖြစ်သောအခန်းထဲတွင် လူနာတစ်ယောက်အသွင်မျိုး အယောင်ဆောင်ကာ လဲလျောင်းလျက်ရှိနေဆဲဖြစ်သည်။ သို့သော် အရေးပေါ်လျှင် ဟူမေစင်တို့ မိသားစုရှိရာ အခန်းထဲသို့ တမုဟုတ်ချင်း ရောက်ရှိလာနိုင်ပေသည်။

ပြတင်းပေါက်မှ လွင့်ပျံဝင်လာကာ အခန်းကြမ်းပြင်ပေါ်သို့ ကျသွားသည့် ရှည်မျောမျောအရာကို ဟူမေစင်တို့ မိသားစုသုံးယောက်က ဝိုင်းကြည့်လိုက်ကြသည်။

ဓဟာ ... အစ်ကိုကျင်ဖူပါလား၊ လုပ်ပါဦး ဖေဖေဓ

ဟူရှောင်ချွန်သည် အလန့်တကြားအော်ဟစ်ရင်း ဖခင်ဖြစ်သူ၏လက်မောင်းကို အသာဆွဲလိုက်သည်။

ပြတင်းပေါက်မှ အခန်းထဲသို့ ပစ်သွင်းလိုက်သည့် ရှည်မျောမျောအရာမှာ ယဲ့ကျင်ဖူ၏ အလောင်းဖြစ်နေသည်။

ဟူမေစင်၏ဇနီးသည်မှာလည်း တူတော်မောင်၏ ဖြစ်ထွေကိုမြင်ရသောအခါ အလွန်ပင်စိတ်ထိခိုက်လျက် ဟူမေစင်၏ရင်ခွင်ထဲ

မျက်နှာအပ်ကာ တရှုပ်ရှုပ်ငိုကြွေးတော့သည်။

ဟူမေစင်ကိုယ်တိုင်မှာလည်း မျက်ရည်လည်လာသည်။

ရှီးထင်ချိတ်သည် တဖက်ခန်းသို့ မမြင်နိုင်သော်လည်း အသံများကြားနေရသည့်အတွက် ထိုအခန်းထဲတွင် မည်သို့မည်ပုံ ဖြစ်ပျက်နေမည်ကို သိရှိနေသည်။ ကျန်ရှန်ရောက်လျှင် အကြမ်းဖက်ရင်ဆိုင်တိုက်ခိုက်ခြင်း မပြုသေးဘဲ ပြေလည်ရာပြေလည်ကြောင်း ပြောဆိုညှိ✔နှိုင်းကြည့်ရန် ရှီးထင်ချိတ်တို့က ကြံရွယ်ထားခဲ့ကြသည်။

ယခုလို အခြေအနေမျိုး ဖြစ်လာသည့်အတွက် အနုနည်းနှင့် ဘယ်လိုမှဖြေရှင်း♣ မရနိုင်တော့ကြောင်း သူနားလည်လိုက်သည်။

ထို့ကြောင့် လူနာတစ်ယောက်အသွင် ဆက်လက်ဟန်ဆောင်နေခြင်း မပြုတော့ဘဲ လဲလျောင်းနေရာမှထကာ ဟူမေစင်တို့ မိသားစုရှိနေသည့် အခန်းထဲသို့ ဝင်ရောက်လာခဲ့သည်။

ဓဟောဒါ ကျုပ်ရဲ့တူတော်မောင်ပါပဲကွယ်၊ ကျန်ရှန်က ဘယ်လောက်များ စည်းမဲ့ကမ်းမဲ့နဲ့ တရားလွန်နေပြီလဲကွယ်ဓ

အခန်းကြမ်းပြင်ပေါ်ရှိ ယဲ့ကျင်ဖူ၏အလောင်းကို ညွှန်ပြပြီး ဟူမေစင်က ဆီး♣ပြောသည်။

ဓကျွန်တော်တို့က ပြေရာပြေကြောင်း အနုနည်းနဲ့ပြောဖို့ ရည်ရွယ်ထားပေမယ့် တဖက်က အကြမ်းဖက်တိုက်ခိုက်တာကို လိုလားတယ်ဆိုရင် ကျွန်တော်တို့ကလဲ ခေါင်းငုံ့ခံနေစရာ မလိုပါဘူး ဆရာကြီး၊ ပြတ်ပြတ်သားသား ရင်ဆိုင်လိုက်တာပေါ့ဓ

ရှီးထင်ချိတ်၏ စကားများက ပြတ်သည်။

ဓဟား ... ဟား ... ဟား ... ကြိုက်သွားပြီဟေ့၊ အခုစကားပြောတာ ဘယ်သူလဲ၊ သူတပါးရဲ့ကိစ♣⮜မှာ စပ်စပ်စုစု ဝင်ပါမယ်ဆိုရင် ကြားကအဆစ်ပါသွားမယ်ဆိုတာ မသိဘူးလားဓ

ရယ်မောပြောဆိုသံကြီးက တစတစ နီးလာသည်။

ကျန်ရှန်သည် စကားပြောနေရင်း ရှီးထင်ချိတ်တို့ ရှိနေရာသို့ ချဉ်းကပ်လာဟန်တူသည်။

စကားဆုံးသည်နှင့် ပိတ်နေသောအခန်းတံခါးသည် ဂုန်းခနဲပွင့်သွားပြီး အခန်းဝတွင် ကျန်ရှန်၏ အကျည်းတန်အရုပ်ဆိုးလှသော အသွင်ပေါ်လာသည်။

ကျန်ရှန်မှာ တစ်ယောက်တည်းမဟုတ်ပေ။

သူ့နောက်တွင် လူခြောက်ယောက်လည်း ပါရှိလာသည်။ ထိုသူများ၏ မျက်နှာအမူအရာမှာ အေးစက်စက် ဖြစ်နေသည်။ လူသေမျက်နှာများနှင့်ပင် တူနေတော့သည်။

ဓဟိတ် ... ဟူဆန်ကွေးရဲ့သား၊ သံဇဏိကျန်ရှန်ဆိုတာ ငါပဲ၊ ဒီနေ့ မင်းတို့အားလုံး သေနေ့စေ့ပြီသာ မှတ်ကြပေတော့ဓ

ကျန်ရှန်က ဟူမေစင်ကို စိန်းစိန်းကြည့်ပြီး ပြောသည်။

ဓကျန်သေးတဲ့ ကျုပ်ရဲ့ တူတော်မောင်နှစ်ယောက်ကောဓ

ဟူမေစင်က ကျန်ရှန်ကို ပြန်မေးသည်။

ဓမင်းဟာ လည်မလိုလိုနဲ့ အသေးတာပဲ ဟူမေစင်၊ ဒီမေးခွန်းမျိုး မေးစရာလိုသေးလားဓ

ဓခင်ဗျား ရက်စက်ရိုင်းစိုင်းလှချည်လားဓ

ရှီးထင်ချိတ်က အံကြိတ်ကာပြောရင်း ကျန်ရှန်ကိုလက်ဝါးတချက် လှမ်းရိုက်လိုက်သည်။

ဘယ်လိုမှတိုက်ခိုက်မည် မထင်မှတ်ဘဲနှင့် ရုတ်တရက် လှုပ်ရှားရိုက်နှက်လိုက်သည့် ရှီးထင်ချိတ်၏ လက်ဝါးရိုက်ချက်မှာ မြန်ဆန်လှသည်။ ကျန်ရှန်သည် လှုပ်ရှားမှုကို လှစ်ခနဲမြင်ရသည်နှင့် ဆတ်ခနဲရှောင်တိမ်းလိုက်သေးသည်။

မလွတ်။

ရှီးထင်ချိတ်၏ လက်ဝါးရိုက်ချက်က ကျန်ရှန်၏ညာဘက်ပခုံးကို ထိမိသည်။ လက်ဝါးရိုက်ချက် အားအဟုန်ကြောင့် ကျန်ရှန်သည် တပတ်လည်ကာ နောက်သို့ခြေတလှမ်းဆုတ်သွားရသည်။

လက်ဝါးလှုပ်ရှားရိုက်နှက်လာသည်ကို ရိပ်ခနဲမြင်လိုက်ရပါလျက် မိမိအနေဖြင့် မရှောင်တိမ်းနိုင်ဘဲ အထိခံလိုက်ရသည့်အတွက် ကျန်ရှန်မှာအတော်ပင်အံ့သြကာ အတွေးရခက်နေသည်။

ဧဖြောက် …ဧ

ကျန်ရှန်က လက်ဖျစ်တချက်တီးကာ အချက်ပြလိုက်သည်။

သူ့အဖော်ခြောက်ယောက်တို့လည်း ချက်ချင်းပင် လှုပ်ရှားကာ နေရာအသီးသီးယူလိုက်ကြသည်။ ရန်သူခုနစ်ယောက်က ရှီးထင်ချိတ်ကို ဝန်းရံထားသည့်အနေအထားမျိုး ဖြစ်သွားသည်။

ကျန်ရှန်တို့လူစုက မိမိကို စုပေါင်းသိုင်းကွက်ပုံစံ တစ်မျိုးမျိုးဖြင့် တိုက်ခိုက်တော့မည်ဖြစ်ကြောင်း ရှီးထင်ချိတ် ရိပ်မိလိုက်သည်။ ကျန်ရှန်တို့သည် ယက✔စာပေသမားအမည်ခံထားသည့် လူစုနှင့်ပတ်သက်မှုရှိနိုင်ပြီး မိစ♣ာမနောသိုင်းကျမ်းနှင့်လည်း ဆက်စပ်မှုရှိနိုင်ကြောင်း သူတွက်မိထားသည်။

ကျန်ရှန်တို့ မည်သို့မည်ပုံ သိုင်းကွက်လှုပ်ရှား တိုက်ခိုက်မည်ဆိုခြင်းကို အကဲခတ်သိရှိလိုသောကြောင့် ရှီးထင်ချိတ်သည် မည်သို့မျှမလှုပ်ရှားသေးဘဲ တိုက်ခိုက်လာမည့်အချိန်ကိုသာ စောင့်လင့်နေသည်။

ဧတိုက်ကြ …ဧ

ကျန်ရှန်၏ အမိန့်ပေးသံ ပေါ်လာသည်။

ထို့နောက် ကျန်ရှန်တို့ခုနစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ဖေးမထောက်ကူမှုပြုကာ အကွက်ကျကျလှုပ်ရှားပြီး ရှီးထင်ချိတ်ကို ဝင်ရောက်တိုက်ခိုက်လေတော့သည်။

လှုပ်ရှားတိုက်ခိုက်မှုက အကွက်စိပ်သည်။ အပေးအယူမျှသည်။ ရှီးထင်ချိတ်မှာ ကျန်ရှန်တို့ခုနစ်ယောက်၏ အကွက်ကျကျ လှုပ်ရှားတိုက်ခိုက်လာသော စုပေါင်းသိုင်းကွက်၏ တိုက်ခိုက်မှုအောက်တွင် ချုပ်မိခံနေရသလိုလိုပင် ဖြစ်နေသည်။

ရှီးထင်ချိတ်သည် ယခုလိုစုပေါင်းသိုင်းကွက်ပုံစံဖြင့် တိုက်ခိုက်မှုမျိုးကို ယခင်ကမတွေ့ဖူးသေးပေ။ ပထမဆုံးအတွေ့အကြုံဟု ဆိုရမည်။

ရှီးထင်ချိတ်သည် အစပိုင်းတွင် တန်ပြန်တိုက်ခိုက်ခြင်း မပြုသေးဘဲ ကျန်ရှန်တို့လူစု၏ သိုင်းကွက်လှုပ်ရှားဟန်ကို အကဲခတ်ကြည့်ရှင်း ရှောင်တိမ်းမှုများသာ ပြုနေသည်။

မကြာမီမှာပင် ကျန်ရှန်တို့၏ စုပေါင်းသိုင်းကွက်လှုပ်ရှားဟန်ကို အကြမ်းဖျင်း အကဲခတ်မိသွားသည်။ ♣ဂအခါတွင်မှ ရှီးထင်ချိတ်က တန်ပြန်တိုက်စစ်ဆင်လေတော့သည်။

ရှီးထင်ချိတ်က ကဝိမနောသိုင်းကျမ်းတွင် ပါရှိသည့် နဂါးလှိုင်းစီးသိုင်းကွက်ကိုသုံးကာ ကျန်ရှန်တို့ကို တန်ပြန်တိုက်ခိုက်သည်။

ကျန်ရှန်တို့ခုနစ်ယောက် စုပေါင်းတိုက်စစ်ဆင်လာမှုသည် မုန်တိုင်းကျနေသော ပင်လယ်ပြင်ထက်မှ လှိုင်းလုံးများနှယ် တိုက်ကွက်တစ်ကွက်ကို အခြားတိုက်ကွက်တစ်ခုက အားပေးထောက်ကူပြုလျက် အင်အားပြင်းထန်လှသည်။

နဂါးလှိုင်းစီးသိုင်းကွက်ဖြင့် တန်ပြန်တိုက်ခိုက်သော ရှီးထင်ချိတ်၏လှုပ်ရှားမှုမှာ သမုဒ✔ဒရာမှ လှိုင်းလုံးကြီးများပေါ်တွင်

နဂါးတစ်ကောင်ငြိမ့်ငြောင်းစွာစီးလျက် ပျော်မြူးနေသကဲ့သို့ ကျန်ရှန်တို့၏အင်အားပြင်းထန်လှသော တိုက်ကွက်တိုက်ချက်များပေါ်တွင် လှပစွာလှုပ်ရှားနေသည်။

ရှီးထင်ချိတ်အသုံးပြုသော နဂါးလှိုင်းစီးသိုင်းကွက်သည် ကဝိမနောသိုင်းကျင့်စဉ် ခုနစ်မျိုးတို့သင့်တင့်စွာ ပေါင်းစည်းပါဝင်သည့် ကဝိမနောသိုင်းကွက် အပြည့်အဝပင်ဖြစ်သည်။

ကဝိမနောသိုင်းကျင့်စဉ် တမျိုးမျိုးညဖင့် လေ့ကျင့်ထားသော သိုင်းကွက်တစ်ကွက်သည်ပင် ထိပ်တန်းသိုင်းပညာတစ်ခုအဖြစ် လက်မထောင်နိုင်ပေရာ ယခုလိုကျင့်စဉ်ခုနစ်မျိုးလုံး ပါဝင်သည့် ကဝိမနောသိုင်းကွက်တစ်ခု၏ အင်အားနှင့်စွမ်းပကားမှာ အတိုင်းအဆမရှိနိုင်လောက်အောင်ပင် ထက်မြက်ပေသည်။

ထို့ပြင် ရှီးထင်ချိတ်သည် သိုင်းလောကတွင် အသန့်စင်ဆုံးနှင့် အနက်ရှိုင်းဆုံးဖြစ်သော ရောင်လင်စကြာအတွင်းအားကိုလည်း ရရှိထားသည်။

ကျန်ရှန်တို့ခုနစ်ယောက်၏ စုပေါင်းသိုင်းကွက်မှာ အကွက်မိကာ အစွမ်းထက်သော်လည်း ရှီးထင်ချိတ်ကိုကား မည်သို့မျှအန♣၂၇ရာယ် မပြုနိုင်တော့ပေ။

ရှီးထင်ချိတ်က နဂါးလှိုင်းစီးသိုင်းကွက်ဖြင့် တန်ပြန်တိုက်ခိုက်လိုက်သည်နှင့် ကျန်ရှန်တို့ခုနစ်ယောက်၏ စုပေါင်းသိုင်းကွက်မှာ ဖရိုဖရဲ အဖြိုခွဲခံလိုက်ရသည်။ ကျန်ရှန်နှင့်သူ့လူများမှာလည်း ရှီးထင်ချိတ်၏ နဂါးလှိုင်းစီးသိုင်းကွက်အားမာန်ကို တောင့်ခံနိုင်ခြင်းမရှိဘဲ ခြေလှမ်းယိမ်းယိုင်ကာ နောက်သို့ဆုတ်ပေးလိုက်ရသည်။

♣ဂသို့ဖြင့် သူတို့၏အလွန်အားထားသော စုပေါင်းသိုင်းကွက်မှာ လုံးဝပျက်စီးပြိုကွဲ သွားရလေတော့သည်။

ရှီးထင်ချိတ်မှာလည်း ကျန်ရှန်တို့၏ စုပေါင်းသိုင်းကွက်ကို ဖြိုဖျက်တိုက်ခိုက်ခဲ့ရာတွင် အတော်ပင် အင်အားစိုက်ထုတ်ရသောကြောင့် နဖူးတွင်ချွေးများပင်စို့လာသည်။

စုပေါင်းသိုင်းကွက် အဖြိုဖျက်ခံလိုက်ရ♣ နောက်သို့အသီးသီး ဆုတ်ပေးလိုက်ကြရသော ကျန်ရှန်တို့လူစုသည် ပြန်လည်စုလိုက်ကြသည်။

သူတို့ အတော်ပင် အံ့သြနေကြသည်။

သူတို့၏စုပေါင်းသိုင်းကွက်မှာ အလွန်အစွမ်းထက်သည်။

ကောင်းမွန်ကြေညက်စွာ လေ့ကျင့်ထားသည့်အတွက်ကြောင့်လည်း လူအားလုံးမှာ သိုင်းကွက်လှုပ်ရှားမှုတွင် အကွက်ကျနေသည်။

မိမိတို့ထက် အင်အားကြီးမားသည့် ရန်သူများကိုပင် ထိုစုပေါင်းသိုင်းကွက်ဖြင့် ချေမှုန်းနိုင်ခဲ့ကြသည်။

ယခုတော့ အသက်ငယ်ရွယ်သည့် သိုင်းလုလင်တစ်ယောက် ရှေ့မှောက်♣– သိုင်းကွက်ပြိုကွဲသွားရသည့်အတွက် ကျန်ရှန်တို့လူစုမှာ အစဉ်းစားရခက်နေသည်။

မိမိတို့ရင်ဆိုင်နေရသူမှာ သာမန်သိုင်းလုလင်တစ်ယောက်မဟုတ်ဘဲ ကဝိမနောသိုင်းကျမ်းရှင် ကိုယ်တိုင်ဖြစ်နေကြောင်းကိုတော့ ကျန်ရှန်တို့ မသိကြသေးပေ။

ထိုသို့သိလျှင်မူ အခြေအနေမှာ တမျိုးတဖုံ ပြောင်းလဲသွားပေမည်။

မီးများမီးနိုင်၊ ရေများရေနိုင်ဟု ဆိုရိုးစကားရှိပေသည်။ မီးအားကောင်းသောအခါ ရေဖြင့်မည်မျှပက်သည်ဖြစ်စေ မီးကတဟုန်ထိုးလောင်မြိုက်ပေမည်။ ရေအားကောင်းလျှင်မူ မီးကမည်မျှ အဟုန်ပြင်းစွာလောင်နေသည်ဖြစ်စေ မီးစွယ်ကျိုးကာ ငြိမ်းသွားရပေမည်။

ယခု ရင်ဆိုင်တိုက်ခိုက်မှုတွင် အတွင်းအားနှင့် သိုင်းပညာစွမ်းရည်နှစ်ခုလုံး ရှီးထင်ချိတ်က ကျန်ရှန်တို့ထက် သာလွန်သောကြောင့် သူတို့၏စုပေါင်းသိုင်းကွက်ကို ချေမှုန်းအနိုင်ယူလိုက်နိုင်ခြင်း ဖြစ်ပေသည်။

အကယ်♣ ရှီးထင်ချိတ်သည် ကဝိမနေသောသိုင်းပညာကိုလည်း မတတ်၊ ရှောင်လင်စကြာအတွင်းအားကိုလည်း ရမထားလျှင် ကျန်ရှန်တို့၏တိုက်ခိုက်မှုကို ဘယ်လိုမှရင်ဆိုင်နိုင်မည် မဟုတ်ပေ။

ခအစ်ကိုကြီးကျန်ရှန် ... မထူးတော့ဘူး အဆင့်ကုန်တိုက်ကြမယ်ခ

လူတစ်ယောက်က ကျန်ရှန်ကိုပြောလိုက်သည်။

ကျန်ရှန်၏မျက်နှာမှာ အထူးပင် ခက်ထန်တင်းမာနေသည်။ သူသည် ပင်ကိုယ်ကပင် အရုပ်ဆိုးသူတစ်ယောက်ဖြစ်ရသည့်အထဲ ယခုလို မျက်နှာထားတင်းမာ ခက်ထန်လာသောအခါတွင် ဘီလူးသရဲထက်ပင် ကြောက်စရာကောင်းလာတော့သည်။

ကျန်ရှန်သည် မိမိအရေးရှုံးနိမ့်ခဲ့ရသည်ကို ပြန်လည်ပေးဆပ်နိုင်ရန် သိုင်းပညာကို အပြင်းအထန်လေ့ကျင့်ခဲ့သည်။

နောက်ဆုံးတွင် လမ်းမှန်လမ်းမှားပင် မခွဲခြားနိုင်တော့ဘဲ သိုင်းပညာစွမ်းရည် မြင့်မားလာလျှင်ပြီးရောဟူသော သဘောဖြင့် မိုက်မိုက်ကန်းကန်းပင် သင်ကြားလေ့ကျင့်ခဲ့သည်။ ထို့နောက်ရှုံးကြွေးကို ပြန်ဆပ်ရန်လာခဲ့ရာ သူ၏ပြိုင်ဘက်ဖြစ်သူ ဟူဆန်ကွေးမှာ သေဆုံးသွားပြီဖြစ်ကြောင်း တွေ့ခဲ့ရသည်။

လမ်းလွဲသိုင်းပညာဆိုးများကို ဖြတ်လမ်းမှလေ့ကျင့်ခဲ့သည့်အတွက် ကျန်ရှန်၏စိတ်ဓာတ်တို့မှာ ကြမ်းကြုတ်ခက်ထန်လာခဲ့သည်။

မိမိ၏ရန်ငြိုးနှင့်အမုန်းများကို ကွယ်လွန်သူဟူဆန်ကွေး၏ ကျန်ရစ်သောသားဖြစ်သူ ဟူမေစင်တို့အပေါ် ပုံချခဲ့သည်။

ဟူမေစင်တို့ မိသားစုအားလုံး ဘေးတွေ့စေရန် ခြံဝင်းဝါးပင်အောက်တွင် မြစိမ်းရွှေပတ်မြွေကိုပင် ချထားကာ လုပ်ကြံခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

ယခုလူကိုယ်တိုင်ရောက်လာပြီး ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်ရန်အကြံတွင် မမျှော်လင့်ဘဲ ငယ်ရွယ်သော သိုင်းလုလင်တစ်ယောက်၏ စွက်ဖက်ဟန့်တားမှုကို ခံနေရသည်။

ခတိုက်မယ် ... အပြတ်တိုက်မယ်ခ

ကျန်ရှန်က ဝမ်းခေါင်းသံကြီးနှင့် အော်ပြောပြီး မိမိ၏နှုတ်ခမ်းကို သွားဖြင့်တအားကိုက်လိုက်သည်။

နှုတ်ခမ်းပေါက်ပြတ်သွား♣ သွေးများယိုစီးကျလာချိန်တွင် ကျန်ရှန်၏ကိုယ်ခန✔ာမှာလည်း သိမ့်ခနဲတုန်သွားသည်။

ကျန်လူခြောက်ယောက်ကလည်း ကျန်ရှန်နည်းတူ ပြုလိုက်ကြသည်။

မိစ♣ာမြေမျိုအတွင်းအား နှိုးဆွနည်းဖြင့် သူတို့၏အတွင်းအားကို နှစ်ဆတိုးလာအောင် လုပ်လိုက်ကြခြင်းပင်တည်း။

ရှီးထင်ချိတ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

ခအားလုံးနောက်ဆုတ် ဝေးဝေးကိုဆုတ်ခ

ရှီးထင်ချိတ်က ဟူမေစင်တို့မိသားစုကို အရေးတကြီးပြောလိုက်၏။

တိုက်ပွဲကို အလွန်စိတ်ဝင်စားနေသော ဟူမေစင်တို့မိသားစုသည် နောက်သို့ခြေနှစ်လှမ်းစီသာ ဆုတ်လိုက်ကြသည်။

အခြေအနေက အလွန်အရေးကြီးနေသည့်အတွက် ရှီးထင်ချိတ်ကလည်း ဟူမေစင်တို့မိသားစု နောက်သို့ ဝေးဝေးဆုတ်သွားခြင်း ရှိမရှိကိုပင် လှည့်မကြည့်နိုင်။

ကျန်ရှန်တို့လူစု၏ လှုပ်ရှားမှုကိုသာ မလွတ်တမ်း စူးစိုက်အကဲခတ်ကြည့်ရှုနေရသည်။

ကျန်ရုန်တို့လူစု တိုက်ခိုက်တော့မည့် တိုက်ကွက်သည် ရှီးထင်ချိတ်ထင်ထားသည်ထက်ပင် ခက်ထန်ကြမ်းတမ်းသည်။

ထိုတိုက်ကွက်ကို ‌ခမိစ♣ာနိဂုံးသိုင်းကွက်‌ခ ဟုခေါ်သည်။ မိမိကိုယ်ကိုပင် အသေခံကာ ရန်သူကိုတိုက်ခိုက်သည့် အကြမ်းတမ်းဆုံးနှင့် အရက်စက်ဆုံးသော သိုင်းကွက်ဖြစ်သည်။

မိစ♣ာနိဂုံးသိုင်းကွက်ကို အသုံးပြုလျှင် မိစ♣ာမြေမျိုအတွင်းအားနှီးဆွနည်းဖြင့် မိမိ၏အသားကိုအနာခံကာ အတွင်းအားကိုနှစ်ဆတိုးအောင်မြ✔င့်လျက် ရှိသမျှအားအင်၊ ပိုင်ဆိုင်သမျှစွမ်းပကား အကုန်အစင်တခုတလေမျှ မကျန်အောင် ထုတ်သုံးကာကြမ်းရမ်းစွာ တိုက်ခိုက်ရသည်။

မိစ♣ာနိဂုံးသိုင်းကွက်ကို သုံးပြီးနောက် ရန်သူကိုနိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ မိမိအတွင်းအားများသည် သုံးလအတွင်း ခန်းခြောက်အားကုန်သွားပေသည်။ အလွယ်ဆိုရသော် မိစ♣ာနိဂုံးသိုင်းကွက်ကိုသုံးကာ တိုက်ခိုက်ပြီးသုံးလအကြာတွင် အတွင်းအားများပျက်ပြားကာ အားအင်ကုန်ခန်းပိန်လှီလျက် လူစဉ်မမီသည့် ဘဝဖြင့် အသက်ဆုံးရှုံးရမည်ဖြစ်သည်။

မိမိ၏ကိုယ်ခန✔ာအတွင်း သွေးများလန့်လာအောင်လုပ်လျက် အားအင်အလွန်ကြီးမားအောင် ဖန်တီးပြီး တိုက်ခိုက်မှုဖြစ်သောကြောင့် မိစ♣ာနိဂုံးသိုင်းကွက်ဖြင့် တိုက်ခိုက်သည့်အားအင်ကလည်း ပြောမပြနိုင်လောက်အောင်ပင် ကြီးမားပြင်းထန်လှသည်။

မိစ♣ာနိဂုံးသိုင်းကွက်ဖြင့် တိုက်ခိုက်လာမှုကို ရင်ဆိုင်ခုခံရန်မှာလည်း အလွန်ပင်ခဲယဉ်းလှသည်။

ယခု ကျန်ရုန်တို့ခုနစ်ယောက်ကစုပေါင်းကာ မိစ♣ာနိဂုံးသိုင်းကွက်ဖြင့် တိုက်ခိုက်တော့မည်ဖြစ်ရာ မည်မျှခက်ထန်ကြမ်းတမ်းပြီး အင်အားကြီးမားပြင်းထန်မည်ဆိုခြင်းမှာ တွေးပင်မတွေးဝံ့စရာ ဖြစ်ပေ၏။

မည်သို့ပင်ဖြစ်စေ ရှီးထင်ချိတ်သည် ကျန်ရုန်တို့ခုနစ်ယောက်၏ မိစ♣ာနိဂုံးသိုင်းကွက်ကို ရင်ဆိုင်ရပေတော့မည်။

ရှီးထင်ချိတ် ဘယ်လိုမှမပေါ့ဆရဲ။ အတွင်းအားများကို စုစည်းလည်ပတ်ကာ ကိုယ်ခန✔ာအတွင်းရှိ အရေးကြီးသော သေကွင်းသေကွက်နေရာများကို ပိုလွှတ်လျက် ကြိုတင်ပြင်ဆင်ကာကွယ်မှု လုပ်ထားလိုက်သည်။

ကျန်ရုန်တို့ခုနစ်ယောက်သည် မိစ♣ာမြေမျိုအတွင်းအားနှီးဆွနည်းဖြင့် အတွင်းအားများ နှစ်ဆတိုးအောင်နှီးဆွပြီး မိစ♣ာနိဂုံးသိုင်းကွက်လည်း အသင့်ပြင်ဆင်ပြီးသွားလေပြီ။

သူတို့၏မျက်နှာများသည် ကြောက်မက်ဖွယ်ရာ အသွင်မျိုးသို့ ပြောင်းလဲနေသည်။

မျက်လုံးများက ဝိုင်းစက်ပြူးကျယ်ကာ အံသွားများကို တကျိုကျိုကြိတ်နေကြသည်။ ကိုက်ဖြတ်ထားသော နှုတ်ခမ်းများမှ သွေးများယိုစီးကျနေရာ ပါးစပ်တစ်ခုလုံး သွေးနီရောင်လွှမ်းနေသည်။

အထူးခြားဆုံးမှာ သူတို့ကိုယ်ခန✔ာရှိ သွေးကြောများသည် ဖုထစ်လုံးကြွလျက် တဆတ်ဆတ်တုန်နေသည်။

သူတို့၏အသွင်သည် လူသားနှင့်ပင်မတူတော့။

မိစ♣ာကောင်များအသွင် ဖြစ်နေသည်။

အကယ်♣ ရှီးထင်ချိတ်မဟုတ်ဘဲ အခြားတစုံတယောက်သာဆိုလျှင် ကြောက်မက်ဖွယ်ရာအသွင်ကို မြင်ရသည်နှင့် ရင်ဆိုင်ခြင်းမပြုရဲတော့ဘဲ ကြောက်လန့်ကာ ထွက်ပြေးသွားကောင်း ထွက်ပြေးသွားပေမည်။

ရှီးထင်ချိတ်ပင်လျှင် ကျောချမ်းကာ ကြက်သီးဖြန်းခနဲ ထသွားမိသည်။

ကျန်ရုန်တို့ခုနစ်ယောက်သည် စက်ဝိုင်းခြမ်းသဏ✔ာန်နေရာယူကာ ရှီးထင်ချိတ်ရပ်နေရာသို့ ခြေလှမ်းတစ်လှမ်းချင်းစီ လှမ်းလျက်ချဉ်းကပ်လာကြသည်။

လှမ်းသောခြေလှမ်းများက လေးလေးပင်ပင်၊ အားကတော့အပြည့်၊ ကြမ်းပြင်ပင် ကွဲကြေသွားတော့မတတ်။

သည်လို ခြေတစ်လှမ်းချင်း လှမ်းတက်လာပုံကပင် စိတ်ချောက်ချားဖွယ်ရာ ကောင်းနေသည်။

ဝအူး ... ဝူး ဝူး ဝူး ...ဝ

ကျန်ရှန်နှင့် သူ့အဖော်ခြောက်ယောက်တို့၏နှုတ်မှ တောရိုင်းတိရစ♣ာန်များ ရန်လိုသောအခါ အော်ဟစ်သည့်အသံမျိုး ပေါ်လာသည်။ ထိုအသံသည် လူသားတစ်ယောက်ယောက်၏ အသံမျိုးမဟုတ်တော့ပေ။

ရှီးထင်ချိတ်၏နောက်ဘက် ခြေလှမ်းဆယ်လှမ်းခန့်အကွာတွင် ရပ်နေကြသည့် ဟူမေစင်တို့မိသားစုသုံးယောက်မှာ ကျန်ရှန်တို့၏ကြောက်စရာအသွင်ကို မြင်ရပြီး စိတ်ချောက်ချားဖွယ်ရာအော်သံများကို ကြားရသည်တွင် ဒူးများတဆတ်ဆတ်တုန်အောင်ပင် ထိတ်လန့်ကုန်ကြသည်။

အိပ်မက်ဆိုးတစ်ခု၏ ကြောက်စရာအကောင်းဆုံးသော အပိုင်းသို့ ရောက်နေသလိုလို သူတို့စိတ်ထဲတွင် ခံစားကြရသည်။ ကျရောက်လာမည့်အန♣ၱရာယ်ကို သတိမမူနိုင်ကြ။ နောက်ဆုတ်ရှောင်တိမ်းရန်လည်း သတိမရကြ။

စပါးကြီးမြွေ၏ ♣ို့ကွင်းထဲသို့ တိုးဝင်မိသော သားကောင်တွေလို ကျန်ရှန်တို့လူစု၏ ကြောက်မက်ဖွယ်ရာ လှုပ်ရှားမှုကိုသာ မျက်လုံးအဝိုင်းသား ပါးစပ်အဟောင်းသားနှင့် ကြည့်နေမိသည်။

ကျန်ရှန်နှင့်အတူ အဖော်ရှစ်ယောက်ပါရှိလာသည်။ အဖော်ခြောက်ယောက်က ပူးပေါင်းတိုက်ပွဲဝင်ပြီး ကျန်နှစ်ယောက်ကမူ အခန်းတံခါးဝနားတွင်ရပ်ကာ စောင့်ကြည့်နေကြသည်။

ကျန်ရှန်နှင့်သူ့အဖော်ခြောက်ယောက်တို့၏ နှုတ်ဖျားမှ တောရိုင်းတိရစ♣ာန်များ ရန်လိုသည့်အခါ အော်ဟစ်မာန်ဖီသည့် အသံမျိုး ပေါ်ထွက်လာသောအခါ တံခါးဝနားတွင်ရပ်ကာ စောင့်ကြည့်နေသူနှစ်ယောက်မှာ နောက်ဘက်ခပ်လှမ်းလှမ်းသို့ ဆုတ်ပေးလိုက်ကြသည်။

မိစ♣ာနိဂုံးသိုင်းကွက်၏ ပြင်းထန်ကြမ်းတမ်းပုံကို သူတို့နှစ်ယောက် ကောင်းကောင်းသိသည်။ ထို့ကြောင့် တိုက်ပွဲစက်ကွင်းမှလွတ်အောင် အသာနောက်ဆုတ်နေလိုက်ကြခြင်း ဖြစ်၏။

ကျန်ရှန်တို့သည် ရန်လိုသော တောရိုင်းတိရစ♣ာန်များလို မာန်သွင်းအော်ဟစ်ပြီးနောက် ရှီးထင်ချိတ်ကို တပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ကြသည်။

ကြမ်းတမ်းကြောက်မက်ဖွယ်ကောင်းလှသော အားအင်ကြီးက ရှီးထင်ချိတ်ကို လွှမ်းမိုးလာသည်။

ရှီးထင်ချိတ်သည် ကဝိမနေသာသိုင်းကျမ်းမှ နဂါးမိုးပျံသိုင်းကိုသုံးကာ ခုန်လွှားလိုက်သည်။

အံ့သြကြောက်လန့်ဖွယ်ကောင်းလှသော အဖြစ်ကို ရှီးထင်ချိတ်ကြုံလိုက်ရသည်။

သူ့ကိုယ်ခန✔ာသည် တစ်ပေသာသာခန့်သာ မြောက်ကြွတက်သွားသည်။

ခါတိုင်းအချိန်ဆိုလျှင် နဂါးမိုးပျံသိုင်းကိုသုံး♣ ခုန်လွှားပါက ခန✔ာကိုယ်သည်လေထဲသို့ အတော်မြင့်မြင့်ပင် မြောက်ကြွတက်သွားမြဲဖြစ်သည်။

ယခုတော့ ကြမ်းတမ်းကြောက်စရာကောင်းလှသော အင်အားကြီး၏ဖိနှိပ်ထားမှုကြောင့် တုံ့ဆွဲခံရသလိုဖြစ်ကာ တစ်ပေသာသာခန့်သာ မြောက်ကြွတက်နိုင်ခဲ့သည်။

ထိုမျှလောက်သောအမြင့်သည် မိစ♣ာနိဂုံးသိုင်းကွက်၏ လွှမ်းမိုးတိုက်ခိုက်ထားမှုနယ်ပယ်မှ လွတ်နိုင်သည့်အမြင့်မဟုတ်။ ရှီးထင်ချိတ်မှာ မိစ♣ာနိဂုံးသိုင်းကွက်၏ တိုက်ခိုက်မှုဒဏ်ကို ခံရတော့မည့်အခြေအနေမျိုး ဆိုက်ရောက်နေရလေပြီ။

ဘယ်လိုမျှ မတတ်သာတော့။

သိုင်းကွက်ကို ချက်ချင်းပင် ပြောင်းလဲပစ်လိုက်ရလေတော့သည်။

နဂါးမိုးပျံသိုင်းကို မသုံးတော့ဘဲ နဂါးတောင်ဖြီးသိုင်းကို ပြောင်းလဲသုံးကာ ကျန်ရှန်တို့၏တိုက်ခိုက်မှုကို မိုက်မိုက်ကန်းကန်းပင် ရင်ဆိုင်ခံဆောင့် ရလေတော့သည်။

တကယ်တော့ မိစ♣ာနိဂုံးသိုင်းကွက်လို ကြမ်းတမ်းကြောက်စရာကောင်းလှသော တိုက်ခိုက်မှုကို ရင်ဆိုင်ခံဆောင်ခြင်း မလုပ်အပ်ပေ။ တဖက်၏တိုက်ချက်အားအဟုန် လျော့ပါးသွားအောင်သာ ရှောင်တိမ်းခုခံမှုမျိုး ပြုလုပ်ရပေသည်။

ယခုမူ ရှောင်တိမ်းခုခံရန် အခြေအနေက မပေးတော့သည့်အတွက် ရှီးထင်ချိတ်သည် အားကိုအားချင်း ရင်ဆိုင်ခံဆောင်သည့်နည်းကို မလွဲမရှောင်သာဘဲ ရွေးချယ်လိုက်ရပေသည်။

လက်ဝါးချင်းဆိုင်ကာ ရိုက်မိသံခုနစ်ချက် ဆက်တိုက်ပေါ်လာသည်။

အခန်းတစ်ခုလုံး ပေါက်ကွဲထွက်သွားလုမတတ် ပြင်းထန်လှသော အားအင်တုံ့ပြန်မှုများ ဖြစ်လာသည်။

ခပ်လှမ်းလှမ်းသို့ နောက်ဆုတ်ကာ အခြေအနေကို အကဲခတ်ကြည့်နေကြသော ကျန်ရှန်၏အဖော်နှစ်ယောက်သည် ခြံဝင်းအပြင်ဘက်သို့ ခြေကုန်သုတ်ကာ တဟုန်ထိုးပြေးထွက်သွားကြသည်။

ခြံဝင်းအပြင်ဘက်တွင် အော်ဟစ်တိုက်ခိုက်သံများ ပေါ်လာသည်။ ပုန်းကွယ်စောင့်ကြည့်နေသော မော်ယောက်ကျို၏လူများနှင့် ခြံဝင်းအပြင်ဘက်သို့ ပြေးထွက်သွားသည့် ကျန်ရှန်၏ အဖော်နှစ်ယောက် ရင်ဆိုင်တိုက်ခိုက်မိကြခြင်းဖြစ်သည်။

အခန်းထဲတွင်မူ ...။

ကျန်ရှန်တို့ခုနစ်ယောက်၏ မိစ♣ာနိဂုံးသိုင်းကွက်ဖြင့် တိုက်ခိုက်လာသော ပြင်းထန်ကြမ်းတမ်းလှသည့် လက်ဝါးရိုက်ချက် ခုနစ်ချက်လုံးကို ရှီးထင်ချိတ်က နဂါးတောင်ဖြီးသိုင်းဖြင့် ရင်ဆိုင်ခုခံလိုက်သည်။

လက်ဝါးချင်း ဆိုင်ရိုက်မိသံ ခုနစ်ချက်က ဆက်တိုက်ပေါ်လာသည်။

ပြင်းထန်လှသော အင်အားပြန်ကန်မှုများလည်း ဖြစ်လာသည်။

ထို့နောက် အခန်းတစ်ခုလုံးသည် တစပြင်တစ်ခုလို ငြိမ်သက်သွားသည်။

ဘာလှုပ်ရှားမှုမျှမရှိတော့။

ဘာသံမျှလည်း မကြားရတော့။

သစ်ရွက်ခြောက်လေးတစ်ခု မြေသို့ကျသွားလျှင်ပင် ထိုအသံကိုကောင်းစွာ ကြားနိုင်မည်ဖြစ်ပေသည်။

ထိုအချိန်မှာပင် အခန်းထဲသို့ လူတစ်ယောက် ပြေးဝင်လာသည်။ ထိုလူသည် နဂါးနီဂိုဏ်းခွဲမ✔ူး မော်ယောက်ကျိုပင်ဖြစ်သည်။

ဓအေလို ... ဘုရားရေဓ

မော်ယောက်ကျို၏နှုတ်မှ အလန့်တကြား ရေရွတ်လိုက်မိသည်။

အခန်းထဲတွင် ဖြစ်ပျက်နေသောမြင်ကွင်းက မယုံနိုင်စရာကောင်းလောက်အောင် ဖြစ်ပျက်နေသောကြောင့်ပင်တည်း။

သူသည် နဂါးနီဂိုဏ်း၏ဂိုဏ်းချုပ်အဖြစ် တိုက်ပွဲအတွေ့အကြုံများစွာ ကြုံတွေ့ခဲ့ဖူးသည်။

ကြမ်းတမ်းသောတိုက်ပွဲများကိုလည်း ဆင်နွှဲဖူးသည်။ တိုက်ပွဲမြင်ကွင်းများသည် သူ့အတွက်အဆန်းမဟုတ်။

သို့သော် ယခုမြင်တွေ့နေသည့် မြင်ကွင်းကဲ့သို့ ကြမ်းတမ်းပြင်းထန်သော တိုက်ပွဲမြင်ကွင်းမျိုးကိုမူ မမြင်ဖူးခဲ့ပေ။

မိမိတို့ ကဝိမနောဂိုဏ်းခေါင်းဆောင် ကဝိမနောသိုင်းကျမ်းရှင်ဖြစ်သော ရှီးထင်ချိတ်အနေဖြင့် သည်မျှလောက်ဆိုးရွားသည့် အခြေအနေမျိုး ဖြစ်ရမည်ဟုလည်း မော်ယောက်ကျို မထင်မိခဲ့ပေ။

ရှီးထင်ချိတ်နဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့ကြသော ရန်သူခုနစ်ယောက်သည် ဖွဲအိတ်ကြီးများလိုပျော့ခွေကာ

အတုံးအရုံးလဲကျသေဆုံးနေကြသည်။

ထိုနေရာမှ ခြေလှမ်းဆယ်လှမ်းခန့်အကွာတွင် ဟူမေစင်တို့မိသားစုသုံးယောက်မှာလည်း ဖရိုဖရဲလဲကျနေကြသည်။

ရှီးထင်ချိတ်မှာမူ မတ်တတ်ရပ်လျက်သားရှိနေသည်။

မတ်တတ်ရပ်လျက်ရှိနေသော်လည်း ရှီးထင်ချိတ်၏အသွင်မှာ သက်ရှိလူသားတစ်ယောက်လို မဟုတ်ဘဲ

သက်မဲ့ကျောက်ရုပ်တစ်ခု၏အသွင်မျိုး ဖြစ်နေသည်။

လှုပ်လည်းမလှုပ်။

အသက်လည်းမရှူ။

ထို့ပြင် ရဲရဲတောက်နေသည့် မီးခဲတစ်ခုကို ရေနှင့်ပက်ဖျန်းထားသည့်အလား ရှီးထင်ချိတ်၏ကိုယ်မှ အခိုးအငွေ့များ

တလူလူထွက်နေသည်။

ပထမတွင်တော့ ရှီးထင်ချိတ်ကို မတ်တတ်ရပ်လျက်ပင် အသက်ပျောက်နေလေသလားဟု မော်ယောက်ကျို ထင်မိသေးသည်။

သို့သော် သူပါးစပ်အဟောင်းသားနှင့် ကြည့်နေဆဲမှာပင် ...

ဧဟင်း ...ဧ

ရှီးထင်ချိတ်၏ရင်ဘတ် လှုပ်ရှားစပြုလာပြီး အသက်ခပ်ဖြည်းဖြည်း စတင်ရှူလာသည်ကို တွေ့လိုက်ရ၏။

အတွေ့အကြုံရင့်ကျက်နေသော မော်ယောက်ကျိုသည် အခြေအနေမှန်ကို ချက်ချင်းရိပ်မိသည်။

ယခုလိုအခြေအနေတွင် မိမိအနေနှင့် ရှီးထင်ချိတ်ကို ထိကိုင်ကုသပေး♣ မရနိုင်မှန်း နားလည်သည်။

အကောင်းဆုံးမှာ ပြင်ပမှအန♣ှ်ရာယ်တစုံတရာ မကျရောက်လာစေရန် ဘေးမှနေ♣

စောင့်ကြည့်ကာကွယ်ပေးရန်သာဖြစ်သည်။

အတွင်းအားကောင်းသော ရှီးထင်ချိတ်အနေဖြင့် အတွင်းအားများ စုစည်းလည်ပတ်ကာ သွေးလေလည်ပတ်မှု

မှန်ကန်သွားအောင် ထိန်းသိမ်းလုပ်ဆောင်နိုင်ပေမည်။

ဝင်ရောက်ကာ ဖေးမနှိပ်နယ်ပေးပါက ကူညီရာမရောက်ဘဲ ရှီးထင်ချိတ်၏သွေးလေလည်ပတ်မှုများ ရှုပ်ထွေးကုန်အောင်

ပြုရာရောက်သွားနိုင်သည်။

ထို့ကြောင့် မော်ယောက်ကျိုသည် ရှီးထင်ချိတ်ကို လက်ဖျားနှင့်ပင်မထိဘဲ မလှမ်းမကမ်းမှသာ ရပ်စောင့်ကြည့်နေသည်။

ထိုအချိန်မှာပင် မော်ယောက်ကျို၏လူတစ်ယောက် ရောက်လာကာ ခြံဝင်းထဲမှထွက်ပြေးလာသော ရန်သူနှစ်ယောက်အနက်မှ

တစ်ယောက်ကိုချေမှုန်းလိုက်နိုင်ပြီး တစ်ယောက်မှာမူ လက်လွတ်ထွက်ပြေးသွားကြောင်း သတင်းပို့သည်။

မော်ယောက်ကျိုက မိမိလူများကိုဆင့်ခေါ်စေပြီး အခန်းထဲရှိအလောင်းများကို အသာအယာထုတ်ယူကာ

မြေမြ✔ုပ်သင်္ဂြိုဟ်ခိုင်းလိုက်သည်။

ဟူမေစင်တို့မိသားစုမှာ သည်ပွဲတွင်ကြားမှ မြေစာပင်သက်သက် ဖြစ်ခဲ့ရရှာသည်။ သူတို့သည် ရှီးထင်ချိတ်၏

နောက်ဆုံးသတိပေးချက်ကို လိုက်နာကာ ဘေးလွတ်ရာသို့ ဆုတ်ပေးထားလျှင် အသက်သေဆုံးကြစရာ အကြောင်းမရှိပေ။

ယခုမူ စက်ကွင်းလွတ်ရာသို့ မဆုတ်မိသောကြောင့် မိစ♣ာဒိဋ္ဌိဂိုဏ်းသိုင်းနှင့် နဂါးတောင်ဖြိုသိုင်းတို့ အားချင်းဆိုင်မိရာမှ

ပေါ်ပေါက်လာသော ပြန်ကန်အားအင်များ၏ရိုက်ခတ်မှုကိုခံရကာ အသက်ဆုံးရှုံးကြရရှာလေသည်။

သေဆုံးသူများကို မြ✔ုပ်နှံပြီးနောက် မော်ယောက်ကျိုက မိမိ၏လူများကို အိမ်ဂေဟာပတ်လည်တွင် ကင်းချကာ

စောင့်ကြပ်ခိုင်းလိုက်သည်။

ရှီးထင်ချိတ်ရှိနေသည့် အခန်းထဲတွင်မူ ကိုယ်တိုင်တာဝန်ယူကာ စောင့်ကြည့်နေသည်။

ရှီးထင်ချိတ်၏ အသက်ရှူမှု တဖြည်းဖြည်းမှန်လာသည်။

ညသန်းခေါင်ယံကျော်သောအခါတွင်မူ ကျောက်ရုပ်လိုမလှုပ်မယှက် ရပ်နေရာမှ လှုပ်ရှားနေရာပြောင်းလာနိုင်သည်။

မော်ယောက်ကျိုက ရှီးထင်ချိတ်ကို ခုတင်ပေါ်တွင် သက်တောင့်သက်သာ လဲလျောင်းအနားယူနေနိုင်အောင် ပြုပေးလိုက်သည်။

ရှီးထင်ချိတ်မှာ အသက်ရှူမှန်ကာ အနည်းငယ်လှုပ်ရှားနိုင်ပြီဖြစ်သော်လည်း သွေးလေလည်ပတ်မှုကတော့ မမှန်ကန်သေး။

အားနည်းကာ မူးဝေနေဆဲဖြစ်သည်။

သေရေးရှင်ရေး အန♣ၠရာယ်အခြေအနေမှ လွတ်မြောက်လာပြီဖြစ်ပေမယ့် စိတ်ချနိုင်လောက်သည့် အနေအထားသို့ မရောက်သေး။

မော်ယောက်ကျိုက ဖြစ်ပျက်ပုံအကြောင်းစုံကို ကဝိမနောနန်းရှိဂူစင်ထံသို့ အကျိုးအကြောင်းပြောကြား သတင်းပို့ရန်နှင့် စစ်ကူများတောင်းခံရန် အထူးဆက်သားများ စေလွှတ်လိုက်သည်။

ရန်သူအင်အားသည် အတော်ပင်များပြားမည်ဟု သူခန့်မှန်းမိပြီးဖြစ်သည်။

ယခု ဟူမေစင်၏အိမ်ဂေဟာတွင် ပထမတန်းသိုင်းသမားဟူ♣ သူတစ်ယောက်တည်းသာရှိသည်။ ကျန်လူများသည် သာမန်အဆင့်မြင့်သိုင်းသမားများသာ ဖြစ်ကြသည်။ တော်ရုံတန်ရုံအန♣ၠ♣ၠရာယ်ကို ရင်ဆိုင်ခုခံနိုင်မည်ဖြစ်သော်လည်း တကယ်အင်အားကြီးမား အစွမ်းထက်သော ရန်သူရောက်လာပါက ယှဉ်နိုင်ကြမည်မဟုတ်ပေ။

ရှီးထင်ချိတ်ကလည်း အတွင်းဒဏ်ရထားသည်။

သည်နေရာ နယ်ပယ်တွင်လည်း ရန်သူက အင်ကြီးအားကြီးနှင့် ရှိနေနိုင်သည်။

♣အခြေအနေများကြောင့် မော်ယောက်ကျိုမှာ အထူးပင်စိုးရိမ်ပူပန်နေသည်။

ကဝိမနောနန်းမှ စစ်ကူများရောက်မလာမီ အင်အားကြီးမားသော ရန်သူတို့၏တိုက်ခိုက်ခြင်း မခံရပါစေနှင့်ဟု ♣သာ ဆုတောင်းနေရလေတော့သည်။

တဖက်မှလည်း မိမိ၏ရှိသမျှသော လူအင်အားကို အကောင်းဆုံးအသုံးချကာ ကြိုတင်ပြင်ဆင်ကာကွယ်မှုများကို အတတ်နိုင်ဆုံးပြုလုပ်ထားသည်။

သစ♣ၵါရှိအမာခံ သိုင်းသမားများဖြစ်ကြသော ရင်ကိုးနှင့်ကျင့်ယန်အမည်ရှိ သိုင်းသမားနှစ်ယောက်ကို ရှီးထင်ချိတ်၏ကိုယ်ရံတော် သိုင်းသမားများအဖြစ် တာဝန်ပေးအပ်ထားသည်။

အကယ်♣ အရေးပေါ်အန♣ၠ♣ၠရာယ်များကြုံလာပါက အသက်စွန့်ကာ ရှီးထင်ချိတ်ကို ကာကွယ်ကယ်တင်ပေးရန်လည်း ရင်ကိုးနှင့်ကျင့်ယန်တို့ကို သေသေချာချာ ပြောဆိုမှာကြားထားခဲ့သည်။

♣သို့ ကြိုတင်ပြင်ဆင်မှုများ စေ့စပ်စွာပြုလုပ်ထားသော်လည်း ကံကြမ✔ာက တမျိုးဖန်လာခဲ့လေသည်။

အခန်း (၄၇)

ဘဝကံကြမ✔ာဖန်လာပုံက ဆန်းကြယ်လှသည်။ သိုင်းလောက၏ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မည့် ကဝိမနောသိုင်းကျမ်းပေါ်ပေါက်လာပြီး ကဝိမနောသိုင်းအနွယ်ဝင်တို့ ညီညာစွာ စည်းလုံးမိကြချိန်မှာပင် အန်တုရန်ပြုနိုင်သော

မိစ♣ာမနေသိုင်းကျမ်းမှာလည်း နှစ်ပေါင်းများစွာ တိမ်မြ✔ုပ်နေခဲ့ရာမှ ပေါ်ထွက်လာခဲ့ပြန်သည်။

မိစ♣ာမနေသိုင်းကျမ်းသည် လမ်းလွဲသိုင်းပညာတစ်ခုဖြစ်သည်။

နည်းလမ်းမှန်နှင့် လေ့ကျင့်သင်ယူရသည့်သိုင်းပညာမျိုး မဟုတ်။ ဖြတ်လမ်းနည်းဖြင့် စွမ်းအားတိုးတက်အောင် ပြုလုပ်ကာ ကြမ်းတမ်းရက်စက်သော တိုက်ခိုက်မှုများကို အသားပေးသည့်သိုင်းပညာဖြစ်ပေသည်။

ဘေးအန♣ ့ရာယ်တစ်ခုခုနှင့် ရင်ဆိုင်နေရချိန်တွင် လူတို့♣– ယခင်ကမရှိခဲ့ဖူးသော အားအင်နှင့်စွမ်းရည်များ ဖြစ်ပေါ်လာတတ်သည်။

မီးဘေးမှလွတ်အောင် ပြေးရာတွင် လူလေးယောက်ပင် မသယ်ယူနိုင်သော သေတ♣ ္တာကြီးကို တစ်ယောက်တည်းထမ်းကာ တရကြမ်းပြေးနိုင်သည့်စွမ်းရည်မျိုး၊ နွားသိုးကနောက်မှ လိုက်ဝှေ့သောအခါ ယခင်ကမပြေးနိုင်ခဲ့သော အမြန်နှုန်းဖြင့်ပြေးကာ၊ ယခင်က ဘယ်လိုမှခုန်နိုင်မည်မဟုတ်သော ခြံစည်းရိုးအမြင့်ကို လွှားခနဲခုန်ကျော်သွားနိုင်မှုမျိုးစသည်တို့သည် ဘေးရန်နှင့်ကြုံတွေ့ရလျှင် ပေါ်ပေါက်လာတတ်သည့် ထူးခြားသောစွမ်းရည် သတ♣ ္တိများအတွက် ဥပမာများပင်ဖြစ်သည်။

မိစ♣ာမနေသိုင်းသည် ♣ ့အချက်ပေါ်တွင် အခြေခံအားပြုထားသည်။

မိစ♣ာမနေသိုင်းကျမ်းတွင်ပါသော သိုင်းပညာများ၏ အဓိကရည်မှန်းချက်မှာ တဖက်ရန်သူကို အနိုင်ရရေးသာဖြစ်သည်။ မိမိအသက်ကိုစွန့်ရသည်ဖြစ်စေ၊ မိမိအနေဖြင့် တသက်လုံး မစွမ်းမသန်နှင့် လူဖြစ်ရှုံးရသည်ဖြစ်စေ၊ ရန်သူကို အနိုင်တိုက်ခိုက်နိုင်ရန်သာ အဓိကထားသည်။

မိစ♣ာမနေသိုင်းကျမ်း၏သိုင်းပညာများသည် ရက်စက်သည်။ ကြမ်းတမ်းသည်။ ဘာမျှ ငဲ့ည✔ှာထောက်ထားခြင်းမရှိ။ အနိုင်ယူရေးကိုသာ အလေးပေးသည်။

အခြေခံကောင်းရန် ကျင့်စဉ်မှန်ရန်လည်း အရေးမစိုက်။ မိမိအသုံးပြုမည့် သိုင်းကွက်အင်အားသည် မိမိတွင်ရှိနေသော ကိုယ်ခံစွမ်းအားနှင့်လိုက်လျော မျှတမှုရှိမရှိ၊ သိုင်းကွက်စွမ်းအားကို မိမိအနေနှင့် ခံနိုင်ရည်ရှိမရှိကိုလည်း ချင့်ချိန်စဉ်းစားခြင်းမပြု။

အရက်စက်ဆုံး အကြမ်းတမ်းဆုံး၊ အပြင်းထန်ဆုံးနည်းလမ်းများဖြင့် တဖက်လူကို တိုက်ခိုက်အနိုင်ယူရန်ကိုသာ ဦးတည်သည်။

ကြမ်းတမ်းရက်စက်သော မိစ♣ာမနေသိုင်းပညာများကို သင်ယူလေ့ကျင့်သောသူများမှာလည်း ပင်ကိုက မည်မျှရိုးဖြောင့်သောစိတ်ဓာတ်ရှိပါစေ လေ့ကျင့်သော သိုင်းပညာ၏လွှမ်းမိုးမှုဖြင့် စိတ်ဓာတ်များခက်ထန်ကြမ်းတမ်းလာကာ လူကြမ်းလူရိုင်းကြီးများအဖြစ်သို့ ပြောင်းလဲသွားပေမည်။

♣ ့သို့ ကြမ်းကြုတ်ရက်စက်သော စိတ်ဓာတ်များပေါ်ပေါက်လာစေသည့်အတွက် ထိုသိုင်းကျမ်းကို မိစ♣ာမနေသိုင်းကျမ်းဟု ခေါ်ဆိုခြင်းဖြစ်ပေတော့သည်။

မိစ♣ာမနေသိုင်းကျမ်းတွင် အချိန်တိုတိုနှင့် အစွမ်းထက်သော သိုင်းပညာများလေ့ကျင့်နိုင်သည့် ဖြတ်လမ်းနည်းများ ပါရှိသောကြောင့် စိတ်ထားအခြေခံမတည်ကြည်ဘဲ အလွယ်လမ်းဖြင့် တိုးတက်ကြီးပွားမှုကိုရှာလိုသူတို့အဖို့ စိတ်ကြိုက်တွေ့စရာ ဆွဲဆောင်မှုအပြည့် ရှိနေပေသည်။

မိစ♣ာမနေသိုင်းကျမ်းပါ သိုင်းပညာများကို လေ့ကျင့်လျှင် အချိန်တိုတိုနှင့် သိုင်းပညာစွမ်းရည် မြင့်မားတိုးတက်လာမည်မှာ မှန်ပေသည်။

သို့သော် ...

ထိုသို့ သိုင်းပညာမြင့်မားတိုးတက်လာသည့်နည်းတူ သက်တမ်းမစေ့သေးဘဲ အချိန်တိုတိုနှင့် လျင်မြန်စွာ အသက်ဆုံးရှုံးရမည်ကလည်း သေချာပေသည်။

အတွင်းဒဏ်ရရှိထားသော ရှီးထင်ချိတ်တစ်ယောက် မေရှမ်းမြို့ သိုင်းဆရာသမားတော်ကြီး ဟူမေစင်၏အိမ်ဂေဟာတွင် အနားယူအားမွေးနေချိန်တွင် ကွမ်းစီးပြည်နယ်ကွေးလင်မြို့၏မြောက်ဘက် တောအုပ်တစ်ခုထဲတွင် လူတစုကစခန်းချကာ မိစ♣ရာမနောသိုင်းကျမ်းပါ ပြင်းထန်ကြမ်းတမ်းသော သိုင်းပညာများကို လေ့ကျင့်နေကြသည်။

ထိုသိုင်းလေ့ကျင့်မှုကို ဦးစီးနည်းပြပေးနေသူမှာ နတ်မိမယ်လေးတမျှ လှပချောမောသည့် မိန်းမပျိုလေးတစ်ယောက် ဖြစ်ပေသည်။

မိန်းမပျိုလေးသည် ရုပ်ရည်ချောမောသလောက် မျက်နှာအမူအရာကတော့ တည်ကြည်လွန်းလှသည်။ ပြုံးခြင်းရယ်ခြင်းမရှိ။ မျက်နှာထား တည်တည်ငြိမ်ငြိမ် အေးစက်စက်သာရှိနေသည်။

မိစ♣ရာမနောသိုင်းလေ့ကျင့်မှုများကလည်း တကယ်ပင် ပြင်းထန်ကြမ်းတမ်းလှပေသည်။ ကျင့်စဉ်များက အလွန်ထိတ်လန့်ဖွယ် ကြောက်ရွံ့ဖွယ်ရာ လုပ်ရပ်များဖြစ်သည်။

ထိုသူတို့အဖို့ကတော့ လေ့ကျင့်မှုများကို ထမင်းစားရေသောက်သလို ခပ်အေးအေးပင် ပြုလုပ်နေသည်။

မိမိ၏ကိုယ်ခန✔ွာကို တမင်နာကျင်အောင်ပြုလျက် လေ့ကျင်နေသူများကလည်း ရှိသေးသည်။

သူတို့သည် နာကျင်မှုအမျိုးမျိုးကိုခံယူကာ မိမိတို့၏စွမ်းရည်များ တိုးမြင့်လာအောင် လေ့ကျင့်နေကြခြင်း ဖြစ်ပေသည်။

သည်နေရာသို့ လူစိမ်းတစ်ယောက်ယောက် ရောက်ရှိလာပြီး ထိုသူတို့၏လေ့ကျင့်မှုများကို တွေ့မြင်သွားမည်ဆိုပါက ငရဲပြည်သို့ရောက်လာလေပြီလားဟုပင် ထင်မှတ်မှားမိပေမည်။

ယမင်းသူဇာလေးသည် သိုင်းလေ့ကျင့်နေသူများ အကြားတွင် လှလှပပလေးလျှောက်လှမ်းကာ လိုက်လံစစ်ဆေးကြည့်ရှုပြီး နည်းလမ်းများပြပေးနေသည်။

ထိုအချိန်မှာပင် တကိုယ်လုံးသွေးရဲရဲသံရဲရဲဖြစ်နေသော လူရွယ်တစ်ယောက် ယမင်းသူဇာလေးအနီးသို့ ရောက်လာသည်။

သွေးရဲရဲသံရဲရဲဖြစ်နေသည်ဆိုသော်လည်း ထိုသူ၏ကိုယ်ပေါ်တွင် သွေးစိမ်းရှင်ရှင်ထွက်နေသည်တော့ မဟုတ်။

ပေကျံနေသောသွေးများကို မဆေးကြောဘဲ ထားသောကြောင့် ကိုယ်ပေါ်တွင်သွေးများ ခြောက်ကပ်ထင်နေခြင်းသာ ဖြစ်ပေသည်။

ဓဘာကိစ♣⮘လဲ ကြူတိတ်ခင်ဓ

ယမင်းသူဇာလေးက အေးစက်စက်လေသံဖြင့် မေး၏။

ကြူတိတ်ခင်ဟုအခေါ်ခံရသော လူရွယ်သည် ယမင်းသူဇာလေးကို အရိုအသေပေးလိုက်ပြီး ...

ဓကျန်ရှုန်တို့ခုနစ်ယောက် သေဆုံးသွားကြပါပြီ သခင်မလေးဓ

ဓဘာ ... သေကုန်ကြပြီဟုတ်လား၊ ငါသင်ပေးလိုက်တဲ့ မိစ♣ရာနိဂုံးသိုင်းကွက်ကို မသုံးကြဘူးလားဓ

ယမင်းသူဇာလေး၏ ပြောပုံဆိုပုံကလည်း မောက်မာခက်ထန်၏။

ဓသုံးကြပါတယ် သခင်မလေးဓ

ဓသြော် ... အေးအေး ဒါဆိုပြီးတာပဲ၊ ရန်သူဘက်က ဘယ်နှစ်ယောက်သေသွားသလဲဓ

ယမင်းသူဇာလေးသည် မိစ♣ရာနိဂုံးသိုင်းကွက်၏စွမ်းရည်ကို အထူးပင် ယုံကြည်ထားဟန်တူသည်။

မေးလိုက်ပုံမှာ ကျန်ရှန်တို့ကအသေခံကာ မိစ♣ာနိဂုံးသိုင်းကွက်ဖြင့် တိုက်ခိုက်သည့်အတွက် ရန်သူ့ဘက်တွင်လည်း အသေအပျောက်များမည်ဟု တထစ်ချတွက်ထားသည့်ပုံမျိုးဖြစ်သည်။

ကြူတိတ်ခင်မှာ ဖြစ်ရပ်အမှန်အတိုင်းမပြောရဲ၊ ဖြစ်ပျက်ပုံအမှန်အတိုင်းပြောလျှင် မိမိအဖို့မသက်သာဘဲ အပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း ကောင်းကောင်းသိထားသည်။

ဓဟူမေစင်တို့ မိသားစုနဲ့အတူ ရန်သူတစ်ရာကျော်သေဆုံးသွားပါတယ်၊ ကျွန်တော်နဲ့ ယန်ဝင်တိတ်တို့ နှစ်ယောက်ကတော့ ရန်သူခြောက်ဆယ်လောက်နဲ့ ရင်ဆိုင်တိုက်ခိုက်ရပါတယ်၊ ယန်ဝင်တိတ်က ရန်သူတွေကို အပြင်းအထန်ဖိနှိပ်တိုက်ခိုက်ပေးထားပြီး သခင်မလေးဆီအကျိုးအကြောင်း သတင်းသွားပေးဖို့ ကျွန်တော့်ကိုအမိန့်ပေးပါတယ်၊ ဒါကြောင့်ကျွန်တော်လဲ ရင်ဆိုင်မိသမျှရန်သူကို တိုက်ခိုက်ထိုးဖောက်ပြီး ထွက်လာခဲ့ပါတယ်ဓ

ဓဒါဆို ယန်ဝင်တိတ်ကောဓ

ဓသေဆုံးသွားပါပြီ၊ သူမသေခင် ရန်သူငါးဆယ်လောက်ကို သတ်ဖြတ်သွားခဲ့ပါတယ်ဓ

ကြူတိတ်ခင်၏မှင်သေသေနှင့် လုပ်ကြံပြောဆိုနေသည်ကိုကြည့်ပြီး ယမင်းသူဇာလေးက လက်ခံယုံကြည်သွားသည်။

ဓကောင်းတယ်၊ မိစ♣ာမနော့ဂိုဏ်းဝင်တွေဟာ ဒီလိုအသက်စွန့်ပြီး၊ ရန်သူတွေကို အမြစ်ပြတ်အောင် ချေမှုန်းနိုင်စွမ်းရှိရမယ်၊ ငါတို့ရဲ့အောင်ပွဲသတင်းကို လာပို့ပေးနိုင်တဲ့အတွက် မင်းကို ဂုဏ်ပြုပွဲလုပ်ပေးမယ်၊ ရာထူးလဲ တိုးမြ✔င့်ပေးမယ်ဓ

ဓကျေးဇူးကြီးလှပါတယ် သခင်မလေးဓ

ဓဟူမေစင်ရဲ့အိမ်ဂေဟာမှာ အသက်ရှင်ကျန်နေတဲ့လူရှိသေးသလားဓ

ဓဟူမေစင်ရဲ့မိသားစုနဲ့ တပည့်တပန်းတွေထဲကတော့ တစ်ယောက်မှအသက်ရှင်ပြီး ကျန်မနေတော့ပါဘူး သခင်မလေးဓ

ဓမင်းစကားက ဘယ်လိုလဲ၊ အဲဒီအိမ်ဂေဟာမှာ ဟူမေစင်ရဲ့မိသားစုနဲ့ တပည့်တပန်းတွေအပြင် တခြားဘယ်သူတွေ ရှိသေးလို့လဲဓ

ဓဘယ်ကဘယ်လို ရောက်လာကြတယ်မသိပါဘူး၊ အင်အားတစ်ရာလောက်ရှိတဲ့ သိုင်းသမားတွေ ဟူမေစင်တို့ဘက်က ဝင်ကူဖို့ရောက်လာကြတယ်၊ ကျွန်တော်တို့လက်ချက်ကြောင့် တဝက်လောက်သေကုန်ကြပြီး၊ ကျန်နေသေးတဲ့လူတွေက ဟူမေစင်ရဲ့ အိမ်ဂေဟာမှာ ရှိနေကြပါသေးတယ်ဓ

ကြူတိတ်ခင်သည် အဖြစ်မှန်ပေါ်တွင် အခြေခံကာ မိမိမျက်နှာကောင်းရရန် သာသာထိုးထိုး လုပ်ကြံပြောဆိုလိုက်သည်။

ယမင်းသူဇာလေး၏မျက်နှာထားက ခက်ထန်တင်းမာလာသည်။

ဓဒီလူတွေကို ဘာလို့ဒီအတိုင်းထားရမှာလဲ၊ ကျူပင်ခုတ်ကျူငုတ်မကျန်အောင် ချေမှုန်းပစ်ရမယ်ဓ

ယမင်းသူဇာလေး၏ စကားကိုကြားရသောအခါ ဟူမေစင်၏အိမ်ဂေဟာတွင် ကျန်နေသေးသူတို့ကို တိုက်ခိုက်ရန် မိမိကိုများ တာဝန်ပေးစေလွှတ်ဦးမည်လားဟု ကြူတိတ်ခင်လန့်သွားမိသည်။

သို့သော် ...

တော်ပေသေးသည်။

♣တိုက်ပွဲအတွေ့အကြုံသည် သူ့အတွက် သင်ခန်းစာကောင်းကောင်း ရစေခဲ့သည်။

နှစ်ပေါင်းများစွာ တိမ်မြ✔ုပ်ပျောက်ကွယ်နေခဲ့သော မိစ♣ာမနော့သိုင်းကျမ်း ပြန်လည်ပေါ်ထွက်လာရုံသာမက မိစ♣ာမနော့သိုင်းပညာများကို လေ့ကျင့်ထားသူတို့ ဂိုဏ်းအဖွဲ့တစ်ခုအဖြစ် စုစည်းမိထားပြီးဖြစ်ကြောင်းလည်း

ရှီးထင်ချိတ်အနေဖြင့် အတိအကျသိခဲ့ရပေသည်။

ခမိစ♣ာမနောသိုင်းကျမ်းဟာ ပေါ်ထွက်လာရုံတင်မကဘူး၊ လူတွေကို အန♣ရာယ်ပေးရန်ပြုမယ့် အခြေအနေမျိုးတောင် ရောက်နေပြီဦးရီးတော်၊ အဲဒီရန်ကို ပေ့ါပေ့ါဆဆသဘောထားလို့ မရနိုင်တော့ဘူးခ

ရှီးထင်ချိတ်က မော်ယောက်ကျိုကို ပြောလိုက်သည်။

တကယ်တော့ သူသည် ကဝိမနောဂိုဏ်း၏ ဦးစီးခေါင်းဆောင် ကဝိမနောသိုင်းကျမ်းရှင်ဖြစ်သည်။ သို့သော် ဂိုဏ်းခွဲမ✔ူးများကို လေးလေးစားစားပင် ပြောဆိုဆက်ဆံသည်။

ဂိုဏ်းခွဲမ✔ူးများကလည်း အသက်ငယ်ရွယ်သော သိုင်းကျမ်းရှင်ကို အပြန်အလှန်အားဖြင့် ရိုသေလေးစားမှုရှိသည်။

ခကျမ်းရှင်လေးပြောတာ ဟုတ်ပါတယ်၊ ယက✔စာပေသမားဆိုတဲ့ လူတွေဟာလဲ မိစ♣ာမနောသိုင်းကို လေ့ကျင့်တတ်မြောက်ထားတဲ့ လူတွေပဲဖြစ်လိမ့်မယ်၊ သူတို့ရဲ့တိုက်ခိုက်ပုံနဲ့ သိုင်းကွက်တွေက သိပ်ကိုကြမ်းတမ်းရက်စက်လွန်းတယ်ခ

မော်ယောက်ကျိုက ပြန်ပြောသည်။

ခကဝိမနောသိုင်းနဲ့ မိစ♣ာမနောသိုင်းဟာ ဟိုအရင့်အရင်နှစ်တွေကတည်းက အကြိတ်အနယ် ရင်ဆိုင်ခဲ့ကြရဖူးတဲ့ ယှဉ်ပြိုင်ဘက် သိုင်းပညာကြီးတွေဖြစ်ပေမယ့် ကျွန်တော်သိရသလောက်တော့ ဘယ်ဘက်ကမှ ပြတ်ပြတ်သားသား အနိုင်ရတယ်ဆိုတာ မရှိခဲ့သေးဘူး၊ ကျွန်တော်တို့ ကဝိမနောသိုင်းအနွယ်ဝင်တွေ ကျင့်စဉ်ခုနစ်မျိုးနဲ့ ဂိုဏ်းခုနစ်ဂိုဏ်း ကွဲပြားသွားတဲ့အချိန်မှာ မိစ♣ာမနောသိုင်းကျမ်းနဲ့ မိစ♣ာမနောဂိုဏ်းကွယ်ပျောက် တိမ်မြ✔ုပ်သွားခဲ့တယ်၊ အခု မိစ♣ာမနောသိုင်းကျမ်း ပြန်လည်ပေါ်ပေါက်လာချိန်မှာ ကဝိမနောသိုင်းကျမ်းအနွယ်တွေ တစည်းတလုံးတည်း စည်းလုံးမိလို့သာ တော်သေးတာပေ့ါ၊ အရင်ကလို စိတ်ဝမ်းကွဲပြားနေကြရင်တော့ အခက်ပဲခ

ခစည်းလုံးခြင်းဟာ အင်အားပါပဲ ကျမ်းရှင်လေး၊ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိရင် အန♣ရာယ်တွေကို ရင်ဆိုင်ကျော်လွှားနိုင်ပါလိမ့်မယ်ခ

ထိုအချိန်တွင် နဂါးနီဂိုဏ်းခွဲမှ သိုင်းသမားတစ်ယောက် အခန်းထဲသို့ဝင်ရောက်လာပြီး ရှီးထင်ချိတ်နှင့်မော်ယောက်ကျိုတို့ကို အရိုအသေပေးသည်။

ထိုသိုင်းသမားသည် နှုတ်မှတစုံတရာမပြောဘဲ မော်ယောက်ကျိုကိုသာ ကြည့်နေသည်။

သူ့တွင် မော်ယောက်ကျိုအား ပြောပြရန် အကြောင်းကိစ♣ တစုံတရာရှိကြောင်း ရှီးထင်ချိတ် ရိပ်မိလိုက်သည်။

ခဆောင်ရွက်စရာ ကိစ♣ ရှိတယ်ဆိုရင် သွားပြီးဆောင်ရွက်ပါ ဦးရီးတော်၊ ကျွန်တော်သက်သာသွားပါပြီခ

မော်ယောက်ကျိုသည် ရှီးထင်ချိတ်ကို အရိုအသေပြုပြီး ထိုသိုင်းသမားနှင့်အတူ အခန်းပြင်သို့ထွက်သွားသည်။

ခဆိုစမ်း … ဘာသတင်းထူးလဲခ

အခန်းပြင်သို့ရောက်သည်နှင့် မော်ယောက်ကျိုက အသံခပ်အုပ်အုပ် မေးလိုက်သည်။

ခအခြေအနေကတော့ အတော်ကိုဆိုးရွားလာပြီ ဂိုဏ်းခွဲမ✔ူးခ

ထိုသိုင်းသမားက ပြောသည်။

ခပြောစမ်းပါဦး ဘယ်လိုဖြစ်လို့လဲခ

ခရန်သူရဲ့လှုပ်ရှားမှုကို ခြေရာခံမိပါတယ်၊ ပြီးတော့ ကင်းလှည့်ရင်း သတင်းစုံစမ်းဖို့လွှတ်ထားတဲ့ ကျွန်တော်တို့လူသုံးယောက်လဲ ပြန်ရောက်မလာကြပါဘူး၊ ရန်သူ့လက်ချက်မိသွားပြီလို့ ယူဆရပါတယ်ခ

ဒေါ်ဆိုရင် ရန်သူကဒီကိုလာပြီး တိုက်ခိုက်ကြတော့မယ့် အခြေအနေပေါ့ဓ

ဓဟုတ်ကဲ့၊ ကျွန်တော်လဲ ဒီလိုပဲထင်မိပါတယ်ဓ

ဓဘာပဲဖြစ်ဖြစ် ရန်သူလာတိုက်ရင်တော့ ငါတို့က အသက်စွန့်ပြီးရင်ဆိုင်ရမှာပဲ၊ ကဲ … ရန်သူ့လှုပ်ရှားမှုကို သိရအောင် ဆက်ပြီးကင်းလှည့်စုံစမ်း၊ အကြောင်းထူးတာနဲ့ လာအကြောင်းကြားဓ

ဓကောင်းပါပြီ ဂိုဏ်းခွဲမ✔ူးဓ

သတင်းလာပေးသူ သိုင်းသမားသည် မော်ယောက်ကျိုကို အရိုအသေပေးပြီး ထွက်သွားသည်။

ဓဟူး …ဓ

မော်ယောက်ကျိုသည် သက်ပြင်းလေးလေးကြီးတချက် ချလိုက်သည်။

မိမိတို့ဘက်မှ အင်အားနည်းပါးနေချိန်တွင် ရန်သူက အင်အားကြီးကြီးနှင့် လာရောက်တိုက်ခိုက်မည်ကို သူတကယ်ပင် စိုးရိမ်ပူပန်မိသည်။

♣ဂ္ဂနေရာမှ ရှောင်တိမ်းထွက်သွားလျှင် ကောင်းမည်လားဟုပင် တွေးမိသေးသည်။ သို့သော် ကဝိမနော့သိုင်းကျမ်းရှင်သည် ရန်သူကိုကြောက်ပြီး ထွက်ပြေးရသည်ဆိုသောအဖြစ်မျိုး မရောက်လိုသောကြောင့် ထိုစိတ်ကူးကိုချက်ချင်းပင် ခေါင်းထဲမှ ဖယ်ထုတ်ပစ်လိုက်သည်။

မော်ယောက်ကျိုသည် စိုးရိမ်စိတ်များ မပေါ်လွင်ရလေအောင် မျက်နှာအမူအရာကို ကြိုးစားချုပ်ထိန်းပြီး ရှီးထင်ချိတ်ရှိရာ အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

ဓဘာသတင်းများ ကြားရလို့လဲ ဦးရီးတော်ဓ

ရှီးထင်ချိတ်ကဆီး♣ မေးသည်။

ဓဘာမှမဟုတ်ပါဘူး၊ ရန်သူ့လှုပ်ရှားမှုသတင်း အနည်းအကျဉ်းရလို့ပါဓ

မော်ယောက်ကျိုက ပေါ့ပေါ့တန်တန်အသွင်မျိုးဖြင့် ပြန်အဖြေပေးသည်။

သို့သော်အတွင်းဒဏ်ကြောင့် အိပ်ရာထဲလဲလျောင်းနေရသည့် မိမိရှေ့မှောက်တွင် ထုတ်မပြောဘဲ အပြင်ဘက်သို့ရောက်မှ ပြောကြားသောသတင်းသည် ဘာမျှမဟုတ်လောက်သည့်သတင်း မဖြစ်နိုင်ကြောင်း ရှီးထင်ချိတ်ခန့်မှန်းမိသည်။

သူသည် ♣ ဏ်ကောင်းကာ အကင်းပါးသူတစ်ယောက်ဖြစ်သည့်အတိုင်း ယခုလိုအချိန်အခါတွင် ♣ဂ္ဂအိမ်ဂေဟာတွင်ရှိနေသော မိမိတို့ကို တဖက်ရန်သူများက လာရောက်တိုက်ခိုက်ရန် စီစဉ်နေသည့်သတင်းသာလျှင် ဖြစ်ရမည်ဟု ဆက်စပ်တွေးမိပြန်သည်။

ဓကျွန်တော်တို့ ဒီမှာဆက်နေရင် ရန်သူ့အတွက် တိုက်ကွင်းကောင်းတစ်ခုလို ဖြစ်နေမလားမသိဘူး၊ ဒီတော့ ကျွန်တော်တို့အနေနဲ့ ဟိတ်ဟန်တွေဘာတွေ လုပ်နေစရာမလိုပါဘူး၊ ဒီနေရာမှာ ဆက်နေတာ အန♣ၬ့ရာယ်များမယ်ထင်ရင် တခြားတနေရာကို ပြောင်းသင့်လဲပြောင်းကြတာပေါ့ဓ

ရှီးထင်ချိတ်၏စကားများကြောင့် မော်ယောက်ကျို၏စိတ်ထဲတွင် ကျန်နေသေးသော ဟိတ်ဟန်နှင့်မာနတို့ကို ပပျောက်သွားစေသည်။

မာန်တက်ကာ အန♣ၬ့ရာယ်ကို ဇွတ်ရင်ဆိုင်ခြင်းထက် အခြေအနေသုံးသပ်ပြီး ရှောင်သင့်ကရှောင်ရမည် ဖြစ်ကြောင်းကိုလည်း နားလည်သွားစေသည်။

တကယ်တော့ မော်ယောက်ကျိုကိုယ်တိုင်ကလည်း ♣အိမ်ဂေဟာမှ ရှောင်တိမ်းသွားလျှင် ကောင်းမည်ဟုတွေးမိခဲ့သည်။
သို့ရာတွင် ကဝိမနေသိုင်းကျမ်းရှင်အနေဖြင့် ရန်သူကိုကြောက်ပြီး ထွက်ပြေးသည်ဟု အပြောခံရမည်စိုးသောကြောင့်
ထိုစိတ်ကူးကို ဖျောက်ဖျက်ပစ်ခဲ့ရသည် မဟုတ်ပါလား။
ယခုမူ ရှီးထင်ချိတ်၏နှုတ်ဖျားမှပင် နေရာပြောင်းရွှေ့သင့်က ပြောင်းရွှေ့ရန် ထုတ်ဖော်ပြောဆိုလာသည့်အတွက်
မော်ယောက်ကျိုအဖို့ ဇဝေဇဝါဖြစ်နေမှုများ ပပျောက်သွားရလေတော့သည်။
ခဒါဆိုရင် ပြောင်းရွှေ့နေထိုင်ဖို့ သင့်တော်မယ့်နေရာကို မေရှမ်းမြို့ပေါ်က မိတ်ဆွေသိုင်းသမားတွေနဲ့
တိုင်ပင်စီစဉ်လိုက်မယ်နော် ကျမ်းရှင်လေးခ
မော်ယောက်ကျိုကပြောသည်။
မေရှမ်းမြို့က တေလေဂိုဏ်းခွဲမှာ အတော်အင်အားကောင်းသည်။ ရှီးထင်ချိတ်တို့လူစုသည် မေရှမ်းမြို့သို့
ရောက်နေကြသော်လည်း ♣မြို့မှ တေလေဂိုဏ်းခွဲ သိုင်းသမားများနှင့် ဆက်သွယ် အကူအညီတောင်းခံမှု မပြုခဲ့ကြသေးပေ။
မိမိတို့လူစုဖြင့် မိမိတို့သာ လှုပ်ရှားနေခဲ့ကြသည်။
ခကောင်းပါတယ်၊ လိုအပ်တယ်ဆိုရင် မိတ်ဆွေတွေရဲ့ အကူအညီကို ရယူရမှာပေါ့၊ ဘယ်ကိစ♣⮘မှာမဆို
အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့လုပ်ရင် အောင်မြင်နိုင်ပါတယ်ခ
ရှီးထင်ချိတ်က မေရှမ်းမြို့ရှိ တေလေဂိုဏ်းခွဲမှ သိုင်းသမားများ၏ အကူအညီကို ရယူနိုင်ရန်အတွက်ပါ အခွင့်ပေးလိုက်သည်။
မော်ယောက်ကျိုလည်း ဆိုင်းမနေတော့ဘဲ ထိုအိမ်ဂေဟာမှ အခြားသို့ပြောင်းရွှေ့ရန် ချက်ချင်းပင် ပြင်ဆင်စီစဉ်လေတော့သည်။
အချိန်သည် တန်ဖိုးရှိသည်။ ရန်သူက တိုက်စစ်ဆင်မလာမီ မိမိတို့ကအရင်ဦးအောင် လှုပ်ရှားရှောင်တိမ်းထားရမည်
မဟုတ်ပါလား။
မော်ယောက်ကျိုသည် မိမိလက်အောက်တွင် ရှိနေသော သိုင်းသမားဆယ့်ရှစ်ဦးကို အိမ်ဂေဟာအတွင်းအပြင်
စေ့စပ်စွာကင်းချထားပြီး သတိရှိရှိဖြင့် စောင့်ကြပ်ကြရန် အထပ်ထပ်ပင် ပြောဆိုမှာကြားသည်။
ထို့နောက် တေလေဂိုဏ်းမှ မိတ်ဆွေသိုင်းသမားများ၏ အကူအညီကိုတောင်းခံရန် မေရှမ်းမြို့ထဲသို့ ထွက်လာခဲ့သည်။
ဟူမေစင်၏အိမ်ဂေဟာတွင် စောင့်ရှောက်ကျန်ရစ်သော သိုင်းသမားများသည် သာမန်အဆင့်မြင့် သိုင်းသမားများသာ
ဖြစ်ကြသည့်အတွက် မော်ယောက်ကျိုအနေဖြင့် နောက်ပိုင်းမအေး စိတ်မချနိုင်ဖြစ်နေသည်။ ထို့ကြောင့်
ကိစ♣⮘ပြီးပြတ်အောင် အမြန်ဆုံးပြောဆိုလုပ်ကိုင်ကာ ဟူမေစင်၏အိမ်ဂေဟာသို့ပြန်ရန် စိတ်ကူးထားသည်။

မေရှန်းမြို့သို့ မော်ယောက်ကျိုထွက်သွားသည့်အခါတွင် ဟူမေစင်၏အိမ်ဂေဟာ♣– ပထမတန်းသိုင်းအကျော်အမော်
တစ်ယောက်မျှမရှိတော့။
သာမန်အဆင့်မြင့်သိုင်းသမား ဆယ့်ရှစ်ယောက်သာ ရှိနေသည်။ ရှီးထင်ချိတ်မှာလည်း အတွင်းဒဏ်ရာရနေသောကြောင့်
သိုင်းပညာမတတ်သူတစ်ယောက်နှင့် ဘာမျှမခြားနားပေ။
နှစ်လသုံးလခန့် အနားယူကာ အတွင်းအားလေ့ကျင့်မှသာ မူလရှိပြီးဖြစ်သော သိုင်းပညာစွမ်းပကားများကို
ပြန်လည်ရရှိပေမည်။
ယခုလက်ရှိအခြေအနေတွင် ရန်သူကို မည်သို့မျှရင်ဆိုင်တိုက်ခိုက်ခြင်း မပြုနိုင်။
ရှီးထင်ချိတ်အတွက် ကြမ✔မှာဆိုးရန် ဖန်လာသည်လား၊ ရန်သူက ထိုသို့သောအခွင့်ကောင်းကိုပင်

ချောင်းမြောင်းစောင့်ဆိုင်းနေလေသည်လား မပြောတတ်။

မေရှန်းမြို့သို့ မော်ယောက်ကျိုထွက်သွားပြီး ဟူမေစင်၏အိမ်ဂေဟာတွင် အင်အားသိသိသာသာ လျော့ပါးနေချိန်မှာပင် ရန်သူများက ဝင်ရောက်စီးနင်း တိုက်ခိုက်ကြလေတော့သည်။

ထိုသို့ စီးနင်းတိုက်ခိုက်ရာတွင် အမြစ်ပြတ်အငုတ်ပြတ် ရှင်းလင်းပစ်သည့် တိုက်ခိုက်နည်းဗျူဟာကို ရန်သူများက အသုံးပြုလာကြသည်။

ရန်သူတို့တိုက်ခိုက်မှုက အိမ်ဂေဟာ၏အရှေ့ဘက်နှင့် အနောက်ဘက်က နှစ်ဖက်ည✔ပ်ကာ တပြိုင်နက်တည်း ဝင်လာသည်။ ပထမဦးစွာ အိမ်ဂေဟာကြီးကို မီးမြ✔ားများဖြင့် တရစပ်ပစ်ခတ်ကြသည်။ မီးမြ✔ားတို့၏ဒဏ်ကြောင့် အိမ်ဂေဟာအရှေ့ပိုင်းနှင့် အနောက်ပိုင်းတွင် မီးများစွဲလောင်ကြသည်။ တဆက်တည်းပင် လက်မရွံ့သိုင်းသမားများက မုန်တိုင်းတိုက်ခတ်သည့်နှယ် အတင်းတရကြမ်း ဝင်ရောက်တိုက်ခိုက်လာကြသည်။

ရန်သူများ၏ စီးနင်းတိုက်ခိုက်ခြင်းကို ခံရသည်နှင့် ရှီးထင်ချိတ်၏ကိုယ်ရံတော် သိုင်းသမားများအဖြစ် တာဝန်ယူထားကြရသည့် ရင်ကိုးနှင့်ကျင့်ယန်တို့သည် ရှီးထင်ချိတ်ကို ဘေးလွတ်ရာသို့ ကယ်ထုတ်သွားနိုင်ရေးအတွက် စီစဉ်လုပ်ဆောင်ကြရတော့သည်။

ရှီးထင်ချိတ်သည် ကောင်းစွာလမ်းမလျှောက်နိုင်သေးသောကြောင့် ကျင့်ယန်က နောက်ကျောပေါ်တွင်ပိုးသည်။ ခိုင်မြဲစွာရှိစေရန်အတွက်လည်း အိပ်ရာခင်းအစအရှည်ကို ဆုတ်ဖြဲကာ ကြိုးသဘောမျိုးသုံး♣ သိုင်းချည်ထားလိုက်သည်။ ♣သို့သိုင်းချည်ထားသည့်အတွက် ကျင့်ယန်အဖို့ လက်နှစ်ဘက်ကို အနှောင့်အယှက်မရှိဘဲ လှုပ်ရှားကာ ရန်သူကိုရင်ဆိုင်တိုက်ခိုက်နိုင်မည် ဖြစ်သည်။

ရင်ကိုးက ကျင့်ယန်၏ဘေးမှကပ်♣ လိုက်ပါပြီး ရန်သူနှင့်ရင်ဆိုင်ရလျှင် ကျင့်ယန်အလွတ်ရုံး ထွက်ပြေးနိုင်ရန် ခုခံတိုက်ခိုက် လမ်းဖွင့်ပေးမည်ဖြစ်သည်။

ကျင့်ယန်နှင့် ရင်ကိုးတို့နှစ်ယောက်သည် အသင့်ပြင်ဆင်ပြီးသည်နှင့် အခန်းထဲမှထွက်လာခဲ့ကြသည်။

အချိန်မှာ ခြောက်သွေ့သောရာသီ နေ့လည်ပိုင်းအချိန်ဖြစ်သည်။ လေကလည်း တသုန်သုန်ဖြင့် တိုက်ခတ်နေသည်။ ဟူမေစင်၏အိမ်ဂေဟာတွင် ရှိနေသောသိုင်းသမားအားလုံးမှာ ရန်သူကို ရင်ဆိုင်တိုက်ခိုက်နေကြရသောကြောင့် မီးကိုငြိမ်းသတ်တားဆီးမည့်သူ မရှိ။

မီးသည်တခဏအတွင်းမှာပင် အရှိန်အဟုန်ကောင်းလာကာ အိမ်ဂေဟာတစ်ခုလုံးအနှံ့ ပြန့်ပွားတောက်လောင် နေလေတော့သည်။

အခန်းထဲမှ ပြေးထွက်လာကြသော ရင်ကိုးနှင့်ကျင့်ယန်တို့သည် ရန်သူကိုရင်မဆိုင်ရမီ အလျှံညီးညီးတောကလောက်နေသော မီးတောက်မီးလျှံများနှင့် အရင်ဦးစွာ ရင်ဆိုင်ကြရ၏။

တဟုန်းဟုန်းထအောင် တောက်လောင်နေသော မီးစွယ်မီးတောက်များက နေရာအနှံ့ဖြစ်နေသည်။ ရင်ကိုးတို့မှာ မီးပင်လယ်ထဲသို့ရောက်နေသည့်အလား မီးတောက်များ ဝိုင်းဝိုင်းလည်နေသည်။

ကျောင့်ယန်ရေ ... မီးတောက်တွေကြားက ဖြတ်ပြေးမှပဲ ဖြစ်မယ်၊ ငါရှေ့ကသွားမယ်ဓ

ရင်ကိုးကထိုသို့ပြောပြီး မိမိဝတ်ထားသည့် အပေါ်ဝတ်ဝတ်ရုံရှည်ကြီးကို ချွတ်ကာ ရှီးထင်ချိတ်ကိုယ်ပေါ်သို့ လွှမ်းခြုံပေးလိုက်သည်။

ထို့နောက် အံကိုတင်းတင်းကြိတ်ကာ ဓားရှည်ကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး မီးတောက်မီးလျှံများအကြားသို့

တဟုန်ထိုးပြေးဝင်သွားသည်။

ဝှံဝှံစားစားနှင့် တဟုန်ထိုး ပြေးထွက်လာခဲ့သော ရင်ကိုးသည် မီးတောက်မီးလျှံများကို အောင်မြင်စွာ ဖြတ်ကျော်နိုင်ခဲ့သည်။

တဟုန်းဟုန်း တောက်လောင်နေသော မီးတောက်မီးလျှံများကို ဖြတ်ကျော်ပြီးသည်နှင့် လက်နက်ကိုယ်စီကိုင်ထားသော

ရန်သူသုံးယောက်နှင့် ရင်ဆိုင်တိုးမိ၏။

ရင်ကိုးတို့ဆိုင်းမနေ။ ဓားရှည်ကိုဝှေ့ယမ်းကာ ရန်သူသုံးယောက်ကို အတင်းပင်ခုတ်ထစ် တိုက်ခိုက်လေတော့သည်။

ရင်ကိုးသည် မူလကပင် အသားမည်းသူ တစ်ယောက်ဖြစ်သည်။ မီးတောက်မီးလျှံများ အကြားမှ ဖြတ်ကျော်ပြေးလာရာတွင်

မီးခိုးလုံးများနှင့် တိုးမိရိုက်မိသောကြောင့် တကိုယ်လုံးသည် မည်းနက်သောအမှုန်များဖြင့် ဖုံးလွှမ်းကာ

အသားကပို ♣မည်းသွားသည်။

ရန်သူများမှာ မီးတောက်မီးလျှံများအကြားမှ လူမည်းကြီးတစ်ယောက် ရုတ်တရက်ခုန်ထွက်လာပြီး ဘာမပြောညာမပြော

ဝင်ရောက်တိုက်ခိုက်သည်ကိုခံရလျှင် အံ့သြထိတ်လန့်ကာ ဖရိုဖရဲ ဖြစ်ကုန်ကြသည်။

ရန်သူ့ဘက်ကလူအင်အားများသော်လည်း ရင်ကိုးအား ဝိုင်းပိတ်တိုက်ခိုက်ခြင်းမပြုနိုင်ဘဲ ရင်ကိုးက

လိုက်လံတိုက်ခိုက်သည်ကိုသာ ရှောင်တိမ်းနေရသည့် အခြေအနေမျိုးသို့ ဆိုက်ရောက်သွားကြသည်။

ထိုအချိန်မှာပင် ရင်ကိုး၏နောက်မှ ပြေးလိုက်လာသော ကျင့်ယန်မှာလည်း မီးတောက်မီးလျှံများအကြားမှ

ခုန်လွှားထွက်လာသည်။

ဓအား ...ဓ

ရင်ကိုး၏ထိခိုက်မှုကို ခံနေရသော ရန်သူသုံးယောက်အနက်မှ တစ်ယောက်မှာ ဓားချက်အထိခံရပြီး အသံနက်ကြီးဖြင့်

အော်ဟစ်ကာလဲကျသွားသည်။

ကျန်နှစ်ယောက်မှာလည်း ရင်ကိုး၏ဓားချက်များကို အလူးအလဲပင် ခံနေကြရသည်။

ဓကျင့်ယန် ငါ့ကိုမစောင့်နဲ့၊ လွတ်အောင်ပြေးဓ

ရင်ကိုးသည် ရန်သူများကို အတင်းတိုက်ခိုက်နေရာမှ ကျင့်ယန်ဘက်သို့ လှည့်မကြည့်ဘဲ အော်ပြောသည်။

ကျင့်ယန်လည်း ဘာဘာညာညာ စဉ်းစားမနေတော့ဘဲ ခြေကုန်သုတ်ကာ ပြေးလေတော့သည်။

ထိုသို့ထွက်အပြေးတွင် နောက်ကျောဘက်ဆီမှ တဟူးဟူးဖြင့် လေလှုပ်ရှားသံကို ကြားရသည့်အတွက် ဓားရှည်ဖြင့်

နောက်ပြန်ခုတ်လိုက်သည်။ ကျင့်ယန်၏ဓားချက်က လေကိုသာခုတ်မိသည်။

တဟူးဟူးလှုပ်ရှားသံကတော့ ဆက်လက်ကြားနေရဆဲ။

ကျင့်ယန်စိတ်ထဲ စနိုးစနောင့်ဖြစ်ကာ နောက်သို့ လည်ပြန်လှည့်ကြည့်လိုက်၏။

ဓဟာ ...ဓ

သူ့နောက်ကျောတွင်ပါလာသူ ရှီးထင်ချိတ်၏ ကိုယ်ပေါ် ♣-လွှမ်းခြုံထားသော ဝတ်ရုံရှည်ကြီးမှာ မီးစွဲကာ

တဟူးဟူးတောက်လောက်နေသည်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

ကျင့်ယန်သည် ကမန်းကတန်းပင် မီးစွဲလောင်နေသော ဝတ်ရုံကြီးကိုဆွဲယူကာ လွှင့်ပစ်လိုက်သည်။

ထိုအချိန်မှာပင် သူ၏ရှေ့တွင် ရန်သူတစ်ယောက် ရုတ်တရက်ပေါ်လာကာ ဓားဖြင့်ဆီးခုတ်သည်ကို ခံလိုက်ရ၏။

မီးစွဲလောင်နေသော ဝတ်ရုံကြီးပေါ်တွင် စိတ်အာရုံရောက်နေသော ကျင့်ယန်သည် ရှေ့မှဆီးကြိုတိုက်ခိုက်လာသော

ရန်သူကိုမမြင်မိ။

သို့ရာတွင် ကံတရား၏ဖန်တီးလာပုံက ဆန်းကြယ်လှပေသည်။

ကျင့်ယန်ဆွဲယူလွှင့်ပစ်လိုက်သော မီးစွဲလောင်နေသည့် ဝတ်ရုံကြီးက ရှေ့မှဆီးကြိုခုတ်လာသော ဓားချက်နှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် ဆုံမိသည်။

မီးစွဲလောင်နေသော ဝတ်ရုံကြီးက ကျင့်ယန်၏ရှေ့တွင် ကာဆီးပေးသော ဒိုင်းတစ်ခုသဖွယ် ဖြစ်သွားတော့သည်။

ကျင့်ယန်ကိုရှေ့မှဆီးကာ တိုက်ခိုက်သောရန်သူမှာ ရုတ်တရက်မိမိ၏ဓားချက်ရှေ့တွင် မီးလျှံတံတိုင်းကြီးတစ်ခု ကာဆီးပေါ်ပေါက်လာသည် မြင်ရသောအခါ လန့်ဖျပ်သွားသည်။

ဝဟာ ...ဝ

နှုတ်မှ အာမေဋိတ်သံထွက်သွား၏။

ထိုအသံကို ကြားရသောအခါတွင်မှ ကျင့်ယန်သည် ရှေ့တွင်ရန်သူရှိမှန်းသိကာ ဓားရှည်ဖြင့်ဝိုက်ခုတ်လိုက်သည်။

အလန့်တကြားဖြစ်နေသော ရန်သူမှာ ဘယ်လိုမှမရှောင်တိမ်းနိုင်၊ ကျင့်ယန်၏ဓားချက် အထိခံရကာ လဲကျသွားလေတော့သည်။

ကျင့်ယန်သည် ရှေ့သို့ဆက်ပြေးရာ ရန်သူများ၏ ပိတ်ဆို့တိုက်ခိုက်ခြင်းကို ရင်ဆိုင်ရပြန်သည်။

ဝကျင့်ယန် ... အလွတ်သာပြေး၊ ငါ ခုခံထားပေးမယ်ဝ

ရင်ကိုး၏ အော်ဟစ်ပြောဆိုသံကို ကျင့်ယန်ကြားရသည်။

အသံကြားရသော်လည်း ရင်ကိုးကိုကား မတွေ့ရ၊ ကျင့်ယန်သည် ရင်ကိုးဘယ်နေရာရောက် ♣ ဘယ်လိုဖြစ်နေသည်ကိုပင် မကြည့်နိုင်တော့ဘဲ အတင်းသာတိုက်ခိုက်ထိုးဖောက် ထွက်ပြေးလေတော့သည်။

ကျင့်ယန်၏တိုက်ခိုက်မှုက အလွန်ပင်ကြမ်းရမ်းနေသည်။ မိစ ♣ဂုာမနော့သိုင်းသမားတစ်ယောက် တိုက်ခိုက်သည့် အသက်စွန့်အသေခံ တိုက်ခိုက်မှုမျိုးပင် ဖြစ် ♣နေသည်။

မည်းခနဲမြင်ရသည်နှင့် ကျင့်ယန်က ဓားဖြင့်လှမ်းခုတ်ပြီးဖြစ်နေသည်။

ရန်သူဘယ်နှစ်ယောက်နှင့် ရင်ဆိုင်ရပြီး မိမိက ရန်သူမည်မျှကို ချေမှုန်းသုတ်သင်ခဲ့သည်ကို ကျင့်ယန်မသိ။ ရန်သူအား တစ်ယောက်ပြီးတစ်ယောက် အတင်းတရကြမ်း ခုတ်ပိုင်းပစ်ခဲ့သည်ကိုသာ သိသည်။

ထို့ပြင် ...

မိမိကိုယ်ပေါ်တွင် ရန်သူ့တိုက်ချက်များ မည်မျှထိမိသည်ကိုလည်း မသိတော့။

တစ်ကိုယ်လုံးတွင် ဟိုနေရာကစူးခနဲ၊ သည်နေရာက ပူခနဲဖြင့် ဒဏ်ရာတွေတစ်ခုပြီးတစ်ခု ရနေသည်။

နောက်ဆုံးတွင်တော့ ...

ကျင့်ယန်သည် အားပြတ်ကာ လဲကျသွားလေတော့သည်။ ဘယ်လိုမှ ပြန်မထနိုင်သော လဲကျခြင်းဖြင့် လဲကျသွားခြင်းဖြစ်သည်။

ထိုအချိန်တွင် ရင်ကိုးခမျာမှာလည်း တစ်ကိုယ်လုံးဒဏ်ရာဗရပွဖြစ်ကာ နောက်ဆုံးဓားချက်ကို ခုတ်ထစ်တိုက်ခိုက်ပြီး လဲကျသွားရပြီဖြစ်သည်။

ကဝိမနော့ဂိုဏ်း၊ နဂါးနီဂိုဏ်းခွဲမှ သာမန်သိုင်းသမားလေးနှစ်ယောက်ဖြစ်သော ရင်ကိုးနှင့်ကျင့်ယန်တို့သည် မိမိတို့၏တာဝန်ကို အသက်ပေးကာ ကျေပွန်စွာဆောင်ရွက်သွားခဲ့ကြသည်။

ကဝိမနေသာသိုင်းအနွယ်တို့၏ ရဲရဲတောက်သတ♣ဋ္ဌီသွေးကို ရန်သူမိစ♣ဍာမနေသာသိုင်းအနွယ်တို့ သိရှိသွားအောင် မှတ်ကျောက်တင်ပြသသွားခဲ့ကြသည်။

တဟုန်းဟုန်းတောက်လောင်နေသော မီးပုံကြီးကို မြင်ရသည်။ မီးပုံကြီး၏အရှိန်အဟုန်က ပြင်းထန်လှသည်။

ထိုမီးပုံကြီးထဲမှ လူလိုလိုသဏ✔ာန်တစ်ခု ခုန်ထွက်လာသည်။ ထိုသဏ✔ာန်တစ်ခုလုံး မီးတောက်မီးလျှံများ ဖုံးလွှမ်းနေသည်။ ထိုသဏ✔ာန်က ရှီးထင်ချိတ်ကို ဖက်ပွေ့လိုက်သည်။

ပြင်းပြသောပူလောင်မှုကို ခံစားရသည်။ အထူးသဖြင့် ထိုသဏ✔ာန်၏လက်များဖြင့် ပွတ်သပ်ခြင်းခံရသည့်မျက်နှာတွင် ပူလောင်မှုအပြင်းပြဆုံးဖြစ်သည်။

ခအောင်း …ခ

ရှီးထင်ချိတ်၏နှုတ်မှ ညည်းမိသည်။

နောက်တော့ပိတ်နေသော မျက်လုံးများကိုဖွင့်လိုက်သည်။

ခဟော … ဟော … သတိရလာပြီ၊ သူမသေတော့ဘူးခ

အသံကျယ်ကျယ်နှင့်ပြောလိုက်သော စကားသံကို ရှီးထင်ချိတ်ကြားလိုက်ရ၏။

အသံမှာ ထူးဆန်းသောကိစ♣✔တစ်ခုဖြစ်လာ♣ အံ့ဩဝမ်းသာစွာပြောလိုက်သည့် အသံမျိုးဖြစ်၏။

ရှီးထင်ချိတ်မှာ အိပ်မက်ဆိုးကြီးမက်နေရာမှ လန့်နိုးလာရသူလိုဖြစ်ကာ ပတ်ဝန်းကျင်ကို မျက်လုံးအကြောင်သားဖြင့် အကဲခတ်ကြည့်လိုက်သည်။

ပထမဦးစွာသတိပြုမိသည်က မိမိကိုယ်ခန✔ာအနှံ့အပြားတွင် ပတ်တီးများစည်းနှောင်ထားခြင်းဖြစ်သည်။ မျက်နှာကိုပင် ပတ်တီးများဖြင့် ခပ်တင်းတင်းစည်းထားသည်။

သူသည် ခုတင်တစ်ခုထက်တွင် လဲလျောင်းအိပ်စက်လျက်သားရှိနေပြီး ခုတင်ဘေးမှထိုင်ခုံများပေါ်တွင် အမျိုးသမီးနှစ်ယောက် ထိုင်နေသည်။

ထိုအမျိုးသမီးနှစ်ယောက်၏ ပုံပန်းသဏ✔ာန်နှင့် သွင်ပြင်တို့မှာ တစ်ယောက်နှင့်တစ်ယောက် ဆန့်ကျင်ဘက်များဖြစ်ကြသည်။

တစ်ယောက်က ဝဝဖိုင့်ဖိုင့်နှင့် အရပ်ရှည်သည်။ အသားကခပ်မည်းမည်း။ ကျန်တစ်ယောက်မှာမူ အရပ်ပုပြီး ကိုယ်ခန✔ာသေးသွယ်ပိန်လှီသည်။ အသားကတော့ ကျောက်ဖြူသားလို ဖြူဆွတ်နေသည်။

ထိုအမျိုးသမီးနှစ်ယောက်ကို ရှီးထင်ချိတ်အသာငြိမ်♣ ကြည့်နေသည်။

ရှီးထင်ချိတ်သည် ကျင့်ယန်ကကျောပိုးကာ မီးတောက်မီးလျှံများထဲသို့ ပြေးဝင်သွားချိန်တွင် အတွင်းဒဏ်ရကာ အားနည်းနေခိုက် မီးခိုးများရိုက်မှုနှင့် မီးအပူရှိန်ဟပ်မှုဒဏ်များကို မခံနိုင်တော့ဘဲ သတိလစ်ကာမေ့မြောသွားခဲ့သည်။

အိပ်မက်ဆိုးများမက်သလိုဖြစ်ပြီး သတိပြန်ရလာချိန်တွင် ထိုဆန့်ကျင်ဘက်အမျိုးသမီးနှစ်ယောက်ကို တွေ့ရခြင်းဖြစ်သည်။

မိမိမည်သို့မည်ပုံ ဖြစ်ပျက်ခဲ့သည်ကို ရှီးထင်ချိတ်မသိ။

ထိုအမျိုးသမီးနှစ်ယောက်က မိမိကို ကယ်တင်ပြုစုပေးထားကြခြင်း ဖြစ်လိမ့်မည်ဟုသာ အကဲခတ်မိသည်။

ခကျွန်တော်အခု ဘယ်ကိုရောက်နေတာလဲဗျာခ

ရှီးထင်ချိတ်ကမေးလိုက်သည်။

ေဟော ... စကားလဲပြောလာပြီ၊ ရှင်ရောက်နေတာ သခင်မလေးဝင် ... အိုး ... နာလိုက်တာတော်ေ

ဝဝမည်းမည်းအမျိုးသမီးက တစုံတယောက်၏အမည်ကို ထုတ်ပြောလိုက်မည်အပြုတွင် ပုပုဖြူဖြူအမျိုးသမီးက တင်ပါးကိုဆွဲလိမ်လိုက်သောကြောင့် ယောင်အော်လိုက်မိခြင်းဖြစ်သည်။ ဝဝမည်းမည်း အမျိုးသမီး၏အမည်မှာ ခြုံလန်ဖြစ်၏။

ေနင်ကဘာကြောင့် ငါ့ကိုဆွဲလိမ်ရတာလဲေ

ခြုံလန်က ပုပုဖြူဖြူ အမျိုးသမီးကို အပြစ်တင်စကားပြောကြားသည်။

ပုပုဖြူဖြူအမျိုးသမီးက ခြုံလန်၏ရန်တွေ့စကားကို အလေးမထားဘဲ ရှီးထင်ချိတ်ကိုသာ ပြန်အဖြေပေးသည်။

ေရှင်ဒုက ✔ရောက်နေတာတွေ့လို့ ကျွန်မတို့ရဲ့ သခင်မလေးက ကယ်တင်ပေးထားတာပါ၊ ဒါကတော့ ကျွန်မတို့သခင်မလေးရဲ့ အမဲလိုက်ယာယီစခန်းဆိုပါတော့ေ

ပုပုဖြူဖြူအမျိုးသမီးသည် စကားကို ချင့်ချင့်ချိန်ချိန် ထိန်းထိန်းသိမ်းသိမ်းဖြင့် ပြောနေကြောင်း ရှီးထင်ချိတ်အကဲခတ်မိသည်။

ေသြော် ... ကျွန်တော့်ကို ကယ်တင်ပေးထားကြတာကိုး၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါနဲ့ ကျင့်ယန်တစ်ယောက်ကောေ

ရှီးထင်ချိတ်က မေးလိုက်ပြန်သည်။

ေကျင့်ယန် ... ဟုတ်လား၊ အဲဒါ ဘယ်သူလဲဟင်ေ

ခြုံလန်က အူကြောင်ကြောင်အမူအရာဖြင့် ပြန်မေးသည်။

ပုပုဖြူဖြူအမျိုးသမီးက ခြုံလန်ကို မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး ...

ေနင်ကလဲ ပိုရှုပ်ကုန်အောင် လုပ်နေပြန်ပါပြီ၊ အသာငြိမ်ငြိမ်နေစမ်းေ

ထို့နောက် ရှီးထင်ချိတ်ဘက်သို့ လှည့်ကြည်ကာဆက်လက် ♣ ...

ေရှင့်ကိုကျောပိုးပြီး ထမ်းခေါ်လာတဲ့လူကို ပြောတာလားေ

ေဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အဲဒါ ကျင့်ယန်ပါေ

ေအင်း ... ကျင့်ယန်လား၊ ဘယ်သူလားတော့မသိဘူး၊ ရှင့်ကိုကျောပိုးထားတဲ့လူ မီးလောင်ခံရတဲ့ဒဏ်ရယ် တခြားဒဏ်ရာဒဏ်ချက်ပေါင်းစုံရယ်နဲ့ သေဆုံးနေလို့ ကျွန်မတို့ကပဲ မြ✔ုပ်နှံပေးလိုက်ရတယ်ေ

ေအို ...ေ

ေဒီလူဟာ ဘယ်လောက်ပြင်းထန်တဲ့ တိုက်ပွဲကို ရင်ဆိုင်ခဲ့ရတယ် မပြောတတ်ဘူး၊ ရထားတဲ့ဒဏ်ရာတွေက တစ်ကိုယ်လုံးကို မွနေတာပဲ၊ ဒီကြားထဲမီးကျွမ်းပြီး မီးသွေးခဲလိုဖြစ်နေတဲ့ နေရာတွေကလဲ ရှိသေးတယ်ေ

ခြုံလန်ကဝင်ပြောသည်။

မိမိအားအသက်စွန့်ကာ ဘေးလွတ်ရာသို့ သယ်ပိုးပို့ဆောင်ပေးခဲ့သူ ကျင့်ယန်၏အဖြစ်ဆိုးကို ကြားရသည့်အတွက် ရှီးထင်ချိတ်အထူးပင် စိတ်ထိခိုက်မိသည်။

ကျင့်ယန်သည် ကဝိမနေ့ာဂိုဏ်း၏ အညတရဂိုဏ်းဝင် သိုင်းသမားလေးတစ်ယောက်သာ ဖြစ်သည်။

သို့သော် သူ၏ရဲဝံ့စွန့်စားမှု၊ သူရသတ ♣ိရှိနှင့် တာဝန်ကျေပွန်မှုတို့ကတော့ ကဝိမနေ့ာဂိုဏ်းအတွက် ဂုဏ်ယူစရာပင်။

ေအဲဒီကျင့်ယန်ဆိုတဲ့လူကို ကျွန်မတို့တွေ့တုန်းက အသက်ကုန်နေလို့ပေါ့၊ အသက်ငွေ့ငွေ့လေး ကျန်ဦးမယ်ဆိုရင်တောင် ကျွန်မတို့ရဲ့ဆေးစွမ်းကောင်းတွေနဲ့ ကောင်းကောင်းကုပေးနိုင်တယ်ေ

ခြုံလန်က ခပ်ကြွားကြွားလေးပြောသည်။

ရှီးထင်ချိတ်က ခုတင်ဘေးနားရှိ စားပွဲပေါ်မှ ဆေးများကို လှမ်းကြည့်လိုက်သည်။

ခြိုလန် အကြွားပိုခြင်းမဟုတ်။

ဆေးများသည် တကယ်ပင်ရှားပါးအဖိုးထိုက်တန်လှသော ဆေးစွမ်းကောင်းများချည်းဖြစ်သည်။ အမျိုးအမည်လည်း စုံလင်လှသည်။

သည်လို အမဲလိုက်ယာယီစခန်း နေရာမျိုးတွင် အဖိုးထိုက်တန်လှသော ဆေးစွမ်းကောင်းတွေ အပြည့်အစုံရှိနေခြင်းမှာ ထူးဆန်းသည်ဟု ရှီးထင်ချိတ် ထင်မိသည်။

သိက္ခမ်းရင်းနှီးခြင်းလည်းမရှိ၊ မည်သူမည်ဝါမှန်းပင်မသိရသေးသော မိမိလိုလူတစ်ယောက်ကို သည်မျှလောက် ရှားပါးအဖိုးတန်သည့် ဆေးဝါးများဖြင့် ရက်ရက်ရောရော ကုသပေးမှုအတွက်လည်း နားမလည်နိုင်အောင်ဖြစ်နေသည်။

ဆေးကောင်း ဝါးကောင်းများ ရှိသလို ကျွမ်းကျင်တတ်ပွန်သော သမားတော်လည်းရှိနေမှာ သေချာသည်။

ဤအမဲလိုက်စခန်း၏ သခင်မလေးဆိုသူသည် မည်သူဖြစ်မည်နည်းဟု ရှီးထင်ချိတ် သိလိုနေသည်။

ဓကဲ…ကဲ … ဘာသုံးဆောင်ချင်သလဲ၊ ကျွန်မတို့ကို အားနာပါနဲ့၊ လိုတာပြောနော်ဓ

ရှီးထင်ချိတ် စဉ်းစားတွေးတောနေဆဲမှာပင် ဝဝမည်းမည်း အမျိုးသမီး ခြိုလန်က မေးသည်။

ဓခြိုလန် … နင်ဘာတွေ လျှောက်မေးနေတာလဲ၊ သမားတော်ကြီးက သူသတိရလာရင် ကျွေးဖို့မှာထားတာကို နင်မေ့နေပြီလား၊ သွား … သမားတော်ကြီး မှာကြားစီမံထားတဲ့ အစားအစာကိုပဲယူခဲ့ဓ

ပုပုဖြူဖြူ အမျိုးသမီးက လေသံမာမာနှင့်ကြားဝင်ပြောသည်။

လူကောင်ကြီးသလောက် ကလေးဆန်ပြီး စိတ်သဘောလည်း ကောင်းပုံရသော ခြိုလန်သည် လျှာတစ်လစ်ထုတ် ဇက်ပုပြကာ အပြေးထွက်သွားသည်။

မကြာမီပင် ဆန်ပြုတ်ရည်ကျဲကျဲထည့်ထားသော ပန်းကန်လုံးတစ်ခုကိုကိုင်ကာ ပြန်ရောက်လာသည်။

ဆန်ပြုတ်ရည်ကျဲဟုဆိုသော်လည်း ဂျင်စင်းကဲ့သို့သော အဖိုးတန်ဆေးမြစ်များ၊ ကြက်ပေါင်းရည်တို့ဖြင့် စီမံထားခြင်းဖြစ်ရာ အလွန်ပင် တန်ဖိုးကြီးမားသည့် စားသောက်ဖွယ်ရာဖြစ်သည်။

ဓရှင် သတိပြန်ရလာရင် အသက်မသေနိုင်တော့ဘူးလို့ သမားတော်ကြီးက ပြောထားတယ်၊ ဒါကြောင့် ရှင်သတိရလာတာကို မြင်တော့ ကျွန်မသိပ်ပျော်သွားတာပဲ၊ ရှင်ရောမပျော်ဘူးလား၊ ရော့ … ဒါကိုသောက်လိုက်ဓ

ခြိုလန်က စကားရွှန်းရွှန်းဝေအောင်ပြောရင်း ရှီးထင်ချိတ်ကို ဆန်ပြုတ်ရည်ကျဲ တိုက်ကျွေးသည်။

ဓဟုတ်ကဲ့ … ပျော်ပါတယ်ဓ

ရှီးထင်ချိတ်က အလိုက်သင့်ပြန်ပြောရင်း တိုက်ကျွေးသော ဆန်ပြုတ်ရည်ကျဲကို သောက်သည်။

ပျော်ပါသည်ဟုဆိုသော်လည်း ရန်သူနှင့် တိုက်ခိုက်ရင်း ကျဆုံးသွားကြရရှာသော မိမိ၏ လူများအကြောင်း တွေးမိသဖြင့် မျက်ရည်စို့မိသည်။

ထိုအချိန်မှာပင် ခြေသံ တရှပ်ရှပ်ကြားရပြီး အခန်းထဲသို့ မိန်းမပျိုတစ်ယောက် ဝင်ရောက်လာသည်။

ထိုမိန်းမပျိုကို မြင်ရသည်နှင့် ရှီးထင်ချိတ်၏ရင်ထဲတွင် သိမ့်ခနဲ လှုပ်ရှားသွားသည်။

မိန်းမပျိုသည် သားရေဖြင့်ချုပ်ထားသော အမဲလိုက်ဝတ်စုံကို ဝတ်ထားသည်။

မုဆိုးများဝတ်လေ့ရှိသည့် တောလိုက် သားရေဝတ်စုံများသည် ခပ်ကြမ်းကြမ်းချုပ်ထားသော အထည်များသာ ဖြစ်သည်။

မိန်းမပျို၏ သားရည်ဝတ်စုံမှာမူ အလွန်ပင် သေသေသပ်သပ် ကျကျနနရှိသည်။ သားရေကလည်း ချောပြောင်နူးအိနေသည့်

တကယ့်ထိပ်တန်းအကောင်းစား သားရေဖြစ်သည်။

တောလိုက်ဝတ်စုံက အထက်တန်းစား ပိုးထည်ဝတ်စုံ တစ်ခုလိုဖြစ်နေသည်။

မိန်းမပျို၏ အသက်အရွယ်မှာ ရှီးထင်ချိတ်နှင့် မတိမ်းမယိမ်းဖြစ်သည်။ မျက်နှာလေးက ချောမောလှပသလို ကိုယ်နေဟန်ထားက ပြေပြစ်အချိုးကျသည်။ အသားအရေ ဝါဝင်းစိုပြည်သည်။

မိုးနတ်မယ်လေးတစ်ယောက် မိမိ၏ အခန်းထဲသို့ ဝင်ရောက်လာလေသလားဟုပင် ရှီးထင်ချိတ်၏ စိတ်ထဲတွင် ထင်မိသည်။

ရှီးထင်ချိတ်သည် မိန်းမပျိုကို ငေးမောကြည့်နေမိသည်။ ရင်ထဲတွင်လည်း တစ်ကြိမ်တစ်ခါမျှမဖြစ်ပေါ်ဖူးသော တသိမ့်သိမ့်လှုပ်ရှားသည့် ခံစားမှုကို ခံစားနေရသည်။

ခြံလန်တို့နှစ်ယောက်သည် ထိုမိန်းမပျို ဝင်ရောက်လာသည်နှင့် ထိုင်နေရာမှထကာ ကိုယ်ကိုနောက်ယို့လျက် ခေါင်းငုံ့ပြီး အရိုအသေပေးနေကြသည်။

မိန်းမပျို၏ အလှတွင် မာန်အပြည့်ရှိနေသည်။ လှုပ်ရှားလျှောက်လှမ်းဟန်များကလည်း ဟိတ်ဟန်အပြည့်ဖြစ်သည်။

ဓဘယ်လိုနေသေးလဲ၊ အတော်နေသာပြီ မဟုတ်လားဓ

မိန်းမပျိုက ရှီးထင်ချိတ်ကို မေးသည်။

မိန်းမပျို၏ ရုပ်ရည်နှင့် ဟန်ပန်က မာန်တက်ကာ ဟိတ်ဟန်ပြည့်နေသလောက် စကားသံမှာမူ ချိုအေးပြီး ကြင်နာမှုအပြည့်ပါသည်။

ကြင်နာမှု အပြည့်ပါပြီး ချိုအေးသော စကားသံလေးက မိန်းမပျို၏ ဟိတ်ဟန်နှင့် မာန်တို့ကို ဖုံးလွှမ်းခြေဖျက် ပေးလိုက်သလို ဖြစ်သွားသည်။

မိန်းမပျို ထိုစကားများကို ပြောလိုက်ချိန်တွင် ပြုံးရယ်ခြင်းမရှိပေ။ ပြုံးရယ်ခြင်းမရှိဘဲနှင့် မျက်နှာလေးက ကြည်ရွှင်နေသည်။ ရယ်လိုက်လျှင်ကား ဆိုဖွယ်ရာ မရှိတော့ပြီ။

ရှီးထင်ချိတ်သည် ထူးခြားသောဟန်နှင့် စိတ်နှလုံးပိုင်ရှင် မိန်းမပျိုလေးကို ငေးမောကြည့်နေမိသည်။

မိန်းမပျိုလေး မေးသည်ကိုပင် ပြန်မဖြေမိ။

ဓအားတိုးဆေးပါတဲ့ ဆန်ပြုတ်ကိုတော့ တိုက်ပြီးပါပြီ သခင်မလေးဓ

ပုပုဖြုဖြုအမျိုးသမီးက ရှီးထင်ချိတ်ကိုယ်စား ပြန်အဖြေပေးသည်။

ဓသြော် … အင်းအင်း … သတိပြန်ရလာရင် အသက်အန္တရာယ် စိုးရိမ်စရာ မရှိတော့ဘူးလို့ သမားတော်ကြီးကပြောထားပါတယ်၊ ဘာမှအားမငယ်နဲ့နော် လိုတာရှိရင် သူတို့နှစ်ယောက်ကိုပြော၊ ဟုတ်လားဓ

မိန်းမပျိုလေးသည် ထိုသို့ပြောပြီးနောက် အခန်းထဲမှ ပြန်လည်ထွက်ခွာသွားသည်။

အခန်းထဲသို့ မိန်းမပျိုလေး ရောက်ရှိလာသည့် အချိန်မှာ ဘာမျှမကြာမြင့်။ ခေတ္တမျှသာဖြစ်သည်။

သို့သော် ရှီးထင်ချိတ်၏ နှလုံးသားတွင်ကား မိန်းမပျိုလေး၏ မာန်ဝင့်သောအလှနှင့် ကြင်နာသော စကားသံတို့က စွဲထင်နေရစ်ခဲ့လေပြီတကား။

နောက်နေ့များတွင် မိန်းမပျိုလေး ထွက်ပေါ်လာဦးမည်လားဟု ရှီးထင်ချိတ် မျှော်နေမိသည်။

မိန်းမပျိုလေးကား ပေါ်မလာ။

သမားတော်ကြီးတစ်ယောက်သာ တစ်ရက်ခြား တစ်ခါ နှစ်ရက်ခြားတစ်ခါ ဆိုသလို ရောက်ရှိလာပြီး ရှီးထင်ချိတ်ကို

စမ်းသပ်ကြည့်ကာ လိုအပ်သည့် ဆေးဝါးနှင့် ဓာတ်စာများကို စီမံပေးသည်။

ခြိုလန်တို့ နှစ်ယောက်ကသမားတော်ကြီး စီမံပေးသွားသည့် ဆေးဝါးနှင့် ဓာတ်စာများကို ရှီးထင်ချိတ်အား တိုက်ကျွေးကြသည်။

သမားတော်ကြီး၏ စမ်းသပ်ပုံ၊ ကုသပုံ၊ ဆေးပေးပုံတို့မှာ အလွန်ပင် စည်းစနစ်ကျနကာ အဆင့်မြင့်လှသည်။ ပေးသည့် ဆေးဝါးများကလည်း တကယ့်အဖိုးတန်ဆေးများချည်း ဖြစ်သည်။ ထို့ပြင် ကျွေးမွေးသည့် ဓာတ်စာများသည်လည်း ရှားပါးလှသည့် စားသောက်ဖွယ်ရာများ ဖြစ်သည်။

ရှီးထင်ချိတ်ကို အနီးကပ် ပြုစုပေးနေကြသည့် အမျိုးသမီးနှစ်ယောက်အနက် ပုပုဖြိုဖြို အမျိုးသမီးသည် ရှီးထင်ချိတ်နှင့် စကားသိပ်မပြော။ ဝဝမည်းမည်းအမျိုးသမီးကမူ စကားများ ဖောင်လောက်အောင်ပြောသည်။

ထို့ကြောင့် ရှီးထင်ချိတ်သည် သူ့အနားတွင် ခြိုလန်တစ်ယောက်တည်းရှိသည့် အချိန်များ၌ ခြိုလန်တို့၏ သခင်မလေး အကြောင်းကို မသိမသာနှင့် စကားလှည့်ပတ် မေးမြန်းကြည့်သည်။ မကြာမီမှာပင် ထိုမိန်းမပျိုလေးအကြောင်း အတော်အသင့် သိလာရသည်။

ထိုသို့ သိလာရသည့်အခါတွင် ရှီးထင်ချိတ်အဖို့ ပို၍ပင် စိတ်လှုပ်ရှားလာရသည်။ ပို၍ပင်အံ့သြရသည်။

ခြိုလန်တို့၏ သခင်မလေးမှာ နှယ်နှယ်ရရမဟုတ်။

ဧကရာဇ် ဘုရင်မင်းမြတ်၏ တူမတော်အရင်း ကြူဝင်ဝင် မင်းသမီးလေး ဖြစ်နေလေသတည်း။

ကြူဝင်ဝင် မင်းသမီးလေးသည် မိန်းကလေးဖြစ်သော်လည်း စစ်ဆင်စစ်တက်တွင် လွန်စွာကျွမ်းကျင်သည်။ အမဲလိုက်လည်း ဝါသနာပါသည်။ အားလပ်ချိန်ရသည့်အခါများတွင် တောစခန်းချကာ အမဲလိုက်ထွက်လေ့ရှိသည်။

ယခုလဲ မေရှမ်းမြို့အနီးရှိ သားကောင်များ ပေါများသော တောအုပ်ထဲတွင် စခန်းချကာ အမဲလိုက်နေခိုက် ကံကြမ္မာဖန်လာသည့်အတိုင်း ရှီးထင်ချိတ်နှင့် တွေ့ရှိကယ်ဆယ်ပေးခဲ့ခြင်း ဖြစ်သည်။

အကယ်၍ ကြူဝင်ဝင်မင်းသမီးလေးနှင့်သာ မတွေ့ရပါက ရှီးထင်ချိတ်အဖို့ အသက်ဆက်ရှင်နိုင်ရန် မျှော်လင့်ချက်မရှိတော့ပေ။အခြားလူတစ်ယောက်ယောက်ကတွေ့မိ၍ ကုညီကယ်တင်ပေးလိုသည်ဆိုဦးတော့၊ ကြူဝင်ဝင် မင်းသမီးလေးထံတွင်ရှိသော ဆေးစွမ်းကောင်းမျိုးမရနိုင်သောကြောင့် အသက်ရှင်အောင် ကုသပေးနိုင်မည်မဟုတ်။

ကြူဝင်ဝင်မင်းသမီးလေးက အဖိုးတန် နန်းသုံးဆေးများကို ရက်ရက်ရောရော အသုံးပြုခွင့်ပေးခဲ့သောကြောင့်သာ ရှီးထင်ချိတ် အသက်ရှင်ခဲ့ရခြင်း ဖြစ်သည်။

ကြူဝင်ဝင်မင်းသမီးလေးသည် ရှီးထင်ချိတ်အဖို့ ကယ်တင်ရှင် နတ်သမီးလေး တစ်ပါးလိုပင် ဖြစ်နေပေတော့သည်။

ဤအကြောင်းများကို သိရသောအခါ ရှီးထင်ချိတ်မှာ ကြူဝင်ဝင်မင်းသမီးလေး၏ကျေးဇူးနှင့် ကြင်နာရက်ရောမှုတို့ကို မည်သို့ပြန်လည်ပေးဆပ်ရမည်ကိုပင်မသိတော့ပေ။

ရှီးထင်ချိတ်၏ ကျန်းမာရေး အခြေအနေမှာ တစ်နေ့တစ်ခြား ကောင်းမွန်လာသည်။

မကြာမီမှာပင် ရှီးထင်ချိတ်၏ ကိုယ်ပေါ်မှ ပတ်တီးများကို တစ်ခုပြီးတစ်ခု ဖြုတ်ခွာသည်။

မျက်နှာပေါ်မှ ပတ်တီးများကို နောက်ဆုံးမှ ဖြုတ်ခွာပေးသည်။

ကိုယ်ပေါ်ရှိ ဒဏ်ရာဒဏ်ချက်များက လုံဝပင် ကင်းစင်ပပျောက်သွားပြီ ဖြစ်သည်။

မျက်နှာပေါ်မှ မီးလောင်ဒဏ်ရာများလည်း ပျောက်သွားသည်။ သို့သော် မီးလောင်သည့်ဒဏ်ရာများကြောင့် ဖြစ်ပေါ်ကျန်နေခဲ့သော အမာရွတ်များကမူ ပျောက်ပြယ်မသွား။

ထိုအမာရွတ်များကြောင့် ရှီးထင်ချိတ်၏ မူလက ရည်မွန်ချောမောခဲ့သော မျက်နှာမှာ အလွန်ပင် အရုပ်ဆိုး အကျည်းတန်သွားတော့သည်။

ဤရက်များအတွင်း ကြူဝင်ဝင်မင်းသမီးလေး နှစ်ကြိမ်မျှရောက်လာပြီး ရှီးထင်ချိတ်ကို ကြင်နာစွာ အားပေးဖြေသိမ့်စကားများပြောသည်။

ကြူဝင်ဝင်မင်းသမီးလေး ရောက်လာသည့်အတွက် ရှီးထင်ချိတ်မှာ အလွန်ပျော်ရွှင်မိသည်။

တစ်ချိန်တည်းမှာပင် ရင်နှင့်အောင်လည်း ခံစားရသည်။

ထိုသို့ရင်နှင့်အောင် ခံစားရခြင်းမှာ ကြူဝင်ဝင်မင်းသမီးလေးအပေါ် မေတ္တာတိမ်းညွှတ်နေသည့် စိတ်အား ကြိုးစားချုပ်တည်းထားရခြင်းကြောင့် ဖြစ်သည်။

ချစ်ခြင်းမေတ္တာသည် ဆန်းကြယ်လှ၏။

တည်ငြိမ်လှသော ရှီးထင်ချိတ်၏စိတ်မှာ ကြူဝင်ဝင်မင်းသမီးလေးကို တွေ့ရပြီးသည့်နောက်တွင် ခံစားလှုပ်ရှားတတ်လာသည်။

နှလုံးသားတွင် မေတ္တာပန်းပွင့်သည်လည်း ပွင့်လန်း၍လာသည်။

သို့သော် အချိန်အခါနှင့် အခြေအနေက သူ့အချစ်က သူ့မေတ္တာကိုဖွင့်ဟနိုင်ရန် အခွင့်အလမ်းမပေးခဲ့။

ကြူဝင်ဝင်က ရွှေနန်းထက်မှ မင်းသမီးလေးတစ်ပါး၊ သူက အညတရသိုင်းသမား။

ထို့ပြင် ကြူဝင်ဝင်သည် နတ်သမီးလေးလို လှပသည့် အလှသရဖူ။ သူက ဘီလူးသရဲလို အကျည်းတန်လှသည့် ကိုရုပ်ဆိုး။

ဘဝအခြေချင်းက ကွာလှမ်းလှသည်။

ပြီးတော့ ကြူဝင်ဝင်သည် သူ့အပေါ် စိတ်စေတနာ အပြည့်အဝထားကာ အသက်ဘေးမှ ကယ်တင်ပေးခဲ့သည့် ကျေးဇူးရှင်တစ်ယောက်လည်း ဖြစ်နေပြန်သည်။

ကြူဝင်ဝင်ကို ချစ်မိနေခြင်းသည် မိမိအပေါ် ထားရှိသော ကြူဝင်ဝင်၏ စေတနာကို စော်ကားသလို ဖြစ်နေမည်လားဟုလည်း ရှီးထင်ချိတ် တွေးတောပူပန်မိသည်။

ထို့ကြောင့်လည်း ကြူဝင်ဝင်အပေါ် ချစ်မိသည့်စိတ်ကို ကြိုးစားကာ ထိန်းချုပ်မျိုသိပ်ထားရသည်။ မိမိရင်ထဲတွင်ရှိနေသည်ကို ထုတ်မပြောမိရန် ကြိုးစားထိန်းချုပ်နိုင်သော်လည်း ရင်ထဲမှခံစားမှု ပျောက်ပြယ်သွားအောင်ကား မည်သို့မျှမလုပ်နိုင်ခဲ့။

မသင့်လျော်ကြောင်းသိသော်လည်း ချစ်မိသည့်စိတ်က ဖြေဖျောက်၍မရနိုင်။

အမဲလိုက်သည့် အချိန်ကာလကုန်ဆုံး၍ စခန်းသိမ်းကြတော့မည့်အခါတွင် ကြူဝင်ဝင် ရှီးထင်ချိတ်ကို ရွှေနန်းတော်သို့ လိုက်လိုလျှင် လိုက်နိုင်ကြောင်း ပြောဆိုခွင့်ပြုသည်။

ရှီးထင်ချိတ်သည် မိမိတိတ်တခိုး ချစ်မြတ်နိုးမိလေသော ကြူဝင်ဝင်ကို အရိပ်တကြည့်ကြည့်နှင့် ကြည့်နေလိုသည်။ ကြူဝင်ဝင် စံပျော်ရာရွှေနန်းတော်သို့ လိုက်ပါလိုသည်။

သို့သော် ...

မိမိ၏ ရင်ထဲရှိ ခံစားမှုကို ချုပ်တည်းထားနိုင်ခိုက် ခွဲခွာကြသည်မှာ အကောင်းဆုံးဖြစ်သည်ဟု ရှီးထင်ချိတ် ရွေးချယ်ဆုံးဖြတ်လိုက်သည်။ ရွှေနန်းတော်သို့ လိုက်ပါသွားပြီး ကြူဝင်ဝင်ကို မြင်တွေ့နေရလျှင် တစ်နေ့နေ့တွင် မိမိရင်ထဲမှ မေတ္တာစိတ် မချုပ်တည်းနိုင်ဘဲ ပွင့်အန်မိမည်ကို သူအလွန်စိုးရိမ်သည်။

ထို့ကြောင့် မိမိဘာသာ တစ်ကိုယ်တည်း ထွက်ခွာသွားခွင့်ပြုရန်သာ ကြူဝင်ဝင်ထံတွင် ခွင့်ပန်သည်။

ကြူဝင်ဝင်က ခွင့်ပန်မှုကို လိုက်လျောသည့်အပြင် မိမိ၏လက်တွင် ဝတ်ဆင်ထားသော နဝရတ်ကိုးသွယ် လက်စွပ်ကိုချွတ်ကာ

ရှီးထင်ချိတ်အားပေးသည်။ မိမိ၏ အကူအညီလိုအပ်ပါကလည်း ရွှေနန်းတော်သို့ လာရောက်တွေ့ဆုံပြီး အကူအညီတောင်းခံနိုင်ကြောင်းလည်း ပြောကြားသည်။

လေကငြိမ် လှသည်။
လေငြိမ်နေသောကြောင့် သစ်ရွက်များပင် လှုပ်ရှားမှုမရှိ။
ပတ်ဝန်းကျင်သည် ပကတိ တိတ်ဆိတ်၍ နေသည်။
ရှီးထင်ချိတ်သည် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်စွာ ရပ်နေပြီး တရွေ့ရွေ့ဝေးသွားသော ကြူဝင်ဝင်မင်းသမီးလေး၏ အမဲလိုက်အဖွဲ့ကို လှမ်းမျှော်ကြည့်နေသည်။
မြင်းများ၊ လူများသည် တဖြည်းဖြည်းဝေးသည်ထက်ဝေးသွားသည်။ နောက်ဆုံးတွင် သဲကွဲစွာပင် မမြင်ရတော့။
ရှီးထင်ချိတ်၏ စိတ်အာရုံထဲတွင်ကား မြင်းဖြူကြီးကို ဟန်အပြည့်မာန်အပြည့်နှင့်စီးသွားသော ကြူဝင်ဝင်မင်းသမီးလေး၏ ရုပ်သွင်ကို မြင်ယောင်နေဆဲ။ ကြင်နာသောစကားသံများကို ကြားယောင်နေဆဲ။ သန့်စင်သောစေတနာကို ခံစားနေရဆဲ။
ဟူး …။
ရှီးထင်ချိတ်သည် သက်ပြင်းမောကြီး တစ်ချက်ချကာ ကြူဝင်ဝင်မင်းသမီးလေးတို့ အမဲလိုက်စခန်းပြုလုပ်ခဲ့သည့် နေရာဘက်သို့ လှည့်ကြည့်သည်။
ထိုနေရာတွင် ဆောက်လုပ်ထားခဲ့သော ယာယီတဲများကို ဖျက်သိမ်းပြီးလေပြီ။ မီးပုံများလည်း ငြိမ်းနေလေပြီ။ သို့သော် စခန်းချထားခဲ့ဖူးသည့် ခြေရာလက်ရာများကား ထင်ဟပ်ကျန်ရှိနေဆဲ။
လပေါင်းအနည်းငယ်ကြာလျှင် ဤနေရာတွင် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်စွာပေါက်ရောက်လျက် စခန်းချထားဖူးခဲ့သည့် အရိပ်အယောင်များ ပပျောက်သွားပေတော့မည်။
ရှီးထင်ချိတ်၏ ရင်ထဲတွင် စွဲနေအောင် အမြစ်တွယ်မိပြီဖြစ်သော ကြူဝင်ဝင်မင်းသမီးလေးအပေါ် ထားရှိသည့်ချစ်မေတ္တာကမူ မည်သည့်အခါတွင်မျှ ပပျောက်ပျက်ပြယ်သွားမည်မဟုတ်။
ဤအမဲလိုက်စခန်းတွင် ကြူဝင်ဝင်မင်းသမီးလေးနှင့် တွေ့ဆုံခဲ့ရပုံများသည် သူ့နှလုံးသားတွင် အမြဲပင် စွဲထင်သွားပေလိမ့်မည်။
ရှီးထင်ချိတ်သည် ကြူဝင်ဝင်မင်းသမီးလေးနှင့် တွေ့ဆုံခဲ့ရာဖြစ်သည့် ထိုအမဲလိုက်စခန်း နေရာလေးကို စွန့်ခွာမသွားရက်လောက်အောင်ဖြစ်နေသည်။ ချစ်ခြင်းမေတ္တာ၏ စွမ်းရည်သတ္တိသည် အံ့မခန်းအောင်ပင် ထက်မြက်လှသည်။
ချစ်ခြင်းမေတ္တာသည် ဘုရင်တစ်ပါး၏ စောင့်စည်းထိန်းသိမ်းအပ်သော ရာဇဣန္ဒြေတို့ကို ဖယ်ခွာပစ်နိုင်သလို အညတရ လူတစ်ယောက်ကိုလည်း ကြီးမားသော ရဲစွမ်းသတ္တိများ ရှိလာစေနိုင်သည်။
ရှီးထင်ချိတ်သည် ဓားလှံလက်နက်မျိုးစုံကို ရင်ဆိုင်တိုက်ခိုက်နိုင်စွမ်းရှိသည့် အာဂသိုင်းသမား တစ်ယောက်ဖြစ်သည်။ ကဝိမနေဂိုဏ်လို အင်အားကြီးမားသည့် သိုင်းအဖွဲ့အစည်းကြီးကိုလည်း ရဲရင့်တည်ကြည်သော စိတ်ဓာတ်ဖြင့် ဦးစီးရှေ့ဆောင်နိုင်ခဲ့သည်။
သို့ရာတွင် ….
ချစ်ခြင်းမေတ္တာ၏ ရစ်ပတ်နှောင်ဖွဲ့မှုဒဏ်ကိုတော့ ဘယ်လိုမှ ကြံ့ကြံ့မခံနိုင်။ ရင်နှင့်အောင်ပင် ခံစားရသည်။
အသည်းခိုက်အောင်ပင် ထိခိုက်ရသည်။

ရှီးထင်ချိတ်သည် အဝေးကိုမသွားနိုင်သေးဘဲ သစ်ပင်တစ်ပင်၏ ခြေရင်းတွင်ထိုင်ကာ ကြုဝင်ဝင် အကြောင်းကို စဉ်းစားတွေးတောမိနေသည်။

စောစောက ငြိမ်သက်နေခဲ့သောလေသည် တသုန်သုန် တိုက်ခတ်လာသည်။

လေအဟုန့်တွင် သစ်ပင်ထက်မှ ရွက်ခြောက်တို့ ကြွေလွင့်သွားသည်။ မြေပြင်ပေါ် ကြွေကျနေပြီဖြစ်သော ရွက်ခြောက်အချို့မှာမူ လေသရမ်း၏ တိုက်ခတ်မှုကြောင့် မြေပြင်ပေါ် လျှပ်တိုက်လွင့်မျောပါသွားသည်။

ခေါင်းငုံ့ကာ ငေးငိုင်စဉ်းစားနေသော ရှီးထင်ချိတ်သည် အသာခေါင်းမော့ကြည့်လိုက်ရာ သူ့ရှေ့တွင်ရပ်နေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ ထိုအမျိုးသမီးကြီး မည်သည့်အချိန်က မိမိရှေ့တွင်ရပ်နေမှန်း ရှီးထင်ချိတ်မသိ။ တသုန်သုန်တိုက်ခတ်နေသော လေကြောင့် အမျိုးသမီးကြီး၏ ဝတ်စုံဖြူမှာ တဖျပ်ဖျပ်လှုပ်ရှားနေသည်။ ခေါင်းပေါ်မှ ဝါးခမောက်က အမျိုးသမီးကြီး၏မျက်နှာကို အရိပ်လွှမ်းနေသည်။ ဇာပဝါကို ခမောက်အနားပတ်လည်မှ လွှမ်းချထားပြန်သဖြင့် မျက်နှာအသွင်အပြင်ကို မတွေ့ရ။

ဓဘာကြောင့် ဒီတောထဲမှာ တစ်ယောက်တည်း လာထိုင်ပြီးငေးငိုင်နေတာလဲ တူမောင်၊ ဒေါ်ဒေါ် ကူညီနိုင်မယ်ဆိုရင် ကူညီပေးမယ်လေဓ

အမျိုးသမီးကြီး၏ စကားသံက ရှီးထင်ချိတ်အား ရင်တဒိန်းဒိန်းခုန်သွားစေသည်။ ဤအသံကို ရှီးထင်ချိတ်ကောင်းကောင်း မှတ်မိသည်။

သူ့မိခင် ပိုင်စုကျင်၏ အသံဖြစ်နေသောကြောင့်ပင်တည်း။

သည်လိုအချိန်အခါ သည်လိုအခြေအနေမျိုးတွင် မိခင်ကြီးနှင့် ပြန်လည်ဆုံတွေ့ရမည်ဟု ရှီးထင်ချိတ် လုံးဝထင်မထားခဲ့။ စိတ်အားငယ်နေသည့်အချိန်တွင် မိခင်ကိုပြန်ဆုံစည်းလိုက်ရသဖြင့် ဝမ်းသာအားတက်သွားမိသည်။

ဓမေမေ ... ဓ

နှုတ်မှလွှတ်ခနဲ ခေါ်လိုက်မည်ပြုသေးသည်။ သို့သော် အတွေးတစ်ခုဝင်လာသောကြောင့် မခေါ်ဖြစ်တော့။ အမျိုးသမီးကြီး၏ စကားသံက သူနှင့်ရင်းနှီးမှုရှိသော်လည်း ပြောဟန်က သူစိမ်းဆန်လွန်းနေသည်။

ဤအမျိုးသမီးကြီးသည် မိမိ၏ မိခင်ကြီး ပိုင်စုကျင် ဟုတ်မှဟုတ်ပါလေစ။ မိခင်ကြီးပိုင်စုကျင်၏ အသံနှင့်တူလွန်းလှသော အခြားအမျိုးသမီးကြီး တစ်ယောက်ယောက်များဖြစ်နေမည်လားဟု ရှီးထင်ချိတ် သံသယပွားမိသည်။

တစ်ခုစဉ်းစားစရာကလည်း ရှိနေပြန်သည်။ မိခင်ကြီး ပိုင်စုကျင်သာဆိုလျှင် သူ့ကို တူမောင်ဟု ခေါ်မည်မဟုတ်။ ယခုလို သူစိမ်းဆန်ဆန် စကားများလည်း ပြောနေစရာအကြောင်းမရှိ။ ဓသားဓ ဟုသာ အားရဝမ်းသာ ခေါ်ပေလိမ့်မည်။

ယခုတော့ ... ။

ဓဒေါ်ဒေါ်ရဲ့ အားပေးစကားကိုကြားရတာ အများကြီး ဝမ်းသာမိပါတယ်၊ ကျေးဇူးလဲ တင်ပါတယ်၊ မိုက်ရိုင်းရာမကျဘူးဆိုရင် ဒေါ်ဒေါ်ရဲ့မျက်နှာကို ကြည့်ပါရစေလားဓ

ရှီးထင်ချိတ်က စိတ်လှုပ်ရှားမှု မပေါ်လွင်ရအောင် အသာချုပ်ထိန်းပြီးပြောသည်။

အမျိုးသမီးကြီးက ခေါင်းကိုညိတ်ပြသည်။ ထို့နောက် သူမ၏ မျက်နှာတွင် ဖုံးအုပ်ထားသည့် ဇာပဝါကို အသာအယာ မ တင်သည်။

အမျိုးသမီးကြီး ဇာပဝါ မတင်သည့် အချိန်မှာ ဘာမျှမကြာ။ သို့သော် ရှီးထင်ချိတ်၏ စိတ်ထဲတွင်ကား အလွန်ရှည်ကြာလွန်းလှသည်ဟု ထင်မိသည်။ ပဝါလှစ်ဟသွားချိန်တွင် ပေါ်လာမည့် အမျိုးသမီးကြီး၏ မျက်နှာကို

သူအလွန်တွေ့လိုမြင်လိုနေသည်။
ဤအမျိုးသမီးကြီးသည် မိမိ၏ မိခင်ကြီး ပိုင်စုကျင် ဟုတ် မဟုတ် သိချင်နေသည်။
ပဝါလုစ်ဟသွား၍ ထင်ရှားပေါ်လွင်လာတော့မည့် အမျိုးသမီးကြီးမျက်နှာကို မြင်နိုင်ရန်အတွက် ရှီးထင်ချိတ်သည်
မျက်တောင်မခတ်တမ်းပင် စူးစိုက်ကာကြည့်နေမိသည်။

အမျိုးသမီးကြီး၏ မျက်နှာတွင် ဖုံးအုပ်ထားသော ပဝါလုစ်ဟသွားပြီ။ အမျိုးသမီးကြီး၏ မျက်နှာကို မြင်ရပြီ။
ရှီးထင်ချိတ်၏ ရင်ထဲတွင် ဒိန်းခနဲခုန်သွား၏။ မိမိ၏ရင်ထဲမှ နှလုံးသားသည် ပါးစပ်မှခုန်ထွက်သွားသည်ဟုပင် ထင်မိသည်။
ထိုအမျိုးသမီးကြီးသည် ရှီးထင်ချိတ်၏ မိခင်ကြီး ပိုင်စုကျင် ဧကန်ဖြစ်နေလေသတည်း။
ရှီးထင်ချိတ်သည် မိခင်ကြီး၏ မျက်နှာကို မိန်းမောစွာငေးကြည့်မိသည်။ သူ့ရင်ထဲတွင် ပြောလိုသည့်စကားတွေကအပြည့်။
ပြောလိုသည့်စကားတွေ များပြားလွန်းသောကြောင့် ဘာကိုပြောရမှန်းပင်မသိတော့။
ဓတူမောင့်အသံက ဒေါ်ဒေါ် သားရဲ့အသံနဲ့ သိပ်တူတာပဲ၊ တူမောင့်နာမည် ဘယ်လိုခေါ်လဲဟင်ဓ
ပိုင်စုကျင်၏ စကားသံက မိန်းမောနေသော ရှီးထင်ချိတ်ကို လှုပ်နိူးလိုက်သည်။
ဤအမေးစကားသည် သူ့နှလုံးသားကို ဓားထက်ထက်နှင့် မွှန်းလိုက်သလို နာကျင်သွားစေ၏။
ပိုင်စုကျင်၏အသံတွင် ကြင်နာမှုအပြည့်ပါသည်။ ချိုအေးကြည်လင်လွန်းသည်။ မေတ္တာ၏ အရိပ်အငွေ့များ
လွှမ်းမိုးနေသော်လည်း ဓတူမောင်ဓ ဟူသည့် အသုံးအနှုန်းက ရှီးထင်ချိတ်၏ရင်ကို နာကျင်လှုပ်ခတ်သွားစေသည်။
ဓမေမေရယ် ... မေမေရဲ့သား ထင်ချိတ်လေ၊ သားကိုတောင် မမှတ်မိနိုင်တော့ဘူးလား၊ မေမေကိုယ်တိုင်က သူစိမ်းတစ်ရံဆံလို
ထင်ရလောက်အောင် အရုပ်ဆိုးသွားပြီလား မေမေရယ်ဓ
ရှီးထင်ချိတ်၏ စိတ်ထဲတွင် ထိခိုက်ဆို့နင့်သွားတော့သည်။
မိမိ၏မျက်နှာတွင် အမာရွတ်ဖြစ်ကျန်ခဲ့မည်ကို သိသော်လည်း ရုပ်ပျက်ဆင်းပျက် ဖြစ်လိမ့်မည်ဟူ၍ကား မထင်ခဲ့။
ယခုမူ မိမိထင်ထားသည်ထက် အဆပေါင်းများစွာ ပျက်စီးအကျည်းတန်ခဲ့ပြီးဖြစ်ကြောင်း ရှီးထင်ချိတ် သိရလေပြီ။
မိခင်ကိုယ်တိုင်ကပင် မမှတ်မိနိုင်သောကြောင့် သူ့တစ်သက်တာတွင် မပေါ်ခဲ့ဖူးသော အားငယ်စိတ်ထိခိုက်မှုများလည်း
ခံစားလာရတော့သည်။
ဓတူမောင့် နာမည်ကို မပြောနိုင်ဘူးလားကွယ်၊ မပြောနိုင်ရင်လည်း ရှိပါစေလေဓ ရှီးထင်ချိတ်ထံမှ
အဖြေစကားမကြားရသောကြောင့် ပိုင်စုကျင်ကထပ်ပြောသည်။ ရှီးထင်ချိတ် မော်ကြည့်မိလိုက်သည်။ သူ့မျက်ဝန်းအိမ်တွင်
မျက်ရည်နှတို့ ဝန်းခိုနေသည်။
ဓမေမေရယ်ဓ
ရှီးထင်ချိတ် စိတ်ထဲမှာသာ ဝမ်းပန်းတနည်း ရေရွတ်လိုက်မိတော့သည်။
ပိုင်စုကျင်ကို ဘယ်လိုအဖြေပေးရတော့မည်လဲ။ မေမေ့သား ထင်ချိတ်လေဟု ပြောလိုက်လျှင် မိခင်ကြီး ပိုင်စုကျင်
မည်သို့ဖြစ်သွားမည်လဲ။ အကြင်နာတရား၊ ဂရုဏာတရား ကြီးမားသော မိခင်ကြီးအနေနှင့် မိမိ၏အဖြစ်ဆိုးကို
မြင်တွေ့လိုက်ရသော် ရင်ကျိုးရပေတော့မည်။
မိခင်ကို အားကိုးတကြီး ဖက်တွယ်ကာ အားငယ်စိတ်ကို ဖြေဖျောက်လိုသောဆန္ဒ၊ မိခင်ကြီး မိမိ၏အရုပ်ဆိုး
အကျည်းတန်နေရသည့်ဘဝကို မြင်ပြီး ရင်နင့်ကြေကွဲရမည်ကို မမြင်လိုသောစိတ်တို့က ရှီးထင်ချိတ်နှလုံးသားဝယ်

လွန်ဆွဲနေလေတော့သည်။

နောက်ဆုံးတွင် ...

ခကျွန်တော့်နာမည် စန်စင်လိန်လို့ ခေါ်ပါတယ်ခင်ဗျာ။ခ

ရင်နာနာနှင့် လှီးလွဲအဖြေပေးလိုက်ရသည်။

ဤအဖြေစကားများကို သူ့နှလုံးသွေးနှင့် စတေးကာ ပြောလိုက်ရခြင်းဖြစ်သည်။

ရှီးထင်ချိတ် ပြောလိုက်သော အမည်တွင် ခစန်ခ သည် အမျိုးအနွယ်ဖြစ်ပြီး ခစင်ခ ကကြယ်ပွင့်၊

ခလိန်ခ က ကျင်လည်သည်ဟု အဓိပ္ပာယ်ရ၏။ အသံတူအခြားစာလုံးကမူ ခစိတ်ထိခိုက်နေသူခ ဟူ၍ အဓိပ္ပာယ်ရှိပြန်သည်။

ရှီးထင်ချိတ်က အဓိပ္ပာယ်နှစ်ခွရှိသော အမည်ကို တမင်ရွေးကာပြောလိုက်ခြင်းဖြစ်သည်။

ခသြော် ... တူမောင့်နာမည်က စန်စင်လိန် တဲ့လားခ

ပိုင်စုကျင်က ခပ်တိုးတိုးရေရွတ် ပြောဆိုသည်။ ရှီးထင်ချိတ်ကခေါင်းကို အသာညိတ်ကာ ...

ခဒေါ်ဒေါ်က ငိုမေဆန်းတောင်မှာ အေးအေးချမ်းချမ်း တရားအားထုတ်မနေဘဲ ဒီတောထဲကို

ဘာကြောင့်ရောက်လာရတာလဲဟင်ခ

ပိုင်စုကျင်၏ မျက်နှာတွင် အံ့သြသည့်အရိပ်အသွင်များ ပေါ် သွားသည်။

ခဒေါ်ဒေါ်ကို ငိုမေဆန်းတောင်မှာ တရားအားထုတ်နေတယ်ဆိုတာ တူမောင် ဘာကြောင့်ပြောနိုင်ရတာလဲခ

ခသြော် ... ဒေါ်ဒေါ်က စိတ်ထားမွန်မြတ်သန့်စင်တယ်၊ ပြောပုံ ဆိုပုံ တည်ငြိမ်အေးချမ်းပြီး သူတော်ကောင်းတရားရှင်

တစ်ယောက်ရဲ့အသွင်အပြင် အပြည့်ရှိတယ်။ ဒီလို သူတော်စင်မျိုးတွေက ငိုမေဆန်းတောင်မှာ အေးအေးချမ်းချမ်း

တရားအားထုတ်နေတတ်ကြလို့မေးမိတာပါ၊ ကျွန်တော့် စကားမှားသွားရင် တောင်းပန်ပါတယ်ခ

ခတူမောင်ထင်တာ မမှားပါဘူးကွယ်၊ ဒေါ်ဒေါ်ဟာ ငိုမေဆန်းတောင်မှာ တရားအားထုတ်နေတဲ့လူပါ။ ဒါပေမယ့်ကွယ် ...

သံယောဇဉ်ကြိုးတစ်မျှင်ကို မဖြတ်နိုင်သေးလို့ ဒီတောတောင်ထဲ ရောက်လာရတယ်ဆိုပါတော့ခ

ခဒေါ်ဒေါ်မှာ ဘယ်လိုသံယောဇဉ် ရှိနေသေးလို့လဲဆိုတာ သိခွင့်ရှိရင် သိပါရစေခ

ပိုင်စုကျင်၏ တည်ငြိမ်သန့်စင်သော မျက်နှာတွင် သောကရိပ်များသမ်းသွားသည်။

ခအင်း ... မပြတ်နိုင်သေးတဲ့ သံယောဇဉ်တစ်မျှင်ဆိုတာ ဒေါ်ဒေါ်ရဲ့ ကံဆိုးရှာတဲ့ သားလေးပါပဲကွယ်၊ သူ

ဘယ်လိုနေထိုင်တယ်ဆိုတာ သိချင်လို့ ထွက်စုံစမ်းနေတာပါ၊ သူ့အတွက် စိတ်အေးရရင်တော့ ဒေါ်ဒေါ်အဖို့ တရားဘောင်မှာ

မွေ့လျော်နိုင်ပါလိမ့်မယ်။ခ

မိမိအပေါ် မိခင်ကြီးက ချစ်ခင်သံယောဇဉ် တွယ်လွန်းလှသည်ကိုသိရသည့်အတွက် ရှီးထင်ချိတ်မှာ ရင်ထဲတွင် နင့်ခနဲ

ဖြစ်သွားရပြန်သည်။

ကိုယ့်ရှေ့မှောက်တွင် ရောက်နေသည့် ကိုယ့်သားကို သားဟု မခေါ်နိုင်သည့် မိခင်၏အဖြစ်ဖက်မှ စာနာတွေးမိသဖြင့်လည်း

စိတ်ထိခိုက်ရပြန်သည်။ အဖြစ်မှန်ကို ထုတ်ပြောဖို့ ကြိုးစားသော်လည်း သူ့နှုတ်မှ မထွက်နိုင်။ ဖွင့်ပြောလိုက်၍

မိခင်အကြီးအကျယ် စိတ်ထိခိုက်ရမည်ထက် ဖုံးကွယ်မျိုသိပ်ထားသည်က ပို၍သင့်မည်ဟု ရှီးထင်ချိတ်ဆုံးဖြတ်လိုက်သည်။

ခဒေါ်ဒေါ်ရဲ့သားကို ရှာလို့တွေ့ပြီလားခ

ရှီးထင်ချိတ် လေသံကို အနိုင်နိုင်ထိန်းကာ မေးလိုက်သည်။

ခဟိုသတင်း ဒီသတင်းတော့ ကြားနေရတာပဲကွယ်၊ တိတိကျကျ ရေရေရာရာတော့ ဘာမှမရှိသေးပါဘူး၊ သားကိုလဲ

အခုထက်ထိ ရှာလို့မတွေ့သေးပါဘူး။

မေမေရှာနေတဲ့ မေမေ့သား အခု မေမေ့ရှေ့မှာ ရောက်နေပြီလေဟူသော စကားလုံးများက ရှီးထင်ချိတ် နှုတ်ခမ်းဖျားကို တရွရွလှုပ်တိုးနေသည်။ ထုတ်မပြောမိအောင် မနည်းပင် ချုပ်တည်းထားရသည်။

ဒေါ်ဒေါ့်သားဟာ ဒေါ်ဒေါ်နဲ့ မျက်နှာချင်း အတော်ဆင်တယ်၊ အရုပ်အမောင်းနဲ့ ကိုယ်လုံးကိုယ်ထည်ကတော့ တူမောင့်လောက်ပါပဲ၊ ပြီးတော့ စကားသံကလဲ တူမောင်နဲ့ အတော်လေးကို တူတယ်၊ သူ့နာမည်က ရှီးထင်ချိတ်တဲ့၊ တူမောင်သွားရင်းလာရင်း သူနဲ့တွေ့ဆုံမိရင် သူ့မေမေ ပိုင်စုကျင်က သူ့အကြောင်းလိုက်လံ စုံစမ်းရှာဖွေနေတယ်ဆိုတာကိုသာ ပြောပြပေးပါကွယ်။

ဟုတ်ကဲ့ ... ကျွန်တော် ပြောလိုက်ပါ့မယ်။

အေးကွယ် ... ကျေးဇူးပဲ၊ တူမောင်လဲ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိပါစေ။

ပိုင်စုကျင်သည် ဆုမွန်ကောင်းတောင်းပြီးနောက် ဣန္ဒြေရရပင် လျှောက်လှမ်းထွက်သွားသည်။

ထင်ချိတ်သည် တရွေ့ရွေ့ဝေးကွာသွားသော မိခင်ကြီးကို မျက်ရည်ဝေ့နေသော မျက်လုံးများဖြင့် ငေးမောကြည့်ရင်း ကျန်နေခဲ့သည်။

ယနေ့သည် သူ့အတွက် ဝမ်းနည်းဆွေးမြေ့ဖွယ်ရာ အဖြစ်များ တစ်ခုပြီးတစ်ခု ကြုံရသောနေ့ပင်တည်း။

မကြာသေးမီကအချိန်ကပင် တိတ်တခိုး ချစ်မြတ်နိုးမိလေသူ ကြူဝင်ဝင်နှင့် ခွဲခွာခဲ့ရသည်။ ကြူဝင်ဝင်အပေါ်တွင် ချစ်မိသည့်စိတ်ကို အခွင့်မသာသော အခြေအနေများကြောင့် ချုပ်တည်းမျိုသိပ်ထားရသည်။

ယခု မိမိအပေါ် သံယောဇဉ်ကြီးမားလှသည့် မိခင်ကြီး ပိုင်စုကျင်နှင့် ဆုံရပါလျက် ခွဲရပြန်သည်။ မိမိ၏ အရုပ်ဆိုးအကျည်းတန်နေသော အဖြစ်ကြောင့် မိခင်ကပင် မိမိကိုမမှတ်မိတော့။

မိမိ၏ အရုပ်ဆိုးအကျည်းတန်နေသော အဖြစ်ဆိုးကို မိခင်ကြီးသိကာ စိတ်ထိခိုက်ကြေကွဲသွားမည်ကို မလိုလားသောကြောင့် အဖြစ်မှန်ကို ထုတ်မပြောဘဲ အသာပင်ချုပ်တည်း မျိုသိပ်ထားခဲ့သည်။

ထိုသို့ ချုပ်တည်းမျိုသိပ်ရသည့်အတွက် ရှီးထင်ချိတ်မှာ အလွန်ပင် ရင်နာရသည်။

ချစ်သူနှင့် ပက်သက်၍လည်း မိမိ၏ မေတ္တာစိတ်ကို မဖော်ထုတ်သာပဲ ချုပ်တည်းထားခဲ့ရသည်။ မိခင်နှင့်ဆုံပြန်တော့လည်း အဖြစ်မှန်ကိုမပြောနိုင်ဘဲ မျိုသိပ်ရပြန်သည်။

ရှီးထင်ချိတ်၏ နှလုံးသား ပေါက်ကွဲထွက်လုမတတ်ပင် ခံစားနေရလေပြီ။

တကယ်တော့ သူသည် အသက်ငယ်ရွယ်ပြီး မိခင်မေတ္တာနှင့် ကင်းကွာသလိုဖြစ်နေသောကြောင့် မိခင်တို့၏ သန့်စင်မွန်မြတ်သော မေတ္တာစိတ်ကို နားလည်မှု လွဲသွားခဲ့ခြင်းဖြစ်သည်။

မိခင်တို့သည် သားသမီးများအပေါ်တွင် အတိုင်းအဆမရှိသော မေတ္တာကိုထားသည်။ သားသမီးများ မည်သည့်ဘဝသို့ရောက်ရောက် ဘာပဲဖြစ်နေနေ မမုန်းနိုင်။ ချစ်မြဲချစ်လျက်သာဖြစ်သည်။

ရှီးထင်ချိတ်သည် မီးလောင်ဒဏ်ရာများကြောင့် မျက်နှာတွင် အမာရွတ်များထင်ကာ အရုပ်ဆိုးနေသည့်ဘဝတွင် ရှိနေသော်လည်း အဖြစ်မှန်ကို ထုတ်ပြောလိုက်ပါက ပိုင်စုကျင်သည် အားပေးဖြေသိမ့်ကာ အတတ်နိုင်ဆုံး ကူညီပေးမည်သာဖြစ်သည်။

ယခုမူ မိခင်ဖြစ်သူ စိတ်မချမ်းမသာဖြစ်မည်စိုးသောကြောင့် အကြောင်းမှန်ကို ထုတ်မပြောဘဲ မျိုသိပ်ထားခဲ့ရာ သားနှင့်မိခင်

ပြန်လည်ပေါင်းဆုံမည့်အဖြစ်က လွဲချော်သွားခဲ့သည်။
သို့အတွက် မလိုလားအပ်သော အကျိုးဆက်များလည်း ဆက်လက်ဖြစ်ပေါ်လာခဲ့ပေတော့သည်။

မေရှမ်းမြို့သို့ သွားခဲ့သော မော်ယောက်ကျိုသည် ကဝိမနော၇နန်းမှ အကူအညီလွှတ်လိုက်သူများနှင့်ဆုံမိသည်။
ထို့ကြောင့် ဝမ်းသာအားတက်စွာ စစ်ကူကိုခေါ်ပြီး ဟူမေစင်၏အိမ်ဂေဟာသို့ ပြန်လာခဲ့ကြသည်။
အလာကောင်းသော်လည်း အခါနှောင်းသွားခဲ့ပြီ။
မော်ယောက်ကျိုတို့လူစု ရောက်ရှိလာသောအခါ ဟူမေစင်၏ အိမ်ဂေဟာမှာ မီးလောင်ပြာကျနေပြီဖြစ်သည်။
ရှီးထင်ချိတ်နှင့် ကျင့်ယန်တို့ ထူးဆန်းစွာ ပျောက်ဆုံးနေကြပြီး ကျန်ကဝိမနော၇ဂိုဏ်းဝင် သိုင်းသမားများ၏ အလောင်းများကို တွေ့ရသည်။
အိမ်ဂေဟာတစ်ခုလုံးတွင် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားခဲ့သည့် အရိပ်အယောင် လက်စလက်နများလည်း ထင်ရှားစွာကျန်နေခဲ့သည်။
ရှီးထင်ချိတ်၏ ကိုယ်ရံတော်သိုင်းသမားအဖြစ် တာဝန်ပေးထားခဲ့သော ရင်ကိုး၏အလောင်းကိုမူ မီးလောင်ဒဏ်နှင့် အခြားဒဏ်ရာချက်ပေါင်းများစွာဖြင့် ဟူမေစင်၏ အိမ်ဂေဟာဝင်း အပြင်ဘက်တောတန်းအနီးတွင် တွေ့ရသည်။
ထိုနေရာ အနီးတဝိုက်တွင် ရန်သူ့အလောင်းများ ပြန့်ကျဲလျက် သွေးကွက်များစွာကိုလည်း တွေ့ရသည်။
ရှီးထင်ချိတ်ကို ကျင့်ယန်က လွတ်မြောက်အောင် ကြိုးစားကယ်တင်ရာတွင် ရင်ကိုးက နောက်ချန်ကာ ရန်သူများကို အငြိုးအထန် အသေအကြေ ခုခံတိုက်ခိုက်ခဲ့မည်ဟု မော်ယောက်ကျိုတို့ တွက်ကိန်းချကြသည်။
ထိုသို့ ကြိုးစားကာ တိုက်ခိုက်သော်လည်း အင်အားကြီးမားလှသော ရန်သူကို မယှဉ်နိုင်သည့်အတွက် ရင်ကိုး ကျဆုံးရပြီး ကျင့်ယန်နှင့်ရှီးထင်ချိတ်တို့ကို ရန်သူက လက်ရဖမ်းဆီးသွားမည်ဟူ၍လည်း ထင်မြင်မိကြသည်။
မော်ယောက်ကျိုနှင့်အတူ ကဝိမနော၇နန်းမှ စစ်ကူရောက်လာကြသော သိုင်းသမားများသည် မေရှမ်းမြို့ရှိ မိတ်ဆွေသိုင်းသမားများ၏ အကူအညီကိုရယူလျက် ရန်သူတို့၏ခြေရာကို လိုက်လံစုံစမ်းကြသည်။
ရန်သူသည် မြေလျှိုးကာ ပုန်းအောင်းသွားသည့်အလား လုံးဝပင်ခြေရာကောက်၍မရနိုင်။
ရှီးထင်ချိတ်နှင့် ကျင့်ယန်တို့၏ သတင်းကိုလည်း ဘာမျှမရခဲ့ကြ။
ဤအဖြစ်များကို ပိုင်စုကျင်လည်း ကြားသိသွားရာ သားဖြစ်သူအတွက် စိုးရိမ်စိတ်ဖြင့် ကိုယ်တိုင်အရှာ ထွက်ခဲ့သည်။
ပိုင်စုကျင်သည် ရှီးထင်ချိတ်နှင့် ဆုံတွေ့ရသော်လည်း ကံကြမ္မာလှည့်စားချက်ကြောင့် မိမိ၏သားမှန်း မသိခဲ့ရပေ။
ကဝိမနော၇ဂိုဏ်းဝင်များက သူတို့၏ခေါင်းဆောင် သိုင်းကျမ်းရှင်ကို လိုက်လံစုံစမ်းရှာဖွေနေသလို ပိုင်စုကျင်မှာလည်း သားဖြစ်သူအတွက် ရတက်မအေးနိုင်ဘဲ တစ်ကိုယ်တည်း ရှာပုံတော်ဖွင့်နေရသည်။
ဤသို့ဖြင့် ရက်များ လများ တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

အပိုင်း (၄၉)

မျက်နှာပြင်တစ်ခုလုံး မီးလောင်ဒဏ်ရာ အမာရွတ်များနှင့် အလွန်အရုပ်ဆိုးအကျည်းတန်ကာ မိမိ၏မိခင်ကပင် မမှတ်မိတော့သည့်အဖြစ်ကြောင့် ရှီးထင်ချိတ်မှာ အလွန်ပင် စိတ်ပျက်အားလျော့မိသည်။
ထို့ပြင် မိမိ၏ ချစ်မေတ္တာစိတ်ကို ထုတ်ဖော်မပြောသာဘဲ မျိုသိပ်ချုပ်တည်း ထားရမှုကြောင့်လည်း အထူးပင်

စိတ်နှလုံးကြေကွဲရသည်။
စိတ်ဓာတ်အကြီးအကျယ်ကျနေသော ရှီးထင်ချိတ်သည် ရည်ရွယ်ချက်မဲ့ဘဝဖြင့် ခြေဦးတည့်ရာကို လျှောက်သွားနေသည်။
ထိုသို့လျှောက်သွားရင်း ပီးကင်းနေပြည်တော်သို့ ရောက်လာခဲ့သည်။ သူ့တွင် ငွေကြေးအသပြာ အတော်များများပင်
ရှိနေသေးသည်။
အထက်တန်းစား တည်းခိုရိပ်သာကြီးများတွင် တည်းခိုပြီး ကောင်းကောင်းစား၊ ကောင်းကောင်းနေနိုင်သည်။
သို့သော် မိမိ၏ ရုပ်ဆိုးအကျည်းတန်နေသော အဖြစ်ကြောင့် အားငယ်စိတ်ဓာတ်ကျကာ လူသူထူထပ်သည့် နေရာများသို့
မသွားလို။ လူတောထဲတွင်လည်း မဝင်လိုတော့။
လူသူကင်းရှင်းသည့် ဇရပ်တန်ဆောင်း တစ်ခုခုတွင်သာ ခိုဝင်နားနေရန် စိတ်ကူးပြီး မြို့စွန်ပိုင်းတွင် ခေတ္တနားခိုရန်
ကောင်းမွန်မည့်နေရာကို လိုက်ရှာသည်။
ဤသို့လိုက်ရှာကြည့်ရင်း မြတ်စွယ်တော်ဘုရားကျောင်းသို့ ရောက်ရှိသွားသည်။
မြတ်စွယ်တော် ဘုရားကျောင်းသည် ပီကင်းမြို့တော်၏ အစွန်အဖျားဆင်ခြေဖုံးဒေသ ဆိတ်ငြိမ်သော ရပ်ကွက်တစ်ခုတွင်
တည်ရှိသည်။
ဘုရားကျောင်း၏ဝင်းက အတော်ပင် ကျယ်ဝန်းသည်။ ကျောင်းဝင်းထဲတွင် မြတ်စွယ်တော်ကိန်းဝပ်ရာ စေတီငယ်တစ်ဆူ၊
ဇရပ်လေးတစ်ဆောင်၊ တန်ဆောင်းတစ်ခုနှင့် ဘုရားကျောင်း၏ကျောင်းထိုင်ဘုန်းတော်ကြီး ကျောင်းထိုင်ရာ
ကျောင်းငယ်လေးတစ်ဆောင်သာရှိသည်။
လူသွားလူလာနည်းပါးပြီး အေးချမ်းတိတ်ဆိတ်သည်။ ဤမြတ်စွယ်တော်ဘုရားကျောင်းသည် ကြျုဝင်ဝင် မင်းသမီးလေး
ကောင်းမှုဖြစ်ကြောင်းကိုလည်း ဘုရားကျောင်းအဝင် တံခါးဝဘေး၌ ကမ္ပည်းကျောက်တိုင် ရေးထိုးစိုက်ထူထားသည်။
ရှီးထင်ချိတ်သည် ဤနေရာကို အလွန်သဘောကျသွားသည်။ လူတောထဲသို့ မတိုးနိုင်တော့ဘဲ သိမ်ငယ်နေသည့်
မိမိ၏အထီးကျန်ဘဝကို ဤနေရာတွင်ပင် ဇာတ်မြုပ်ကာ နေထိုင်သွားရန် စိတ်ကူးမိသည်။
ထို့ကြောင့် ဤမြတ်စွယ်တော် ဘုရားကျောင်းတွင် အမှိုက်သိမ်းသန့်ရှင်းရေး ဝေယျာဝစ္စတို့ကို လုပ်ကိုင်ကာ
မိမိအားနေထိုင်ခွင့်ပေးရန် ကျောင်းထိုင် ဆရာတော်ထံ ခွင့်ပန်သည်။
ကျောင်းထိုင်ဆရာတော်က ပထမတွင် ခွင့်မပြုဘဲ ရှိနေသည်။
ရှီးထင်ချိတ်က မိမိသည် မျက်နှာပေါ်တွင် ရှိနေသော မီးလောင်ဒဏ်ရာအမာရွတ်များကြောင့် လူတောထဲမတိုးချင်ဘဲ
သည်လိုအေးချမ်းတိတ်ဆိတ်သည့် နေရာတွင် အခြေချနေလိုကြောင်း ပြောဆိုခွင့်တောင်းသည့်အခါတွင်မှ
ကျောင်းထိုင်ဆရာတော်က သဘောတူလက်ခံခဲ့သည်။
ထို့ပြင် ရှီးထင်ချိတ်၏ မျက်နှာပေါ်ရှိ မီးလောင်ဒဏ်ရာ အမာရွတ်များကို ပပျောက်သွားအောင် ကုသပေးနိုင်မည့် ဆရာကောင်း
သမားကောင်းနှင့် တစ်နေ့နေ့တွင် တွေ့နိုင်ကောင်း တွေ့နိုင်မည်ဖြစ်ကြောင်းလည်း အားပေးစကားပြောကြားသည်။
ဤသို့ဖြင့် ရှီးထင်ချိတ်သည် မြတ်စွယ်တော် ဘုရားကျောင်းရှိဇရပ်လေးမှ အခန်းငယ်လေးတစ်ခုတွင် ရိုးရိုးကုပ်ကုပ်
အေးချမ်းစွာ နေထိုင်ခဲ့သည်။
နေ့လယ်ဘက်တွင် ဘုရားကျောင်းပရဝဏ်အတွင်းရှိ အမှိုက်သရိုက်များ လှည်းကျင်းကာ ဘုရားဝေယျာဝစ္စများကို
ပြုလုပ်သည်။ ညဘက်အချိန်များတွင်မူ အတွင်းအားလေ့ကျင့်ခြင်း၊ သိုင်းလေ့ကျင့်ခြင်းများကို ပြုလုပ်သည်။
ကြျုဝင်ဝင်၏ သမားတော်ကြီးက အားအင်တိုးတက်စေသော အားတိုးဆေးကောင်းများ တိုက်ကျွေးပေးခဲ့သည့်အပြင်

ကောင်းမွန်စွာလည်း အနားယူနိုင်ခဲ့သောကြောင့် ရှီးထင်ချိတ်၏ အတွင်းဒဏ်မှာ လုံးဝပျောက်ကင်းသွားပြီး သိုင်းပညာစွမ်းရည်နှင့် အတွင်းအားများ မူလအတိုင်း ပြန်လည်ရရှိနေပြီဖြစ်သည်။

ကျောင်းထိုင်ဆရာတော် ဥခုန်နှင့် တစ်ခါတစ်ခါ စကားစမြည်ပြောဆိုသည်မှလွဲ၍ ရှီးထင်ချိတ်သည် မည်သူနှင့်မျှ စကားမပြောဆိုခဲ့ပေ။ မြတ်စွယ်တော် ဘုရားကျောင်းသို့ ဘုရားဖူးများ ရောက်လာသည့်အခါများတွင် သူ၏အခန်းကျဉ်းလေးထဲတွင်သာ အောင်း၍နေတတ်၏။

ကျောင်းထိုင်ဆရာတော် ဥခုန် ပြောပြသဖြင့် ကြူဝင်ဝင်မင်းသမီးလေးအကြောင်းကိုလည်း သူအတော်အသင့် သိရှိခဲ့ရသည်။

ကြူဝင်ဝင်မင်းသမီးလေး၏ မိခင်မှာ ဧကရာဇ်မင်းမြတ်၏ နှမတော်အရင်းဖြစ်သည်။ ဖခင်က နာမည်ကျော်ကြားလှသော စစ်သူကြီး ကြူအင် ဖြစ်သည်။

စစ်သူကြီး ကြူအင်သည် မြောက်ပိုင်းနယ်ခြား စစ်မြေပြင်တွင် ကျူးကျော်သူ တိုင်းတစ်ပါးသား မန်ချူးတပ်များကို စွမ်းစွမ်းတမံ တိုက်ခိုက်ချေမှုန်းခဲ့သည့် တိုက်ပွဲများကို ပြောင်မြောက်စွာ ခေါင်းဆောင်ဆင်နွှဲနေသူဖြစ်သည်။

မျိုးချစ်သူရဲကောင်းတစ်ဦးအဖြစ် တစ်တိုင်းတစ်ပြည်လုံးက လေးစားချစ်ခင်ကြသည်။

ကြူဝင်ဝင်သည် ဖခင်ကောင်းသမီးပီသကာ စစ်ရေးစစ်ရာတွင် ကျွမ်းကျင်လိမ္မာသည်။ ဖခင်နှင့်အတူ မြင်းတပ်မှူးလေးအဖြစ် တာဝန်ယူလျက် ကျူးကျော်သူနယ်ချဲ့များကို ခုခံတိုက်ခိုက်နေကြောင်းများကိုလည်း ရှီးထင်ချိတ် ကြားသိခဲ့ရသည်။

မိမိ တိတ်တခိုးချစ်မိသူလေးလည်းဖြစ်၊ မိမိ၏ ကျေးဇူးရှင်လည်းဟုတ်သော ကြူဝင်ဝင် မင်းသမီးလေး၏ ကျော်ကြားလှသော ဂုဏ်သတင်းများကို ကြားရသိရသည့်အတွက် ရှီးထင်ချိတ်ရင်ထဲတွင် ကြည်နူးပီတိဖြစ်မိသည်။

မြတ်စွယ်တော် ဘုရားကျောင်း၏ ဇရပ်လေးထဲတွင် နေထိုင်နေရင်း ကြူဝင်ဝင်နှင့် ပက်သက်သည့် အခြားကိစ္စများကိုလည်း ထပ်မံကြားသိရပြန်သည်။

ထိုသတင်းများမှာ သူဘယ်လိုမှ မထင်မှတ်ထားသော ကိစ္စများဖြစ်သည်။

ထိုကိစ္စများ သိရှိလာရပုံကား ... ။

တစ်နေ့ ... ။

မြတ်စွယ်တော်ဘုရားကျောင်းသို့ ရပ်ဝေးခရီးသည် နှစ်ယောက်ရောက်ရှိလာကာ တည်းခိုနေထိုင်ခွင့်တောင်းသည်။

ကျောင်းထိုင်ဆရာတော် ဥခုန် ကခွင့်ပြုလက်ခံလိုက်သည့်အတွက် ထိုခရီးသည်နှစ်ယောက်သည် ရှီးထင်ချိတ် နေထိုင်ရာ ဇရပ်လေး၏အရှေ့ဘက်ပိုင်းရှိ အခန်းတစ်ခန်းတွင် တည်းခိုနေထိုင်ကြသည်။

ခရီးသည်တစ်ယောက်မှာ အသက်ငါးဆယ်ခန့်ရှိယောကျ်ားကြီးတစ်ယောက်ဖြစ်ပြီး ကျန်တစ်ယောက်မှာမူ အသက်နှစ်ဆယ်ခန့်ရှိ လုလင်ပျိုတစ်ယောက်ဖြစ်သည်။

ဖျင်ကြမ်းအဝတ်အစား ခပ်စုတ်စုတ်များ ဝတ်ဆင်ထားကြသော်လည်း သူတို့နှစ်ယောက်မှာ ဆင်းရဲသားများ မဟုတ်နိုင်ကြောင်းကို ပြောပုံဆိုပုံ နေထိုင်ပုံကိုကြည့်၍ ရှီးထင်ချိတ် အကဲခတ်မိသည်။

လျှို့လျှို့ဝှက်ဝှက်ကား နိုင်လှသည်။ စကားပြောရာတွင် တီးတိုးသာပြောသည်။ သူတို့တွင်ပါလာသော အထုပ်အပိုးတို့ကိုလည်း အလွန်ပင်သတိထား စောင့်ကြည့်တတ်သည်။

ရှီးထင်ချိတ်သည် ထိုသူတို့ကို စိတ်မဝင်စားဘဲ နေ၍မရစရာအကြောင်းက ဖန်လာသည်။

ထိုလူနှစ်ယောက်သည် စကားပြောရာတွင် တီးတိုးလေသံဖြင့်သာ ပြောကြသော်လည်း အတွင်းအားမြင့်မား နက်ရှိုင်းပြီး

သောတအာရုံကောင်းလှသည့် ရှီးထင်ချိတ်အတွက်မူ သူတို့ပြောစကားများကို ကောင်းစွာကြားနေရသည်။

ပြောပုံဆိုပုံများအရ ထိုလူနှစ်ယောက်သည် သားအဖဖြစ်ကြသည်။

သူတို့၏ ခပ်တိုးတိုးပြောစကားများကို ကောင်းစွာကြားနေရသော်လည်း ရှီးထင်ချိတ် သိပ်အရေးမစိုက်ခဲ့။

သို့သော် တစ်ညတွင်မူ သူတို့ပြောကြသည့် စကားထဲတွင် ကြူဝင်ဝင် မင်းသမီးလေး၏ အမည်ပါလာသောကြောင့် ရှီးထင်ချိတ်အဖို့ စိတ်ဝင်စားစရာ ဖြစ်လာခဲ့သည်။

ဓကြူဝင်ဝင်မင်းသမီးလေးက အခုလိုအချိန်မှာ မြောက်ပိုင်းပြည်နယ်ခြားစစ်မြေပြင်ကို စစ်ချီသွားနေရတယ်လို့ဗျာ၊ ကျွန်တော်တို့အတွက် သက်သက်အချိန်ဖင့်နေပြီဓ

သားဖြစ်သူ လုလင်ပျိုက ခပ်ညည်ညည်းပြောသည်။

ဓဒါတော့ ဘယ်တတ်နိုင်မှာလဲ၊ ငါတို့က မြောက်ပိုင်းနယ်ခြားစစ်မြေပြင်ကိုမှ လိုက်မသွားနိုင်တာ၊ ဒီတော့ ကြူဝင်ဝင်မင်းသမီး ပြန်လာတဲ့အထိ စောင့်ကြရုံပဲ ရှိတော့တာပေါ့ဓ

ဖခင်ဖြစ်သူ ယောကျ်ားကြီးကပြန်ပြောသည်။

ဓစောင့်နေတာက အရေးမကြီးဘူး၊ ဟိုဘက်အုပ်စုက လက်ဦးသွားရင်ခက်မယ်၊ သူတို့ကလဲ ကြူဝင်ဝင်မင်းသမီးလေးဆီကို ချဉ်းကပ်ကြမှာ အမှန်ပဲဓ

ဓဒီကောင်တွေကို အရေးလုပ်မနေစမ်းပါနဲ့ကွာ၊ သူတို့ကိုစောင့်ကြည့်ဖို့ ငါ့မိတ်ဆွေတွေက တာဝန်ယူထားပါတယ်၊ ဒီကောင်တွေ ပီကင်းနေပြည်တော်ကို ရောက်လာရင် ကြူဝင်ဝင်မင်းသမီးလေးနဲ့ မတွေ့ရဘဲ ငါ့မိတ်ဆွေတွေရဲ့လက်ချက်နဲ့ အကုန်သေကုန်မှာပါကွဓ

ဓဖေဖေက ကြူဝင်ဝင်မင်းသမီးလေးကို ဂိုဏ်းချုပ်ရာထူး လွှဲပေးခဲ့တာကိုး၊ ဒီလိုသာလွှဲမပေးထားရင် အခုလို သူ့ကိုတကူတက လာတွေ့နေစရာ ဘယ်လိုတော့မှာလဲ၊ ဖေဖေကိုယ်တိုင် အမိန့်ထုတ်ပြန်လိုက်ရုံပဲ။ဓ

ဓဒါကတော့ ငါ့စကားနဲ့ ငါပြန်မိသွားတာကိုးကွ၊ ကဲပါ ပြီးတာတွေ ပြောမနေစမ်းပါနဲ့၊ ကြူဝင်ဝင်မင်းသမီးလေး မြောက်ပိုင်းနယ်ခြားစစ်မြေမြင်က အမြန်ပြန်လာပါစေလို့သာ ဆုတောင်း၊ သူပြန်လာတာနဲ့ ကိစ္စတွေအကုန် ပြီးပြတ်ပြီ။ဓ

ဓဖေဖေပြောတဲ့အတိုင်း ကြူဝင်ဝင် မင်းသမီးလေးက လက်ခံသဘောတူပါ့မလားဓ

ဓမင်း တယ်ခက်ပါလား၊ ဟိုကိစ္စစိုးရိမ် ဒီကိစ္စစိုးရိမ်၊ ဒီမယ် တီနန်ရှီတို့က မပိုင်ရင် ဘယ်တော့မှ မလုပ်ဘူးဓ

တီနန်ရှီဆိုသူ ယောကျ်ားကြီး၏ အသံက အနည်းငယ် ကျယ်လာသည်။

ဓတိုးတိုးပြောပါ ဖေဖေရ၊ ဟို ... ရုပ်ဆိုးကြီး ကြားသွားပါဦးမယ်ဓ

သားဖြစ်သူ လုလင်ပျိုက သတိပေးသည်။

ဓမင်းမလဲ အလကားနေရင်း တွေးပူနေ၊ မင်းကောင် ရုပ်ဆိုးက အခုလောက်ဆို သိုးနေအောင်အိပ်နေမှာ၊ အေး... မအိပ်ဘဲနေတယ်ဆိုရင်တောင် သူ့အခန်းက ဇရပ်အနောက်ဘက်ပိုင်းမှာ၊ ငါတို့ပြောနေတာကို မကြားနိုင်ပါဘူး၊ ဒီကောင်လို မဆိုထားနဲ့၊ တော်ရုံအတွင်းအားကောင်းတဲ့ သိုင်းသမားတောင် မကြားနိုင်ပါဘူးကွာဓ

သူတို့က အရုပ်ဆိုးဟုပြောသော ရှီးထင်ချိတ်သည် ထိပ်တန်းသိုင်းပညာရှင် တစ်ယောက်ဖြစ်ပြီး သူတို့ပြောဆိုနေကြသည့် စကားများကို ရှင်းလင်းစွာကြားသိနေကြောင်းကိုကား တီနန်ရှီတို့ သားအဖ မသိရှာပေ။

နောက်တစ်နေ့ နံနက်တွင် တီနန်ရှီတို့ သားအဖ အပြင်သို့ထွက်သွားကြရာ ရှီးထင်ချိတ်လည်း ကျောင်းထိုင်ဆရာတော် ဥခုန်ကို သွားရောက်တွေ့ဆုံ ဝတ်ပြုလေသည်။

ဒကာကြီးရဲ့ မျက်နှာပေါ်က မီးလောင်ဒဏ်ရာ အမာရွတ်တွေပျောက်သွားအောင် ကုပေးနိုင်မယ့် သမားတော်ကို ကျုပ်တတ်နိုင်သမျှ စုံစမ်းနေပါတယ်။ အခုထက်ထိတော့ ဘာမှသတင်းမထူးသေးဘူး၊ ဒါပေမယ့် စိတ်မပျက်ပါနဲ့၊ တစ်နေ့မဟုတ် တစ်နေ့တော့ တွေ့မှာပေါ့။ခ

ကျောင်းထိုင်ဆရာတော် ဥခုန်က မိမိအားလာရောက် ဂါ၀ရပြုသည့် ရှီးထင်ချိတ်ကို ပြောသည်။

ခတင်ပါ့... တပည့်တော်လည်း ဒီလိုပဲမျှော်လင့်ချက်နဲ့ပဲ စောင့်ဆိုင်းနေပါတယ်ဘုရားခ

ရှီးထင်ချိတ်က ပြန်လည်လျှောက်ထားသည်။

ခအေး ... လူမှာ စိတ်ဓာတ်က အရေးကြီးဆုံးပဲ၊ ကောင်းအောင်လဲ ဒီစိတ်က တိုက်တွန်းလုပ်ဆောင်တယ်၊ မကောင်းအောင်လည်း ဒီစိတ်ကပဲ လှုံ့ဆော်တယ်၊ ပြီးတော့ ရုပ်ချောတာ လှပတာ အကျည်းတန်တာ ဆိုတာတွေဟာ စိတ်ရဲ့စေ့ဆော်မှု အများကြီးပါနေတယ်၊ အရုပ်ဆိုးတာကို လှတယ်ထင်တဲ့သူ ရှိနိုင်သလို လှတာကို အမြင်ဆိုးတယ်လို့ တွေးတဲ့လူလဲ ရှိသေးတာပဲ ဒကာကြီးရဲ့ခ

ဆရာတော် ဥခုန်၏ စကားသံများသည် ရှီးထင်ချိတ်၏ ကျဆင်းယုတ်လျော့နေသော စိတ်ဓာတ်ကို နှိုးဆွမြင့်တင်ပေးလိုက်သည့်နှယ် ဖြစ်သွားသည်။

ဆရာတော်သည် ရှီးထင်ချိတ်အား သာမန်လူတစ်ယောက် မဟုတ်ဘဲ အကြောင်းတစ်ခုခုကြောင့် စိတ်ဓာတ်ကျဆင်းနေသူဖြစ်မည်ကို အကဲခတ်မိထားသည်။

စိတ်ဓာတ်ကျသူကို စိတ်ဓာတ်မြင့်တင်ပေးရန် အခါအခွင့်သင့်တိုင်း မသိမသာ စကားလမ်းကြောင်း ပြောပြပေးခဲ့သည်။ ယခုတစ်ခါတွင်မူ ရှီးထင်ချိတ်၏ ကုသိုလ်ကံကလည်း ထောက်မသည်ထင်သည်။ ဆရာတော်ဥခုန်၏ စကားတစ်ခွန်းသည် ရှီးထင်ချိတ်၏ ဉာဏ်အလင်းကို ပွင့်သွားစေခဲ့သည်။

ရှီးထင်ချိတ်သည် မိမိကိုယ်မိမိ မှားမှန်းသိလာသည်။ ရုပ်ဆိုးသည်ဖြစ်စေ၊ လှပသည်ဖြစ်စေ၊ ဂုဏ်ရည်ကြီးမြင့်သည်ဖြစ်စေ၊ ဂုဏ်နိမ့်သည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ အကြောင်းမဟုတ်ပေ။ မိမိ၏စိတ်ဓာတ်၊ ခံယူချက်နှင့် လုပ်ဆောင်မှုသည်သာ အဓိကဖြစ်သည်။

မည်မျှပင် ရုပ်ရည်ချောမော ချမ်းသာကြွယ်ဝပြီး ဂုဏ်ရည်မြင့်မားနေပါစေ၊ မကောင်းမှုတွင် မွေ့လျော်ကာ အများသူငါကို အနိုင်ကျင့်စော်ကားနေလျှင် ထိုသူကို လူဆိုး လူယုတ်မာအဖြစ် လူအများက သတ်မှတ်ကာ မုန်းတီးရွံရှာကြပေမည်။ မည်မျှပင် အရုပ်ဆိုး ဆင်းရဲမွဲတေပြီး ဂုဏ်ရည်နိမ့်ကျသူဖြစ်ပါစေ၊ အများအကျိုးအတွက် တတ်စွမ်းသမျှ စေတနာသန့်သန့်ဖြင့်ဆောင်ရွက်လုပ်ကိုင်လျှင် လူအများက လူကောင်းတစ်ယောက်အဖြစ် သတ်မှတ်ကာ လေးစားချစ်ခင်ကြမည် မလွဲပေ။

ရှီးထင်ချိတ်၏ စိတ်ထဲတွင် ဤကဲ့သို့ပင် ဆက်လက်၍ စဉ်းစားမိသည်။

ထိုသို့ စဉ်းစားဆင်ခြင်မိသည့်ခဏတွင် ညှိုးနွမ်းမှိုင်းနေသော သူ့မျက်လုံးသည် အားမာန်အပြည့်ဖြင့် အရောင်တလက်လက် တောက်ပလာသည်။

ခတပည့်တော်ရဲ့ စိတ်ဓာတ်ပျော့ညံ့ခဲ့တာတွေကို တပည့်တော် သိမြင်ပါပြီဘုရား၊ ဒီလိုသိမြင်အောင် စိတ်ရှည်ရှည်နဲ့ ဆုံးမလမ်းပြပေးခဲ့တဲ့ ကိုယ်တော်ကိုလဲ အများကြီးကျေးဇူးတင်ပါတယ်၊တပည့်တော် ဒီနေ့ပဲ ခရီးထွက်ပြီး လောကကြီးကို ရင်ဆိုင်ပါတော့မယ် ဘုရားခ

ရှီးထင်ချိတ် ဆရာတော်ဥခုန်ကို ဦးချကန်တော့လိုက်၏။

ခအေး ... ဒီလိုမှပေါ့ကွယ်၊ ရုပ်ရည်ရူပကာ လှပတာ မလှပတာဟာ ဘာအကြောင်းမှမဟုတ်ပါဘူး၊ စိတ်ထားမြင့်မြတ်ပြီး ကောင်းမွန်မှန်ကန်တဲ့ အလုပ်တွေ လုပ်ကိုင်နိုင်ဖို့ကပဲ အရေးကြီးပါတယ်၊ ဒကာကြီးဟာ အများအကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးနိုင်တဲ့ ယောကျ်ားကောင်းတစ်ယောက် ဖြစ်ပါစေကွယ်ခ

ရှီးထင်ချိတ်သည် ဆရာတော်၏ ဩဝါဒကို ရိုသေစွာပင် ခံယူသည်။

ဆရာတော်ဉခုန်လည်း စိတ်ဓာတ်ကျကာ လူတောထဲသို့ မတိုးဝံ့ဘဲရှိနေသူ တစ်ယောက်ကို စိတ်ဓာတ်တက်ကြွလာလာအောင် လုပ်ဆောင်ပေးနိုင်ခဲ့သည့်အတွက် ကျေနပ်ပီတိ ဖြစ်သွားရသည်။

ဆရာတော်သည် ရှီးထင်ချိတ်ကို သိုင်းသမားတစ်ယောက်ဖြစ်ရမည်ဟူ၍ အကဲခတ်မိခဲ့ပြီး ဖြစ်သော်လည်း သိုင်းသမားဟု ထင်သော်လည်း အလွန်ကျော်ကြားသော မှဲ့ရှစ်လုံးရှင် သိုင်းသမားတစ်ယောက်ဖြစ်ကြောင်းကိုကား မသိခဲ့ပါပေတကား။

ရှီးထင်ချိတ်သည် မြတ်စွယ်တော်ဘုရားကျောင်းမှ ထွက်ခွာလာကာ ပီကင်းနေပြည်တော်ထဲသို့ ဝင်ရောက်လာသည်။

အချိန်မှာ နံနက်ခြောက်နာရီခန့်ဖြစ်သည်။

နေ့တစ်နေ့၏ နုပျိုရွှန်းသစ်စွာ အားမာန်ယူ လှုပ်ရှားစအချိန်ဟုဆိုနိုင်သည်။ ရှီးထင်ချိတ် အဖို့လည်း ဘဝတစ်ဆစ်ချိုး အပြောင်းအလဲတစ်ခုကို စတင်လှမ်းရလေပြီ။

ပျားပန်းခပ်မျှ လှုပ်ရှားသွားလာနေကြသော မြို့တော်သူ မြို့တော်သား လူအများကြားတွင် မာန်ဝင့်ကာ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းလာခဲ့သည်။

မိမိ၏ အကျည်းတန် အရုပ်ဆိုးလှသော ရုပ်ရည်ကြောင့် စိတ်ပျက်အားလျှော့နေမှု မရှိတော့။ မိမိ၏ အရုပ်ဆိုးလှသော မျက်နှာကို ရွံ့ရှာသလိုကြည့်သော လူတို့၏အကြည့်များကိုလည်း အရေးမလုပ်တော့။

ကိုယ်သွားရမည့် လမ်းကို ခပ်အေးအေးပင် လျှောက်လှမ်းသွားနေသည်။

ထိုသို့ လျှောက်လှမ်းသွားရင်း စားသောက်ဆိုင်ကြီးတစ်ဆိုင်ရှေ့သို့ ရောက်လာခဲ့သည်။

ဝမ်းထဲက ဆာလောင်လာသောကြောင့် ရှီးထင်ချိတ်သည် စားသောက်ဆိုင်ထဲသို့ ခပ်တည်တည်ပင် ဝင်ရောက်လာခဲ့သည်။

ဆိုင်ကြီး၏ အဆင်အပြင်က ခံ့ညားထည်ဝါလှသည်။ စားပွဲနှင့်ထိုင်ခုံများကို သန့်ရှင်းစွာ စီစီညီညီ ခင်းကျင်းထားသည်။ စားသောက်ခန်းကြီးထဲ၌ ရောင်စုံမီးပုံးများကို အကွက်ကျကျ ထွန်းညှိကာ အခန်းနံရံပေါ်တွင် လက်ရာမြောက်ပန်းချီကားများ ချိတ်ဆွဲထားသည်။

စားသောက်ခန်းထဲသို့ ဝင်အလာတွင် ရှီးထင်ချိတ်သည် ပတ်ဝန်းကျင်ကို မျက်စိကစားကာ ကြည့်လိုက်ရာ သီးသန့်စားပွဲဖြစ်ဟန်တူသော စားပွဲဝိုင်းကြီးတစ်ခုတွင် ဝိုင်းဖွဲ့စားသောက်နေကြသော လူတစ်စုကို သတိပြုမိလိုက်သည်။

ထိုစားပွဲဝိုင်းကြီးပေါ်တွင် တောက်ပသော အနီရောင် စားပွဲခင်းကို ခင်းထားသည်။ အဘိုးအိုတစ်ယောက် ယောကျ်ားကြီးသုံးယောက်နှင့် မိန်းမပျိုတစ်ယောက်ထိုင်ကာ စားသောက်နေကြသည်။

စားပွဲပေါ်တွင် ခင်းကျင်းထားသည့် ဟင်းလျာများက ပထမတန်းစား ဟင်းလျာများဖြစ်သည်။ အရက်ကပင်လျှင် ရှားပါးအဖိုးတန်လှသည့် ခမြွေနှင့်လိပ် အသက်ရှည်အားတိုးဆေးအရက်ခ ဖြစ်သည်။

မိန်းမပျိုလေးမှာ အတော်ပင်ချောမောလှပသည်။ မိမိ တိတ်တခိုးချစ်မိလေသော ကြူဝင်ဝင် မင်းသမီးလေး၏ အလှနှင့် ထိုမိန်းမပျိုလေး၏အလှတို့ကို ရှီးထင်ချိတ် ချိန်ထိုးနှိုင်းယှဉ်မိသည်။

မိန်းမပျိုလေးသည် လှပသော်လည်း ကြူဝင်ဝင်လို ကျက်သရေရှိပြီး ကြင်နာမှုပြည့်သော လှပခြင်းကို မမှီနိုင်ဟု

သူကောက်ချက်ချလိုက်သည်။

ဤအချိန်တွင် မိန်းမပျိုလေး၏ ဘေးနားတွင် ထိုင်နေသော ယောကျ်ားကြီးသုံးယောက်က ရှီးထင်ချိတ်ကို ဒေါသရောင်တောက်နေသော မျက်လုံးများဖြင့် လှမ်းကြည့်ကြသည်။

မိမိ၏ အကြည့်ရှိုင်းသွားမှုကို သိမြင်ကာ အသာပင် မျက်လုံးလွှဲပြီး အနီးစားပွဲဝိုင်းတစ်ခုမှ ထိုင်ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်သည်။

ထိုစားပွဲဝိုင်းမှာ မိန်းမပျိုလေးတို့လူစု ထိုင်စားနေကြသော စားပွဲဝိုင်းနှင့် တစ်တန်းတစ်စားတည်း၊ တစ်ထေရာတည်းဖြစ်ပြီး တောက်ပသော အနီရောင်စားပွဲခင်း ခင်းထားသည်။

ခဘာစားမလဲခ

စားပွဲထိုးလေးတစ်ယောက် ရှီးထင်ချိတ် အနားသို့ကပ်လာပြီး ဝတ်ကျေတန်းကျေ အမူအယာမျိုးဖြင့်မေးသည်။

ရှီးထင်ချိတ်သည် ချည်ကြမ်းဝတ်စုံ ညစ်ထေးထေးကို ဝတ်ထားပြီး မျက်နှာတွင်လည်း မီးလောင်ဒဏ်ရာ အမာရွတ်များက လူရုပ်နှင့် မတူအောင်ရှိနေသဖြင့် စားပွဲထိုးက အထင်အမြင်သေးဟန်ရှိသည်။

အမှတ်တမဲ့ ထိုင်ချလိုက်သော စားပွဲက မိန်းမပျိုလေးတို့ စားသောက်နေသော စားပွဲနှင့် တစ်တန်းတစ်စားတည်း ဖြစ်နေကြောင်းတွေ့ရသောအခါ သူစိတ်ကူးတစ်မျိုးရလာသည်။

ခဟိုဘက်စားပွဲအတိုင်း စီစဉ်ပေးခ

ရှီးထင်ချိတ်က ဟန်ပါပါပြောပြီး ရွှေပြားတစ်ချပ် ထုတ်ပေးသည်။

စားပွဲထိုး၏ အမူအရာ ချက်ချင်းပြောင်းသွားသည်။ ဝတ်ကျေတန်းကျေ မဟုတ်တော့ပဲ အလွန်ပင် ပျူငှာလာသည်။

ခဟုတ်ကဲ့ ဆရာလေး၊ ရပါစေ့မယ် ရပါစေ့မယ်ခ

ရွှေပြား၏တန်ခိုးက ကြီးလှပေသည်တကား။

မကြာမီမှာပင် ရှီးထင်ချိတ်၏ စားပွဲပေါ်တွင် မိန်းမပျိုလေးတို့ စားပွဲဝိုင်းနည်းတူ အထက်တန်းစား ဟင်းလျာများ၊ အကောင်းစား အရက်အိုးနှင့် ထည်ထည်ဝါဝါဖြစ်သွားတော့သည်။

ရှီးထင်ချိတ် ခမြွေနှင့်လိပ်ခ အရက်တစ်ခွက် ငှဲ့သောက်ကာ နူးညံ့ချိုမြိန်လှသော အမဲသားကြော် တစ်တုံးကောက်စားလိုက်ချိန်မှာပင် သူ့ရှေ့သို့ မီးခိုးရောင်ဝတ်စုံဝတ်ထားသည့် လူတစ်ယောက်ရောက်ရှိလာသည်။ ထိုလူသည် မိန်းမပျိုလေးတို့ စားပွဲမှထလာခြင်း ဖြစ်သည်။

ခဒါက ဘာသဘောလဲ ကိုယ့်လူခ

မီးခိုးရောင်ဝတ်စုံဝတ်လူက ရှီးထင်ချိတ်ကို စိန်းစိန်းကြည့်ပြီး မေး၏။

ခဘာသဘောလဲဆိုတာ ခင်ဗျားထင်ချင်သလို ထင်နိုင်တယ်၊ ကျွန်တော့်အနားမှာတော့ လာရပ်မနေပါနဲ့ဗျာ၊ ကိုယ့်နေရာကိုယ်ပြန်ထိုင်နေစမ်းပါခ

ရှီးထင်ချိတ်က ခပ်အေးအေးပင် ပြောသည်။

ထို့နောက် ကြက်သားဟင်းတစ်ဖတ်ကို တူဖြင့်ညှပ်ကာ ယူစားလိုက်ပြန်သည်။

မီးခိုးရောင် ဝတ်စုံဝတ်လူက ရှီးထင်ချိတ် ပခုံးကို ဆုပ်ဖမ်းကာ ဆွဲယူလိုက်သည်။

သို့သော် ...

ထင်တိုင်းမပေါက်ခဲ့။

သူ့လက်သည် ကျောက်စိုင်ကျောက်သားကြီးတစ်ခုကို ကိုင်မိသလိုဖြစ်ကာ ဘယ်လိုမျှဆွဲပင့်၍မရနိုင်ဘဲ ရှိနေသည်။

ရှုပ်လိုက်တာ

ရှီးထင်ချိတ်က ခပ်ပေါ့ပေါ့ပြောပြီး ထိုသူကို အသာတွန်းထုတ်လိုက်သည်။

ရှီးထင်ချိတ်၏ လှုပ်ရှားမှုက ခပ်ဖြည်းဖြည်း ခပ်သာသာဖြစ်သော်လည်း ပေါ်ပေါက်လာသော အားအဟုန်မှာ ကြီးမားပြင်းထန်လှသည်။

မီးခိုးရောင်ဝတ်စုံဝတ်လူသည် မတ်တပ်ပင် ဆက်မရပ်နိုင်ဘဲ နောက်သို့ ခြေလှမ်းသုံးလှမ်း ယိမ်းယိုင်ကာ ဆုတ်သွားရသည်။ မိမိတို့ဘက်မှလူ အခြေအနေပျက်ယွင်း သွားသောကြောင့် စားပွဲဝိုင်းတွင် ထိုင်နေကြသော ကျန်ယောကျ်ားကြီးနှစ်ယောက်ကထိုင်ရာမှ ထရပ်လိုက်ကြသည်။ အဘိုးအိုက အသာလက်ပြလိုက်သောကြောင့် ထိုယောကျ်ားကြီးများ နေရာတွင် ပြန်ထိုင်လိုက်ကြသည်။

ရှီးထင်ချိတ် တွန်းထုတ်လိုက်၍ ခြေလှမ်းယိမ်းယိုင်သွားရသောလူလည်း မျက်နှာနီနီနှင့်ပင် သူ၏နေရာသို့ ပြန်သွားကာ ထိုင်ချလိုက်သည်။

ရှီးထင်ချိတ်ကတော့ ထိုသူများကို အရေးမစိုက်။

အေးအေးဆေးဆေးသာ ဆက်လက်စားသောက်နေသည်။

အရက်ကချိုမွှေးကာ သောက်၍ကောင်းလှသည်။ ဟင်းလျာများကလည်း စား၍အလွန်အရသာရှိသည်။ သို့သော် ဟင်းလျာအမည်များလွန်းသောကြောင့် ဟိုဟာနည်းနည်း သည်ဟာနည်းနည်း မြည်းစမ်းကြည့်ရုံနှင့်ပင် ဗိုက်ပြည့်သွားသည်။ ရှီးထင်ချိတ်သည် စားသောက်နေမှုကို လက်စသတ်ကာ ပိုင်ငွေပြန်အမ်းသည်ကိုယူပြီး ဆိုင်ပြင်သို့ ထွက်လာခဲ့သည်။ ထိုသို့ ဆိုင်ပြင်သို့ အထွက်တွင် မိန်းမပျိုလေးဘက်သို့ လှမ်းကြည့်မိသည်။ မိန်းမပျိုလေးကလည်း ဆိုင်ပြင်သို့ထွက်သွားသော ရှီးထင်ချိတ်ကို လှမ်းကြည့်နေခိုက်ဖြစ်ရာ အကြည့်ချင်းဆုံသွားသည်။

ရှီးထင်ချိတ်က အသာပြုံးပြသည်။

မိန်းမပျိုက ပြန်လည်ပြုံးမပြရုံသာမက မျက်နှာတည်ကြီးလုပ်ကာ တစ်ဖက်သို့လွှဲသွားသည်။

ရှီးထင်ချိတ်သည် စားသောက်ဆိုင်ထဲမှ ထွက်လာပြီး လမ်းမကြီးအတိုင်း စိတ်လက်ပေါ့ပါးစွာ လျှောက်လှမ်းလာခဲ့သည်။ လမ်းကွေ့တစ်ခုသို့ အရောက်တွင် မီးခိုးရောင်ဝတ်စုံဝတ်ထားသော လူဆယ်ယောက်နှင့် ရင်ဆိုင်ရသည်။ ထိုလူဆယ်ယောက်၏ ခေါင်းဆောင်မှာ မိန်းမပျိုလေးနှင့်စားပွဲဝိုင်းကြီးတွင် အတူထိုင်စားသောက်နေခဲ့သော ယောကျ်ားကြီး သုံးယောက်အနက်မှ တစ်ယောက်ဖြစ်သည်။

မိမိကို အခဲမကျေသည့်အတွက် ဝိုင်းဝန်းတိုက်ခိုက်ရန် စောင့်စားနေကြခြင်းဖြစ်ကြောင်း ရှီးထင်ချိတ် နားလည်လိုက်သည်။

ဓဒီမယ် ကောင်လေး … မင်းက သိပ်မာန်တက်နေတာပေါ့လေ၊ မင်းအစွမ်းအစ ဘယ်လောက်ရှိလဲဆိုတာ စမ်းကြည့်ရအောင် တို့နဲ့ရင်ဆိုင်ဖို့ အသင့်ရှိသလားဓ

ခေါင်းဆောင် ယောကျ်ားကြီးက ပြောသည်။

ထိုသူ၏အမူအရာသည် ဆောင့်ကြွားကြွားရှိသော်လည်း ပြောပုံဆိုပုံကတော့ နည်းလမ်းကျသည်။

သိုင်းလောက ထုံးတမ်းစဉ်လာအရ အသိပေးစိန်ခေါ်ခြင်းဖြစ်သည်။ ထိုလူစုသည် လမ်းလွှဲသိုင်းသမားဆိုးများ မဟုတ်နိုင်ကြောင်း ရှီးထင်ချိတ် အကဲခတ်မိသည်။

ေရပါတယ်ဗျာ၊ အချိန်မရွေးပါပဲ

ရှီးထင်ချိတ်က ခပ်အေးအေးပင် ပြောလိုက်သည်။

ေကောင်းပါပြီ ဒါဆိုရင်စမယ်ေ

ထိုသူ၏စကားဆုံးသည်နှင့် မီးခိုးရောင်ဝတ်စုံဝတ် လူများသည်သိုင်းကွက်လှုပ်ရှားကာ ရှီးထင်ချိတ်ကို

ဝိုင်းဝန်းတိုက်ခိုက်ကြသည်။

မီးခိုးရောင်ဝတ်စုံဝတ် လူဆယ်ယောက်အနက် ငါးယောက်က ရှီးထင်ချိတ်၏ ကိုယ်အပေါ်ပိုင်းကို လက်ချောင်းများဖြင့်

ကုတ်ဆွဲတိုက်ခိုက်ကြပြီး ကျန်ငါးယောက်က ကိုယ်ခန္ဓာအောက်ပိုင်းကို ခြေပျံကန်ချက်များဖြင့် ဖြတ်ကန်၍သာ

တိုက်ခိုက်ကြသည်။

အတော်လေးအကွက်စိပ်သော စုပေါင်းသိုင်းကွက်ပင်ဖြစ်သည်။

သို့သော် ရှီးထင်ချိတ်အဖို့မူ အရေးမလုပ်လောက်ပေ။

ထိုလူဆယ်ယောက်ကို ပြန်လည်တိုက်ခိုက်ခြင်းပင်မပြု၊ ထိုသူတို့၏ တိုက်ခိုက်ချက်များကိုသာ ရှောင်တိမ်းပေးနေသည်။

မီးခိုးရောင်ဝတ်စုံဝတ်လူတို့ဘက်တွင် ဟာကွက်လွတ်ကွက်များ ပေါ်လာသော်လည်း ရှီးထင်ချိတ်က

တန်ပြန်တိုက်စစ်ဆင်ခြင်းမပြု။

အကြောင်းမသိလျှင် ထိုတိုက်ခိုက်နေမှုကို ရင်ဆိုင်တိုက်ပွဲဟုထင်မည်မဟုတ်။ ရှီးထင်ချိတ်က ထိုလူဆယ်ယောက်ကို

သိုင်းပညာလေ့ကျင့်သင်ကြားပေးနေသည်ဟူ၍သာ ထင်မိကြပေမည်။

မီးခိုးရောင်ဝတ်စုံဝတ်လူတို့ မည်မျှကြိုးစားတိုက်ခိုက်သည်ဖြစ်စေ ရှီးထင်ချိတ်ဝတ်ထားသော ဝတ်စုံအဖျားကိုပင် ထိအောင်

မတိုက်နိုင်ကြ။

ေတော်ပြီ … ရပ်လိုက်ကြတော့ေ

မာထန်သော်လည်း ကြည်လင်ချိုအေးသည့် စကားသံထွက်ပေါ်လာသည်။

မီးခိုးရောင်ဝတ်စုံဝတ် သိုင်းသမားများ တိုက်ခိုက်မှုကိုရပ်ကာ ချက်ချင်းပင် နောက်ပြန်ဆုတ်သွားကြသည်။

တိုက်ခိုက်မှုရပ်ရန် အမိန့်ပေးလိုက်သူမှာ စားသောက်ဆိုင်တွင် တွေ့ခဲ့ရသည့် မိန်းမပျိုလေးပင်ဖြစ်သည်။

မိန်းမပျိုလေးနှင့်အတူ စားသောက်ဆိုင် စားပွဲဝိုင်းတွင် အတူထိုင်ကာ စားသောက်ခဲ့သော အဘိုးအိုလည်း ပါလာသည်။

ေရှင် ဘယ်သူလဲေ

မိန်းမပျိုလေးက ရှီးထင်ချိတ်ကို မေးသည်။

ေကိုရုပ်ဆိုးေ

ရှီးထင်ချိတ်က အရွဲ့တိုက်ကာ ပြန်အဖြေပေးလိုက်သည်။

ေခစ် … ခစ် … ခစ် ဒီလိုတော့လဲ ကိုယ့်အခြေအနေကိုယ် အသိသားပဲကိုးေ

မိန်းမပျိုလေးက ရယ်မောကာ ပြောဆိုသည်။

ရယ်ပုံလေးက ပကတိရိုးသားကာ အပြစ်ကင်းသည်။

ရှီးထင်ချိတ်မှာ မိန်းမပျိုလေးအပေါ် စိတ်ဆိုးရမည်းကိုပင် မေ့သွားသည်။

ေဘာ့ကြောင့် ဒီလောက်ရယ်နေရတာလဲ၊ ရုပ်ဆိုးဆိုတာက ရယ်စရာလား အမိရဲ့ေ

ရှီးထင်ချိတ်က ပြန်မေးသည်။

ဓဒီလူက ရုပ်ဆိုးတာကို ဂုဏ်ယူစရာလို့များ ထင်နေသလား မသိဘူး၊ ဦးဦးကပဲ သူ့ကို ကြည့်ဆုံးမ ပေးလိုက်စမ်းပါဓ

မိန်းမပျိုလေးက အဘိုးအို၏ လက်မောင်းကို ကိုင်ကာမူနွဲ့သော အမူအယာလေးဖြင့်ပြောလိုက်သည်။

အဘိုးအိုက ဘာမျှမပြောဘဲ ချိန်ဆစဉ်းစားနေသည်။

အဘိုးအိုသည် ဝါရင့်သိုင်းသမားကြီးတစ်ယောက် ဖြစ်သည်။ လူကဲခတ်လည်း ကောင်းသည်။ တစ်ဖက်လူရွယ်သည် အရုပ်ဆိုးသော်လည်း စိတ်ကောင်းရှိပုံရပြီး သိုင်းပညာမှာလည်း အလွန်ပင် မြင့်မားထက်မြက်ပုံရကြောင်းကို အကဲခတ်မိသည်။ ထို့ကြောင့် အချင်းပွားကာ တိုက်ခိုက်ခြင်းမပြုလို။

ဓနေပါဦး ... အမိက ကျုပ်ကို ဘာကြောင့် ဒီလောက်ရန်လိုနေရတာလဲဓ

ရှီးထင်ချိတ်က မိန်းမပျိုလေးကို မေးလိုက်ပြန်သည်။

ဓဟွန့် ... ရှင့်ကို ကြည့်မရလို့ပေါ့ဓ

မိန်းမပျိုလေးက နှုတ်ခမ်းစူကာ ပြောလိုက်ရာ ရှီးထင်ချိတ်မှာ ဒေါသထွက်ဖို့ထက် ရယ်ချင်စိတ်ကို မနည်းပင် ချုပ်တည်းထားလိုက်ရသည်။

ဓကဲ ... ပြောစမ်းပါဦးဗျာ၊ ကျုပ်ကို ဘာကြောင့်များ ကြည့်လို့မရအောင် ဖြစ်နေရတာလဲဓ

ဓရှင် ဘာဖြစ်လို့ ဟိုစားသောက်ဆိုင်ထဲမှာ ကျွန်မကို စိုက်ကြည့်ရတာလဲ၊ ဘာကြောင့် ကျွန်မတို့ စားသောက်တဲ့အတိုင်း လိုက်မှာပြီး စားသောက်ရတာလဲ၊ ပြီးတော့ ဘာဖြစ်လို့ ဆိုင်ထဲက အထွက်မှာ ကျွန်မကို ပြုံးပြသွားတာလဲဓ

မိန်းမပျို၏ ပြောဆိုနေပုံမှာ ထောင်ဒဏ်ဆယ်နှစ်ခန့် အပြစ်ပေးနိုင်လောက်သည့် ပြစ်ဒဏ်များအတွက် စွဲချက်တင်နေသည့် အသွင်မျိုးဖြစ်ရာ ရှီးထင်ချိတ်မှာ မအောင့်အီးနိုင်ဘဲ ပြုံးလိုက်မိသည်။

ဓရှင်က ဘာဖြစ်လို့ ပြုံးတာလဲ၊ ရှင့်အပြစ်က မကုန်သေးဘူး၊ ရှိသေးတယ်ဓ

ဓဘာများ ကျန်သေးလို့လဲဓ

ဓရှင်က ဘာကြောင့် ဒီလောက် အရုပ်ဆိုးရတာလဲ၊ မွေးရာပါလား၊ ဒါမှမဟုတ် ရှင့်ရိုင်းစိုင်းလို့ တစ်ယောက်ယောက်က အပြစ်ပေးလိုက်တာလားဓ

ဤစကားများကြောင့် ရှီးထင်ချိတ်မှာ အနာပေါ်တုတ်ကျသလို ဆတ်ဆတ်ခါ နာသွားရသည်။

ပြုံးနေသောမျက်နှာမှာ ချက်ချင်းတင်းမာကာ တစ်ကိုယ်လုံးလည်း ဒေါသဖြင့် တဆတ်ဆတ်တုန်သွားသည်။

ဓတယ် ... ဒီကောင်မလေး ဘာတွေလျှောက်ပြောနေတာလဲ၊ ဟိုမှာ သိပ်စိတ်ဆိုးသွားပြီဓ

အဘိုးအိုက ကြားဝင်ပြောသည်။

မိန်းမပျိုလေးက ရှီးထင်ချိတ်ကို မျက်လုံးလေး ကလယ်ကလယ်ဖြင့် ကြည့်လိုက်ပြီး ...

ဓကျွန်မစကားကြောင့် ရှင်တကယ်စိတ်ဆိုးသွားတာလားဟင် ကိုရုပ်ဆိုးဓ

ရှီးထင်ချိတ်မှာ စိတ်ဆိုးရခက် ရယ်ရခက်ဖြစ်သွားသည်။

မိန်းမပျိုလေးသည် စိတ်ထင်ရာကို ပြောဆိုလုပ်ကိုင်တတ်သော်လည်း စိတ်ရင်းကောင်းကာ ရိုးသားဖြူစင်ကြောင်းကိုမူ သူနားလည်းလိုက်သည်။

ဆက်၍ စကားပြောနေလျှင် ဟိုမရောက် သည်မရောက်သာရှိနေမည်ကို တွေးမိသောကြောင့် ရှီးထင်ချိတ်သည် ချာခနဲလှည့်ကာ ပြေးထွက်သွားလေတော့သည်။

ကိုယ်ဖော့ပညာကိုသုံးကာ ပြေးထွက်သွားသောကြောင့် ရိပ်ခနဲလှုပ်ရှားမှုကိုသာ မြင်ရပြီး ရှီးထင်ချိတ်မှာ မိန်းမပျိုလေးတို့၏ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

ရှီးထင်ချိတ်၏ အဆင့်မြင့်သိုင်းပညာစွမ်းကို စောစောကတွေ့ခဲ့ရပြီး ယခုထက်မြက်လှသော ကိုယ်ဖော့ပညာကိုပါ မြင်ရပြန်သောအခါ အဘိုးအိုမှာ တစ်စုံတစ်ယောက်ကို တွေးမိကာ စိုးရိမ်စိတ်များ ဝင်လာသည်။

ဒီ ရုပ်ဆိုးဆိုး သူငယ်ဟာ အခုတလော နာမည်ကြီးလာတဲ့ ယက္ခစာပေသမား ဆိုတာများ ဖြစ်နေမလား

ဤသို့ တွေးမိကာ စိုးရိမ်ပူပန်ရသော်လည်း သေသေချာချာ စဉ်းစားကြည့်တော့ ဖြေသိမ့်စရာအကြောင်းတွေ ပေါ်လာပြန်သည်။

ယက္ခစာပေသမားသည် အလွန်ကြမ်းတမ်း ရက်စက်လှသည်။ နည်းနည်းလေးမျှပင် သက်ညှာစိတ်မရှိ။

အရုပ်ဆိုးဆိုး လူရွယ်မှာမူ သက်ညှာတတ်သည်။ မိမိတို့ လူဆယ်ယောက် ဝိုင်းဝန်းတိုက်ခိုက်သည်ကို အလွယ်တကူ တုန့်ပြန်ချေမှုန်းနိုင်သော်လည်း ကြမ်းကြမ်းရမ်းရမ်း တစ်ချက်မျှပင် မတိုက်ခဲ့။

မိမိ၏တူမတော် မဆင်မခြင်စကားပြောဆိုမှုကြောင့် ဒေါသဖြစ်သွားဟန်ရှိသော်လည်း ဒေါသစိတ်ကို ချုပ်တည်းကာ ရှောင်ထွက်သွားသည်။

လူတကာကို ရန်လိုတိုက်ခိုက်နေသော ယက္ခစာပေသမားသည် ဤကဲ့သို့ ရှောင်သွားမည့်လူစားမျိုး မဟုတ်။

ထို့ကြောင့် ဤအရုပ်ဆိုးဆိုးလူရွယ်သည် ယက္ခစာပေသမား ဖြစ်နိုင်စရာ အကြောင်းမရှိဟူ၍လည်း အဘိုးအိုတွေးမိသည်။

ထိုအချိန်မှာပင် အသက်နှစ်ဆယ် အရွယ်ခန့်ရှိပြီး ရုပ်ရည်ချောမောကာ သားသားနားနား ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် သူတို့အနီးသို့ လျှောက်လှမ်းရောက်ရှိလာသည်။

ခအေလို … မိုးနတ်သူဇာလေးလိုလှတဲ့ မိန်းကလေးပါလားခ

လူရွယ်က မိန်းမပျို၏အလှကို ပြုံးချိုသောအမူအရာနှင့် ချီးမွမ်းစကားဆိုသည်။

လူအများ ရှေ့မှောက်တွင် ယခုလိုပြောဆိုခြင်းသည် တကယ်တော့ မသင့်လျော်ပေ။

မိန်းမပျိုလေးမှာ ငယ်ရွယ်သူတစ်ယောက်ဖြစ်ပြီး သက်တူရွယ်တူ ရည်မွန်ချောမောသော လူရွယ်တစ်ယောက်က မိမိ၏အလှကို ချီးမွမ်းလာသည့်အတွက် ထွေထွေထူးထူး မစဉ်းစားနိုင်ဘဲ ကြည်နူးဝမ်းသာ ဖြစ်မိသည်။

ခတကယ်ပဲလားရှင်ခ

ဟန်ဆောင်မှုမရှိဘဲ စိတ်ထဲတွင်ရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောတတ်သည့် မိန်းမပျိုလေးက လူရွယ်ကို မျက်နှာထောင့်ကပ်ကာ ကြည့်ပြီးမေးသည်။

ခသြော် … တကယ်ပြောတာပေါ့ကွယ်ခ

လူရွယ်က ပြန်ပြောသည်။

ခဟော … တွေ့လား ဦးဦး၊ စောစော ကိုရုပ်ဆိုးရဲ့ ပြောပုံဆိုပုံနဲ့တော့ တခြားစီပဲနော်ခ

မိန်းမပျိုလေးက အဘိုးအိုဘက်ကို လှည့်ကြည့်ကာ ပြောသည်။

အဘိုးအိုက ဘာမျှမပြော။ ရဲတင်းလွန်းသော လူရွယ်ကိုသာ မနှစ်မြို့သည့်အသွင်ဖြင့် မျက်မှောင်ကုတ်ကာ ကြည့်နေသည်။

ကျန်သိုင်းသမားများကလည်း ထိုလူရွယ်ကို မကျေနပ်သည့်အကြည့်များဖြင့် ကြည့်နေကြသည်။

ခဒါပေါ့ အလှမယ်လေးရယ်၊ ရုပ်ရည်ချောမောတဲ့ လူတွေဟာ သဘောလည်းကောင်းတတ်ကြပါတယ်၊ မွှေးရနံ့လဲရှိ၊ အရောင်အဆင်းလဲလှပတဲ့ နှင်းဆီပန်းတွေလိုပေါ့ခ

လူရွှယ်ကတော့ သူထင်ရာကို ဆက်၍ပြောဆိုနေဆဲ ဖြစ်သည်။

ဓဒီမယ် သူငယ်၊ ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေးသွားပါဓ

အဘိုးအိုက သည်းမခံနိုင်တော့သဖြင့် လူရွှယ်ကို ပြောလိုက်သည်။

လူရွှယ်သည် မျက်လုံးကိုမှေးကာ အဘိုးအိုအား မထီတရီကြည့်လိုက်ပြီး ...

ဓခင်ဗျားကြီးက ကျုပ်ကို ဆရာလုပ်တာလားဓ

လူရွှယ်၏ ပြောဆိုပုံမှာ ရင့်သီးလှသည်။ မောက်မာလှသည်။

အဘိုးအို၏ စိတ်ထဲတွင် ဒေါသထောင်းခနဲ ထလာသည်။

ထိုအချိန်တွင် မီးခိုးရောင်ဝတ်စုံဝတ် သိုင်းသမားတစ်ယောက်သည် စိတ်ကိုမထိန်းနိုင်တော့ဟန်ဖြင့် လူရွှယ်အား လက်ဝါးဖြင့် လှမ်းရိုက်သည်။

လူရွှယ်သည် ကိုယ်ဟန်ကို အသာလှုပ်ရှားကာ ရိုက်နှက်သောလက်ဝါးချက်ရိုက်ချက်ကို ရှောင်သည်။ ထိုသို့ ရှောင်ပြီးသည်နှင့် လူရွှယ်က မီးခိုးရောင်ဝတ်စုံဝတ် လူ၏ညာလက်ဖျံကို လက်ဝါးစောင်းဖြင့်ပင့်ကာ ခုတ်လိုက်သည်။

ဓဂျွပ် ... ဓ

မီးခိုးရောင်ဝတ်စုံဝတ်လူ၏ လက်ဖျံရိုး ကျိုးသွားသည်။

လူရွှယ်သည် ထိုမျှနှင့်မရပ်သေး၊ ခြေပျံတစ်ချက် ထပ်ကန်လိုက်ပြန်ရာ ကန်ချက်က မီးခိုးရောင်ဝတ်စုံဝတ်လူ၏ ခါးဆစ်ကို ကျကျနနထိမိသည်။

မီးခိုးရောင်ဝတ်စုံဝတ်လူ တစ်ပတ်လည်ကာ ဖင်ထိုင်လျက်လဲကျသွားသည်။

နောက်ထပ် မီးခိုးရောင်ဝတ်စုံဝတ် သိုင်းသမားသုံးယောက် ပြေးတက်သွားကာ လူရွှယ်ကို ဝိုင်းဝန်းတိုက်ခိုက် ကြပြန်သည်။

လူရွှယ်က တဟားဟားရယ်မောပြီး ညာလက်ကို လှုပ်ရှားကာ ဝင်ရောက်တိုက်ခိုက်လာသည့် သိုင်းသမားများ၏ မျက်နှာကို ကုတ်ဆွဲလိုက်သည်။

ကုတ်ဆွဲမှုက ရက်စက်လှသည်။ လက်ဟန် လှုပ်ရှားမှုကမူ မြန်ဆန်သွက်လက်လှသည်။

ဓအား ... ဓ

ဓအေမလေး ... ဓ

ဓသေပါပြီ ... ဓ

ထိုသိုင်းသမားသုံးယောက်လည်း အော်ဟစ်ညည်းညူရင်း မိမိတို့၏မျက်နှာများကို လက်ဝါးဖြင့်အုပ်ကာ နောက်ဆုတ်ပြေးလာကြသည်။

မျက်နှာကို အုပ်ထားသည့် လက်များအကြားမှ နီစွေးသော သွေးရည်များ ယိုစည်းကျလာကြကုန်သည်။

ဓဟာ ... ယက္ခစာပေသေမားပါလားဓ

မီးခိုးရောင်ဝတ်စုံဝတ် သိုင်းသမားတစ်ယောက်က အလန့်တကြားပင်အော်ဟစ်လိုက်သည်။

ထိုအချိန်မှာပင် လူရွှယ်သည် အလန့်တကြား အော်ဟစ်လိုက်သူ၏ရှေ့သို့ လွှာခနဲ ခုန်ဝင်ရောက်ရှိသွားပြီး မျက်နှာကို လက်ချောင်းများဖြင့် လှမ်းကုတ်ဆွဲချလိုက်ပြန်သည်။

ကျန်နေသေးသည့် မီးခိုးရောင်ဝတ်စုံဝတ် သိုင်းသမားများသည် မိန်းမပျိုလေး၏အနီးတွင် ဝန်းရံကာ အကာအကွယ်ပေး ထားလိုက်ကြသည်။

သူတို့အားလုံး၏ မျက်နှာများပေါ်တွင် ကြောက်ရွံ့ထိတ်လန့်သည့် အရိပ်အသွင်များ သိသာစွာ ပေါ်လွင်နေသည်။ သို့သော် သေခါမှသေရော ရန်သူကိုကား အရှုံးမပေးဘဲ ရင်ဆိုင်မည့်သဘောကတော့ ထင်ရှားနေသည်။

ခမင်းက ယက္ခစာပေသမားကိုးခ

အဘိုးအိုက လူရွယ်ကို စူးစိုက်ကြည့်ပြီးပြောသည်။

ခဆိုပါတော့ခ

လူရွယ်က နှုတ်ခမ်းထောင့်တွန့်ရုံမျှ မထီတရီပြုံးလျက် ပြန်ဖြေသည်။

ခရှင် သိပ်ရက်စက်တဲ့လူ၊ ရှင့်ကိုမုန်းတယ်၊ မကြည့်ချင်ဘူး သွား … ခ

မိန်းမပျိုလေးက ဒေါသသံလေးဖြင့် ပြောသည်။

ယက္ခစာပေသမားကတော့ မိန်းမပျိုလေးပြောသည်ကို သဘောကျသလို တဟဲဟဲရယ်နေသည်။

ခဟွန့် … တယ်ဟုတ်နေပါလားခ

နောက်ကျောဘက်မှ ခပ်ထေ့ထေ့ပြောလိုက်သံ ပေါ်လာသောကြောင့် မိန်းမပျိုလေးမှာ လန့်သွားပြီး နောက်သို့လှည့်ကြည့်လိုက်သည်။

သူ့နောက်တွင် ရပ်နေသော မျက်နှာပေါ်၌ မီးလောင်ရာ အမာရွတ်များဖြင့် အရုပ်ဆိုးလှသောလူကို တွေ့လိုက်ရသည်။

ခအေမယ်လေး လန့်လိုက်တာ ကိုရုပ်ဆိုးရယ်ခ

မိန်းမပျိုလေးက ရင်ဘတ်ကို လက်ဖြင့်အသာဖိပြီး ပြောသည်။

ခအေင်း ကျုပ်က ရုပ်ဆိုးတော့ တွေ့ရင်လန့်မိမှာပေါ့၊ ဒါပေမယ့် ဟိုက ရုပ်ချောတဲ့လူကိုတော့ ဘာကြောင့်မုန်းတယ်လို့ ပြောရတာလဲခ

ရှီးထင်ချိတ်က မိန်းမပျိုလေးကို စလိုသောကြောင့် မခံချင်အောင် ပြောလိုက်သည်။

ခဘာကြောင့်ဖြစ်ဖြစ်ပေါ့ ရှင့်ကို ရှင်းပြနေရဦးမှာလားခ

မိန်းမပျိုလေးက နှုတ်ခမ်းစူပြီးပြန်ပြောသည်။

ရှီးထင်ချိတ်က လူရွယ်ဘက်သို့ လှည့်ကြည့်ကာ …

ခခင်ဗျားက ယက္ခပေသမားလို့ နာမည်ခံပြီး ဆိုးသွမ်းနေတဲ့ လူရမ်းကာအဖွဲ့ဝင်ကိုး၊ ဒီနေ့တော့ ခင်ဗျားမိုက်ဇာတ် သိမ်းပြီသာမှတ်လိုက်ပေတော့ခ

ယက္ခစာပေသမားက မထီတရီ ရယ်သံတစ်ချက်ပြုပြီး ညာလက်ကိုဆန့်ထုတ်ကာ ရှီးထင်ချိတ်အား လက်ချောင်းများဖြင့် ကုတ်ဆွဲသည်။ ကုတ်ဆွဲလာသော လက်ချောင်းများသည် သံချိတ်ကောက်များလိုဖြစ်နေကာ စောစောက ကုတ်ဆွဲတိုက်ခိုက်ခဲ့မှုမှ ပေကျံနေခဲ့သော သွေးများဖြင့် နီရဲနေသည်။

မြင်ရုံဖြင့် ကြောက်စရာကောင်းလှသော ကုတ်ဆွဲချက်ပင် ဖြစ်သည်။ ဤတိုက်ချက်အောက်တွင် မရှုမလှ ခံလိုက်ကြရသော သိုင်းသမားများမနည်းတော့။

သို့သော် ရှီးထင်ချိတ်ကိုမူ ထိုတိုက်ကွက်က ဘယ်လိုမှအန္တရာယ် မပေးနိုင်ပေ။

ရှီးထင်ချိတ်သည် နဂါးအရိပ်သိုင်းကွက်ကိုသုံးကာ ယက္ခစာပေသမားလူရွယ်၏ တိုက်ချက်ကိုရှောင်ရင်း တစ်ပြိုင်နက်တည်းမှာပင် အမိအရ ချုပ်ဖမ်းလိုက်သည်။

ယက္ခစာပေသမားလူရွယ်မှာ မိမိ၏ ကုတ်ဆွဲတိုက်ခိုက်မှုများ ရည်ရွယ်ရာကို မထိမိဘဲ လေကိုသာကုတ်ဆွဲမိသည့်အတွက် အံ့သြနေချိန်မှာပင် မလှုပ်သာအောင် ချုပ်ဖမ်းခြင်းခံလိုက်ရသည်။

ယက္ခစာပေသမားလူရွယ်၏ ကိုယ်ခန္ဓာသည် လေထဲတွင် လွင့်မျောပါသွားပြီး မြေပြင်ပေါ် ပက်လက်လန်လျက်သား ကျသွားသည်။

ဧဗုန်း ... ဧ

ယက္ခစာပေသမားလူရွယ်သည် ပက်လက်လန်လဲကျနေရာမှ ပြန်ထရန်ကြိုးပမ်းသေးသည်။ သို့သော် ရှီးထင်ချိတ်က ရင်ဘတ်ပေါ် သို့ ခြေထောက်ဖြင့် ဖိနင်းထားလိုက်သောကြောင့် ပြန်မထလာနိုင်တော့။

ဧယက္ခစာပေသမားလို့ အမည်ခံထားတဲ့ ခင်ဗျားတို့လူစုရဲ့ ခေါင်းဆောင်က ဘယ်သူလဲ၊ ဌာနချုပ်စခန်းကကော ဘယ်နေရာမှာရှိသလဲဧ

ရှီးထင်ချိတ်က စစ်ဆေးမေးမြန်း လိုက်သည်။

ယက္ခစာပေသမားလူရွယ်သည် အံကိုတင်းတင်း ကြိတ်ထားသည်။ ဘာစကားမျှမပြော။

ရှီးထင်ချိတ်က အတွင်းအားဖြည့်သုံးကာ ဖိနပ်ဦးပိုင်းဖြင့် ယက္ခစာပေသမားလူရွယ်၏ရင်ဝရှိ သွေးကြောကွက်နေရာကို ဖိနင်းချသည်။

ယက္ခစာပေသမားလူရွယ်၏ တစ်ကိုယ်လုံးရှိ သွေးကြောများ တဖျင်းဖျင်းဖြစ်ကာ နဖူးတွင်လည်း ချွေးများစိုလာသည်။ ကဝိမနေသိုင်းနှင့် မိစ္ဆာမနောသိုင်းတို့သည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်ဘက် သဘောမျိုးရှိနေသည်။ ယခု ရှီးထင်ချိတ် ဖိနင်းလိုက်သော ခြေနင်းချက်တွင် ထည့်သွင်းထားသည့် အတွင်းအားက ကြီးမားလှပေရာ ယက္ခစာပေသမားလူရွယ်မှာ ဘယ်လိုမှ တောင့်ခံချေဖျက်ခြင်းမပြုနိုင်ခဲ့ပေ။

ဤတွင် ဆန့်ကျင်ဘက်အတွင်းအားနှစ်ခု၏ အင်အားပြိုင်မှုဒဏ်ပါ ပေါ်လာကာ အလွန်ပင် အခံရခက်နေသည်။

ဧကဲ ... နောက်ဆုံးမေးမယ်၊ ကျုပ်မေးတဲ့ မေးခွန်းတွေကို ကောင်းကောင်းဖြေ၊ မဖြေရင် ခင်ဗျား ဒီထက်နာပြီမှတ်ဧ

ရှီးထင်ချိတ်က မျက်နှာထားတင်းတင်းနှင့် ခြိမ်းခြောက်သည်။

ထိုအချိန်မှာပင် ယက္ခစာပေသမားလူရွယ်၏ ပါးစပ်တွင်းမှသွေးများ ယိုစီးကျလာသည်ကို မြင်လိုက်ရသည်။

ယက္ခစာပေသမားလူရွယ်သည် မိမိ၏လျှာကို ကိုက်ဖြတ်ကာ အဆုံးစီရင်သွားခဲ့လေပြီ။

ဧတောက် ... တော်တော်မိုက်မဲတဲ့လူပဲဧ

ရှီးထင်ချိတ် မချိတင်ကဲပင် ရေရွတ်လိုက်သည်။

မိစ္ဆာမနောသိုင်းကို လေ့ကျင့်သင်ယူထားကြသည့် သိုင်းသမားများ၏ စိတ်ဓာတ်မှာ ကြမ်းကြုတ်လှသည်။ ရန်သူကို အနိုင်ယူအသေသတ်နိုင်လျှင်သတ်၊ မဟုတ်လျှင် မိမိအသေခံရမည်ဆိုသော တစ်ယခံယူချက်များ ရှိကြသည်။

ဤတယ်ခံယူချက်ကို မိုက်မဲစွာဆုပ်ကိုင်ထားမှုကြောင့် ယက္ခစာပေသမားလူရွယ်မှာ မဆုံးရှုံးသင့်ဘဲနှင့် အသက်ဆုံးရှုံးခဲ့ရလေပြီ။

ဧဒီလူက တယ်စိတ်မာန် ပြင်းထန်တာပဲနော်ဧ

မိန်းမပျိုလေးက ယက္ခစာပေသမား၏ လုပ်ရပ်ကိုကြည့်ပြီး တီးတိုးရေရွတ်ပြောဆိုသည်။

ဧစိတ်မာန်ပြင်းတာမဟုတ်ဘူး၊ မိုက်ရူးရဲ တစ်ယ်လုပ်သွားတာဧ

အဘိုးအိုက ခေါင်းကို ခါယမ်းပြီးပြောသည်။

ယေကျစာပေသမားဆိုတာ ဒီလူတစ်ယောက်တည်း မဟုတ်ဘူး၊ ဒီနာမည်ကို ခံယူပြီး ဆိုးသွမ်းရမ်းကားနေကြတဲ့ လူတွေအများကြီးရှိတယ်၊ သူတို့ဟာ ဂိုဏ်းတစ်ခု သဘောမျိုးပါပဲ

ရှီးထင်ချိတ်က ရှင်းပြသည်။

ဒီတိုင်းဆိုရင် သိုင်းလောကအတွက် အချိန်မီတားဆီးနိုင်ဖို့ အရေးကြီးပါတယ်

ဘာပဲဖြစ်ဖြစ်လေ ... အခုလို ကူညီပေးတာကို ကျေးဇူးတင်မိပါတယ်၊ ကျုပ်တို့အပေါ်အပြစ်မမြင်ဘူးဆိုရင် မိတ်ဆွေဖွဲ့ကြပါစို့လား၊ ကျုပ်နာမည်က ကျင်ကျိဟွာ၊ သူက ကျုပ်ရဲ့တူမလေး ကျင်မေယုံ၊ ကျုပ်တို့က ချင်းချိန်ဂိုဏ်းသားတွေပါပဲ

အဘိုးအိုက မိတ်ဆက်စကားဆိုသည်။

ဟုတ်ကဲ့ ဦးရီးတော် မိတ်ဆွေဖွဲ့တာကို ဝမ်းသာပါတယ်၊ ဒါပေမယ့် သူနဲ့တော့ မိတ်ဆွေဖွဲ့လို့ဖြစ်မယ် မထင်ပါဘူး

ရှီးထင်ချိတ်က ကျင်မေယုံကို မေးငေါ့ပြပြီး ပြောသည်။

ဘာ ... ရှင်က ကျွန်မကို မိတ်ဆွေမဖွဲ့ချင်ဘူးလား၊ မဖွဲ့ချင်လဲနေ ရတယ်

ကျင်မေယုံက ဒေါသသံလေးနှင့်ပြောပြီး ဦးလေးဖြစ်သူကို လှမ်းကြည့်သည်။

ကျင်ကျိဟွာက ကျင်မေယုံးကို ပြုံးပြီးကြည့်နေသည်။

တကယ်တော့ ရှီးထင်ချိတ်က ကျင်မေယုံကို နောက်ပြောင်ကျီစယ်လိုက်ခြင်းသာဖြစ်သည်။ ဒါကိုသိသော ကျင်ကျိဟွာက ပြုံးရယ်နေပြီး မရိပ်မိသော ကျင်မေယုံမှာ တစ်ယောက်တည်း ဒေါမာန်ပွားနေသည်။

မိတ်ဆွေ မဖွဲ့ချင်ဘူးလို့ မပြောပေါင်ဗျာ၊ မိတ်ဆွေဖွဲ့လို့ဖြစ်မယ် မထင်ဘူးလို့သာ ပြောတာပါ

ရှီးထင်ချိတ်က ပြုံးစစဖြင့်ပြောသည်။

အောင်မယ် ကိုရုပ်ဆိုးက စကားကို ဝေ့လည်ကြောင်ပတ် အလုပ်တတ်သားပဲ

ဟဲ့ ... တူမလေး၊ ဘယ့်နှယ် သူများကို ကိုရုပ်ဆိုးလို့ ခေါ်နေရပြန်တာလဲ

ကျင်ကျိဟွာက ရှီးထင်ချိတ်ကို အားနာကြည့်ကြည့်ပြီး ကြားဝင်ကာပြောသည်။

ရပါတယ်ဗျာ၊ ကိုရုပ်ဆိုးလို့ ခေါ်ချင်ရင် ခေါ်နိုင်ပါတယ်

ရှီးထင်ချိတ်က ပြုံးရယ်ကာ ပြောသည်။

ဟော ... တွေ့လား ဦးဦး၊ ကိုရုပ်ဆိုးက သိပ်သဘောကောင်းတာပဲ၊ တီနန်ရှိတို့ကို လိုက်ရှာဖို့ကိစ္စမှာလဲ ကိုရုပ်ဆိုးက ကူညီပေးဦးမှာပါ

တီနန်ရှိ ဆိုသည့်အမည်ကို ကြားလိုက်ရသောအခါ ရှီးထင်ချိတ်၏ စိတ်ထဲတွင် လှုပ်ရှားသွားရသည်။

ကျင်မေယုံတို့သည် တီနန်ရှိကို လိုက်ရှာနေသည် ဆိုပါက ကြျူဝင်ဝင်မင်းသမီးနှင့် ပက်သက်မှုရှိနိုင်ကြောင်းလည်း စဉ်းစားမိသည်။

အဲဒါသာ ကြည့်တော့ကွယ်၊ သူက မိတဆိုးလေးဆိုတော့ သူ့အဖေ ကျုပ်ရဲ့အစ်ကိုကကော ကျုပ်ကပါ အလိုလိုက်ထားလို့ ဆိုးချင်နွဲ့ချင်နေတယ်

ကျင်ကျိဟွားက ရယ်မောပြောလိုက်သည်။

ကိစ္စမရှိပါဘူး ဦးရီးတော်၊ ကျင်မေယုံက ရိုးသားပြီး ပွင့်လင်းပါတယ်၊ ကျွန်တော့်ကို ကိုရုပ်ဆိုးလို့ခေါ်တော့ သူ့ကိုလဲ မိချောလို့ ပြန်ခေါ်ရမှာပေါ့

ရှီးထင်ချိတ်က ဤသို့ပြောလိုက်ရာ ကျင်မေယုံကလည်း ပြုံးပြုံးရွှင်ရွှင်နှင့်ပင် ...

ဧရပါတယ် ... ရပါတယ်၊ ကျွန်မက ရုပ်ချောတာပဲဟာ၊ မိချောလို့ အခေါ်မခံနိုင်စရာ အကြောင်းမရှိပါဘူးဧ

ကျင်မေယုံ၏ ပွင့်လင်းရိုးသားစွာ ပြောလိုက်မှုသည် မိမိ၏အကျည်းတန် အရုပ်ဆိုးနေမှုအတွက် အားငယ်နေရသော ရှီးထင်ချိတ်၏စိတ်ကို ပို၍အမြင်ကြည်လင်လာစေသည်။

ရုပ်ဆိုးသည် ရုပ်ချောသည်မဟုတ်။ ရင်းနှီးပွင့်လင်းစွာ ပေါင်းသင်းဆက်ဆံနိုင်ရေးသည်သာ အဓိကဖြစ်ကြောင်း ရှီးထင်ချိတ်နနားလည်လာသည်။

ဧဒါနဲ့ စောစောက မိချောပြောတဲ့ တီနန်ရှိဆိုတာ ဘယ်သူလဲ၊ သူ့ကိုဘာအတွက်ကြောင့် လိုက်ရှာနေရတာလဲဧ

ရှီးထင်ချိတ်က မေးလိုက်ရာ ကျင်မေယုံ၏ မျက်နှာတည်ကြည်သွားပြီး ကိုယ်တိုင်အဖြေမပေးဘဲ ကျင်ကျိဟွာကို လှမ်းကြည့်သည်။

ဧဒီအကြောင်းကို အေးအေးဆေးဆေးမှ ပြောပြကြတာပေါ့ မောင်ရင်လေးရာဧ

ကျင်ကျိဟွာက ချင့်ချင့်ချိန်ချိန် အမူအရာဖြင့် ပြောသည်။

ဤကိစ္စသည် အတော်ပင် အရေးကြီးပြီး ရှုပ်ရှုပ်ထွေးထွေးရှိနိုင်ကြောင်း ရှီးထင်ချိတ် တွေးမိသည်။

ကြူဝင်ဝင်မင်းသမီးလေးနှင့် ပက်သက် ဆက်စပ်နေစရာ အကြောင်းရှိသောကိစ္စမို့ ရှီးထင်ချိတ်မှာ သိလိုလှသော်လည်း ကျင်ကျိဟွာက အေးအေးဆေးဆေးမှ ပြောမည်ဆိုသောကြောင့် ထပ်မံမေးမြန်းခြင်းမပြုဘဲ သိလိုစိတ်ကို အသာပင် ချုပ်တည်းထားလိုက်ရလေသည်။

အပိုင်း (၅၀)

ပီကင်းမြို့လယ်ရှိ ကူဟိုရေကန်ကြီးသည် သာယာလှပသည့် အပန်းဖြေရာ နေရာတစ်ခုဖြစ်သည်။

ကန်ပတ်ပတ်လည်တွင် စိမ်းစိုသော သစ်ပင်ဝါးပင်များနှင့် အပွင့်များ ဖူးပွင့်ဝေဆာနေသည့် ရာသီပန်းပင်များ စိုက်ပျိုးထားသည်။

အပျော်စီး လှေကလေးများကိုလည်း ငှားရမ်းပြီး ကန်ရေပြင်တွင် လှော်ခတ်သွားလာနိုင်သည်။

ကျင်ကျိဟွာက အေးအေးဆေးဆေး စကားပြောဆိုနိုင်ရန် ကူဟိုရေကန်ကြီးကို ရွေးချယ်လိုက်သည်။

ရှီးထင်ချိတ်၊ ကျင်ကျိဟွာနှင့် ကျင်မေယုံတို့သည် အပျော်စီးလှေတစ်စီးကို ငှားရမ်းကာ လှေသမားမခေါ်ဘဲ ကိုယ်တိုင်လှော်ခတ်ပြီး ကန်ရေပြင်အလယ်သို့ ထွက်လာခဲ့သည်။

ဤနည်းသည် မိမိတို့ပြောဆိုလိုသည့် စကားများကို စိတ်ချလက်ချပြောဆိုနိုင်သည့် နည်းလမ်းကောင်းတစ်ခုပင်ဖြစ်သည်။

ကန်ရေပြင်တွင် လှေကိုလှော်ခတ်စီးနင်းရင်း ကျင်ကျိဟွာက မိမိတို့ ချန်းချိန်ဂိုဏ်း၏ အတွင်းရေးကိစ္စများကို ပြောပြသည်။

ချန်းချိန်ဂိုဏ်းသည် လွန်ခဲ့သည့် နှစ်ပေါင်းငါးဆယ်ကျော်က ရှောင်လင်ကျောင်းတော်၊ ဂူတန်းဂိုဏ်းတို့နှင့် တန်းတူရည်တူ ထင်ရှားကျော်ကြားခဲ့သည့် သိုင်းအဖွဲ့ကြီးတစ်ခု ဖြစ်သည်။

အထူးသဖြင့် ချန်းချိန်ဂိုဏ်း၏ ဓားသိုင်းပညာစွမ်းသည် အလွန်နာမည်ကြီးသည်။

သို့ရာတွင် နောင်ပိုင်းကာလများ၌ ချန်းချိန်ဂိုဏ်း၏ ထက်မြက်သော သိုင်းသမားများ အသက်ကြီးရင့် သေဆုံးကုန်ကြပြီး နောင်းလူများကလည်း နောင်တော်တို့၏ခြေရာကို မနင်းနိုင်သောကြောင့် ချန်းချိန်ဂိုဏ်း၏ ဂုဏ်သိက္ခာနှင့် အရှိန်အဝါသည်

တစ်စစမေးမိုန်လျော့ကျလာခဲ့သည်။

ထိပ်တန်းသိုင်းအဖွဲ့အစည်းတစ်ခု အဖြစ်မှသည် ဒုတိယတန်း၊ တတိယတန်းအဆင့်များသို့ပင် နိမ့်ကျလာခဲ့ရသည်။

ချန်းချိန်ဂိုဏ်း၏ဂုဏ်ရည်ကို ပြန်လည်မြှင့်တင်နိုင်ရန် ဂိုဏ်ဝင်သိုင်းသမားများက ကြိုးပမ်းခဲ့ကြသော်လည်း ထူးချွန်ထက်မြက်စွာ စွမ်းဆောင်နိုင်သူ မပေါ်ပေါက်သည့်အတွက် ထိုကြိုးပမ်းမှုတို့မှာလည်း မအောင်မြင်ခဲ့ပေ။

ချန်းချိန်ဂိုဏ်း၏ အဆင့်အတန်းမှာ ပို၍ပင်ယုတ်လျော့ ကျဆင်းလာရပေသည်။

ချန်းချိန်ဂိုဏ်း၏ ဆယ့်ရှစ်ယောက်မြောက် ဂိုဏ်းချုပ် တီနန်ရှိသည် ထူးဆန်းသော လက်နက်ဆန်းတစ်ခုအကြောင်း သတင်းအစအနကို ရရှိခဲ့သည်။ ထိုလက်နက်ဆန်းမှာ ‌ဓအဆိပ်ရောင်ပြန်ဓားဓ ပင်ဖြစ်သည်။

‌ဓအဆိပ်ရောင်ပြန်ဓားဓကို အလွန်ထူးဆန်းသော သတ္တုတစ်မျိုးဖြင့် ပြုလုပ်ထားသည်။ ထိုသတ္တုသည် ပြင်းထန်သော အဆိပ်စွမ်းအားရှိသည်။ ထိရှမိလျှင် မဆိုထားဘိ၊ ရောင်ပြန်ဟပ်မှုကို ခံရလျှင်ပင် အတွင်းအားနိမ့်ပြီး ခံနိုင်ရည်နည်းသူအဖို့ မျက်စိများ ကန်းသွားနိုင်လောက်သည်။

အဆိပ်ရောင်ပြန်ဓားလို လက်နက်ဆန်းတစ်ခုကို ဂိုဏ်း၏အထွတ်အမြတ် ဂိုဏ်းထိန်းလက်နက်အဖြစ် ရရှိထားလျှင် ချန်းချိန်ဂိုဏ်း၏ ဂုဏ်ရည်မြင့်တက်လာနိုင်မည်ဟု တီနန်ရှိ တွေးဆခဲ့သည်။

ထို့ကြောင့်သူသည် အဆိပ်ရောင်ပြန်ဓား ရရှိအောင် ကြိုးစားရှာဖွေသည်။

မည်မျှပင် ကြိုးစားရှာဖွေသော်လည်း အဆိပ်ရောင်ပြန်ဓားကို ရှာဖွေမတွေ့ရှိခဲ့ပေ။

နောက်ဆုံးတွင် အဆိပ်ရောင်ပြန်ဓားကို ရရှိအောင် ဆောင်ကြဉ်းပေးနိုင်လျှင် ချန်းချိန်ဂိုဏ်း၏ ဂိုဏ်းချုပ်အဖြစ် အသိအမှတ်ပြုကာ ဦးစီးခေါင်းဆောင်စေမည်ဟူ၍ပင် ကြေငြာအမိန့်ထုတ်ပြန်ခဲ့သည်။

ထိုသို့ ကြေငြာအမိန့်ထုတ်ပြန်ပြီးနောက် တစ်နှစ်အကြာတွင် အဆိပ်ရောင်ပြန်ဓားကို ဆောင်ကြဉ်းပေးနိုင်သူ တစ်ယောက်ပေါ်ပေါက်လာသည်။

ထိုသူမှာ မင်းသမီးလေး ကြူဝင်ဝင် ဖြစ်သည်။

ကြူဝင်ဝင်သည် ဝါသနာအလျှောက် သိုင်းပညာများ သင်ကြားခဲ့ရာ ချန်းချိန်ဂိုဏ်းနှင့် ဆက်သွယ်မိခဲ့သည်။ ချန်းချိန်ဂိုဏ်း၏ အမည်ခံဂိုဏ်းဝင်တစ်ယောက်လည်း ဖြစ်ခဲ့သည်။

အဆိပ်ရောင်ပြန်ဓားကို ဆောင်ကြဉ်းပေးနိုင်သောကြောင့် တီနန်ရှိသည် မိမိ၏ဂိုဏ်းချုပ်ရာထူးကို စွန့်လွှတ်ကာ ကြူဝင်ဝင်မင်းသမီးလေးကို ချန်းချိန်ဂိုဏ်း၏ ဆယ့်ကိုးယောက်မြောက် ဂိုဏ်းချုပ်အဖြစ် တင်မြှောက်ပေးခဲ့သည်။

အဆိပ်ရောင်ပြန်ဓား၏ အဆိပ်စွမ်းရည်မှာ ပြင်းထန်လှသောကြောင့် ဓားကို အထူးစီမံထားသည့် ဓားအိမ်ထဲတွင် ထည့်သွင်းထားသည်။ ဓားအိမ်မှဆွဲထုတ်လိုက်သည်နှင့် အဆိပ်များရောင်ပြန်ဟပ်ကာ ပျံ့လွင့်သွားမည် ဖြစ်သည်။

အဆိပ်စွမ်းရည်ပြင်းထန်လှသည့် အဆိပ်ရောင်ပြန်ဓားကို ကိုင်စွဲအသုံးပြုနိုင်ရန်မှာလည်း တော်ရုံတန်ရုံ အစွမ်းသတ္တိနှင့် မဖြစ်ပေ။ အဆိပ်ရောင်ပြန်ဟပ်မှုဒဏ်ကို ခံနိုင်ရည်ရှိဖို့လိုသည်။

ထိုသို့ခံနိုင်ရည်မရှိလျှင် အဆိပ်ရောင်ပြန်ဓားက ကိုင်ဆောင်သူကို ပြန်လည်ဒုက္ခပေးနိုင်ပေသည်။

ထို့ကြောင့် တီနန်ရှိသည် အဆိပ်ရောင်ပြန်ဓားကို ရရှိထားသော်လည်း ကိုင်ဆောင်အသုံးမပြုနိုင်သေးဘဲ မိမိ၏ အဆိပ်ခံနိုင်ရည်စွမ်းအား တိုးတက်လာအောင် ကြိုးစားလေ့ကျင့်ရပြန်သည်။

ခအဲဒီလို အဆိပ်ခံနိုင်ရည် အားကောင်းအောင် လေ့ကျင့်နေတုန်းမှာပဲ အဆိပ်ရောင်ပြန်ခွား ပျောက်ဆုံးသွားခဲ့တယ်လို့ တီနန်ရှိက ကျုပ်တို့ကို ပြောပြတယ်ခ

ကျင်ကျိဟွာက ဆက်လက်ပြောသည်။

ဟောင် ... ဘယ်သူက လာခိုးသွားတာလဲခ

ခအဲဒါတော့ အပြောရ ခပ်ခက်ခက်ပဲ၊ ပြီးတော့ အဆိပ်ရောင်ပြန်ခွား ပျောက်သွားတယ်ဆိုတာက တီနန်ရှိရဲ့ အပြောပဲရှိတာ၊ တကယ်ပျောက်သလား၊ လုပ်ကြံလီဆယ်ပြီး ပြောသလား ဆိုတာကိုတော့ ကျုပ်တို့လဲမသိဘူး၊ တစ်ခုတော့ရှိတယ်၊ တီနန်ရှိဟာ မိစ္ဆာမနေသာသိုင်း အနွယ်တွေနဲ့ တိတ်တဆိတ် အဆက်အသွယ် လုပ်နေတာကိုတော့ ကျုပ်တို့ သေသေချာချာသိတယ်ခ

ကျင်ကျိဟွာ ချန်းချိန်ဂိုဏ်း၏ အတွင်းရေးကိစ္စများကို ဆက်လက်ပြောပြသည်။

ယခုအချိန်တွင် ချန်းချိန်ဂိုဏ်းသည် နှစ်ပိုင်းကွဲလုလု အခြေအနေတွင်ရှိနေသည်။

တီနန်ရှိသည် မိစ္ဆာမနေသာသိုင်းအနွယ်ဝင်များနှင့် ပူးပေါင်းကာ ဖြတ်လမ်းဖြင့် တိုးတက်ကြီးမြင့်ရန် အကြံကြီးကြံနေသည်။

ကျင်ကျိဟွာတို့ကမူ ချန်းချိန်ဂိုဏ်း၏ ဂုဏ်သရေကို တိုးတက်မြင့်တင်လိုကြသော်လည်း လမ်းလွဲသိုင်းသမားဆိုးများနှင့် ပူးပေါင်းကာ ဖြတ်လမ်းနည်းဖြင့် လုပ်ဆောင်မှုမျိုးကို မလိုလား။ချန်းချိန်ဂိုဏ်း၏ အစဉ်အလာကောင်းကို မပျက်စေလို။ မိမိတို့၏ စွမ်းပကားဖြင့် တိုးတက်အောင် နည်းမှန်လမ်းမှန် ကြိုးပမ်းလိုသည်။

ဤသို့ဖြင့် ချန်းချိန်ဂိုဏ်းတွင် တီနန်ရှိ၏အုပ်စုနှင့် ကျင်ကျိဟွာတို့အုပ်စုဟူ၍ အင်အားစုနှစ်ခုကွဲလာသည်။

မည်သည့်ဘက်ကိုမျှမလိုက်ဘဲ ကြားနေသည့် လူများလည်းရှိသည်။

ကျင်ကျိဟွာတို့ လူစုသည် တီနန်ရှိ၏ မဖြောင့်မှန်သောလုပ်ရပ်ကို ဂိုဏ်းချုပ်ဖြစ်သူ ကျိုဝင်ဝင်မင်းသမီးလေးအား ပြောဆိုတင်ပြပြီး အမိန့်နာခံရန်အတွက် ပီကင်းနေပြည်တော်သို့ လာခဲ့ကြသည်။

ကြားနေသည့် ဂိုဏ်းဝင်များက ကျိုဝင်ဝင်၏ အမိန့်ကိုသာနာခံကြမည်ဟု ဆိုနေသောကြောင့် ကျိုဝင်ဝင်၏ဆုံးဖြတ်ချက်သည် ချန်းချိန်ဂိုဏ်း၏ အနာဂတ်အတွက် လွန်စွာအရေးကြီးနေပေသည်။

ဤတွင် ရှီးထင်ချိတ်ကလည်း မြတ်စွယ်တော်ဘုရားကျောင်းတွင် တီနန်ရှိတို့သားအဖတည်းခိုနေထိုင်နေသည့် အကြောင်းနှင့် သားအဖနှစ်ယောက်၏ ပြောစကားများကို မိမိကြားသိခဲ့ပုံ အကြောင်းများကို ကျင်ကျိဟွာတို့အား ပြောပြလိုက်သည်။

ခတီနန်ရှိက ဉာဏ်များတယ်၊ စကားကိုလဲ လှည့်ပတ်ပြောတတ်တယ်၊ ပြီးတော့ ကျိုဝင်ဝင်မင်းသမီးလေးဟာ ဂိုဏ်းချုပ်ဆိုပေမယ့် အခုလောလောဆယ်မှာ ဂိုဏ်းရဲ့ အရေးကိစ္စတွေဆောင်ရွက်ဖို့ တီနန်ရှိပဲ တာဝန်လွှဲပေးထားတယ်၊ တကယ်လို့ တီနန်ရှိက ယုံကြည်လောက်အောင် လုပ်ကြံပြောဆိုခဲ့ရင် ကျိုဝင်ဝင်မင်းသမီးလေးကလဲ သူ့စိတ်တိုင်းကျလုပ်ဖို့ ခွင့်ပြုချက်ပေးချင်ပေးနိုင်တယ်၊ အဲသလိုဆိုရင်တော့ အခက်ပဲခ

ရှီးထင်ချိတ်ထံမှ တီနန်ရှိတို့၏ အကြောင်း သတင်းစကားကြားသိ ရသောအခါ ကျင်ကျိဟွာက စိုးရိမ်တကြီးပင် ပြောသည်။

"ဦးရှီးတော်ပြောတာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် တီနန်ရှိရဲ့ အကြံအစည် အောင်မြင်မယ်လို့ တထစ်ချတော့ ပြောလို့မရပါဘူး . . ."

"ဘာကြောင့်လဲဟင် ကိုရုပ်ဆိုး"

ကျင်မေယုံက ကြားဝင်ကာပြောသည်။

"ဆင်းရဲတဲ့လူဟာ ချမ်းသာချင်တဲ့ စိတ်ရှိတယ်၊ ကြိုးစားလို့ ချမ်းသာလာနိုင်တယ်၊ အဲ . . . ချမ်းသာလာပြီးရင် ရှေ့ဘာဆက်ဖြစ်နိုင်မလဲ"

ရှီးထင်ချိတ်၏ မေးခွန်းသည် လွယ်မယောင်နှင့် ခက်လှသည်။

လောကကြီးတွင် တည်မြဲခြင်း မရှိပေ။ ဖြစ်ပေါ်လာလျှင် ချုပ်ငြိမ်းရမြဲဖြစ်သလို ချုပ်ငြိမ်းပြီးလျှင် ပြန်လည်ဖြစ်ပေါ်လာရမည်သာ။

သန်းခေါင်ထက်ပိုပြီး ညဥ့်မနက်နိုင်သလို မွန်းတည့်ချိန်ထက် ပိုပြီးနေရှိန် မတောက်ပနိုင်။ သန်းခေါင်လွန်လျှင် မိုးလင်းပိုင်းသို့ တစ်စစနီးကပ်လာမည်။ မွန်းတည့်ချိန်လွန်လျှင် နေဝင်ရန် တဖြည်းဖြည်း နီးလာမည်။

လောကတွင် အောင်မြင်တိုးတက်မှုများအတွက် အမြင့်ဆုံးအတိုင်းအတာနှင့် လက်လွှတ်ဆုံးရှုံးမှုတို့အတွက် အနိမ့်ဆုံး အကန့်အသတ်ရှိသည်။ ထိုအတိုင်းအတာ အကန့်အသတ်ထက် မကျော်ပေ။

ချမ်းသာကြွယ်သူတို့သည် ပစ္စည်းဥစ္စာ စုစည်းလာခဲ့ရာ အမြင့်ဆုံးအတိုင်းအတာသို့ ရောက်ရှိပြီးလျှင် ပစ္စည်းဥစ္စာများ ယုတ်လျော့ ဆုံးရှုံးရန်သာ ရှိတော့သည်။ ထိုအတိုင်းအတာထက် ပိုလွန်ချမ်းသာခြင်းမျိုး မရှိနိုင်တော့ပေ။

"ဟုတ်တယ်တူမောင် … ဟုတ်တယ်၊ တူမောင်ပြောမှပဲ ကျုပ်ခေါင်းထဲမှာ မရေမရာနဲ့ ရှုပ်ထွေးနေတာတွေ ရှင်းသွားတော့တယ်"

ကျင်ကျိဟွာက ပြောသည်။

အတွေ့အကြုံနုနယ်ပြီး ဗဟုသုတ နည်းပါးသေးသော ကျင်မေယုံမှာမူ ရှီးထင်ချိတ်ပြောသော စကားတို့၏ အဓိပ္ပာယ်ကို နားမလည်နိုင်။ သဘောမပေါက်နိုင်။

ရှီးထင်ချိတ်ကို ကြည့်လိုက် ကျင်ကျိဟွာကို ကြည့်လိုက်လုပ်နေမိသည်။

သို့သော် ရှီးထင်ချိတ်ကရော ကျင်ကျိဟွာကပါ ကျင်မေယုံနားလည်အောင် ရှင်းပြခြင်း မပြုခဲ့။

"အခုကိစ္စဟာ ကျုပ်တို့ ချင်းချိန်ဂိုဏ်းရဲ့ အတွင်းရေး ကိစ္စဖြစ်ပေမယ့် တူမောင်လို မိတ်ဆွေကောင်းတွေရဲ့ အကူအညီကိုတော့ တောင်းခံရလိမ့်မယ်"

ကျင်ကျိဟွာက ရှီးထင်ချိတ်ကို ပြောလိုက်ပြန်သည်။

"သူတစ်ပါးရဲ့ အတွင်းရေးကိစ္စတွေမှာ ကျွန်တော့်အနေနဲ့ ဝင်ရောက်မစွက်ဖက်ချင်ပါဘူး၊ ဒါပေမယ့် မိစ္ဆာမနော သိုင်းအနွယ်တွေရဲ့ အန္တရာယ်ရန်စွယ် ကြီးထွားလာနိုင်မယ့် ကိစ္စမျိုးကိုတော့ ကျွန်တော်ဒီအတိုင်း လက်ပိုက်ကြည့်မနေနိုင်ဘူး၊ ဦးရီးတော်တို့ရဲ့ ချင်းချိန်ဂိုဏ်း မိစ္ဆာမနော သိုင်းအနွယ်တွေရဲ့ သြဇာခံအဖြစ် မကျရောက်ရအောင် ကျွန်တော်အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးပါ့မယ်"

ရှီးထင်ချိတ်က မိမိ၏ခံယူချက်ကို ပြတ်သားစွာပြောလိုက်သည်။

မိစ္ဆာမနောသိုင်းအနွယ်ဝင်တို့၏ အန္တရာယ်မှာ လောင်ကျွမ်းနေသော မီးလိုဖြစ်သည်။ မိမိ၏ အိမ်မလောင်သေးသည့် အတွက် သည်အတိုင်းကြည့်နေ၍ မဖြစ်။ လောင်နေသောမီးကို အရှိန်မပြင်းခင် ငြိမ်းသတ်နိုင်မှ ဖြစ်မည်။ အရှိန်အဟုန် ကြီးမားလာပါက ဘယ်လိုမှ မထိန်းနိုင်တော့ဘဲ အိမ်ခြေအားလုံးကို ဝါးမျိုလောင်ကျွမ်းသွားပေလိမ့်မည်။

"အခုလို ကြားရတာ အားတက်စရာပါပဲ၊ ကျုပ်တို့အနေနဲ့ တီနန်ရီကု အတိအလင်း ချေမှုန်းတိုက်ခိုက်ပစ်လိုကလဲ လောလောဆယ်မှာ မဖြစ်သေးဘူး၊ သူ့လှုပ်ရှားမှုကို စောင့်ကြည့်နေရမယ့် အခြေအနေမှာပဲ ရှိသေးတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်နားလည်ပါတယ်"

ယခုလောလောဆယ်တွင် ကျင်ကျိဟွာတို့အနေဖြင့် တီနန်ရှိကို သစ္စာဖောက် ရန်သူတစ်ယောက်အဖြစ် အတိအလင်း သတ်မှတ်ကာ ရင်ဆိုင်တိုက်ခိုက်၍ မဖြစ်နိုင်သေးပေ။

တီနန်ရှိသည် ဂိုဏ်းချုပ် ကြူဝင်ဝင်မင်းသမီးလေး၏ သဘောတူ တာဝန်ပေးချက်အရ ချင်းချိန်ဂိုဏ်းကို ဦးစီးခေါင်းဆောင် နေရသူဖြစ်သည်။ ဂိုဏ်းအပေါ် သစ္စာဖောက်မှု ပြုကြောင်းကိုလည်း အတိအလင်း မစွပ်စွဲနိုင်သေးပေ။

ထိုနည်းတူ တီနန်ရှိမှာလည်း ကျင်ကျိဟွာတို့ လူစုကို နှိပ်ကွပ်အရေးယူနိုင်သည့် အခွင့်အာဏာမရှိပေ။ ထိုသို့သော အခွင့်အမိန့်ကို ဂိုဏ်းချုပ်မှသာ ပေးနိုင်သည်။

ယခုလောလောဆယ်တွင် တီနန်ရှိတို့လူစုနှင့် ကျင်ကျိဟွာတို့ လူစုသည် တစ်ဖက်ကို တစ်ဖက် အရိပ်အခြည် စောင့်ကြည့်နေကြရန်သာ လုပ်ဆောင်နိုင်ပေသည်။

ကျင်မေယုံသည် ရှီးထင်ချိတ်နှင့် ကျင်ကျိဟွာတို့ ပြောဆိုနေကြသည့် စကားလုံးများကို နားမလည်သောကြောင့် ကန်ရေပြင်ပေါ်တွင် ငေးမောကြည့်နေမိသည်။

ထိုသို့ကြည့်နေရင်း ထူးခြားသော လှုပ်ရှားမှုတစ်ခုကို မြင်ရသောကြောင့် . . .

"ဟိုမှာ . . . ဟိုမှာ ကြည့်စမ်းပါဦး၊ ဘာဖြစ်နေတာလဲ မသိဘူး"

ကျင်မေယုံ ညွှန်ပြရာသို့ ရှီးထင်ချိတ်နှင့် ကျင်ကျိဟွာတို့ လှမ်းကြည့်လိုက်ကြသည်။

လှေတစ်စီးပေါ်သို့ လက်နက်ကိုင် သိုင်းသမားသုံးယောက် တက်ရောက်လာပြီး တိုက်ခိုက်လုယက်နေကြသည်ကို တွေ့ရသည်။

ထိုလှေသည် ရှီးထင်ချိတ်တို့၏ လှေနှင့် အတော်လေး အလှမ်းဝေးသည်။ လှေချင်းကပ်မိအောင် လှော်ခတ်သွားလျှင် အချိန်ယူရမည်။

ထိုအချိန်အတွင်း သိုင်းသမားဆိုးများသည် တိုက်ခိုက်လုယက်မှု ပြုပြီး၍ ကိုယ်လွတ်ရုန်းကာ ထွက်ပြေးသွားနိုင်သည်။ ယခုချက်ချင်း ထိုလှေပေါ်သို့ အရောက်သွားနိုင်မှ ဖြစ်မည်။

ထို့နောက် အတွင်းအား စုစည်းကာ လှေပေါ်မှ လွှားခနဲ ခုန်ထွက်သွားသည်။ ကန်ရေပြင်ပေါ် ပစ်ချထားသည့် ပျဉ်စတို့ကို ခြေထောက်ဖြင့်နင်းကာ ဆက်လက်အားယူ ခုန်လွှား၍ အတိုက်ခိုက်ခံနေရသည့် လှေရှိရာသို့ ရှေ့ရှုသွားနေသည်။

"ဟာ . . . ပုစဉ်းရေပေါ်လွှား ပညာပါလား"

ကျင်ကျိဟွာ တအံ့တဩ ရေရွတ်လိုက်သည်။

ပုစဉ်းရေပေါ်လွှား ကိုယ်ဖော့ပညာသည် ရေလွှာပြင်ပေါ်တွင် ချထားသည့် ပျဉ်ချပ်၊ သစ်သားစ၊ သစ်လုံး စသည့်အရာတို့ကို ခြေဖွနင်းကာ ကိုယ်ဖော့ပညာဖြင့် ရေပြင်တွင် ခုန်လွှားသွားနိုင်သည့် ပညာဖြစ်သည်။ တိမ်မြုပ်ပျောက်ကွယ်နေသည်မှာလည်း ကြာလှပေပြီ။

ထို့ကြောင့် ကျင်ကျိဟွာ၏ နှုတ်မှ တအံ့တဩရေရွတ်လိုက်မိခြင်း ဖြစ်ပေသည်။

"ကိုရုပ်ဆိုးကွ . . . ကိုရုပ်ဆိုး၊ အားမလျော့နဲ့"

ကျင်မေယုံကမူ လက်ခုပ်လက်ဝါးတီးကာ ရှီးထင်ချိတ်ကို အားပေးသည်။

ရှီးထင်ချိတ်မှာ ကျင်မေယုံ၏ အားပေးသံကို မကြားနိုင်။ သူ့စိတ်အာရုံကို အထူးတည်ငြိမ်အောင် စူးစိုက်ထိန်းသိမ်းထားရသည်။

ယခုအချိန်တွင် သူ့အာရုံထဲတွင် လုယက်တိုက်ခိုက်ဖြင်းခံနေရသည့် လှေရှိရာသို့ အရောက်သွားနိုင်ရန် အချက်တစ်ခုတည်းသာ ရှိသည်။

ရှီးထင်ချိတ် အသုံးပြုလိုက်သည့် ပညာမှာ ပုစဉ်းရေပေါ်လွှား ကိုယ်ဖော့ပညာမဟုတ်ပေ၊ ကဝိမနောသိုင်း၏ နဂါးရေပေါ် ကိုယ်ဖော့ပညာသာ ဖြစ်သည်။

ပုစဉ်းရေပေါ်လွှား ကိုယ်ဖော့ပညာတွင် ပြေးလွှားသွားနိုင်သည့် အကွာအဝေး ကန့်သတ်မှု ရှိသည်။ ပြေးလွှားသည့် အချိန်အပုန်ကလည်း ကန့်သတ်ထားချက် အတိုင်းအတာအတွင်းသာ ပြုလုပ်နိုင်သည်။ ပိုမြန်၍လည်း မရ။ နှေးလျှင်လည်း မဖြစ်။

နဂါးရေပေါ် ကိုယ်ဖော့ပညာမှာမူ အကန့်အသတ်မရှိ။ အတွင်းအားကောင်းလျှင် ကောင်းသလို လျှင်မြန်စွာ ပြေးလွှားနိုင်ပြီး အကွာအဝေးလည်း အစွမ်းရှိလျှင် ရှိသလောက် သွားနိုင်သည်။

ရှီးထင်ချိတ်သည် နဂါးရေပေါ် ကိုယ်ဖော့ပညာကို လေ့ကျင့်တတ်မြောက်ထားသော်လည်း ယခုတိုက်ခိုက်ခံနေရသည့် လှေလောက် အကွာဝေးမျိုးကိုကား တစ်ကြိမ်တစ်ခါမျှ မသွားဖူးသေးပေ။

ယနေ့တွင်မူ လက်နက်ကိုင် သိုင်းသမားဆိုး သုံးယောက်တို့၏ အနိုင်ကျင့်တိုက်ခိုက်ခြင်းကို ခံနေရရှာသည့် လှေပေါ်မှ လူများကို ကယ်တင်လိုစိတ်ဖြင့် အရဲစွန့်ကာ ခုန်လွှားပြေးဝင်လာဖြင့် ဖြစ်သည်။

နဂါးရေပေါ် ကိုယ်ဖော့ပညာဖြင့် တစ်ဟုန်ထိုး ခုန်လွှားပြေးသွားသည့် ရှီးထင်ချိတ်သည် တစ်ခဏအတွင်းမှာပင် လုယက်တိုက်ခိုက်ခြင်း ခံနေရသည့် လှေပေါ်သို့ ရောက်ရှိသွားသည်။

ထိုလှေပေါ်တွင် ဓားတဝင့်ဝင့်နှင့် သတ်ဖြတ်တော့မည့် တကဲကဲ ဖြစ်နေသော သိုင်းသမားသုံးယောက်တို့မှာ အံ့မခန်းသော ကိုယ်ဖော့ပညာစွမ်းဖြင့် လှေပေါ်သို့ ခုန်လွှားရောက်ရှိလာသည့် ရှီးထင်ချိတ်ကို တွေ့ရသောအခါ ထိတ်လန့် အံ့သြသွားကြသည်။ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဘဲ ကြောင်အမ်းအမ်း ဖြစ်ကုန်ကြသည်။

လက်နက်အားကိုးဖြင့် အနိုင်ကျင့် ရမ်းကားနေသော သိုင်းသမားဆိုးများကို ရှီးထင်ချိတ် မသက်ညှာနိုင်။

လှေပေါ်သို့ ရောက်သည်နှင့် နဂါးအရိပ်သိုင်းကွက်ကိုသုံးကာ လှုပ်ရှားတိုက်ခိုက်ရင်း သိုင်းသမားဆိုး သုံးယောက်ကို အမိအရ ချုပ်ဖမ်းလိုက်သည်။

ထိုလူသုံးယောက်တို့က ခုခံတိုက်ခိုက်ရန် ကြိုးပမ်းကြသေးသည်။ သို့သော် ရှီးထင်ချိတ်ကို ဘယ်လိုမှ မယှဉ်နိုင်။

ကြောင်လက်သည်းကြားသို့ ရောက်သွားသော ကြွက်ငယ်များပမာ ရှီးထင်ချိတ်၏ လက်ထဲတွင် ကုပ်ကုပ်ကလေး အချုပ်အဖမ်း ခံလိုက် ကြရလေတော့သည်။

စောစောက သားကောင်လို ကိုယ်မျိုစားသောက်မည့် ဝံပုလွေရိုင်း သုံးကောင်လို ဖြစ်နေခဲ့သော ထိုသိုင်းသမားများသည် ယခုတော့ မုဆိုး၏ ထောင်ချောက်ထဲသို့ သက်ဆင်းကျရောက်ရသည့် ကိန်းမျိုး ဆိုက်သွားကြလေပြီ။

ကျင်ကျိဟွာနှင့် ကျင်မေယုံတို့ကလည်း သူတို့၏ လှေကို အမြန်လှော်ခတ်လာခဲ့ကြသည်။ မကြာမီမှာပင် ရှီးထင်ချိတ် ရှိနေသည့် လှေအနီးသို့ တိုးကပ်လာသည်။

ကျင်ကျိဟွာ၏ လှေသည် တိုက်ခိုက်ခြင်းခံရသည့် လှေနှင့် စာလျှင် အရွယ်အစား သေးငယ်သည်။ သိုင်းသမားဆိုး သုံးယောက် တက်ရောက်လုယက် တိုက်ခိုက်သည့်လှေမှာ အလှအပ အပြောက်အမွမ်းများ ခြယ်သပြီး ဆေးရောင်စုံ သုတ်ထားသည့် အကြီးစား လှေကြီးတစ်စီးဖြစ်သည်။

ကျင်ကျိဟွာတို့က မိမိတို့၏ လှေငယ်ကလေးကို လှေကြီးဘေးနားတွင် အသာကပ်ကာ ကြိုးနှင့်ချည်ပြီး လှေကြီးပေါ်သို့

တက်လာသည်။

ကျင်ကျိဟွာတို့ ရောက်လာသောအခါ ရှီးထင်ချိတ်က ဖမ်းမိထားသော သိုင်းသမားဆိုးများကို စစ်မေးနေသည်။

"ကျုပ်တို့မိသားစု ရေကန်ထဲမှာ လှေစီးပြီး အပန်းဖြေနေကြတုန်း ဒီလူသုံးယောက်တက်လာပြီး ခြိမ်းခြောက်တိုက်ခိုက်တော့တာပဲ၊ ကျုပ်တို့ကို အကုန်သတ်ပစ်မယ်လို့တောင် ဟိန်းဟောက်ကြသေးတယ်၊ မောင်ရင်လေးသာ ရောက်မလာရင် ကျုပ်တို့မိသားစုတော့ ကောင်းကောင်း ဒုက္ခတွေ့ပြီ"

လှေကြီးပေါ်တွင် ပါလာသော မိသားစု၏ အကြီးအကဲဖြစ်သည့် အဘိုးအိုက ပြောသည်။

ထိုအဘိုးအို၏ ဝတ်စားဆင်ယင်ပုံနှင့် သွင်ပြင်အမူအရာကို ကြည့်လျှင် ချမ်းသာကြွယ်ဝသည့် သူဌေးကြီးတစ်ယောက် ဖြစ်ကြောင်း သိနိုင်သည်။

"ကိုင်း . . . ခင်ဗျားတို့က ဘယ်လို အကြောင်းကိစ္စကြောင့် အခုလို ရက်ရက်စက်စက် သတ်ဖြတ်ဖို့ ကြံကြရတာလဲ၊ မှန်မှန်ပြောစမ်း"

ရှီးထင်ချိတ်က ဖမ်းမိထားသည့် လူသုံးယောက်ကို စိန်းစိန်းကြည့်ကာမေး၏။

"ဘာမှ မေးမြန်းမနေနဲ့၊ သတ်ချင်ရင် သတ်ပစ်လိုက် ဒါပဲ"

နှုတ်ခမ်းမွေးစစနှင့်လူက မာထန်ထန် ပြန်ပြောသည်။

ထိုသူသည် ဓားပြသုံးယောက်တွင် ခေါင်းဆောင်ဖြစ်ဟန်လည်းတူသည်။ ကျန်နှစ်ယောက်ကတော့ ဘာမျှမပြောကြ။ ကြောက်လန့်သည့် အမူအရာများဖြင့် ဟိုကြည့်သည်ကြည့် လုပ်နေကြသည်။

"ခင်ဗျားက တယ်ခေါင်းမာချင်တာကိုး"

ရှီးထင်ချိတ်က ပြောပြောဆိုဆိုပင် နှုတ်ခမ်းမွေးစစနှင့်လူ၏ လည်ကုပ်နောက်နားရှိ သွေးကြောကွက်တစ်ခုကို လက်ညိုးနှင့် ခပ်ဆတ်ဆတ်လေး ဖိတောက်လိုက်သည်။

ထိုသူ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လာသည်။ ချွေးသီးချွေးပေါက်များလည်း ကျလာသည်။

"အမယ်လေး လေး . . . အား . . . အား"

အံကြိတ်ကာ တောင့်ခံသော်လည်းမရဘဲ နှုတ်မှ အော်ဟစ်ညည်းညူ နေရလေတော့သည်။

နှုတ်ခမ်းမွေးစစနှင့်လူမှာ အကြောပိတ်ခံထားရသည့်အတွက် လှုပ်ရှားခြင်းမပြုနိုင်။ ရှီးထင်ချိတ်က လည်ကုပ်ပေါ်ရှိ သွေးကြောကွက်ကို အသာထောက်လိုက်မှုကြောင့် ကိုယ်ခန္ဓာ အနံ့အပြားတွင် အပ်ချွန်လေးများဖြင့် ထိုးစိုက်သလို တစစ်စစ်ဖြင့် မခံမရပ်နိုင်အောင် နာကျင်မှုဝေဒနာကို ပြင်းပြစွာခံစားရသည်။

ခဏအကြာတွင် နာကျင်မှုဝေဒနာများ သက်သာသွားသည်။ နှုတ်ခမ်းမွေးစစနှင့် လူသည် တစ်ကိုယ်လုံး ချွေးတွေရွှဲနေပြီး အသက်ကို ပြင်းပြင်းရှူနေရသည်။

"ဒါ နမူနာပဲ ရှိသေးတယ်၊ မေးတာကို ကောင်းကောင်းမဖြေရင် ဒီထက်ပိုနာမယ်"

ရှီးထင်ချိတ်က ခက်ထန်တင်းမာအောင်ပြုပြီး ခြိမ်းခြောက်လိုက်သည်။

နှုတ်ခမ်းမွေးစစနှင့် လူက အံကိုတင်းတင်း ကြိတ်လိုက်သည်။

ကျန်နှစ်ယောက်မှာမူ မျက်နှာငယ်လေးများနှင့် တစ်ခုခုပြောမည်ပြုသည်။ သို့သော် နှုတ်ခမ်းမွေးစစနှင့် လူက မျက်နှာထားတင်းတင်းနှင့် လှမ်းကြည့်လိုက်သည်တွင် ထိုသူနှစ်ယောက်လည်း နှုတ်ပိတ်သွားကြသည်။

အမြင်သန်သော ရှီးထင်ချိတ်၏ မျက်လုံးများက ထိုအဖြစ်ကို ကောင်းကောင်းကြီး တွေ့မြင်လိုက်သည်။

နှုတ်ခမ်းမွေးစစနှင့် လူကို လုံးဝ သတိမေ့သွားအောင် အကြောပိတ် ပစ်လိုက်သည်။

ထို့နောက် ကျန်လူနှစ်ယောက်ကို စူးစိုက်ကြည့်လိုက်ပြီး . . .

"ခင်ဗျားတို့ ဒီလူကို ကြောက်လို့ သူ့နောက်လိုက်ပြီး သူခိုင်းရာ လုပ်နေကြရတာမဟုတ်လား၊ အခုသူ့ကို သတိလစ်သွားအောင် အကြောပိတ်ထားလိုက်ပြီ၊ ကျွန်တော်မေးတာကို အမှန်အတိုင်းသာဖြေ၊ ခင်ဗျားတို့ကို ဘယ်လိုဘေးအန္တရာယ်မှ မဖြစ်စေရဘူး"

"ကျွန်တော်တို့ အမှန်အတိုင်း ပြောပါ့မယ်ဗျာ"

ထိုလူနှစ်ယောက်က ပြိုင်တူပင် ပြန်ပြောကြသည်။

ဤစကားကို ကြားရသည်နှင့် ရှီးထင်ချိတ်သည် ထိုသူနှစ်ယောက်၏ အပိတ်ခံထားရသော အကြောများကို ဖြေဖွင့်ပေးလိုက်သည်။

"ကဲ . . . ခင်ဗျားတို့ကို လွတ်လပ်ခွင့်ပေးလိုက်ပြီ၊ ပြောမယ်ဆိုတဲ့အတိုင်း မှန်ရာကိုသာ ပြောကြပေတော့"

"ကျွန်တော့်နာမည် လောက်မာလို့ ခေါ်ပါတယ်၊ မိန်းမတစ်ယောက် သမီးတစ်ယောက် ရှိပါတယ်၊ သူ့မှာတော့ အိမ်ထောင်မရှိပေမယ့် မိခင်အိုကြီးကို လုပ်ကျွေးနေတဲ့လူ ဖြစ်ပါတယ်၊ သူရော ကျွန်တော်ရော အလုပ်အကိုင် အတည်တကျမရှိဘဲ ကျဖမ်းအလုပ်တွေကို ပင်ပင်ပန်းပန်းလုပ်ကိုင် စားသောက်ရပါတယ်၊ ကျွန်တော်တို့ နှစ်ယောက်ဟာ ဝါသနာအလျောက် သင်ထားလို့ သိုင်းပညာနည်းနည်း တတ်ပါတယ်၊ တစ်နေ့တော့ ဆရာလေး သတိလစ်အောင် အကြောပိတ်ထားတဲ့ တိတ်ဘမ်းဆိုတဲ့လူက ကျွန်တော်တို့ နှစ်ယောက်ကို လွယ်လွယ်နဲ့ငွေရမဲ့ အလုပ် မလုပ်ချင်ဘူးလားလို့ လာမေးပါတယ်၊ ကျွန်တော်တို့လဲ ငွေလိုချင်တာနဲ့ လူသတ်ဓားပြတိုက်ရမှာကလွဲလို့ ဘာမဆိုလုပ်မယ်လို့ ပြန်ပြောလိုက်တယ်"

လူတစ်ယောက်က စတင်ပြောသည်။

"ခင်ဗျားတို့ အခုကျတော့ ဘာကြောင့် လူသတ်ဓားပြတိုက်ဖို့ ကြံကြရတာလဲ"

ရှီးထင်ချိတ်က ကြားဖြတ်ကာမေးသည်။

"ဟုတ်ကဲ့၊ ဒီအကြောင်းကို ကျွန်တော်ရှင်းပြပါ့မယ်"

"ကောင်းပြီ . . ပြောစမ်း"

"ကျွန်တော်တို့က သဘောတူလိုက်တယ်ဆိုတာနဲ့ တိတ်ဘမ်းက သုံးလကောင်းကောင်း စားနိုင်လောက်တဲ့ ငွေတွေကိုပေးတယ်၊ ငွေပေးပြီးတော့ ဘာမှလဲ မလုပ်ခိုင်းဘဲ ထားတယ်၊ အဲ . . . တိတ်ဘမ်းဆီက ငွေရပြီး တစ်လလောက် အကြာမှာ ကျွန်တော့်မိန်းမရော သားရော သမီးရော ထူးထူးဆန်းဆန်းပျောက်သွားတယ်၊ ဟောဒီက ကျွန်တော့်မိတ်ဆွေရဲ့ မိခင်အိုကြီးလဲ ပျောက်ခြင်းမလှ ပျောက်သွားပြန်တယ်၊ ကျွန်တော်တို့နှစ်ယောက် ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း တိတ်ဘမ်းရောက်လာပြီး ပျောက်သွားတဲ့လူတွေကို သူဖမ်းခေါ်ထားတာလို့ ပြောတယ်၊ သူခိုင်းတာကို မလုပ်ရင် သူ့လက်ထဲမှာ ဖမ်းထားတဲ့ လူတွေကို သတ်ပစ်မယ်လို့လဲ အကျပ်ကိုင်ခြိမ်းခြောက်တယ်၊ ဒါကြောင့် ကျွန်တော်တို့လဲ မတတ်သာဘဲ တိတ်ဘမ်းခိုင်းတဲ့အတိုင်း လိုက်လုပ်ရတော့တာပါပဲ ခင်ဗျာ"

"ဒီသူဌေးကြီးနဲ့ မိသားစုကိုကော ဘာကြောင့်ရန်ပြုချင်ရတာလဲ"

"အဲဒါကိုတော့ ကျွန်တော်တို့ တကယ်မသိပါဘူး"

“အခုကိစ္စမှာ တိတ်ဘမ်းကပဲ အစစအရာရာ ခေါင်းဆောင်တာလား”

“ဒီလိုတော့ မဟုတ်ပါဘူး၊ သူ့ကို အမိန့်ပေးခိုင်းစေတဲ့လူ ရှိပါသေးတယ်”

“ဟုတ်ပြီ၊ အဲဒီလူက ဘယ်သူလဲ”

“တီနန်ရှိပါ”

ဤအမည်ကို ကြားရသောအခါ ရှီးထင်ချိတ်နှင့် ကျင်ကျိဟွာတို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

သူဌေးကြီးက ရုတ်တရက်ကြားဝင်ကာ . . .

“အခုကိစ္စကို ကျုပ်နားလည်ပါပြီ၊ တီနန်ရှိက ကျုပ်ကို သက်သက်မဲ့ ရန်ငြိုးဖွဲ့ပြီး မကောင်းကြံတာပါပဲ၊ အကြောင်းစုံကို နောက်မှ ရှင်းပြပါ့မယ်၊ ဒီလူနှစ်ယောက်ဟာ တီနန်ရှိရဲ့ ရုပ်သေးတွေဘဝမျိုး ရောက်နေကြရရှာတာပါ၊ သူတို့ကို ကျုပ်ဗွေမယူချင်ပါဘူး”

ရှီးထင်ချိတ်က ခေါင်းညိတ်ပြပြီးနောက် လောက်မာတို့ဘက် လှည့်ကြည့်ကာ . . .

“ကောင်းပြီ ခင်ဗျားတို့ နှစ်ယောက်ကို ချမ်းသာခွင့် ပေးလိုက်မယ်၊ အကျပ်ကိုင်ခံထားရတဲ့ အဖြစ်က လွတ်အောင်ကြိုးစားပါ။ ကျွန်တော်တို့ အကူအညီ လိုမယ်ဆိုရင်လဲ အချိန်မရွေးလာပြီး တောင်းခံနိုင်ပါတယ်”

လောက်မာတို့နှစ်ယောက်သည် ရှီးထင်ချိတ်ကို အထပ်ထပ်အခါခါပင် ကျေးဇူးတင်စကား ပြောကြသည်။

သူဌေးကြီး၏ စိတ်သဘောထားကြီးမှုနှင့် ရှီးထင်ချိတ်၏ ဖြောင့်မတ်တည်ကြည်စွာ လုပ်ဆောင်တတ်မှုကြောင့် ရန်သူဘဝမှ မိတ်ဆွေဘဝသို့ ရောက်ရှိသွားခဲ့လေပြီ။

အပြန်အလှန် မိတ်ဆက်စကားများ ပြောကြရာ သူဌေးကြီး၏ အမည်မှာ ချန်တာဝေ ဖြစ်ကြောင်းသိကြရသည်။

သူတို့သည် လှေများကိုကမ်းသို့ ပြန်ကပ်ကြသည်။ လောက်မာတို့နှစ်ယောက်ကို ပြန်လွှတ်ပေးပြီးနောက် တိတ်ဘမ်းကိုမူ သက်ဆိုင်ရာ အဏ္ဏာပိုင်များလက်သို့ အပ်လိုက်ကြသည်။

ထို့နောက် သူဌေးကြီးချန်တာဝေက ရှီးထင်ချိတ်တို့ကို သူ၏အိမ်ဂေဟာသို့ ဖိတ်ခေါ်သွားသည်။

သူဌေးကြီးချန်တာဝေသည် ပီကင်းမြို့၏ထင်ရှားသော လူချမ်းသာကြီးတစ်ယောက်ဖြစ်သည်။

မိဘအစဉ်အဆက် ချမ်းသာကြွယ်ဝကာ အမွေအနှစ်များ ရရှိခဲ့ရုံသာမက စီးပွားဖြစ်ထွန်းသော လုပ်ငန်းမျိုးစုံကိုလည်း လုပ်ဆောင်နေသူဖြစ်သည်။

ဆားလုပ်ငန်းကို အကြီးအကျယ်လုပ်ဆောင်ပြီး မြင်းလှည်းအစီးပေါင်း တစ်ရာကျော်ရှိသည့် မြို့တွင်းခရီးသည် သယ်ယူပို့ဆောင်ရေး လုပ်ငန်းကိုလည်း လုပ်ကိုင်သည်။ ချန်တာဝေ ပိုင်ဆိုင်သော တည်းခိုရိပ်သာနှင့် စားသောက်ဆိုင်ကြီးများလည်း ရှိသည်။

ချန်တာဝေသည် ဝင်ငွေကောင်းသလောက် အလှူအတန်းရက်ရောသူ တစ်ယောက်ဖြစ်သည်။ အခါကြီးရက်ကြီးများတွင် လှူဒါန်းပွဲများ အကြီးအကျယ်ပြုလုပ်သည်။ ကျန်အချိန်များတွင်လည်း အကူအညီလိုအပ်သူတို့ကို တတ်အားသမျှ ကူညီပေးကမ်းမှုများ ပြုလုပ်သည်။

သူ့ကို လူချစ်လူခင် ပေါများသလို လူအများ၏လေးစားခြင်းလည်း ခံရသည်။

သူ၏အိမ်ဂေဟာသို့ ရောက်သောအခါ ချန်တာဝေက ရှီးထင်ချိတ်တို့ကို ဧည့်ဆောင်ထဲတွင် လက်ဖက်ရည်

အချိုမုန့်မျိုးစုံတို့ဖြင့် ဧည့်ဝတ်ပြုသည်။
စားသောက်ကြရင်း ချန်တာဝေက တီနန်ရှိနှင့် မိမိပြဿနာဖြစ်ရပုံ အကြောင်းများ ရှင်းပြသည်။
တနေ့တွင် တီနန်ရှိတို့သားအဖသည် သူဌေးကြီး ချန်တာဝေထံသို့ ရောက်လာပြီးနောက် ငွေကြေးအကူအညီ တောင်းခံကြသည်။ မိမိသည် ချန်းချိန်ဂိုဏ်း၏ ဂိုဏ်းချုပ်ဖြစ်ကြောင်းနှင့် ဂိုဏ်း၏လုပ်ငန်းအချို့အတွက် ငွေကြေးလိုအပ်နေ၍ အကူအညီတောင်းရခြင်းဖြစ်ကြောင်းလည်း ပြောပြသည်။
သူတို့ တောင်းခံသည့်ငွေမှာမနည်း။ စုစုပေါင်း ရွှေဒင်္ဂါးတစ်သောင်းဖြစ်သည်။
ရွှေဒင်္ဂါးတစ်သောင်းသည် အတော်များသော ငွေကြေးပမာဏဖြစ်သော်လည်း ချန်တာဝေလို သူဌေးကြီးတစ်ယောက်အဖို့တော့ ပေကမ်းလှူဒါန်းနိုင်သည်။ တကယ်တမ်း ဆင်းရဲဒုက္ခရောက်နေသူများကို ကူညီပေးဖို့ဆိုပါလျှင် ထိုမျှမကသော ငွေကြေးကိုပင် အကူအညီပေးရန် အသင့်ရှိသည်။
သို့သော် တီနန်ရှိတို့၏ အကူအညီတောင်းပုံက အလှူခံသည့် သဘောမျိုးမဟုတ်။ မိုက်ကြေးခွဲသည့် အသွင်မျိုးဖြစ်နေသည်။ တီနန်ရှိတို့ကိုလည်း လူရိုးလူကောင်းများဖြစ်မည်ဟု ချန်တာဝေ မထင်ခဲ့ပေ။
ထို့ကြောင့် ဤမျှလောက်များပြားသော ငွေကြေးမိမိထံတွင် အလွယ်တကူမရှိကြောင်း၊ အကယ်၍ အရေးတကြီးလိုအပ်နေသည်ဆိုပါက ငွေဒင်္ဂါးတစ်ရာခန့်တော့ လှူဒါန်းနိုင်မည်ဖြစ်ကြောင်းဖြင့် ပြန်ပြောခဲ့သည်။
"တီနန်ရှိတို့သားအဖ မကျေမနပ်နဲ့ ပြန်သွားကြတယ်။ ကျုပ်လည်း ဒီအကြောင်းကို မေ့မေ့ပျောက်ပျောက်ပဲ နေခဲ့ပါတယ်။ ဟော ... ဒီနေ့မှ သူက တိတ်ဘမ်းဆိုတဲ့လူကို ထပ်ဆင့်စေခိုင်းပြီး ကျုပ်ကိုကော ကျုပ်ရဲ့မိသားစုကိုပါ လုပ်ကြံသတ်ဖြတ်ဖို့ ကြံတာကတော့ တကယ့်ကို မိုက်ရိုင်းတာပါပဲဗျာ"
ချန်တာဝေက စကားကို လက်စသတ်လိုက်သည်။
အကြောင်းစုံကြားသိရသည့်အခါ ကျင်ကျိဟွာနှင့် ကျင်မေယုံတို့မှာ ချန်းချိန်ဂိုဏ်း၏ ဂုဏ်သိက္ခာကျဆင်းရမှုအတွက် အတော်ပင် မျက်နှာပူ၍နေကြရသည်။
တီနန်ရှိ၏လုပ်ရပ်များက ချန်းချိန်ဂိုဏ်းကို မိုက်ကြေးခွဲ၊ လုယက်သတ်ဖြတ်သည့် ဓားပြဂိုဏ်းတစ်ခုအဆင့်သို့ပင် လျှောကျသွားစေသည် မဟုတ်ပါလား။ ချန်းချိန်ဂိုဏ်း၏ အဆင့်မြင့်ဂိုဏ်းဝင်များ ဖြစ်ကြသော ကျင်ကျိဟွာတို့ တူဝရီးမှာ ထိုကိစ္စများအတွက် အတော်ပင်အနေရအထိုင်ရ ခက်နေသည်။
"တိတ်ဘမ်းကို တာဝန်ပေးလုပ်ကြံခိုင်းတာ မအောင်မြင်လေတော့ တီနန်ရှိ ကျေနပ်မှာမဟုတ်ဘူး။ နောက်ထပ်တမျိုးတမည် လုပ်လာနိုင်သေးတယ်"
ရှီးထင်ချိတ်ကပြောသည်။
"ဟုတ်ပါတယ်ကွယ်၊ သူ့ရန်စွယ်က အေးမှာမဟုတ်ဘူး။ ဘယ်လိုလုပ်ရရင် ကောင်းမလဲတောင် မသိတော့ဘူး"
ချန်တာဝေက ရှီးထင်ချိတ်ကို အားကိုးကြည့်ဖြင့် ကြည့်ပြီးပြောသည်။
"တီနန်ရှိရဲ့ လုပ်ရပ်က ချန်းချိန်ဂိုဏ်းရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ် ကျဆင်းစရာ ဖြစ်နေပြီ၊ တခြားအေးအေးချမ်းချမ်း နေထိုင်ရတဲ့ လူတွေလဲ သူ့ကြောင့်ဒုက္ခတွေ့ရတော့မယ်၊ သူ့ကို ဘယ်လိုထိန်းချုပ်ရင် ကောင်းမလဲ၊ ကျုပ်တို့ကိုလဲ ကူညီပါဦး"
ကျင်ကျိဟွာကလည်း အကူအညီတောင်းသည်။
"အကောင်းဆုံးနည်းလမ်းကတော့ တီနန်ရှိကို ဂိုဏ်းစည်းကမ်းအရ အရေးယူဖို့ပဲ၊ ဒါမှ ချန်းချိန်ဂိုဏ်းအပေါ်အမြင်များက အမြင်ရှင်းသွားမယ်၊ တီနန်ရှိရဲ့ ရမ်းကားမှုတွေကိုလဲ ထိန်းချုပ်ဒဏ်ခတ်နိုင်မယ်"

"ဒီလို အရေးယူတာမျိုးကို ဂိုဏ်းချုပ်ကသာ အမိန့်ပေးလုပ်ဆောင်နိုင်တယ်၊ ခက်နေတာက နေပြည်တော်မှာ ဂိုဏ်းချုပ်ရှိမနေတာပဲ"

"သူ ... ဘယ်ကို ရောက်နေလို့လဲ"

ရှီးထင်ချိတ် လွှတ်ခနဲမေးလိုက်မိသည်။

"နယ်ခြားဒေသ ကျုံးကွမ်းစစ်မြေပြင်ကို ရောက်နေတယ်လေ၊ ဒါကြောင့် ကျုပ်တို့ရော တီနန်ရှီတို့ရော ပီကင်းနေပြည်တော်ကို ရောက်နေကြပေမယ့် ဘာမျှမလုပ်နိုင်သေးဘဲ ဒီအတိုင်းစောင့်နေကြရတာပေါ့"

"ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်ရောက်လာဖို့အတွက် အကြာကြီးစောင့်နေရဦးမှာပေါ့၊ ဒီအတောအတွင်း တီနန်ရှီက ရမ်းကားတိုက်ခိုက်လာရင် ဘယ့်နှယ်လုပ်ကြမလဲ"

သူဌေးကြီးချန်တာဝေက စိုးရိမ်တကြီး ပြော၏။

ကျင်ကျိဟွာ အနည်းငယ်စဉ်းစားလိုက်ပြီး ရှီးထင်ချိတ်ကို ကြည့်ကာ ...

"ကျုပ် တခုစဉ်းစားမိတယ်၊ တူမောင်ရဲ့ အကူအညီတော့ လိုလိမ့်မယ်"

"ကျွန်တော် ကူညီဖို့အသင့်ပါပဲ ဦးရီးတော်"

ရှီးထင်ချိတ်က ခေါင်းညိတ်သဘောတူလိုက်သောအခါ ကျင်ကျိဟွာက ဆက်လက်၍ ...

"အကြောင်းစုံဖော်ပြထားတဲ့ စာတစ်စောင် ကျုပ်ရေးပေးလိုက်မယ်၊ အဲဒီစာကို ဂိုဏ်းချုပ်လက်အရောက် တူမောင်သွားပို့ပေးပါ၊ ပြီးတော့ ဂိုဏ်းချုပ်ရဲ့ အမိန့်ကိုလဲ တခါတည်း ပြန်ယူလာခဲ့ပါ၊ ဒါဆိုရင် အစစအရာရာ အဆင်ပြေသွားနိုင်တယ်၊ ဂိုဏ်းချုပ်ရဲ့ တရားဝင်အမိန့်ရရင် ကျုပ်အနေနဲ့လဲ တီနန်ရှီကို ပြတ်ပြတ်သားသား ရင်ဆိုင်နိုင်ပါပြီ၊ တူမောင် ခရီးသွားနေတုန်း ကျုပ်နဲ့ ကျုပ်လူတွေက သူဌေးကြီးတို့မိသားစုကို အနီးကပ်အကာအကွယ် လုပ်ပေးထားပါ့မယ်"

"ဦးရီးတော်ရဲ့ အစီအစဉ် ကောင်းပါတယ်"

ကျင်ကျိဟွာ၏ အစီအစဉ်သည် ပြည့်စုံသေချာသောကြောင့် ရှီးထင်ချိတ်က သဘောတူလက်ခံလိုက်သည်။

"ကျွန်မတစ်ခုပြောချင်တယ် ဦးဦး"

ကျင်မေယုံက ကြားဝင်ပြောသည်။

"ဘာများလဲ တူမလေး ..."

ကျင်ကျိဟွာက တူမဖြစ်သူကို လှမ်းကြည့်ပြီး ပြန်မေးသည်။

"ဟိုလေ ... ကျွန်မလဲ ကိုရှပ်ဆိုးနဲ့အတူ လိုက်သွားချင်တယ်၊ သူက ကျွန်မတို့ဂိုဏ်းရဲ့ အတွင်းရေးပြဿနာတွေကို သေသေချာချာသိတာမဟုတ်ဘူး၊ ဦးဦးရေးတဲ့ စာထဲမှာလဲ အပြည့်အစုံ အသေးစိတ် ရေးပေးနိုင်မှာ မဟုတ်ဘူး၊ ကျွန်မပါသွားတော့ လိုအပ်တာတွေကို သေသေချာချာ ရှင်းပြနိုင်မှာပေါ့၊ ဘယ့်နှယ်လဲ ကျွန်မကို ခေါ်သွားမယ် မဟုတ်လား ကိုရှပ်ဆိုး"

ကျင်မေယုံသည် ဦးလေးဖြစ်သူကို ပြောနေရာမှ ရှီးထင်ချိတ်ဘက်သို့ လှည့်မေးလိုက်သည်။

"ဒါကတော့ ကျုပ်ကို မေးမနေနဲ့၊ မိချောရဲ့ ဦးလေးကိုပဲ ပြောပါ"

ရှီးထင်ချိတ်က ပြန်ပြောသည်။

"ဦးဦးက လိုက်သွားဖို့ သဘောတူမှာပါ၊ ဟုတ်တယ်မဟုတ်လား ဦးဦး"

"အေးလေ ... တူမလေး လိုက်သွားမယ်ဆိုရင်တော့ အကျိုးအကြောင်း ပြည့်ပြည့်စုံစုံ ပြောနိုင်တာပေါ့"

"ဒါမှ တို့ဦးဦးကွ …"
ကျင်မေယုံက ကစားစရာအသစ်ရသော ကလေးတစ်ယောက်အလား ရွှင်မြူးစွာပြောရင်း ထခုန်လိုက်ရာ ရှီးထင်ချိတ်တို့မှာ မပြုံးဘဲ မနေနိုင်ကြတော့ပေ။
လေးနက်သောအကြောင်းကိစ္စကို ပြောဆိုတိုင်ပင်ပြီးချိန်တွင် ပြုံးရယ်လိုက်ရသောကြောင့် အားလုံးပင် စိတ်ပေါ့ပါးသွားကြသည်။

ရှီးထင်ချိတ်နှင့် ကျင်မေယုံတို့ နယ်ခြားဒေသ ကျုံးကွမ်းစစ်မြေပြင်သို့ ထွက်ခွာသွားကြပြီးနောက် ကျင်ကျိဟွာသည် မိမိနှင့်ပါလာသော ချန်းချိန်ဂိုဏ်းဝင် သိုင်းသမားများကို ဆင့်ခေါ်ကာ သူဌေးကြီးချန်တာဝေ၏ အိမ်ဂေဟာ၌ အစောင့်တာဝန်များ ချထားပေးလိုက်သည်။
ကျင်ကျိဟွာတို့လူစု စားဝတ်နေရေး အစစအရာရာကို သူဌေးကြီးချန်တာဝေက တာဝန်ယူလိုက်သည်။
ဤသို့ဖြင့် ချန်တာဝေ၏အိမ်ဂေဟာသည် ကျင်ကျိဟွာတို့လူစု၏ အခြေစိုက်စခန်း သဘောမျိုးဖြစ်သွားသည်။
ယခုအခါတွင် စိတ်ဝမ်းကွဲနေကြသော ချန်းချိန်ဂိုဏ်းဝင်များအနက် ကျင်ကျိဟွာ၏ လူများရော တီနန်ရှိ၏ ဘက်တော်သားများပါ ပီကင်းနေပြည်တော်သို့ ရောက်နေကြပြီဖြစ်သည်။
မည်သည့်ဘက်ကိုမျှမပါဘဲ ကြားနေသည့် ချန်းချိန်ဂိုဏ်းဝင်များလည်း ရှိသေးသည်။ ထိုကြားနေသူတို့သည် အင်အားအများဆုံးဖြစ်သည်။
သူတို့သည် ချန်းချိန်တောင်တွင်ပင် ဆက်လက်ရှိနေကြပြီး ဂိုဏ်းချုပ်ကြုံဝင်ဝင်မင်းသမီးလေး၏ အမိန့်ကို စောင့်လင့်နေကြသည်။ ဂိုဏ်းချုပ်၏ တရားဝင်အမိန့်ကိုသာ နာခံကြရမည်ဖြစ်သည်။ ချန်းချိန်ဂိုဏ်း၏ စည်းလုံးညီညွတ်မှု ပျက်ပြားစေမည့် အချင်းချင်းဘက်ပြိုင်တိုက်ခိုက်မှုမျိုးကား မဖြစ်ပေါ်သေးပေ။
ယခုမူ ချန်းချိန်ဂိုဏ်း၏ ဂိုဏ်းတွင်းရေးနှင့် မသက်ဆိုင်သော သူဌေးကြီးချန်တာဝေ၏ အရေးကိစ္စကို အကြောင်းပြုကာ တီနန်ရှိတို့နှင့် ကျင်ကျိဟွာတို့ ထိပ်တိုက်ရင်ဆိုင်ရတော့မည့် အခြေအနေသို့ ဆိုက်ရောက်နေသည်။
တီနန်ရှိက သူဌေးကြီးချန်တာဝေကို အငြိုးထားကာ သတ်ဖြတ်ပစ်လိုနေသည်။ ကျင်ကျိဟွာတို့က သူဌေးကြီးချန်တာဝေ၏ အသက်အိုးအိမ်ကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ယူထားသည်။
အိမ်ဂေဟာအနီးဝန်းကျင်၏ လှုပ်ရှားမှုအခြေအနေများကိုလည်း အမြဲမပြတ်ပင် ထောက်လှမ်းကြည့်ရှုနေခဲ့သည်။
ရှီးထင်ချိတ်တို့ ထွက်သွားပြီးနောက်နေ့မှာပင် အိမ်ဂေဟာအနီးတဝိုက်သို့ လူသုံးယောက် မယောင်မလည်ရောက်လာကာ အခြေအနေကို မသိမသာကြည့်ရှုသွားကြသည်။
နောက်တနေ့ နေ့လည်ပိုင်းလောက်တွင် သိုင်းသမားဆယ်ယောက်ခန့်က အိမ်ဂေဟာထဲသို့ အတင်းဝင်ရောက်မည်ပြုကြရာ အဝင်ဝတံခါးတွင် စောင့်ကြပ်နေကြသည့် ချန်းချိန်ဂိုဏ်းဝင် သိုင်းသမားများနှင့် ရင်ဆိုင်တိုက်ခိုက်မှုဖြစ်သည်။
ခေတ္တမျှ အကြိတ်အနယ်တိုက်ခိုက်ပြီးနောက် ထိုလူစုပြန်လည်ဆုတ်ခွာသွားသည်။
ဤသို့ လာရောက်တိုက်ခိုက်မှုသည် မိမိတို့၏အင်အားနှင့် အခြေအနေကို သွေးတိုးစမ်းသည့် သဘောဖြစ်ကြောင်း ကျင်ကျိဟွာနားလည်သည်။
ထို့ပြင် လာရောက်တိုက်ခိုက်ကြသည့် သိုင်းသမားများမှာ ချန်းချိန်ဂိုဏ်းဝင်များ မဟုတ်ကြပေ။
"တီနန်ရှိက ဘာကြောင့် သူ့လူရင်းတွေမသုံးဘဲ အပြင်လူတွေကို ပွဲထုတ်နေရတာလဲ၊ ဒီအတိုင်းဆိုရင်

မိစ္ဆာမနေသောသိုင်းအနွယ်ဝင်တွေများ အကူအညီခေါ်လာဦးမှာလား၊ မိစ္ဆာမနေသောသိုင်းအနွယ်ဝင်တွေပါ တိုက်ခိုက်လာရင်တော့ မလွယ်ဘူး”

ကျင်ကျိဟွာ၏စိတ်ထဲတွင် တွေးတောစိုးရိမ်နေမိသည်။ သို့ရာတွင် မိမိ၏စိုးရိမ်မှုကို ထုတ်ဖော်မပြောဘဲ ခုခံကာကွယ်ရေး အစီအစဉ်များကိုသာ ပိုမိုကောင်းမွန်ပြည့်စုံအောင် ပြုလုပ်ထားခဲ့သည်။

သိုင်းသမားဆယ်ယောက်ခန့်က သွေးတိုးစမ်း လာရောက်တိုက်ခိုက်သည့်နေ့ ညဘက်ပိုင်းတွင်မူ အနက်ရောင်ဝတ်စုံဝတ်ထားသည့် ရန်သူသိုင်းသမားများသည် သူဌေးကြီးချန်တာဝေ၏ အိမ်ဂေဟာကို အင်အားအလုံးအရင်းနှင့် စီးနင်းတိုက်ခိုက်ကြသည်။

ဝတ်စုံနက်များသည် တီနန်ရှိ၏ဘက်တော်သား ချန်းချိန်ဂိုဏ်းသားများ မဟုတ်ကြပေ။ တိုက်ခိုက်ပုံများက ကြမ်းတမ်းလှသည်။

ကျင်ကျိဟွာ၏လူများက ကြံ့ကြံ့ခိုင်ခိုင်နှင့် အကြိတ်အနယ် ခုခံနေသောကြောင့် ရန်သူဝတ်စုံနက်များသည် အိမ်ဂေဟာအနီးသို့ အရောက်ချဉ်းကပ်လာနိုင်သော်လည်း အထဲသို့ မဝင်နိုင်ကြသေးပေ။

သူဌေးကြီးချန်တာဝေမှာ ဤလိုပြင်းထန်ကြမ်းတမ်းသော တိုက်ခိုက်မှုမျိုးကို မတွေ့ဖူးမကြုံဖူးသောကြောင့် တကိုယ်လုံး တဆတ်ဆတ်တုန်အောင်ပင် ကြောက်လန့်နေသည်။

တိုက်ပွဲမှာ ပြင်းထန်သည်ထက်ပြင်းထန်ပြီး ရန်သူဝတ်စုံနက်သိုင်းသမားများ၏ ထိုးဖောက်လာမှုကလည်း ပိုမိုကြမ်းတမ်းလာသည်။

ကျင်ကျိဟွာသည် နောက်ဆုံးအရန်ထားသည့် သိုင်းသမားများကိုပင် တိုက်ပွဲဝင်ရန် အမိန့်ပေးလိုက်ရလေတော့သည်။

ရှိသမျှအင်အား အကုန်ထုတ်ကာ တိုက်ခိုက်သည့်တိုင် ရန်သူဝတ်စုံနက်တို့၏ တိုက်စစ်ကို မချိုးနှိမ်နိုင်။ ကျင်ကျိဟွာ၏ လူများအိမ်ဂေဟာထဲသို့ စုရုံးဆုတ်လာရပြီး အိမ်ဂေဟာအဝင်ဝမှ ပိတ်ဆို့ကာ အသေအလဲ ခုခံနေရသည်။

ထိုခုခံမှုပြိုကွဲသွားလျှင် ရန်သူများ အိမ်ဂေဟာထဲသို့ တဟုန်ထိုးဝင်ရောက် လာနိုင်တော့မည်ဖြစ်သည်။

ကျင်ကျိဟွာတို့လူစု မရှုမလှအရေးနိမ့်တော့မည့် ဆဲဆဲတွင် အပြင်းအထန်တိုက်ခိုက်သံများကြောင့် တိုက်ပွဲဖြစ်ပွားနေမှုအကြောင်းကို နေပြည်တော်စောင့်တပ်က သိသွားကာ မီးပုံးများ ကိုင်ဆောင်ထားသည့် မြို့စောင့်တပ်ဖွဲ့ကြီးတစ်ဖွဲ့ ရောက်ရှိလာခဲ့သည်။

ဤအခါတွင်မှ ရန်သူဝတ်စုံနက်များမှာ နောက်ပြန်ဆုတ်သွားပြီး အခြေအနေအေးချမ်းအောင် နေပြည်တော်စောင့်တပ်သားများက ထိန်းသိမ်းပေးနိုင်ကြသည်။

သို့သော် နေပြည်တော်စောင့်တပ်ဖွဲ့အနေဖြင့် တာဝန်များပြားလှသည်ဖြစ်ရာ သူဌေးကြီးချန်တာဝေ၏ အိမ်ဂေဟာတွင် တပ်ဖွဲ့တစ်ဖွဲ့ တပ်ချစောင့်ကြပ်ပေးခြင်းမျိုးကား မပြုလုပ်နိုင်ပေ။

အခြေအနေငြိမ်ဝပ်အောင် ထိန်းသိမ်းပေးပြီးနောက် တပ်ခေါက်ကာ ပြန်သွားကြလေတော့သည်။

ရန်သူဝတ်စုံနက်များဘက်မှ အတော်ပင် အထိနာသွားသည်။ ဤသို့ အထိနာမှုကြောင့် တီနန်ရှိမှာ ပို၍အငြိုးကြီးလာခဲ့သည်။

နောက်နေ့တွင်မူ ကျင်ကျိဟွာထံသို့ လူတစ်ယောက် တိတ်တဆိတ် ရောက်ရှိလာသည်။

ထိုသူမှာ ရှီးထင်ချိတ်က ချမ်းသာခွင့်ပေးခဲ့သူ လောက်မာဖြစ်သည်။

လောက်မာသည် အရေးကြီးသော သတင်းတစ်ခု လာရောက်ပြောကြားခြင်း ဖြစ်သည်။ ထိုသတင်းကိုကြားရသောအခါ ကျင်ကျိဟွာမှာ အလွန်ပင်ထိတ်လန့်သွားရသည်။

လောက်မာ လာပြောသောသတင်းမှာ တီနန်ရှိက မိစ္ဆာမနောဂိုဏ်းမှ အဆင့်မြင့်သိုင်းသမားတစ်စုကို အကူအညီခေါ်ကာ ချန်တာဝေအိမ်ဂေဟာကို အပိုင်အနိုင် တိုက်ခိုက်တော့မည်ဆိုသော သတင်းဖြစ်ပေသည်။

လောက်မာသည် ထိုသတင်းကို ပြောကြားပြီးနောက် တိတ်တဆိတ်ပင် ပြန်လည်ထွက်ခွာသွားသည်။

ကျင်ကျိဟွာသည် ထိုကိစ္စကို ထိမ်ဝှက်မထားသာဘဲ သူဌေးကြီးချန်တာဝေကို နှစ်ယောက်ချင်းတွေ့ဆုံပြီး ပြောပြလိုက်သည်။

"ဒီအတိုင်းဆိုခက်ပြီ၊ ဒုက္ခပါပဲ၊ ဒုက္ခပါပဲ"

ရက်စက်ကြမ်းကြုတ်ပြီး သိုင်းပညာစွမ်းလည်း ထက်လှသော မိစ္ဆာမနောသိုင်းသမားများ လာရောက်တိုက်ခိုက် ရန်ပြုကြတော့မည့်အကြောင်းကို ကြားသိရသောအခါ သူဌေးကြီးချန်တာဝေမှာ အလွန်ပင် ကြောက်လန့်သွားရသည်။

"ဟိုဘက်က မိစ္ဆာမနောသိုင်းသမားတွေ ပါဝင်လာတော့မှာဖြစ်ပေမယ့် စိုးရိမ်မနေပါနဲ့ သူဌေးကြီး၊ သူဌေးကြီးမိသားစုတွေ ဘေးရန်ကင်းရှင်းရအောင် ကျုပ်အစွမ်းကုန် စီစဉ်ဆောင်ရွက်ပေးပါ့မယ်"

ကျင်ကျိဟွာက ရဲရဲဝံ့ဝံ့ပင် အာမခံလိုက်သည်။

ကျင်ကျိဟွာသည် သိုင်းပညာစွမ်းရည် မြင့်မားထက်မြက်ခြင်း မရှိလှသော်လည်း စီမံဆောင်ရွက်မှုတွင်တော့ တော်သည်။ အကွက်လည်းမြင်သည်။ ပရိယာယ်လည်း ကြွယ်ဝသည်။

ကျင်ကျိဟွာက ပီကင်းမြို့စောင့်တပ်မှ တပ်မှူးတစ်ယောက်ဖြစ်သူ လိချွန်စင်ကို သူဌေးကြီးချန်တာဝေအိမ်သို့ ဖိတ်ခေါ်ကာ ညစာကျွေးသည်။

လိချွန်စင်သည် နောက်ပါတပ်သားအခြံအရံများနှင့် ညစာလာရောက်စားသောက်သည်။ ညစာစားသောက်ပြီး လိချွန်စင်တို့အပြန်တွင် ရုပ်ဖျက်ထားသော သူဌေးကြီးချန်တာဝေတို့ မိသားစုကို အတူထည့်ပေးလိုက်သည်။

အိမ်ဂေဟာတွင်မူ ကျင်ကျိဟွာ၏ လူတစ်ယောက်က သူဌေးကြီးချန်တာဝေအသွင်နှင့် တူအောင်ရုပ်ဖျက်ကာ အယောင်ပြနေထိုင်ခဲ့သည်။

သူဌေးကြီးချန်တာဝေကို ဘေးကင်းရာသို့ ပို့ပြီးနောက် ကျင်ကျိဟွာတို့သည် မိစ္ဆာမနောသိုင်းသမားများ လာရောက်တိုက်ခိုက်မည်ကို အားမာန်အပြည့်ဖြင့် စောင့်ဆိုင်းနေလေတော့သည်။

ပီကင်းနေပြည်တော်မှ နယ်ခြားဒေသ ကျုံးကွမ်းစစ်မြေပြင်သို့ မြင်းဖြင့် ခရီးသွားမည်ဆိုလျှင် ဆယ်ရက်ကြာသည်။ ရှီးထင်ချိတ်နှင့် ကျင်မေယုံတို့သည် မြင်းများအပိုယူကာ မြင်းချင်းလဲလှယ်စီးနင်း၍ ခရီးပြင်းနှင်သွားခဲ့ကြရာ ငါးရက်နှင့်ပင် ကျုံးကွမ်းစစ်မြေပြင်သို့ ရောက်ရှိသွားသည်။

စစ်မြေပြင်တွင် တိုက်ပွဲရပ်နားထားချိန်ဖြစ်သောကြောင့် ကြူဝင်ဝင်မင်းသမီးလေး ရှေ့မှောက်သို့ ချက်ချင်းပင်ဝင်ရောက်တွေ့ဆုံကြသည်။ ကြူဝင်ဝင်မင်းသမီးလေးသည် မြင်းတပ်ဖွဲ့တပ်မှူးစစ်ဝတ်စုံကို ဝတ်ဆင်ကာ စစ်သုံးဓားရှည်ကြီးတစ်ခုကို ခါးတွင်ချိတ်ထားသည်။ စစ်ဝတ်စုံနှင့် အားမာန်ပြည့်ကာ တမျိုးလှပနေသည်။

မိမိရင်ထဲတွင် တိတ်တခိုးချစ်မိလေသော ကြူဝင်ဝင်မင်းသမီးလေးသည် ရဲစိတ်ရဲမာန် မျိုးချစ်စိတ်ထက်သန်စွာနှင့် တိုင်းတပါးသားကျူးကျော်သူများကို ခုခံတွန်းလှန်နေသည့် တပ်မှူးတစ်ယောက်အသွင် မြင်ရသောအခါ ရှီးထင်ချိတ်မှာ ရင်ထဲတွင် ဂုဏ်ယူအားတက်လျက် ကြက်သီးများပင်ထမိသည်။

သိုင်းသမားယောကျ်ားတစ်ယောက်ဖြစ်နေလျက် တိုင်းပြည်အကျိုးကို ထိထိရောက်ရောက် မလုပ်ဆောင်နိုင်သေးသော မိမိကိုယ်မိမိလည်း အားမရသလိုဖြစ်မိသည်။

ကြျုဝင်ဝင်မင်းသမီးလေး၏ ရှေ့မှောက်တွင် ရှီးထင်ချိတ်မှာ သိမ်ငယ်နေသလိုလို ခံစားရသည်။
“ဩော် ... ရှင်ကိုး၊ ဘယ့်နှယ်လဲ၊ နေထိုင်ကောင်းသွားပြီ မဟုတ်လား”
ရှီးထင်ချိတ်ကိုတွေ့ရသောအခါ ကြျုဝင်ဝင်မင်းသမီးလေးက ဟိတ်ဟန်မလုပ်ဘဲ ဖော်ရွေကြင်နာစွာပင် နှုတ်ဆက်စကားဆိုသည်။
“ဟင် ... ဂိုဏ်းချုပ်အစ်မတော်က သူ့ကိုသိနေတယ်”
ကျင်မေယုံက တအံ့တဩ ရေရွတ်သည်။
“သိပါတယ်ကွယ်၊ သူက အစ်မတော်ရဲ့ မိတ်ဆွေတစ်ယောက်ပါပဲ”
ကြျုဝင်ဝင်မင်းသမီးလေးက ရင်းနှီးပွင့်လင်းစွာ ပြောသည်။
မိမိလို အညတရတစ်ယောက်ကို တန်းတူရည်တူ သဘောထားကာ မိတ်ဆွေအဖြစ် သတ်မှတ်ပြောဆိုလေသော ကြျုဝင်ဝင်မင်းသမီးလေး၏ မြင့်မြတ်သည့်စိတ်ထားကို ရှီးထင်ချိတ် ချီးကျူးလေးစားမိသည်။
“ဒီလိုဆို အတော်ပဲပေါ့၊ အထွေအထူး မိတ်ဆက်ပေးနေစရာ မလိုတော့ဘူး”
ကျင်မေယုံက ပြော၏။
“ညီမတော်တို့က ဘယ်လိုအရေးကိစ္စရှိလို့ ဒီလောက်ဝေးလံတဲ့စစ်မြေပြင်ကို ခက်ခက်ခဲခဲ လိုက်လာကြတာလဲ”
ကျင်မေယုံတို့ ရောက်ရှိလာကြခြင်းသည် အရေးကြီးသော ကိစ္စတစ်ခုခုကြောင့် ဖြစ်မည်ဟု အကဲခတ်မိသော ကြျုဝင်ဝင်မင်းသမီးလေးက မေးခွန်းဖြင့် စကားလမ်းကြောင်း ဖွင့်ပေးလိုက်သည်။
“ဦးဦး ကျင်ကျိဟွာက ဂိုဏ်းချုပ်အစ်မတော်အတွက် စာတစ်စောင်ပေးလိုက်ပါတယ်၊ အဲဒီစာကို အရင်ဖတ်ကြည့်ပါဦး”
ကျင်မေယုံက ဤသို့ပြောပြီး ရှီးထင်ချိတ်ဘက်သို့ လှည့်ကြည့်၍ ...
“ကိုရုပ်ဆိုး ... ဦးဦး ရေးပေးလိုက်တဲ့ စာပေးလိုက်လေ”
ရှီးထင်ချိတ်သည် ကျင်မေယုံနှင့် ကြျုဝင်ဝင်မင်းသမီးလေးတို့နှစ်ယောက်ကို နှိုင်းယှဉ်ကြည့်နေမိသည်။
ကျင်မေယုံသည်လည်း ကြျုဝင်ဝင်လိုပင် လှပသော မိန်းမချောလေးဖြစ်သည်။
သို့ရာတွင် ကြျုဝင်ဝင်၏ အသရေကိုမူ မမီပေ။
ကြျုဝင်ဝင်သည် ပွင့်လင်းသည်။ စိတ်သဘောထားကြီးသည်။ သူတပါးကို နားလည်ခွင့်လွှတ်တတ်သည်။
ခေါင်းဆောင်တစ်ယောက်၏ အရည်အချင်း အပြည့်ရှိသည်။
ကျင်မေယုံမှာ ရိုးသားဖြူစင်သော်လည်း အတွေ့အကြုံနုနယ်လွန်းသည်။ အမြင်မကျယ်သေးပေ။
ရှီးထင်ချိတ်မှာ ကြျုဝင်ဝင်မင်းသမီးလေး၏ ရုပ်သွင်ကို စိတ်အာရုံတွင်မြင်ယောင်ကာ တမ်းတမိခဲ့သော်လည်း ယခုလို လူကိုယ်တိုင်တွေ့နေရသော အခါတွင်မူ မျက်နှာကိုပင် မော်မကြည့်ရဲဘဲ ခေါင်းငုံ့ထားမိသည်။
ကျင်မေယုံက ပြောတော့မှပင် ရှီးထင်ချိတ်သည် ကျင်ကျိဟွာ၏စာကိုထုတ်ယူကာ ကြျုဝင်ဝင်မင်းသမီးလေး၏ လက်သို့ ပေးအပ်လိုက်သည်။ ထိုသို့ စာတစ်စောင်ပေးရသည်ကပင် သူ့စိတ်ထဲတွင် ကြီးမားသောရန်သူကြီးတစ်ယောက်နှင့် အကြိတ်အနယ် တိုက်ပွဲဆင်ရသလို ခံစားနေရသည်။
ကြျုဝင်ဝင်မင်းသမီးလေးကမူ အေးဆေးတည်ငြိမ်စွာပင် ရှီးထင်ချိတ်ပေးသောစာကို လှမ်းယူကာ ချက်ချင်းဖွင့်ဖတ်သည်။
“အင်း ... တီနန်ရှိ တယ်လဲ မိုက်မဲနေပါလား”
စာကိုဖတ်ပြီးနောက် ကြျုဝင်ဝင်မင်းသမီးလေးက ညည်းညည်းညူညူလေး ရေရွတ်သည်။

လေသံက ခက်ထန်ခြင်းမရှိ။ မျက်နှာတွင်လည်း ဒေါသအရိပ်အယောင်များ မရှိ။

ပကတိပင် အေးချမ်းတည်ငြိမ်လှသည်။

တီနန်ရှိ၏ ရမ်းရမ်းကားကားလုပ်ရပ်များကို သိရှိလျှင် ကြူဝင်ဝင်မင်းသမီးလေး ဒေါသအမျက် ခြောင်းခြောင်းထွက်မည်ဟု ထင်မိခဲ့ကြသော ရှီးထင်ချိတ်နှင့် ကျင်မေယုံတို့မှာ သူမ၏တည်ငြိမ်အေးဆေးလှသော အမူအရာကြောင့် အံ့သြသွားကြရသည်။

"မိုက်လုံးကြီးတဲ့ တီနန်ရှိကို ဘယ်လိုဒဏ်ခတ် အပြစ်ပေးရမယ်ဆိုတာ ဂိုဏ်းချုပ်အစ်မတော်ကပဲ အမိန့်ချမှတ်ပေးပါ၊ ဒီအတိုင်းလွှတ်ထားရင် တီနန်ရှိကြောင့် ချန်းချိန်ဂိုဏ်းရဲ့ နာမည်နဲ့ဂုဏ်သိက္ခာ ရေစုန်မျောရလိမ့်မယ်"

ကျင်မေယုံက ဒေါမာန်ပါပါ ပြောသည်။

ကြူဝင်ဝင်မင်းသမီးလေးက အေးချမ်းသည့်အပြုံးဖြင့် ပြုံးလိုက်ပြီး ...

"မေယုံက စိတ်လောသိပ်ကြီးနေတာကိုး၊ အစ်မတော်အနေနဲ့ကတော့ တီနန်ရှိကို ပြင်းပြင်းထန်ထန် အပြစ်မပေးချင်သေးဘူး၊ သူထင်ရာ လျှောက်မလုပ်နိုင်အောင် အထိန်းအကွပ် နည်းနည်းလောက်ပဲ လုပ်ပေးချင်တယ်"

"ဟင် ... ဘာကြောင့်လဲ ဂိုဏ်းချုပ်အစ်မတော်"

"တီနန်ရှိ အခုလိုလုပ်နေနိုင်တာ အစ်မတော်ရဲ့ အပြစ်လဲမကင်းဘူးလို့ ဆိုရမယ်၊ အစ်မတော်ဟာ ချန်းချိန်ဂိုဏ်းချုပ်တာဝန်ကို မပေးနိုင်ခဲ့ဘူး၊ မျက်နှာလွှဲထားတဲ့ သဘောမျိုးဖြစ်နေတယ်၊ အစ်မတော်က ဒီလိုမျက်နှာလွှဲထားမိလို့လဲ တီနန်ရှိအတွက် အထိန်းအကွပ်မဲ့နေတာပေါ့"

ကြူဝင်ဝင်မင်းသမီးလေး၏ စကားများကို ကြားရသောအခါ ရှီးထင်ချိတ်မှာ မိမိကိုယ်မိမိ အတော်ပင်ရှက်မိသည်။

သူသည် သိုင်းလောက၏ ထိပ်တန်းသိုင်းအဖွဲ့အစည်းတစ်ခုဖြစ်သော ကဝိမနောဂိုဏ်း၏ ခေါင်းဆောင်း သိုင်းကျမ်းရှင်ဖြစ်သည်။ သို့သော် ဂိုဏ်းကိုထိရောက်စွာ ခေါင်းဆောင်မှု မပေးနိုင်ခဲ့။

ထိုသို့ ဂိုဏ်းကို ထိထိရောက်ရောက် ခေါင်းဆောင်မှုမပေးနိုင်ခဲ့သည်မှာလည်း ကြူဝင်ဝင်လို တိုင်းပြည်တာဝန် ထမ်းဆောင်နေရသောကြောင့်မဟုတ်။ မိမိ၏မျက်နှာ အရုပ်ဆိုးနေမှုအတွက် စိတ်ဓာတ်ကျဆင်းမိသောကြောင့်သာ ဖြစ်သည်။

ယခုဆိုလျှင် ခေါင်းဆောင်မှုကင်းမဲ့နေသည့် ကဝိမနောသိုင်းအနွယ်ဝင်တို့သည် ယခင်ကကဲ့သို့ပင် ဝါးအစည်းပြေသလို ပြိုကွဲကုန်ကြလေပြီတကားဟုလည်း ရှီးထင်ချိတ် တွေးမိသည်။

မိစ္ဆာမနောသိုင်းကျမ်း ပြန်လည်ပေါ်ပေါက်ကာ မိစ္ဆာမနောသိုင်းသမားများ ခေါင်းထောင်လျက် တစခန်းထလာသည့် ယခုလိုအချိန်အခါတွင် ကဝိမနောသိုင်းအနွယ်ဝင်များ စည်းလုံးညီညွတ်မှု ပြိုကွဲသွားလျှင် သိုင်းလောက၏အန္တရာယ်ရန်စွယ်ကို တားဆီးချေဖျက်ရာ၌ များစွာအားနည်းသွားမည်ဟုလည်း ဆင်ခြင်မိသည်။

မိမိ၏အရုပ်ဆိုး အကျည်းတန်မှုအတွက် စိတ်ဓာတ်ကျဆင်းမှု၊ မိမိ၏ချစ်မေတ္တာကို ထုတ်ဖော်မပြောနိုင်သည့်အတွက် ရင်ထဲနင့်နေအောင် ခံစားရမှုတို့ကြောင့် မိမိသည် အခွံထဲတွင် ခေါင်းဝှက်ထားသော လိပ်တစ်ကောင်နှယ် ရှောင်ပုန်းနေမိသည်မှာ မှားလေပြီဟုလည်း ရှီးထင်ချိတ် တွေးမိသည်။

"မင်းဟာ ငါ့ဘဝအတွက် လမ်းပြမီးရောင်တစ်ခုပါပဲ ချစ်သူမင်းသမီးလေးရယ် ..."

ရှီးထင်ချိတ် စိတ်ထဲက တိတ်တခိုးလေး ပြောလိုက်မိသည်။

"အစ်မတော်မှာ တိုင်းပြည်ရန်သူတွေကို ခုခံကာကွယ်ရမယ့် စစ်ရေးတာဝန်တွေက အရေးကြီးနေလို့ ချန်းချိန်ဂိုဏ်းရဲ့ အရေးကိစ္စကို ဖိဖိစီးစီး မဆောင်ရွက်နိုင်သေးဘူး၊ ဒီတော့ ချန်းချိန်ဂိုဏ်းကို ထိန်းသိမ်းပဲ့ကိုင်နိုင်ဖို့ အစ်မတော်ရဲ့ကိုယ်စား

ဟောဒီမိတ်ဆွေတွေကိုပဲ တာဝန်ပေးလိုက်မယ်လေ”

ကြူဝင်ဝင်မင်းသမီးလေးက ရှီးထင်ချိတ်ကို မေးငေါ့ပြပြီး ပြော၏။

ရှီးထင်ချိတ်မှာ အိပ်မက်မှလန့်နိုးလာသူတစ်ယောက်လို ဖြစ်သွားပြီး ...

“ဟို ... ဟို ... ကျွန်တော် ... ကျွန်တော်”

“ငြင်းပယ်ဖို့ မကြံပါနဲ့ရှင်၊ ကျွန်မတောင်းတဲ့ အကူအညီကို ရှင်ပေးနိုင်ပါတယ်”

ကြူဝင်ဝင်မင်းသမီးလေးက ပြောသည်။

“ဟုတ်ပါတယ် ကိုရုပ်ဆိုးရယ်၊ ဒီတာဝန်ကို ရှင်တစ်ယောက်ပဲ လုပ်ဆောင်နိုင်မှာပါ၊ ကျွန်မတို့ကို ကူညီပါနော်”

ကျင်မေယုံကပါ ဝင်ပြောလာသည်မို့ ရှီးထင်ချိတ် မငြင်းသာတော့။

ကြူဝင်ဝင်မင်းသမီးလေး ပေးအပ်သောတာဝန်ကို လက်ခံလိုက်ရလေတော့သည်။

“ကောင်းပါပြီ ... မင်းသမီးလေးက ယုံစားပြီး ပေးအပ်လိုက်တဲ့တာဝန်ကို ကျေပွန်ရအောင် အစွမ်းကုန်ကြိုးစား ဆောင်ရွက်ပါ့မယ်”

“ဒီစကားကြားရတာ အများကြီး ဝမ်းသာပါတယ်၊ ရော့ ... ဟောဒီမှာ ချန်ချိန်ဂိုဏ်းရဲ့ အမိန့်ပေးကျောက်စိမ်းဓား၊ ဒီကျောက်စိမ်းဓား လက်ဝယ်ရှိထားရင် ရှင်ဟာ ဂိုဏ်းချုပ်ကိုယ်စား အခွင့်အာဏာ အပြည့်အဝ ကျင့်သုံးဆောင်ရွက်နိုင်တဲ့လူ ဖြစ်သွားပြီ”

ကြူဝင်ဝင်က ချန်းချိန်ဂိုဏ်း၏ အမိန့်ပေးကျောက်စိမ်းဓားကို ရှီးထင်ချိတ်လက်သို့အပ်သည်။

ထိုဓားသည် နှစ်လက်မခန့်ရှည်ပြီး အလွန်အရည်အသွေးကောင်းလှသည့် ကျောက်စိမ်းဖြင့် လက်ရာမြောက်စွာ ထုလုပ်ထားသည်။ ဓားရိုးပေါ်တွင် ‘ချန်းချိန်’ ဟူသော စာလုံးကို လှပသေသပ်စွာ အနုစိတ်အကွက်ဖော် ရေးထိုးထားသည်။

ရှီးထင်ချိတ်သည် ချန်းချိန်ဂိုဏ်း၏ အမိန့်ပေးကျောက်စိမ်းဓားကို ရိုသေစွာ လက်ခံယူလိုက်သည်။

“ရှင်ဟာ ဖြောင့်မတ်တည်ကြည်တဲ့ သိုင်းသမားယောကျ်ားကောင်းတစ်ယောက် ဖြစ်မှန်း ကျွန်မအကဲခတ်မိပါတယ်၊ ချန်းချိန်ဂိုဏ်းကို လမ်းမှန်အတိုင်းရှိနေအောင် ထိန်းမတ်ပေးပါ၊ ဒီလို ထိန်းမတ်တဲ့နေရာမှာ နိုပ်ကွပ်အပြစ်ဒဏ်ခတ်တာထက် နားလည်လက်ခံလာအောင် အကျိုးအကြောင်း ပြောဆိုဆုံးမတာကို ဦးစားပေး လုပ်စေချင်တယ်”

ကြူဝင်ဝင်မင်းသမီးလေးက မှာကြားပြောဆိုသည်။

“မင်းသမီးလေးရဲ့ ဆန္ဒအတိုင်း လုပ်ဆောင်ပါ့မယ်”

ရှီးထင်ချိတ်က ပြန်၍ကတိပေးသည်။

ရှီးထင်ချိတ်အဖို့ မိမိရင်ထဲတွင် တိတ်တခိုးချစ်ရလေသော ကြူဝင်ဝင်မင်းသမီးလေးအနားတွင် အချိန်ကြာကြာနေလိုသော်လည်း အခြေအနေက ခွင့်မသာခဲ့။

ကြူဝင်ဝင်မင်းသမီးလေးနှင့် ခေတ္တမျှသာ တွေ့ဆုံစကားပြောရပြီး ပြန်လည်ခွဲခွာခဲ့ရသည်။

ကြူဝင်ဝင်မင်းသမီးလေးက ရှီးထင်ချိတ်နှင့် ကျင်မေယုံတို့ကို စစ်တပ်စခန်း နယ်နမိတ်အစွန်းသို့အရောက် လိုက်ပို့ပေးသည်။

“မေယုံ ... သူ့ကို ကိုရုပ်ဆိုး ကိုရုပ်ဆိုးလို့ ခေါ်မနေနဲ့တော့နော်”

နောက်ဆုံးခွဲခွာခါနီးတွင် ကြူဝင်ဝင်မင်းသမီးလေးက ကျင်မေယုံကို ပြောဆိုမှာကြားလိုက်သည်။

ထိုစကားသည် ရှီးထင်ချိတ်၏ရင်ထဲတွင် ကျေနပ်ပီတိလှိုင်းများ ထလာစေခဲ့သည်။ ဤစကား၏ အဓိပ္ပာယ်သည် ကြူဝင်ဝင်မင်းသမီးလေးက ရှီးထင်ချိတ်ကို အရုပ်ဆိုးအကျည်းတန်သူ တစ်ယောက်ဟုမထင်ကြောင်း ထင်ရှားစေသည်

မဟုတ်ပါလား။

ကြူဝင်ဝင်မင်းသမီးလေးက ဤစကားကို ခပ်လွယ်လွယ်ပင် ပြောလိုက်ခြင်းဖြစ်ပေမယ့် ရှီးထင်ချိတ်အဖို့တော့ တသက်မေ့နိုင်တော့မည် မဟုတ်ပေ။

စစ်မြေစခန်းကိုကျောခိုင်းကာ ပြန်လာခဲ့ရပြီဖြစ်သော်လည်း ရှီးထင်ချိတ်၏ရင်ထဲတွင် ကြူဝင်ဝင်မင်းသမီးလေး၏ ချစ်စရာရုပ်သွင်ကတော့ ထင်ဟပ်ခိုတွဲနေဆဲဖြစ်သည်။

ယခုတကြိမ် ထပ်မံဆုံတွေ့ရသည်တွင် ရှီးထင်ချိတ်အဖို့ ကြူဝင်ဝင်မင်းသမီးလေးအပေါ်တွင် ချစ်မြတ်နိုးရသည့် စိတ်များပိုမို ခိုင်မာကြီးထွားလာခဲ့သည်။

လောကကြီးတွင် သူ့မိခင်ပိုင်စုကျင်မှလွဲလျှင် မြတ်နိုးတွယ်တာမှု အရှိဆုံး အမျိုးသမီးမှာ ကြူဝင်ဝင်မင်းသမီးလေးသာလျှင် ဖြစ်ပေတော့သည်။

အပြန်တွင်လည်း ရှီးထင်ချိတ်နှင့် ကျင်မေယုံတို့သည် မြင်းများကို အပိုဆောင်ကာ လဲလှယ်စီးနင်းပြီး ခရီးပြင်းနှင်လာခဲ့ကြရာ ငါးရက်အကြာတွင် သူဌေးကြီးချန်တာဝေ၏ အိမ်ဂေဟာသို့ ရောက်လာကြသည်။

အိမ်ဂေဟာဝင်းထဲသို့ ဝင်လိုက်မိသည်နှင့် ...

"ဟင် ... ဘယ်လိုဖြစ်ကြတာလဲ ကိုရုပ်ဆိုး"

ကျင်မေယုံက ရှီးထင်ချိတ်ကို အလန့်တကြားပင် မေးလိုက်သည်။

ကြူဝင်ဝင်မင်းသမီးလေးက မှာကြားလိုက်သည့်အတွက် ကျင်မေယုံသည် ရှီးထင်ချိတ်ကို "အစ်ကို" ဟု ပြောင်းခေါ်ခဲ့သည်။ သို့သော် သတိမထားမိသောအခါများတွင်မူ နှုတ်ကျိုးနေသည့်အတိုင်း "ကိုရုပ်ဆိုး" ဟုပင် ခေါ်မိသည်။

ရှီးထင်ချိတ်ကတော့ ကျင်မေယုံ ဘယ်လိုခေါ်ခေါ် အရေးမထားပေ။

လူသူအများဖြင့် စည်စည်ကားကားရှိခဲ့သော သူဌေးကြီးချန်တာဝေ၏ အိမ်ဂေဟာကြီးသည် ငြိမ်သက်တိတ်ဆိတ်၍ နေသည်။

အိမ်ဂေဟာဝင်းတစ်ခုလုံးတွင် မြားတံများ၊ ဓားကျိုး လှံ့ပုံ့များ၊ သွေးကွက် သွေးအိုင်များဖြင့် ဖရိုဖရဲဖြစ်နေသည်။

ပြင်းထန်လှသော တိုက်ခိုက်မှုများဖြစ်ပွားခဲ့ကြောင်း သံသယဖြစ်စရာ မလိုအောင် ထင်ရှားနေသည်။

သွေးကွက်များကို တွေ့ရသော်လည်း အလောင်းများကိုကား တစ်ခုမျှမမြင်ရပေ။ အကြမ်းဖျင်း ရှင်းလင်းမြှုပ်နှံမှုများ ပြုလုပ်ပြီး ဖြစ်ဟန်တူသည်။

ကျင်မေယုံနှင့် ရှီးထင်ချိတ်တို့သည် ခြံဝင်းကိုဖြတ်ကျော်ကာ အိမ်ဂေဟာထဲသို့ ဝင်လာခဲ့ကြသည်။

အိမ်ဂေဟာ၏ အဝင်တံခါးချပ်ကြီးနှစ်ခုမှာ ကွဲအက်ပျက်စီးနေသည်။ အိမ်ဂေဟာထဲရှိ ပရိဘောဂ ပစ္စည်းများသည်လည်း လေမုန်တိုင်းဝင်ရောက် တိုက်ခိုက်သွားခြင်း ခံရသည့်နှယ် ပျက်စီးကာ ဖရိုဖရဲဖြစ်နေသည်။

"ဦးဦးတို့တတွေ ဘယ်ရောက်ကုန်ကြပြီလဲဟင်၊ ကိုရုပ်ဆိုး"

ကျင်မေယုံက ရှီးထင်ချိတ်ကို မေးလိုက်ပြန်သည်။

နှစ်ယောက်အတူတူရောက်လာကြအချင်းချင်း ကျင်မေယုံ၏မေးခွန်း ကိုရှီးထင်ချိတ် ဘယ်လိုဖြေရမည်နည်း။

ကျင်မေယုံကတော့ သူမသိလိုသည်ကို အနီးတွင်ရှိနေသည့်ရှီးထင်ချိတ်အား မေးလိုက်ခြင်းဖြစ်သည်။ ရှီးထင်ချိတ်ကရော မည်သူ့ကို သွားမေးရမည်နည်း။

ရှီးထင်ချိတ်သည် ဘာမှပြန်မဖြေပဲ အိမ်ဂေဟာထဲတွင် တစ်ခန်းဝင်၊တစ်ခန်းထွက်

လိုက်လံကြည့်ရှုသည်။ ကျင်မေယုံလည်း နောက်မှငြိမ်၍ လိုက်လာသည်။
ချန်တာဝေ၏အိပ်ခန်းထဲသို့ရောက်သောအခါ နံရံပေါ်၌ ထူးခြားသောလက်ရာကြီး
တစ်ခုကိုတွေ့ရသည်။ ထိုလက်ဝါးရာကြီးကို မြင်ရသည့်နှင့် ရှီးထင်ချိတ်မှာ ချက်ချင်းပင် ခြေလှမ်း
တုံ့ရပ်သွားကာ သေသေချာချာ၊စူးစူးစိုက်စိုက် ကြည့်နေမိသည်။
မည်းနက်သော လက်ဝါးရာသည် နံရံတွင် နက်နက်ရှိုင်းရှိုင်း တိုးဝင်ကာ ထင်နေခြင်း
တော့မဟုတ်။ အပေါ်ယံပိုင်းလောက်တွင်သာ ထင်နေခြင်းဖြစ်သည်။ ထင်နေသည့်ပုံမှာ မီးခဲနှင့်
ထိကပ်မိ၍ အရာထင်နေခြင်းမျိုးခြင်း ဖြစ်သည်။ ဒီလို ရိုတ်ချက်မျိုးကို လောင်မီးဝိဇ္ဇာသိုင်း တတ်
မြောက်သူတို့သာ ရိုတ်နိုင်ကြောင်း ရှီးထင်ချိတ် သိသည်။
မိမိတို့ စစ်မြေပြင်သို့ သွားနေခိုက် အဆင့်မြင့်မိစ္ဆာမနောသိုင်းသမားများက ဤအိမ်
ဂေဟာကြီးကို ဝင်ရောက်တိုက်ခိုက်သတ်ဖြတ် သွားကြခြင်း ဖြစ်ကြောင်း သူနားလည်လိုက်သည်။
ကျင်ကျိဟွာတို့၏ ကံကြမ္မာကိုကား မတွေးဝံတော့။
အသေဆိုးဖြင့် သေကုန်ကြကုန်ဖို့ များသည်။ အလွန်ကံကောင်းသည်ဆိုရင်
မိစ္ဆာမနောသိုင်းသမား၏လက်တွင် ဖမ်းဆီးခြင်း ခံနေကြရပေမည်။ သို့သော် ဤအတိုင်း ကျင်မေယုံကို ပြောပြလိုက်ရင်
စိတ်မကောင်းဖြစ်သွားမည်ကို ရှီးထင်ချိတ် စိုးရိမ်မိသည်။

"ဦးရှီးတော်တို့လူစု တစ်နေရာကို ရှောင်တိမ်းသွားကြတာ ဖြစ်လိမ့်မယ်"
"အင်း ဟုတ်မယ်... ဟုတ်မယ်၊ ဒီလိုဆိုရင် ဘာကြောင့် ဒီအိမ်ကြီးထဲမှာ ဟိုလျှောက်
ကြည့် ဒီလျှောက်ကြည့် လုပ်နေရမှာလဲ၊ သွားကြစို့လေ"

သိုင်းလောက အတွေ့အကြုံနုနယ်နေသေးသော ကျင်မေယုံသည် ဦးလေးဖြစ်သူ
ကျင်ကျိဟွာ၏ သိုင်းပညာစွမ်းရည်ကို အထူးပင် ယုံကြည်နေသည်။ ကျင်ကျိဟွာကို အနိုင်ယူချေ
မှုန်းနိုင်မည့်သူ မရှိဟုလည်း ယုံကြည်ထားသည်။ ထို့ကြောင့် ရှီးထင်ချိတ်ပြောသည့်စကားများကို
အကြွင်းမဲ့ပင် လက်ခံသွားခဲ့သည်။ ထို့ပြင် လူသူမရှိပဲ တိုက်ပွဲ၏ခြေရာလက်ရာတွေသာ ပြည့်နှက်
နေသည့် ဤအိမ်ဂေဟာကြီးတွင်လဲ ကြာကြာမနေလို၍ အမြန်ဆုံးထွက်ခွာသွားရန် ရှီးထင်ချိတ်ကို
ပြောလိုက်ခြင်းဖြစ်သည်။
အိမ်ဂေဟာထဲတွင် ဆက်လက်ကြည့်ရှု၍လည်း အကြောင်းထူးနိုင်မည် မဟုတ်
သောကြောင့် ရှီးထင်ချိတ်နှင့် ကျင်မေယုံတို့သည် ပြန်လည်ထွက်ခွာ လာခဲ့လေတော့သည်။
တီနန်ရှိသည် ဆိုးသွမ်းရမ်းကားလှသည့် မိစ္ဆာမနောသိုင်းသမားများနှင့် ပူးပေါင်း
ကာ ချင်းချိန်ဂိုဏ်းဝင် အချင်းချင်း သွေးထွက်သံယို ဖြစ်အောင် တိုက်ခိုက်ခဲ့လေပြီ။ ချင်းချိန်ဂိုဏ်း
ပေါ်တွင် မိစ္ဆာမနောသိုင်းသမားများ လက်ချက်ဖြင့် သေဆုံးသွားကြလေပြီလား၊ ဒါမှမဟုတ်
မိစ္ဆာမနောသိုင်းသမားများ၏လက်တွင်း၌ ဖမ်းဆီးခြင်းခံထားရလေသလား ဆိုသည်ကို ကွဲပြားစွာ
သိနိုင်ရန် စုံစမ်းရပေမည်။

အကယ်၍ ကျင်ကျိဟွာတို့ အသက်မသေဆုံးကြသေးပဲ ရန်သူများ၏လက်တွင်
ဖမ်းဆီးခြင်းခံထားရသည်ဆိုလျှင် လွတ်မြောက်အောင် ကြိုးစားကယ်တင်ပေးရပေဦးမည်။
ရှီးထင်ချိတ်အဖို့ လုပ်ဆောင်ဖွယ်ရာကိစ္စတွေက များလွန်းလှသည်။ ကျင်မေယုံကတော့
အတွေ့အကြုံနုနယ်လှပြီး သိုင်းလောကအကြောင်း ဘာမှမသိသူလေးပီပီ သူဌေးကြီးချန်တာဝေ၏
အိမ်ဂေဟာမှ ထွက်လာသည်နှင့် ခါတိုင်းလိုပင် စိတ်လွတ်လက်လွတ်နှင့် ပျော်ရွှင်ရယ်မော
နေပေတော့သည်။

အခန်း(၁၀)

ရှီးထင်ချိတ်အဖို့ ပထမဆုံးလုပ်ဆောင်ရမည်မှာ သတင်းများ ရနိုင်သမျှ စုံစမ်းရရန် ဖြစ်သည်။ ထို့ကြောင့် လူစုံသည့်
စားသောက်ဆိုင်၊အရက်ဆိုင်၊စကားဝိုင်း စသည်များရှိရာ မြို့လယ်ခေါင်သို့ ထွက်လာခဲ့သည်။ မျက်နှာတွင် မီးလောင်ဒဏ်ရာ
အမာရွတ်များ ပြည့်နှက်လျက် အရုပ်ဆိုးလှသော လူတစ်ယောက်နှင့် လှပချောမောလှသည့် မိန်းမပျိုလေးတစ်ယောက်
အတူတွဲလာသည်ကို လူအပေါင်းက အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်။
ရှီးထင်ချိတ်နှင့်ကျင်မေယုံတို့က ဤအကြည့်မျိုးကို အရေးမစိုက်ကြ။ သူတို့နှစ်ယောက်
လူစည်ကားသောလက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ဝင်လိုက်ကြသ ည်။သူတို့ကံကောင်းကြသည်ဟု ဆိုရပေမည်။ ဆိုင်ထဲတွင်
လူများ ပြည့်ကျပ်နေသော်လည်း သူတို့ရောက်သွားချိန်၌ စားသောက်ဝိုင်းတစ်ခုမှ လူတစ်စု စားသောက်ပြီး၍
ထသွားကြသည်နှင့်
ကြုံကြိုက်နေသောကြောင့် အလွယ်တကူပင် နေရာရလိုက်ကြသည်။
လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် အချိုမုန့်များ မှာကြားပြီး အသာထိုင်ကာ ပတ်ဝန်းကျင်၏ပြောသောစကားများကို
နားထောင်ကြသည်။ သူဌေးကြီး ချန်တာဝေ၏အိမ်ဂေဟာတွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပုံနှင့်ပတ်သက်၍ မည်သူမှမပြောကြ။
ပန်းပြပွဲအကြောင်း၊ အသစ်ရောက်လာသည့် အထည်အဆင်ဆန်းများအကြောင်း စသည့်တို့ကိုသာ ပြောဆိုနေကြသည်။
ခဏအကြာတွင် ရှီးထင်ချိတ်တို့ထိုင်နေသည့် စားပွဲနှင့်ကပ်လျက် စားပွဲမှလူများ စားသောက်ပြီး၍ ထပြန်သွား သည်တွင်
ထိုစားပွဲတွင် လူငါးယောက် ဝင်ထိုင်ကြသည်။ ထိုလူစုသည် ခေါင်းချင်းဆိုင်ကာ တီးတိုးတီးတိုးဖြင့် ပြောဆို နေကြသည်။
ရှီးထင်ချိတ်က စိတ်ဝင်စားလာကာ အသာပင်နားစွင့်လိုက်သည်။ ဆိုင်ထဲတွင် စကားသံများ သောသောည်
နေသည်။ ထိုလူစုကလည်း အချင်းချင်းသာ တိုးတိုးပြောနေကြသည်။ တော်ရုံတန်ရုံဖြင့် ထိုလူစုပြောသည့် စကားများကို
ကြားရမည် မဟုတ်ချေ။
ရှီးထင်ချိတ်သည် အတွင်းအားအလွန်ကောင်းလှပြီး သောတအာရုံလဲ ထက်မြက်သောကြောင့် ထိုလူစုပြောသည့် စကားများကို
ကောင်းစွာကြားရသည်။ ပြောကြသည့် စကားများကတော့ ရှီးထင်ချိတ် သိလိုသည့်ကိစ္စနှင့် မပတ်သက်ပေ။
ကစားဝိုင်းများတွင် ယခုတစ်လော အနိုင်ယူနေသည့် "ဖိုးလက်လည်ကစားသမား" အကြောင်းသာ ဖြစ်သည်။
"ဖိုးလက်လည်ကစားသမား" အကြောင်းမှာ စိတ်ဝင်စားဖို့တော်တော်ကောင်းသည်။ ထိုလူစု၏ပြောစကားများအရ ဆိုလျှင်
ဖိုးလက်လည်ကစားသမားသည် အလွန်ပင်လက်ယဉ်လှသူ ဖြစ်ပြီး၊ ကစားတိုင်း သူသာအနိုင်ရသည်ဟု ဆိုသည်။
ဖဲလိမ်ဝိဇ္ဇာများ၊လောင်းကစားဝိဇ္ဇာများက ဝိုင်းပြီး အမဲဖျက်ရန် ကြံသော်လည်း မရပဲ ထိုသူများသာ လောင်းကြေးအရှုံး

ကြီးရှုံးသွားရသည်ဟု ပြောကြသည်။
ဖိုးလက်လည်ကစားသမားသာနောက်ထပ်တစ်လလောက်ကလက်၍လောင်းက စားနေရင်
ပီကင်းနေပြည်တော်ရှိလောင်းကစားသမားများပစ္စည်းဥစ္စာတွေ အားလုံးပြုတ်ပြုတ်ပြုန်းကုန်ကြလိမ့်မည်ဟုလည်း
ထင်ကြေးပေးကြသည်။ ယခုတစ်လော ဖိုးလက်လည်ကစားသမားသည် "သိန်းလေးဆယ် လောင်းကစားရုံ"တွင်
နေ့စဉ်လာရောက် လောင်းကစား နေကြောင်းလည်း ထိုလူစု၏ တီးတိုးပြောကြားချက်များအရ ရှီးထင်ချိတ်သိရသည်။
မိမိတို့သိလိုသောသတင်းများကို မကြားသိရသောကြောင့် ရှီးထင်ချိတ်နှင့်ကျင်မေယုတို့
သည် ထိုလက်ဖက်ရည်ဆိုင်ထဲမှ ပြန်ထွက်လာကြသည်။ လက်ဖက်ရည်ဆိုင်မှ ထွက်ပြီး လျှောက်
လှမ်းလာကြရာ လမ်းကွေ့တစ်ခုအလွန်တွင် ဆိုက်ဆိုက်မြိုက်မြိုက်ဆိုသလို "သိန်းလေးဆယ်"
လောင်းကစားရုံရှေ့သို့ ရောက်ရှိလာကြသည်။
စောစောက လက်ဖက်ရည်ဆိုင်တွင် ကြားခဲ့ရသည့် ဖိုးလက်လည်ကစားသမား
အကြောင်းကို ရှီးထင်ချိတ် သတိရမိသည်။ လောင်းကစားဝိုင်းများတွင်လည်း လူစုံပြီး သတင်းစုံ
ကြားနိုင်ပေရာ သတင်းလည်းစုံစမ်း၊ နာမည်ကြီးနေသော ဖိုးလက်လည်ကစားသမား ကိုလည်း
တစေ့တစောင်း ကြည့်နိုင်ရန်အတွက် သိန်းလေးဆယ်လောင်းကစားရုံထဲသို့ ဝင်လာခဲ့သည်။

အခန်း(၁၀)

ရှီးထင်ချိတ်အဖို့ ပထမဆုံးလုပ်ဆောင်ရမည်မှာ သတင်းများ ရနိုင်သမျှ စုံစမ်းရရန် ဖြစ်သည်။ ထို့ကြောင့် လူစုံသည့်
စားသောက်ဆိုင်၊အရက်ဆိုင်၊စကားဝိုင်း စသည်များရှိရာ မြို့လယ်ခေါင်သို့ ထွက်လာခဲ့သည်။ မျက်နှာတွင် မီးလောင်ဒဏ်ရာ
အမာရွတ်များ ပြည့်နှက်လျက် အရုပ်ဆိုးလှသော လူတစ်ယောက်နှင့် လှပချောမောလှသည့် မိန်းမပျိုလေးတစ်ယောက်
အတူတွဲလာသည်ကို လူအပေါင်းက အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်။
ရှီးထင်ချိတ်နှင့်ကျင်မေယုံတို့က ဤအကြည့်မျိုးကို အရေးမစိုက်ကြ။ သူတို့နှစ်ယောက်
လူစည်ကားသောလက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲသို့ဝင်လိုက်ကြသ ည်။သူတို့ကံကောင်းကြသည်ဟု ဆိုရပေမည်။ ဆိုင်ထဲတွင်
လူများ ပြည့်ကျပ်နေသော်လည်း သူတို့ရောက်သွားချိန်၌ စားသောက်ဝိုင်းတစ်ခုမှ လူတစ်စု စားသောက်ပြီး၍
ထသွားကြသည်နှင့်
ကြုံကြိုက်နေသောကြောင့် အလွယ်တကူပင် နေရာရလိုက်ကြသည်။
လက်ဖက်ရည်ကြမ်းတစ်အိုးနှင့် အချိုမုန့်များ မှာကြားပြီး အသာထိုင်ကာ ပတ်ဝန်းကျင်၏ပြောသောစကားများကို
နားထောင်ကြသည်။ သူဌေးကြီး ချန်တာဝေ၏အိမ်ဂေဟာတွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ပုံနှင့်ပတ်သက်၍ မည်သူမှမပြောကြ။
ပန်းပြပွဲအကြောင်း၊ အသစ်ရောက်လာသည့် အထည်အဆင်ဆန်းများအကြောင်း စသည့်တို့ကိုသာ ပြောဆိုနေကြသည်။
ခဏအကြာတွင် ရှီးထင်ချိတ်တို့ထိုင်နေသည့် စားပွဲနှင့်ကပ်လျက် စားပွဲမှလူများ စားသောက်ပြီး၍ ထပြန်သွား သည်တွင်
ထိုစားပွဲတွင် လူငါးယောက် ဝင်ထိုင်ကြသည်။ ထိုလူစုသည် ခေါင်းချင်းဆိုင်ကာ တီးတိုးတီးတိုးဖြင့် ပြောဆို နေကြသည်။
ရှီးထင်ချိတ်က စိတ်ဝင်စားလာကာ အသာပင်နားစွင့်လိုက်သည်။ ဆိုင်ထဲတွင် စကားသံများ သောသောညံ
နေသည်။ ထိုလူစုကလည်း အချင်းချင်းသာ တိုးတိုးပြောနေကြသည်။ တော်ရုံတန်ရုံဖြင့် ထိုလူစုပြောသည့် စကားများကို

ကြားရမည် မဟုတ်ချေ။

ရှီးထင်ချိတ်သည် အတွင်းအားအလွန်ကောင်းလှပြီး သောတအာရုံလဲ ထက်မြက်သောကြောင့် ထိုလူစုပြောသည့် စကားများကို ကောင်းစွာကြားရသည်။ ပြောကြသည့် စကားများကတော့ ရှီးထင်ချိတ် သိလိုသည့်ကိစ္စနှင့် မပတ်သက်ပေ။ ကစားဝိုင်းများတွင် ယခုတစ်လော အနိုင်ယူနေသည့် "ဖိုးလက်လည်ကစားသမား" အကြောင်းသာ ဖြစ်သည်။ "ဖိုးလက်လည်ကစားသမား" အကြောင်းမှာ စိတ်ဝင်စားဖို့တော်တော်ကောင်းသည်။ ထိုလူစု၏ပြောစကားများအရ ဆိုလျှင် ဖိုးလက်လည်ကစားသမားသည် အလွန်ပင်လက်ယဉ်လှသူ ဖြစ်ပြီး၊ ကစားတိုင်း သူသာအနိုင်ရသည်ဟု ဆိုသည်။ ဖဲလိမ်ဝိဇ္ဇာများ၊လောင်းကစားဝိဇ္ဇာများက ဝိုင်းပြီး အမဲဖျက်ရန် ကြံသော်လည်း မရပဲ ထိုသူများသာ လောင်းကြေးအရှုံး ကြီးရှုံးသွားရသည်ဟု ပြောကြသည်။

ဖိုးလက်လည်ကစားသမားသာနောက်ထပ်တစ်လလောက်ကလက်၍လောင်းက စားနေရင် ပီကင်းနေပြည်တော်ရှိလောင်းကစားသမားများပစ္စည်းဥစ္စာတွေ အားလုံးပြုတ်ပြုတ်ပြုန်းကုန်ကြလိမ့်မည်ဟုလည်း ထင်ကြေးပေးကြသည်။ ယခုတစ်လော ဖိုးလက်လည်ကစားသမားသည် "သိန်းလေးဆယ် လောင်းကစားရုံ" တွင် နေ့စဉ်လာရောက် လောင်းကစား နေကြောင်းလည်း ထိုလူစု၏ တီးတိုးပြောကြားချက်များအရ ရှီးထင်ချိတ်သိရသည်။ မိမိတို့သိလိုသောသတင်းများကို မကြားသိရသောကြောင့် ရှီးထင်ချိတ်နှင့်ကျင်မေယုတို့ သည် ထိုလက်ဖက်ရည်ဆိုင်ထဲမှ ပြန်ထွက်လာကြသည်။ လက်ဖက်ရည်ဆိုင်မှ ထွက်ပြီး လျှောက် လှမ်းလာကြရာ လမ်းကွေ့တစ်ခုအလွန်တွင် ဆိုက်ဆိုက်မြိုက်မြိုက်ဆိုသလို "သိန်းလေးဆယ်" လောင်းကစားရုံရှေ့သို့ ရောက်ရှိလာကြသည်။

စောစောက လက်ဖက်ရည်ဆိုင်တွင် ကြားခဲ့ရသည့် ဖိုးလက်လည်ကစားသမား အကြောင်းကို ရှီးထင်ချိတ် သတိရမိသည်။ လောင်းကစားဝိုင်းများတွင်လည်း လူစုံပြီး သတင်းစုံ ကြားနိုင်ပေရာ သတင်းလည်းစုံစမ်း၊ နာမည်ကြီးနေသော ဖိုးလက်လည်ကစားသမား ကိုလည်း တစေ့တစောင်း ကြည့်နိုင်ရန်အတွက် သိန်းလေးဆယ်လောင်းကစားရုံထဲသို့ ဝင်လာခဲ့သည်။

သိန်းလေးဆယ်လောင်းကစားရုံသည် ကျယ်ပြန့်သောခန်းမကျယ်ကြီး တစ်ခုဖြစ်သည်။ခန်းမကျယ်ကြီးတွင် စားပွဲဝိုင်းများ သူနေရာနှင့် သူချထားသည်။ စားပွဲဝိုင်းများတွင် လောင်းကစားနည်း အမျိုးမျိုးတို့ကို လူအများဝိုင်းအုံ လောင်းကစားနေကြသည်။ကစားဝိုင်းတိုင်းတွင် ကစားသူများ ရှိနေကြသော်လည်း အခန်းရှေ့ဘက်ပိုင်းရှိဝိုင်းတွင် လူအများဆုံးဖြစ်သည်။

ထိုဝိုင်းပြုလုပ်သော စားပွဲခုံကလည်း အခြားစားပွဲခုံများထက် ကြီးသည်။ နေရာမှာလည်းပိုကျယ်သည်။

"ဖိုးလက်လည် ကစားသမား ဘယ်ဝိုင်းမှာ ရှိနေလဲဗျ"

ရှီးထင်ချိတ်က အနားမှာရှိတဲ့ လူတစ်ယောက်ကို မေးလိုက်သည်။

"မေးမှမေးတတ်ပလေဗျာ၊ ထုံးစံအတိုင်း ဟိုအရှေ့ဘက် ကစားဝိုင်းမှာ ဒိုင်လုပ်နေတာပေါ့"

ထိုသူက ပြန်ပြောသည်။

ရှီးထင်ချိတ်လည်း ကျင်မေယုံကို လက်တို့ခေါ်ကာ လူအစည်ဆုံး ဖြစ်သည့် အရှေ့ဘက် ကစားဝိုင်းသို့ လာခဲ့သည်။ လောင်းကစားဝိုင်းတွင် ဒိုင်လုပ်နေသူမှာ သူဌေးကြီးတစ်ယောက်လို

အထက်တန်းစား ဝတ်ကောင်းစားလှများ ဝတ်ဆင်ထားသည်။

ရှီးထင်ချိတ် ရောက်သွားချိန်တွင် တစ်ပွဲပြီးသွား၍ ဒိုင်လုပ်သူက ငွေများသိမ်းယူနေချိန် ဖြစ်သည်။ ဒိုင်လုပ်သူ၏ရှေ့တွင် ငွေတွေ ပုံနေသည် ကြည့်ရုံနှင့်ပင် ဒိုင်လုပ်သူအနိုင်ရနေကြောင်း သိနိုင်သည်။

..........“ဟာ”

..........ဒိုင်လုပ်သူ၏မျက်နှာကို မြင်လိုက်ရသည့်နှင့် ရှီးထင်ချိတ်၏နှုတ်မှ တအံ့တဩ ရေရွတ်သံ လွှတ်ခနဲထွက်သွားသည်။ထိုအချိန်တွင်လောင်းကစားဝိုင်းရှိ လူများသည် တစ်ယောက်တစ်ပါက် ဆိုသလိုပင် ပြောဆိုနေကြရာ စကားသံတွေ တဝေါဝေါဖြစ်နေသည်။

..........ဤမျှ ဆူညံနေသည့်အသံများအကြားတွင်ပင် ဒိုင်လုပ်သူက ရှီးထင်ချိတ်၏တအံ့တဩ ရေရွတ်သံ ကြားလိုက်ရသည့်အသွင်ဖြင့် အမူအရာတစ်ချက် ပျက်သွားသည်။ အမူအရာပျက်သွား သည်ဆိုသော်လည်း သိသိသာသာကြီးမဟုတ်။ မဆိုစလောက်လေးသာ ဖြစ်သည်။

..........ရှီးထင်ချိတ်မှလွဲ၍ အခြားမည်သူမှ သူ့အမူအရာပျက်သွားသည်ကို သတိမမူကြပေ။ ဒိုင်လုပ်သူသည် ဟန်မပျက်ပင် ဆက်လက်ကစားသည်။ သို့သော် သူအနိုင်ဆက်မရတော့။ နောက်ပွဲများတွင်လျော်၍သာ နေရသည်။

“ဒိုင်လျော်နေပြီဟေ့ လျော်နေပြီ”

“ဒိုင်လက်လည်ကြီး ဒီနေ့တော့ အရှုံးပေါ်ပြီ”

“ဒိုင်လျော်နေတုန်း ထိုးထားကြကွ”

လောင်းကစားသမားများက ဆူညံစွာ အော်ဟစ်ကြသည်။ အမြဲတမ်း အနိုင်ရနေသူ ဖြစ် သော ဖိုးလက်လည်ကစားသမားကြီး သည်နေ့တွင် မကြုံစဖူးလျော်နေသောကြောင့် သောသော ညံအောင်ပင် ဖြစ်နေသည်။

အခြားဝိုင်းမှ လောင်းကစားများအချို့ပင် ဖိုးလက်လည်ကစားသမား ဒိုင်လုပ်နေသောဝိုင်း သို့ ကူးလာကြသည်။

“ဒိုင်ကတော့ အပြတ်ကိုလျော်နေပြီ၊ ကျွန်မလဲ ဝင်ကစားလိုက်အုန်းမယ်”

ကျင်မေယုံက ရှီးထင်ချိတ်ကိုပြောသည်။ ရှီးထင်ချိတ်က နှုတ်မှပြန်မပြောပဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။ ရှီးထင်ချိတ်၏မျက်လုံးများကတော့ ဖိုးလက်လည်ကစားသမားကို စူးစိုက် ကြည့်နေသည်။ ဖိုးလက်လည် ကစားသမားသည် တစ်ပွဲပြီး တစ်ပွဲ ဆက်လျော်နေရသည်။ သည့်နေ့တွင်မှ ဖိုးလက်လည် ကစားသမား မည့်သည့်အတွက်ကြောင့် လက်ရည်ပျက်ကာ မရှုံးစဖူး ရှုံးရသည့် ဆိုခြင်းကို ရှီးထင်ချိတ်သာလျှင် သိသည်။

ဖိုးလက်လည် ကစားသမားမျက်နှာကို စမြင်လိုက်ရသည့်အချိန်တွင် ရှီးထင်ချိတ်၏
နှုတ်ဖျားမှ "ဟာ" ခနဲ တအံ့တသြ ရေရွတ်မိသည်မှာလည်း အကြောင်းထူးခြားစွာ ရှိသည်။
ဖိုးလက်လည် ကစားသမား ဆိုသူမှာ ရှီးထင်ချိတ်၏မိတ်ဆွေဟောင်းကြီး သမာဓိဝမ်းအင်မောက်
ဖြစ်နေသောကြောင့်ပင်တည်း ။
။။။။။။။။။

ရှီးထင်ချိတ်သည် နဂါးဖြူကဝိမနော သိုင်းပညာများကို တတ်မြောက်ပြီးနောက် မိခင်
ဖြစ်သူ ပိုင်စုကျင်၏ ခွင့်ပြုချက်အရ သိုင်းလောကတွင် လှည့်လည် ဗဟုသုတ ရှာမှီးရာ
ဝမ်းအင်မောက်နှင့်တွေ့ဆုံခင်မင်ခဲ့သည်။

ဟိုယုဆန်၏သား ဟိုတိတ်ခေတို့လူစု၏ ရမ်းကားမှုများကို စွက်ဖက်တားဆီးခဲ့ရာ
ဟိုတိတ်ခေတို့က အကောက်ကြံ ဖမ်းဆီးကာ နှိပ်စက်ညှင်းပန်းမှုများကြောင့် ဝမ်းအင်မောက်သည်
မျက်စိစုံလုံးကန်းခဲ့ရသည်။ ရှီးထင်ချိတ်နှင့် ဝမ်းအင်မောက်တို့သည် ဟိုတိတ်ခေတို့ကိုလည်း
ကောင်းကောင်းဒဏ်ခတ်နိုင်ခဲ့သည်။

ဝမ်းအင်မောက်နှင့် ရှီးထင်ချိတ်တို့အတူ ခရီးလှည့်လည်လာခဲ့ကြရာ ယွန်းဘူးနက်လေး
ကြောင့် ရန်များကာ သိုင်းသမားအများစု၏ ဝိုင်းဝန်းတိုက်ခိုက်ခြင်းခံနေရသူ ယန်ဖိန်ဖိန်ကို
အကူအညီများ ပေးခဲ့ကြသည်။ ထို့နောက် ဆူးကြူမြို့သို့အလာတွင် ဝမ်းအင်မောက်နှင့်ရှီးထင်ချိတ်
တို့ ကွဲကွာသွားခဲ့ကြသည်။

( ဤအကြောင်းခြင်းရာများကို စာရေးသူ ဘာသာပြန်ဆိုထုတ်ဝေပြီး ဖြစ်သော
"မှဲ့ရှစ်လုံးရှင် သိုင်းဥကင်" ဝတ္ထု (ဒုတိယပိုင်း) နှင့် (တတိယပိုင်း) တို့တွင် အသေးစိတ်ဖတ်ရှု
နိုင်ပါသည်။ ဤကား စကားချပ်)

ဝမ်းအင်မောက်သည် ဖြောင့်မတ်တည်ကြည်လှသူ ဖြစ်သည့်အတွက် သမာဓိ ဝမ်းအင်မောက် ဟူ၍ပင် အမည်ရထားသည်။
ယခုမူ ဖဲလိမ်ရိုက်ရာတွင် နာမည်ကြီးလှသည့်
ဖိုးလက်လည် ကစားသမားအဖြစ်ဖြင့် လောင်းကစားဝိုင်းကြီးများတွင် တွေ့ရသည့်အတွက်
ရှီးထင်ချိတ်မှာ အံ့သြပြီး "ဟာ" ခနဲ အသံထွက်သွားမိခြင်း ဖြစ်သည်။

ဝမ်းအင်မောက်သည် မျက်စိကန်းနေသော်လည်း နားအလွန်ပါးသည်။လောင်းကစား
သမားများ ဆူဆူညံညံပြောဆိုနေသည့်အသံများကြားမှာပင် "ဟာ" ခနဲ ရေရွတ်လိုက်သံကိုကြား

ပြီး ရှီးထင်ချိတ်၏အသံဖြစ်ကြောင်း ချက်ချင်းပင် မှတ်မိသည်။ မျက်စိမမြင်ရသော ဝမ်းအင်မောက်သည် ရှီးထင်ချိတ်၏အသံထပ်ကြားရမည်လား ဟု အာရုံစိုက်ကာ နားစွင့်စူးစမ်း
နေသည်။
ရှီးထင်ချိတ်က နောက်ထပ် အသံမပြုတော့သည့်အတွက် မည်မျှပင် အာရုံစိုက်ကာ နားစွင့်နေသော်လည်း ရှီးထင်ချိတ်၏အသံကို မကြားရပေ။

ထိုသို့ ရှီးထင်ချိတ်၏အသံကို အာရုံစိုက်ကာ နားထောင်နေရသဖြင့် လောင်းကစားရာတွင် စိတ်မပါတော့ပဲ လက်ပျက်ကာ ဆက်တိုက်လျော်နေရခြင်း ဖြစ်ပေသည်။

"ကဲ.... ဒီနေ့တော့ တော်ပြီဗျာ၊ ကျုပ်ဆက်ပြီးမကစားချင်တော့ဘူး၊ တစ်ယောက်လာပြီး ဒိုင်လာလုပ် ပေတော့ "

ဝမ်းအင်မောက်သည် လောင်းကစားမှုကို ရပ်ကာ ကစားဝိုင်းမှ ထွက်လာသည်။ အခြားလူတစ်ယောက်သည် ဝမ်းအင်မောက်၏နေရာတွင် ဝင်ထိုင်၍ ဒိုင်ဆက်လုပ်သည်။ ထိုအချိန်မှာ ပင် ကျင်မေယုံ အပြေးရောက်လာပြီး ......

"ကျွန်မအများကြီးနိုင်တယ် သိလား"
"သြော်... ဟုတ်လား"

ကျင်မေယုံက မိမိအနိုင်ရသည့်ငွေများကို ပြရင်း ခပ်ကြွားကြွားလေးပြောလိုက်သည့်အတွက် ရှီးထင်ချိတ်ကလည်း အလိုက်သင့်ပင် ပြန်ပြောလိုက်သည်။ ထိုသို့ ကျင်မေယုံကို ရှီးထင်ချိတ် ပြန်ပြောလိုက်သည့် စကားများသည် ဝမ်းအင်မောက်၏ ပါးလုပ်သောနားတွင်းသို့ ချက်ချင်း ရောက်သွားသည်။

စကားသံကို ကြားရသည်နှင့် ဝမ်းအင်မောက်မှာ ရှီးထင်ချိတ်တို့ အနီးသို့ရောက်လာသည်။

"ဝင်မကစားဘူးလား"

လောင်းကစားပွဲတွင် တွေ့ရသူအချင်းချင်း နှုတ်ဆက်သည့် နှုတ်ဆက်မှုမျိုးဖြင့် ရှီးထင်ချိတ်ကို နှုတ်ဆက်သည်။

"ကျွန်တော် ဝင်မကစားပါဘူး၊ ကျွန်တော်မိတ်ဆွေလေးပဲ ဝင်ကစားပါတယ်"

ရှီးထင်ချိတ်က ခပ်အေးအေးပင် ပြန်အဖြေပေးသည်။

"အေးအေးဆေးဆေး စကားပြောရင်း လက်ဖက်ရည်သောက်ကြရအောင်လား"

"ရပါတယ်၊ကဲ … မိချော လက်ဖက်ရည်သောက်ကြရအောင်"

ရှီးထင်ချိတ်က ကျင်မေယုံကိုပါ ဖိတ်ခေါ်လိုက်သည်။

………………

သိန်းလေးဆယ် လောင်းကစားရုံခန်းမကြီး၏ အနောက်ပိုင်းတွင် အထပ်ခိုးပြုလုပ်ကာ လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင် ဖွင့်ထားသည်။ လောင်းကစားသူများ အနားယူအပန်းဖြေရန် ဖွင့်ပေးထားခြင်း ဖြစ်ပေသည်။ ရှီးထင်ချိတ်တို့ ထိုဆိုင်လေးသို့ ရောက်သွားသည့်အခါ လောင်းကစားဝိုင်းများတွင် ရှုံး၍ထွက်လာကြသူများ ဖြစ်ဟန်တူသည့် လူအနည်းငယ်သာ ရှိနေသည်ကိုသာ တွေ့ရသည်။

ထိုသူများသည် ငေးငိုင်တွေးတော၍ နေကြရာ ဆိုင်ထဲတွင် တိတ်ဆိတ်အေးချမ်းလှပေတော့သည်။ နေရာလွတ် အများအပြားရှိနေသဖြင့် ရှီးထင်ချိတ်တို့ ချောင်ကျကျနေရာရှိ စားပွဲတစ်ခုတွင် ဝင်ထိုင်ပြီး၊ လက်ဖက်ရည်နှင့်မုန့်များ မှာလိုက်သည်။ ကျင်မေယုံမှာ နာမည်ကြီး ဖိုးလက်လည် ကစားသမားနှင့် မိတ်ဆွေဖြစ်ရတော့မည် ဟု တွေးကာပျော်နေသည်။

"ဦးဦးဝမ်း"

စားပွဲရှိ ထိုင်ခုံများတွင် ထိုင်မိကြပြီးနောက် ရှီးထင်ချိတ်က အသံပြုလိုက်သည်။ ဝမ်းအင်မောက်မှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ.....

"မင်း...မင်း...ရှီးထင်ချိတ်အစစ်ပဲနော်"

"ဟုတ်ပါတယ်၊ ဦးဦးက ကျွန်တော်ကို မှတ်မိသားပဲ"

"မင်းကို ငါတွေ့ချင်လို့ အများကြီးကြိုးစားပြီး ရှာဖွေခဲ့တယ်၊ ဟော… တွေ့မယ့်တွေ့တော့လည်း ဘယ်လိုမှမမျှော်လင့်ပဲ လာတွေ့နေရတယ်၊ ဒါနဲ့ မိန်းကလေးကရော ဘယ်သူလဲ"

"ကျွန်တော်မိတ်ဆွေ ဆိုပါတော့၊ နာမည်က ကျင်မေယုံလို့ ခေါ်တယ်"

ရှီးထင်ချိတ်က ကျင်မေယုံနှင့်ဝမ်းအင်မောက်တို့ကို မိတ်ဆက်ပေးလိုက်သည်။

"မင်းအကြောင်း သတင်းအချို့ကိုတော့ ငါကြားမိပါတယ်၊ နောက်တော့ မင်းနဲ့ပတ်သက်ပြီး ဘာသတင်းမှ မကြားရတော့ပဲ

စုပ်စမြုပ်စကို ပျောက်သွားလိုက်တာပဲ၊ မင်းဘယ်လို ဖြစ်ခဲ့တာလဲ”

ရှီးထင်ချိတ်သည်ဝမ်းအင်မောက်၏မေးခွန်းကို ဘယ်လိုဖြေရမှန်းမသိသည့်အတွက် ချက်ချင်းပြန်မဖြေနိုင်ပဲ ငေးငိုင်ကာ တွေဝေစဉ်းစားနေသည်။

“ကိုရုပ်ဆိုး.... ရှင့်ကို ဦးဦးဝမ်းက မေးနေတယ်လေ၊ ဘာငိုင်ပြီး စဉ်းစားနေတာလဲ”

ကျင်မေယုံ၏ အခေါ်အဝေါ်ဆန်းကြောင့် ဝမ်းအင်မောက်မှာ အတွေးရခက်သွားပြီး.....

“ဒီမယ်....မိန်းကလေး၊ မင်းကသူကိုဘယ်လိုခေါ်တယ်၊ ငါ နားမရှင်းလိုက်ဘူး”

“သူက သိပ်အရုပ်ဆိုးတာ၊ ဒါကြောင့် သူကို ကိုရုပ်ဆိုးလို့ ခေါ်တာပေါ့”

သဘောဖြူ အူစင်းပြီး ဘွင်းဘွင်းရှင်းရှင်း ပြောတတ်သောကျင်မေယုံက ပွင့်လင်းစွာပင် ပြန်ပြောသည်။

ဝမ်းအင်မောက် မယုံနိုင်အောင် ဖြစ်သွားသည်။ သူမျက်စိမကန်းခင်က ရှီးထင်ချိတ်၏ ချောမောမွန်ရည်သော ရုပ်သွင်ကို ကောင်းစွာ မှတ်မိနေသည်။

“ထင်ချိတ်... ဒီမိန်းကလေးပြောတာ အမှန်ပဲလား”

ဝမ်းအင်မောက်က ရှီးထင်ချိတ်ဘက် မျက်နှာမူပြီးမေး၏။

“ဟုတ်ပါတယ်၊ ကျွန်တော် သိပ်ကို အရုပ်ဆိုးနေပါတယ်”

“ဘယ်လိုများ ဖြစ်ရတာပါလိမ့်၊ ငါကို ပြောပြပါလား”

ဝမ်းအင်မောက်၏ ဂရုဏာအပြည့်ဖြင့် မချိတင်ကဲ မေးလိုက်မှုကြောင့် ရှီးထင်ချိတ်မှာ အလွန်ပင်စိတ်ထိခိုက်သွားရသည်။ ထုတ်မပြောချင်ပဲ မျိုသိပ်ထားရသည့်စကားများကို ဘယ်လိုမှ မချုပ်တည်းနိုင်တော့ပဲ ဖွင့်ဟကာပြောလိုက်ရလေတော့သည်။

....................................................... ..................

ရှီးထင်ချိတ်က မိမိသည် ကဝိမနော်သိုင်းအနွယ်ဝင်တို့၏ ခေါင်းဆောင် ကဝိမနော်သိုင်းကျမ်းရှင် ဖြစ်ပြီး၊ ကဝိမနောဂိုဏ်းကြီးကို စုစည်းတည်ထောင်ခဲ့ပုံ၊ မိစ္ဆာမနောသိုင်းသမားများနှင့် တိုက်ခိုက်ခဲ့ပြီးနောက် မိမိမျက်နှာတွင် မီးလောင်ခံရကာ ဒဏ်ရာအမာရွတ်များဖြင့် အရုပ်ဆိုးလာခဲ့ရပုံ စသည့်တို့ကို အကြောင်းစုံ ပြန်ပြောလိုက်သည်။

မိမိ၏မိခင်အရင်း ပိုင်စုကျင် ကိုယ်တိုင်ကပင် မိမိကိုတွေ့ပါလျက် မမှတ်မိတော့လောက်အောင် ရှိခဲ့ပုံ အကြောင်းများကို ပြောပြသောအခါ ရှီးထင်ချိတ်မှာ စိတ်ထိခိုက်ဝမ်းနည်းလှသောကြောင့် အသံပင်တုန်ပြီး မျက်ရည်များ ဝဲလာသည်။

"ထင်ချိတ်ရယ် .. မင်းဘဝကဆိုးလှချည်လားကွာ၊ ဖအေကို မတွေ့မမြင်ခဲ့ရတဲ့အပြင် မအေနဲ့လဲ နီးနီးကပ်ကပ် မနေခဲ့ရဘူး၊ အခုတစ်ခါ မအေက မမှတ်မိလောက်အောင် အရုပ်ဆိုးသွားရပြန်တော့ မင်းအဖြစ်က ရင်နာစရာကောင်းလိုက်တာ၊ ဒါပေမယ့် မင်းအမေနဲ့ တွေ့တုန်းက အမှန်အတိုင်း ထုတ်ပြောလိုက်ဖို့ ကောင်းတယ်၊ မိခင်ဆိုတာ သားသမီး ဘယ်ဘဝရောက်နေနေ ပစ်ပယ်ရိုး
မရှိဘူး၊ အရုပ်ဆိုးအကျည်းတန်နေတဲ့ မင်းကို မေတ္တာနဲ့ ထွေးပိုက်ယုယမှာပဲ၊ မင်းက တမင်ရှောင်လွှဲလိုက်တော့ မင်းအမေအဖို့ မင်းအတွက် သောကစိတ်တွေပိုများနေရှာတော့မယ်.."

ဝမ်းအင်မောက်က ဝမ်းနည်းသံဖြင့် ပြောသည်။

"ဟုတ်ပါတယ်၊ အဲဒီတုန်းက ငါရုပ်ရည်ဟာ မွေးမိခင်ကတောင် မမှတ်မိတော့အောင် အရုပ်ဆိုး အကျည်းတန်နေပါလားရယ်လို့ ဝမ်းနည်းအားငယ်မိတာကြောင့် အမှန်အတိုင်း မပြောခဲ့မိတာပါ၊ အခုတော့လဲ အဲဒီလိုလုပ်မိတာကို ကျွန်တော်မှားမှန်း နားလည်ပါပြီ၊ ဒီတစ်ခါ မေမေနဲ့ ပြန်တွေ့ရင် အမှန်အတိုင်းပဲ ပြောလိုက်ပါတော့မယ်."

"အေးကွာ .. ဖြစ်ပြီးတာတွေတော့ ရှိပါစေတော့၊ ရှေ့ဆက်ပြီး မမှားရအောင် ဆင်ခြင်ဖို့က အရေးကြီးတယ်၊ နောက်ပြီး ဘာမှလဲ စိတ်ပျက်အားငယ် မနေနဲ့၊ မင်းမျက်နှာက အမာရွတ်တွေက မွေးရာပါ အမာရွတ်တွေ မဟုတ်ဘူးဆိုတော့ အစွမ်းထက်မြက်ပြီး ထိရောက်တဲ့ ကုသမှုမျိုးခံရရင် ပျောက်ကင်းပြီး မူလမျက်နှာအတိုင်း ပြန်ဖြစ်လာနိုင်ပါတယ်.."

"ဟုတ်ပါမလား ဦးဦးရယ်..'

"လောကကြီးမှာ ငါတို့ မသိမမြင်နိုင်တဲ့၊ ညဏ်မမီနိုင်တဲ့ ပညာရပ်တွေ အများကြီးပါကွာ၊ ဒီတော့ ဘာကြောင့် မဖြစ်နိုင်ရမှာလဲ၊ အရေးကြီးဆုံးက မင်းအနေနဲ့ စိတ်ဓါတ် မကျဖို့၊ အားမာန်အပြည့်နဲ့

ဘဝကို ရင်ဆိုင်ရဲဖို့ပဲ လိုတယ်.."

"ဟုတ်ကဲ့ ၊ ကျွန်တော်နားလည်ပါတယ်၊ ဦးဦးဟာ ကျွန်တော်အဖို့ အကောင်းဆုံး စံပြုစရာပါပဲ၊ ဦးဦးတောင် ဘဝကို ကြံ့ကြံ့ခိုင်ခိုင် ရင်ဆိုင်လျှောက်လှမ်းရဲတာ၊ ကျွန်တော်က ဘာမဟုတ်တဲ့ မျက်နှာပေါ်က အမာရွတ်တွေအတွက် စိတ်ဓါတ်ကျမနေပါဘူး.."

"အေး... ဒီလိုစကားမျိုးကြားရတာ ငါသိပ်ဝမ်းသာတယ်ကွာ ၊ ဒီလိုမှပေါ့.."

ဝမ်းအင်မောက်က ရှီးထင်ချိတ်၏လက်နှစ်ဖက်ကို အားရပါးရပင် ဆုပ်ကိုင်လိုက်သည်။ သူတို့နှစ်ယောက် စကားပြောဆိုနေကြသည် အချိန်တွင်ကျင်မေယုံသည် ဘေးမှပင် ငြိမ်၍ထိုင်နေသည်။ ခါတိုင်းကဲ့သို့ သူတစ်ပါးစကားပြောဆိုနေသည့်ကြားထဲ ဝင်ရောက်စွက်ဖက်ခြင်း မလုပ်။

သူမသိလိုသည့် ကိုရုပ်ဆိုး၏ဘဝဇာတ်ကြောင်း ဖြစ်ရပ်များကို သိခဲ့ရသည် မဟုတ်ပါလား။ ယခုမှပင် ကိုရုပ်ဆိုးကြီးသည် သိုင်းလောကတစ်ခုလုံး လှုပ်ခါသွားအောင် သတင်းကြီးခဲ့သည့် ကဝိမနော်သိုင်းကျမ်းရှင် ဖြစ်နေကြောင်း ကျင်မေယုံ သိရသည်။ ထို့ပြင် မည်သည့်အတွက်ကြောင့် ချောမောရည်မွန်သည့် ရုပ်ရည်ပျက်စီးကာ ရုပ်ဆိုးအကျည်းတန်ဘဝ
ရောက်ခဲ့ရကြောင်းကိုလည်း ကောင်းစွာနားလည်ရသည်။

ရှီးထင်ချိတ်ကို ပိုမိုအားကိုးတွယ်တာမိသလို၊ ရှီးထင်ချိတ်၏ ကံခေသော ဘဝအတွက်လည်း ဝမ်းနည်းမိသည်။ဝမ်းအင်မောက်လို မိတ်ဆွေစစ်တစ်ယောက်ရှိနေခြင်းကိုလည်း အားကျမိသည်။

"ဒါနဲ့ နေပါအုန်း၊ မင်းက လောင်းကစားဝါသနာ မပါပဲနဲ့ ဘာအတွက်ကြောင့် ဒီလောင်းကစားရုံ ထဲကို ရောက်လာတာလဲ.."

ဝမ်းအင်မောက်က ရှီးထင်ချိတ်ကိုမေးသည်။ ဤတွင် ရှီးထင်ချိတ်က ကျင်ကျိဟွာတို့လူစု မည်သို့ မည်ပုံ ဖြစ်နေသည်ကို သိရှိနိုင်ရန် မိမိလိုက်လံ စုံစမ်းနေပုံ အကြောင်းကို ပြောပြလိုက်သည်၊ ထို အကြောင်းကို ကြားရသောအခါ ဝမ်းအင်မောက်သည် မိမိထိုင်နေသောခုံကို အသာမကာ ရှီးထင်ချိတ်အနီးသို့ တိုးကပ်သွားပြီး တီးတိုးလေသံဖြင့် ...

"ဒီကိစ္စအတွက် မပူနဲ့၊ ဒီအကြောင်းတွေကို ကောင်းကောင်းသတင်းပေးနိုင်တဲ့ အဆက်အသွယ် ငါ့မှာ ရှိတယ်၊ မင်းကို အခုပဲ ခေါ်သွားမယ်.."

ဝမ်းအင်မောက်စကားကို ကြားရသောအခါ ရှီးထင်ချိတ်မှာအလွန်ပင် ဝမ်းသာအားတတ်သွားသည် ကျင်ကျိဟွာတို့လူစု မည်သို့သောကံကြမ္မာမျိုး ကြုံရသည်ကို သိလို၍ လိုက်လံစုံစမ်းရာတွင် လမ်းစပျောက်သလို ဖြစ်နေရာမှ ယခုမျှော်လင့်ချက်ရောင်ခြည် ပေါ်လာရပြီ မဟုတ်ပါလား။

"ကဲ... ဒါဆို အခုပဲ သွားကြစို့လား၊ ဦးဦး.."

ရှီးထင်ချိတ်က လော်ဆော်လိုက်သည်။

"အေး... ဒါဆိုလဲ သွားကြတာပေါ့ကွာ.."

ရှီးထင်ချိတ်တို့သည် ကျသင့်ငွေများကို ရှင်းပေးပြီး သိန်းလေးဆယ်လောင်းကစားရုံမှ ထွက်လာခဲ့ကြလေတော့သည်။

.......................................................... ........................................................

ဤတွင် စာစဥ်(၆) အကုန်အစင်ပြီးပါပြီ။